www.burmeseclassic.com



# အရောင်မဲ့သင်္ကေတ



DESIGN THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၀၆၆၃၀၆၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၇၂၀၆၁၁

ထုတ်ဝေသူ

ဒေါ်မြင့်မြင့်ရီ (မြ-၀၄၄၅၈) (ဗျူးစာပေ)

အမှတ် (၅၁)၊ အခန်း (၃၀၁)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးကျော်ရင် (မြ-၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)

အမှတ် (၁၂)၊ သရဖီလမ်း၊ တော/နောက်ရပ်ကွက်၊

အလုံမြို့နယ်။

မျက်နှာဖုံးပန်းချီ

သိန်းရွှေကြည်

အတွင်းဖလင်

ကိုပေါက် (Image Art Work)

ပုံနှိပ်ခြင်း

ပထမအကြိမ်

၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ

တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀

ဖြန့်ချိရေး

၈၉၅ • ၈၃

လုံမ

အရောင်မဲ့သင်္ကေတ / လုံမ ။ - ရန်ကုန်၊

ဗျူးစာပေ ၊ ၂၀၁၁ ။

၂၈၈ - စာ ၊ ၁၈ X ၁၂ စင်တီ။

(၁) အရောင်မဲ့သင်္ကေတ

## အခန်း (၁)

''ဖြောင်း ဖြောင်း ဖြောင်း''

မျက်လှည့် အတတ်ပညာတွေ တစ်ခုပြီးတစ်ခု ပြပြီးတိုင်း …သတ်ရဲ့ လက်ခုပ်သြဘာသံက ဟိုတယ်ကြီးအတွင်း အုန်းအုန်းထ…ညံနေသည်။ တစ်နေ့နှင့်တစ်နေ့ မရိုးအီအောင် ပြကွက်အသစ်အဆန်း…တွေ တင်ဆက်နေသည်မို့လည်း ဟိုတယ်တွင် အနားယူအပန်းဖြေသူတွေ …သုံးသူတွေ ကာစတာန်မာတွေ သဘောကျနှစ်ခြိုက် အားပေးကြ၏။

''ဒီတစ်ခါ ကျွန်တော် တင်ဆက်ဖျော်ဖြေမှာက ဖန်ပန်းအိုးလေး …ာ အရမ်းစကားတတ်တဲ့ သာလိကာလေးကို ခေါ်ထုတ်ပေးမှာပါ၊ …ာ ဒီပန်းအိုးလေးကို ကြည့်ပါခင်ဗျာ၊ အထဲမှာ ဘာမှမရှိဘူးနော်၊ …ယဝင်ရင် ပရိသတ်ထဲက တစ်ယောက် စင်ပေါ်ကို လာပြီး စစ်ဆေး

www.burmeseclassic.com



ပါတယ်

ဖန်ပန်းအိုးလေးကို ကြိမ်လုံးသေးသေးလေးနှင့် သက်တန့်ရောင်စည်း အတွင်းအပြင် ခေါက်ပြလိုက်သည်။ တကယ်ကို အယုံအကြည်မရှိ ဟန်တူသော တစ်ယောက်က စင်ပေါ်တက်လာပြီး ဖန်ပန်းအိုးလေးကို မှောက်ချည်လှန်ချည် လှည့်ပတ်ကြည့်သည်။

"အစ်ကို ဒီပဝါလေးကိုရော တစ်ချက်လောက် ကြည့်ပါဦး"

သက်တန့်ရောင်စည်က အနီရောင် ပဝါလေးကို တဖျပ်ဖျပ် ခါပြီး ကိုင်ပြတော့ ထိုလူက ဆွဲယူကာ လှည့်ပတ်ကြည့်ပြန်၏။

"ဒီပန်းအိုးမှာရော ဒီပဝါလေးမှာရော ဘာမှမပါတာ အစ်ကို ယုံပြီနော်၊ ကျွန်တော်က ဒီပန်းအိုးလေးကို ဒီပဝါလေးနဲ့ အုပ်ပြီး ငှက်ကလေးကို ပရိသတ်နဲ့ မိတ်ဆက်ပေးမယ်ဆိုရင်ရော အစ်ကို ယုံမှာလား"

"မင်းလုပ်ကြည့်လေ၊ ငါ စောင့်ကြည့်မယ်"

ယမကာအရှိန်နှင့် ရီဝေဝေ ဂျစ်ကန်ကန် မယုံသင်္ကာဖြစ်နေသောလူကို အချိုသာဆုံး ပြုံးပြ၍ သက်တန့်ရောင်စည် ဖန်ပန်းအိုးလေးကို ပဝါအနီလေးဖြင့် အုပ်လိုက်သည်။

ပြီးမှ တစ်ခုခုကို ရေရွတ်၍ ပဝါလေးကို ဖြည်းဖြည်းချင်း ဆွဲလှပ်လိုက်၏။

"ရှိုး ဖြောင်း ဖြောင်း ဖြောင်း"





"ဟာ ဘယ်ကငှက်က ဖန်ပန်အိုးထဲက ထွက်လာတာလဲ"

"ထူးဆန်းလိုက်တာ"

"အံ့ဩစရာပဲနော်၊ ဘယ်လိုလုပ်လိုက်တာလဲ မသိဘူး"

"အထက်လမ်း အောက်လမ်း တစ်ခုခုနေမှာပေါ့"

"ဖဲချပ်တွေ သံကြိုးကွင်းဆက်တာတွေက ထားပါ၊ ဘာမှ မရှိတဲ့ ဖန်ပန်အိုးထဲက ငှက်ကလေး ထွက်လာပြီး သူ့ပခုံးပေါ် နားနေတာတော့ ဘယ်လိုလှည့်လိုက်မှန်းကို မသိတာ"

သက်တန့်ရောင်စည် ပခုံးပေါ်က ငှက်ကလေးကို ကြည့်၍ တစ်ယောက်တစ်ပေါက် ဝေဖန်ရင်း အံ့ဩသူကအံ့ဩ၊ ချီးကျူးသူက ချီးကျူးခြင်း ဘာထပ်လုပ်ပြဦးမလဲ စိတ်ဝင်စားနေကြသည်။ ခုနက သံသယစိတ်ဖြင့် အနားမှာ ရပ်စောင့်ကြည့်နေသောလူလည်း မျက်လုံးအစုံ ပြူးကျယ်၍ အံ့ဩတကြီး ဖြစ်နေသည်။ သူ မျက်လုံးမလွှဲ အာရုံစိုက်ကြည့်နေခဲ့တာတော့ပါလား။

"ညီလေး အဲဒီငှက်လေးကို ခဏ ကိုင်ကြည့်လို့ ရမလား"

"ဩော် ရပါတယ် အစ်ကို၊ တကယ့်ငှက်အစစ်ပါ၊ စကားလည်း ပြောတတ်တယ်၊ သူ့နာမည် မေးကြည့်ပါလား"

"ဟင် အေး မေးကြည့်ရတာပေါ့၊ ကဲ မင်းနာမည် ဘယ်သူလဲ"

"ဒိုလေး ဒိုလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ တကယ်ဟာ၊ ဒီလေးဆိုတော့ ဘောလုံးသမားပေါ့ ဟား ဟား၊ တကယ့် အံ့မခန်းပဲကွာ၊ ယုံပြီဟေ့ ယုံပါပြီကွာ"

"ကျေးဇူးတင်ပါတယ်"

"ဖြောင်း ဖြောင်း ဖြောင်း"

ငှက်ကလေးက ကျေးဇူးတင်စကား ပြောလိုက်တော့ လက်ခုပ်သံတွေ ဆူညံသွားပြီး ဆုကြေးငွေတွေ အမြောက်အများ လက်ခံရရှိလိုက်သည်။ သက်တန့်ရောင်စဉ် ကျေနပ်အားရ ပျော်သွားသလို ငှက်ကလေးလည်း တောင်ပံတဖျပ်ဖျပ်နှင့် ပျော်နေသည်။

"အားလုံးကို ကျေးဇူးတင်ပါတယ်၊ ဆုကြေးငွေတွေ ရလိုက်တဲ့အတွက် ဒီငှက်လေးကိုလည်း ကျေးဇူးတင်ပါတယ်၊ ဒီငှက်လေးကို ကျွန်တော် ခေါ်ထားလို့ မရပါဘူး။ သူ့ကိုဖျောက်ဖျက်ပစ်ရဦးမှာပါ၊ အဲတော့ ပရိသတ်ဖြစ်စေချင်တာကို ကျွန်တော် မေးပါ့မယ်၊ ငှက်ကလေးကို ဒီအတိုင်း ဖျောက်ပစ်တာ ကြိုက်သလား၊ ငှက်ကလေး ဒီအတိုင်း ပျံသန်းသွားတာကို မြင်ချင်ပါသလား ခင်ဗျာ"

"ငှက်ပဲ ပျံရမှာပေါ့"

"သနားပါတယ် ဒီလိုကြီး မဖျောက်လိုက်ပါနဲ့၊ သူ့ဘာသာ ပျံနိုင်းလိုက်ပါ"

"ဟုတ်တယ် ဟုတ်တယ် ပျံနိုင်းလိုက်"





"ကဲ ပရိသတ်တွေက ပျံနိုင်းနေတယ်၊ မင်းလည်း မင်းအသိုက်အမြုံရှိရာ ပျံချင်နေတယ် မဟုတ်လား၊ အိုကေ မပျံခင် ပရိသတ်ကြီးကို နှုတ်ဆက်လိုက်ပါဦး"

"မင်္ဂလာပါ"

ငှက်ကလေး နှုတ်ဆက်ပြီးချိန်မှာ ပရိသတ်တွေ ဝေါခနဲ ဆူညံသွားပြန်သည်။ သက်တန့်ရောင်စဉ်က ပခုံးပေါ်က ငှက်ကလေးကို လေလေးနှင့် မှုတ်လိုက်သည်နှင့် တောင်ပံတဖျပ်ဖျပ် ခတ်၍ ပရိသတ်ကြားကနေ ငှက်ကလေး ပျံပြေးသွား၏။

ဟေးခနဲ အော်သံနှင့်အတူ ပရိသတ်တွေ လည်ပြန်လိုက်ကြည့်ကြသည်။ အချိန်ကို ကြည့်လိုက်တော့ ညဆယ်နာရီ။

ဧည့်ခံဖျော်ဖြေပြီးလို့ သူ့ရဲ့အိမ်ပြန်ချိန်လည်း ရောက်ပြီပဲ။

အလှေ့အကျင့် လုပ်ပေးထားသော သာလိကာလေးက လမ်းတစ်ဝက်ကနေ သူ့ကို ကြိုနေပေလိမ့်မည်။

"ဘယ်လောက် ကျေနပ်အားရစရာကောင်းလဲ ဘုံလေး တွေ့ပြီလား"

နေမင်းရာဇာ ဟိုတယ်ပိုင်ရှင် ဦးဗလဖော်ရဲ့ ချီးကျူးမှုကို တူမဖြစ်သူ သုခဘုံ အပြုံးလက်လက်ဖြင့် ခေါင်းညိတ် ထောက်ခံလိုက်သည်။

"လေးလေး ဟိုတယ်ကြီး အရင်ကထက် အောင်မြင်လာတာ



www.burmeseclassic.com

www.burmeseclassic.com



သူ့ကြောင့်လို့ ပြောလို့ရတယ်ပေါ့''

''အမှန်ပဲ ဘုံ၊ ဖွံ့ဖြိုးတိုးတက်လာတာနဲ့ တစ်ပြေးညီ လုပ်ငန်း အသစ်အသစ်တွေလည်း တစ်ဟုန်ထိုး ပေါ်များလာတယ်၊ ဟိုတယ်တွေ လည်း ဝန်ဆောင်မှုတွေ အမျိုးမျိုးနဲ့ အပြိုင်အဆိုင်တွေ ဖြစ်လာတယ်၊ ကျရှုံးတဲ့သူတွေရှိသလို ဒီထက် အောင်မြင်တဲ့သူတွေလည်း ရှိတာပဲ၊ ဖျော်ဖြေရေးတွေနဲ့ ဆွဲဆောင်စည်းရုံးကြ၊ ဝန်ဆောင်မှုတွေ ပေးကြပေါ့၊ လေးလေးလို မျက်လှည့်အတတ်ပညာနဲ့ တချို့ ဟိုတယ်တွေလည်း ဝန်ဆောင်မှုပေးတာ ရှိပါတယ်''

''လေးလေး ဒီလောက် ဂုဏ်ယူပြီး ပျော်နေပုံထောက်ရင် သူ များတွေထက် လေးလေးက ပိုအောင်မြင်နေတယ် ထင်တယ်''

''ဟား ဟား ဘုံ ခန့်မှန်းတာ တော်လိုက်တာကွယ်၊ မောင် ရောင်စဉ်ရဲ့ မျက်လှည့်ပညာကို ဧည့်သည်တွေ သဘောကျနှစ်မြို့က်အား ပေးတာ ဘုံ လက်တွေ့မြင်ပြီ မဟုတ်လား၊ မောင်ရောင်စဉ်ရဲ့ ရုပ်ရည် ကလည်း ဆွဲဆောင်မှု ရှိတယ်လို့ ပြောရမယ်၊ ဒီခေတ် ရုပ်ရှင်မင်းသား တွေ ငိုင်သွားလောက်မယ့် စတိုင်မျိုးပဲ''

''ဟုတ်တယ် လေးလေး''

ဒါကိုတော့ သုခဘုံ အလျင်အမြန် ထောက်ခံလိုက်မိသည်။ မဟာနဖူးပြေပြေ၊ မျက်ခုံးထူထူ နှာတံစင်းစင်းနှင့် မထူမပါး ပိရိသေသပ်





နေသော နှုတ်ခမ်းလေးက ရဲရဲစိုကာ ဆွဲဆောင်မှု ရှိလွန်းသည်။ ဝင်းဝါ နေသော အသားအရည်က ကုတ်အင်္ကျီတွေ စတိုင်ဘောင်းဘီတွေနှင့် ဘယ်လိုအရောင်ဝတ်ဝတ် လိုက်ဖက်နေပြီး မြင့်မားသည့် အရပ်အမောင်း ကြောင့် ငေးကြည့်ချင်လောက်အောင် ကြည့်ကောင်းသည်။

ဆံပင်များက နက်မှောင်နေသော်လည်း ဂုတ်ထောက်လုနီးပါး မှာ စင်းစင်းပျော့ပျော့လေးမို့ ယောကျ်ားရင့်မာကြီးလို တောင့်တင်းသန်မာ ပေမယ့် မိန်းမချော ချောသူလို့လည်း သတ်မှတ်လို့ရသည်။

အသံလေးက ဩရှဝါညက် သိမ်မွေ့လွန်းကာ တစ်ဖက်သားကို သိမ်းသွင်းနိုင်သည့် အစွမ်းသတ္တိတွေ အပြည့်နှင့် ဖြစ်၏။

''ဘုံလေး ဘာတွေ တွေးနေတာလဲ''

''ဟင် ဘာရယ် မဟုတ်ပါဘူး လေးလေးရယ်၊ အဲဒီ မျက်လှည့် ဆရာလေးကို လေးလေး အားကိုးနေတာ အံ့ဩလို့ပါ၊ အခု လေးလေး ဘာကြောင့် အားကိုးတယ်ဆိုတာ လက်တွေ့သိလိုက်ရတော့ ပိုပြီးတောင် အံ့ဩမိသေးတယ်၊ တည်းခိုအနားယူတဲ့ ဧည့်သည်တွေတင်မဟုတ်ဘူး လာရောက် စားသုံးသူတွေနဲ့ ဟိုတယ်ကြီးက တော်တော် အောင်မြင်နေ တာပဲ''

''ဟုတ်တယ် အဲဒါကြောင့် ဘုံလေးကို လေးလေး ပြန်ခေါ်တာ ပေါ့ကွယ်၊ ဒီအောင်မြင်မှုတွေက ဘုံလေးကို လက်ဆင့်ကမ်းပေးရမှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။ ဘုံလေးလည်း ပညာပြည့်စုံနေပြီဆိုတော့ ဒီလုပ်ငန်းကို လေ့လာစေချင်တယ်''

''ဘုံ နားလည်ပါတယ် လေးလေး၊ ဒါပေမဲ့ ဘုံကတော့ အခု ပျော်သလို နေဦးမှာနော်၊ ဟိုမှာ နေခဲ့သလို လွတ်လွတ်လပ်လပ်အတိုင်းပဲ''

''ဟုတ်ပါပြီဗျာ ဘုံလေး သဘောပါ၊ လေးလေးကတော့ ဘုံလေးကို ဖြည့်ဆည်းရုံသက်သက်ပါ''

''ဟင်း ဟင်း အဲဒါကြောင့် လေးလေးကို ချစ်တာ''

လက်မောင်းကြီး တစ်ဖက်ကို ယီးလေးခိုကာ ချွဲနွဲ့လိုက်သည် နှင့် ဦးဗလဖော် ကြည်နူးပီတိ ဝေကာ ပြုံးနေခဲ့သည်။

ဘဝမှာ သုခဘုံလေး တစ်ယောက်သာ တွယ်တာစရာ ရှိသည်မို့ . . ။

■ ■ ■



## အခန်း (၂)

''သုခဘုံပါ''

''ဟုတ်ကဲ့ ကျွန်တော် သက်တန့်ရောင်စဉ်ပါ''

ယဉ်ကျေးမှုနှင့် ဦးညွှတ်မိတ်ဆက်လိုက်သော်လည်း သုခဘုံက အနောက်တိုင်းဆန်ဆန် လက်ဆွဲနှုတ်ဆက်ချင်ဟန် တူသည်။

ဦးဗလဖော်ကို အားတုံ့အားနာ မျက်နှာပူပေမယ့် သုခဘုံ အနေခက်မသွားအောင် လက်ကမ်းပေးလိုက်ရ၏။

သူ့မျက်နှာကို အပြုံးလွင်လွင်ဖြင့် ဝေ့စိုက်ကြည့်ရင်း သုခဘုံက သူ့လက်ကို တော်တော်နှင့်မလွှတ်။

ဦးလေးတစ်ယောက်ရှေ့မှာ ရဲဝင့်ခြင်းက မြန်မာဓလေ့ရိုက် နှင့် ဆန့်ကျင်စွာ။



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ဦး မောင်ရောင်စဉ်၊ ညွှန့်ခံဖျော်ဖြေပွဲကိစ္စ ပြီးသွားပေမယ့် စကားပြောဖို့တော့ အချိန်ရသေးတယ် မဟုတ်လား"

"ဟုတ်ကဲ့ အန်ကယ်"

"အေးကွာ မင်းရဲ့လုပ်ဆောင်ချက်တွေကို အန်ကယ် အားရကျေနပ်တယ်၊ တဖြည်းဖြည်းနဲ့ အပြင်ဧည့်သည်တွေလည်း များလာတယ်၊ အနားယူတည်းခိုဖို့လာတဲ့ ကိုယ့်ဆီက ဧည့်သည်၊ နိုင်ငံခြားသား ဧည့်သည်တွေဆီကလည်း လက်ခံမှု အားပေးမှု အရမ်းကောင်းတယ်၊ မင်းကလည်း ပညာစွမ်းတွေ တစ်မျိုးပြီးတစ်မျိုး ထုတ်ပြနေတာကိုးကွ"

"ဟုတ်ကဲ့ အန်ကယ်အတွက်ရော ကျွန်တော့်အတွက်ရော အကျိုးရှိအောင် ပညာတွေ လေ့လာသင်ယူပြီး ကြိုးစားသွားမှာပါ"

"ရှင် ဒီပညာတွေကို နိုင်ငံခြားမှာ သွားသင်လာခဲ့တာလား"

"မဟုတ်ပါဘူး ဖေဖေ့ရဲ့ပညာအမွေပါ၊ ဖေဖေ မသေခင် ကျွန်တော့်ကို ပညာစုံ သင်ပေးသွားတယ်၊ အခုခေတ် ပဋ္ဌလက် မျက်လှည့် အတတ်ပညာက အရင်တုန်းက လူတွေကို ဘယ်မီလိမ့်မလဲ၊ ဒါပေမဲ့ အရင်က မျက်လှည့်ဆရာတွေဟာ လမ်းဘေးမှာပဲ အသုံးချခွင့်ရခဲ့တာပါ၊ ဒီဘက်ခေတ်လို စင်ပေါ်မှာ ထင်ထင်ပေါ်ပေါ် မရှိဘူး။ ကြိုးစားတတ် မြောက်မှုတွေကိုလည်း ချီးမြှောက်စားမယ့်သူ မရှိဘူး"

"အခုတော့ နိုင်ငံတကာမှာလည်း ဒီမျက်လှည့်ပညာက တော်





တော်ကို တိုးတက်လာတာကွ၊ လူတွေက အမြင်ကျယ်လာတာလား၊ အတတ်ပညာတစ်ခုကို အားပေးရမှန်း သိလာတာလားတော့ မသိဘူး၊ လက်ခံမှုရှိလာတာ ပညာရှင်တွေအတွက် ဝမ်းသာစရာပေါ့"

"ဟုတ်ကဲ့ အန်ကယ်၊ အရင်က ဖေဖေ မျက်လှည့်ပွဲလိုက်သွားခြင်းနဲ့ ထမင်းနပ်မမှန်တဲ့ ရက်တွေတောင် ရှိပါတယ်၊ လမ်းဘေးမှာ မျက်လှည့်ပွဲပြ ဆေးရောင်းတာ၊ လူအထင်သေးတာလည်း ခံရပါတယ်၊ အဆင့်အတန်းမြင့် သူတောင်းစားလို့ မခေါ်ရုံတမယ်ပါပဲ"

"ဟား ဟား အဲလိုတောင်မှလားကွ"

ဦးဗလဖော်က ဟက်ဟက်ပက်ပက် ရယ်ရင်း ရောင်စဉ်ရဲ့ ပွင့်လင်းမှုကို သဘောကျနေ၏။ သူ့ခဘုံက ရောင်စဉ်မျက်ဝန်းတွေထဲ စူးစူးနစ်နစ် ကြည့်ကာ

"အခုခေတ်က ဘယ်လိုအတတ်ပညာရှင်ဖြစ်ဖြစ် အဆင့်အတန်း မြင့်လာပါပြီ၊ လုပ်ပိုင်ခွင့်တွေနဲ့ လူတွေလက်ခံအောင် ကိုယ့်ပညာကို ပြလို့ရတယ်၊ အရည်အချင်းရှိရင် အားပေးတဲ့သူတွေလည်း ရှိတယ်၊ အဓိကက ကိုယ့်ရဲ့ကြိုးစားမှုပဲ"

"ဟုတ်ပါတယ် အဲဒါကြောင့် ဖေဖေ့ပညာအမွေအပြင် ပြည်တွင်းပြည်ပနဲ့ နိုင်ငံတကာက သင်ဆရာ မြင်ဆရာတွေဆီကနေ ကျွန်တော် ပညာတွေ ထပ်လေ့လာ ဆည်းပူးသင်ယူနေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီဘုံဆွယ်မှာ လုပ်ရတာရော အဆင်ပြေရဲ့လား"

"ဘုရားကဲ့ အများကြီး အဆင်ပြေပါတယ်၊ အလုပ်ချိန်က ညနေ ခြောက်နာရီက ညဆယ်နာရီအထိဆိုတော့ မနက်ပိုင်းနဲ့ နေ့လယ်ပိုင်း မေမေနဲ့လည်း အတူနေရတယ်၊ အရင်က ကျွန်တော် နယ်တွေထွက်နေတော့ မေမေ့ကို တစ်ယောက်တည်း ထားခဲ့ရတာ"

"ရှင်က အမေတစ်ယောက်တည်း ရှိတာလား။ မွေးချင်း မောင်နှမတွေရော"

"ဟင့်အင်း ကျွန်တော် တစ်ဦးတည်းသော သားပါ၊ ဖေဖေ မရှိတော့ မေမေ့ကို ကျွန်တော်ပဲ ရှာဖွေကျွေးမွေးနေရတာပေါ့"

"ရှင်က သားလိမ္မာပဲ၊ ဘုံကတော့ အဖေ အမေ မရှိပေမယ့် လေးလေးအပေါ် ခုထိ ဆိုးတုန်း"

သုခဘုံက ဦးဗလဖော် ပခုံးလေးပေါ် မှီနွဲ့ရင်း ချွဲချွဲနွဲ့နွဲ့ ပြောသည်။ ဦးဗလဖော်က သုခဘုံ ဆံနွယ်လေးတွေကို ဖွဖွလေး သပ်တင်ပေး ကာ

"အန်ကယ်ကတော့ ဘုံလေး ဆိုးတယ်လို့ မယူဆပါဘူးကွာ။ အန်ကယ့်ဘဝမှာလည်း ဒီတူမလေး တစ်ယောက်ပဲ ရှိတာ မဟုတ်လား။ သူ့အတွက် ဖြည့်ဆည်းနိုင်ဖို့ပဲ၊ ငွေတွေကို ကုန်းရုန်းရှာနေတာ၊ နိုင်ငံခြား မှာလည်း လောင်းကစားပိုင်းနဲ့ တွဲဖွင့်ထားတဲ့ ဟိုတယ်တစ်ခုမှာ ရှယ်ယာ





ဝင်ထားတယ်၊ ဘုံလေးကိုလည်း ဆယ်တန်းအောင်ပြီးကတည်းက နိုင်ငံ ခြားကျောင်း တက်ခိုင်းခဲ့တာ၊ သူ ဘာပဲဖြစ်ချင်ဖြစ်ချင် အန်ကယ် အကုန်လုပ်ပေးမှာပဲ"

"ဒါဆို လေးလေး ဝယ်ထားတဲ့ ကားကို ဘုံ မကြိုက်ဘူး။ နောက်ကားအသစ် လဲပေး"

"ဒါလေးများ ပြောစရာလားကွယ်၊ ဘုံလေး စိတ်ကြိုက်ရွေး ယပ်ပါ၊ လေးလေးက ဘုံလေး ပြန်ရောက်ရောက်ချင်း စီးစရာမရှိမှာစိုးလို့ ဝယ်ထားလိုက်တာ"

ချမ်းသာပြည့်စုံသည့် လူတွေများကျတော့ ကားထည်လဲ ပြောင်း ရမှာတောင် ဝန်မလေးပါလားဟု တွေးမိရင်း ဦးဗလဖော်ရဲ့ လိုက်လျော မှုကိုလည်း အံ့သြမိသည်။

ခုချိန်ထိ အိမ်ထောင်မရှိ လူပျိုကြီးတစ်ယောက်အဖြစ် နေခဲ့ပြီး သုခဘုံအပေါ်မှာ ဦးလေးတစ်ယောက် တာဝန် ဝတ္တရားတင်မက အမိ အဘ မေတ္တာတွေပါ အပြည့်အဝ ပေးနိုင်ခဲ့သည်။

အခုရော သူ့ကိုဘာကြောင့်နှင့် ခေါ်တွေ့ရတာလဲ။

သုခဘုံနှင့် မိတ်ဆက်ပေးရုံသက်သက်ပဲလား။ သူ့လက်က နာရီ ကို မျှော်ကြည့်တော့ ဦးဗလဖော်က သဘောပေါက်ကာ

"မောင်ရောင်စဉ်က အိမ်ပြန်နောက်ကျလို့ အမေ စိတ်ပူမှာ



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်နေပြီ ထင်တယ်''

''ဟုတ်ကဲ့ မေမေက အရမ်းနောက်ကျရင် စိတ်ပူတတ်လို့ပါ''

''အေးကွ ဒါဆိုရင်တော့ နောက်ကျရင် စိတ်မပူအောင် မင်း
အမေကို ကြိုပြောထားဖို့ လိုပြီထင်တယ်''

''ဗျာ ဘာဖြစ်လို့လဲ အန်ကယ်''

''ဪ ဒီလိုကွ၊ ဘုံလေးက တောင်းဆိုလို့ပါ၊ သူက အခုမှ
မြန်မာပြည် ပြန်ရောက်လာတော့ သူငယ်ချင်း အပေါင်းအသင်း အဖော်
မရှိဘူးလေ၊ အတိုချုံ့ပြောရရင် မင်း တာဝန်ချိန်မဟုတ်လည်း ဒီဟိုတယ်က
အမြဲတမ်း ဝန်ထမ်းသဘောမျိုးနဲ့ ဘုံ လိုအပ်တဲ့အချိန်တွေမှာ ရှိနေပေး
ဖို့ပါ''

''ဟာ အဲဒါ မဖြစ်ဘူး ထင်တယ် အန်ကယ်တို့ တန်ရာတန်
ကြေး ပေးမယ်ဆိုတာ သိပေမယ့် ကျွန်တော် လောဘမကြီးချင်ဘူး
အန်ကယ်၊ မေမေ့အတွက် အချိန်ပေးရဦးမှာပါ၊ ရောင့်ရဲတင်းတိမ်မှုနဲ့ပဲ
မေမေ့ကို စိတ်ချမ်းသာအောင် ထားချင်တယ်''

လိုအပ်တာထက် သုခဘုံ နှုတ်ခမ်းပါးလေးတွေ တွန့်ခနဲ မဲ့ကွေး
သွား၏။ ဒီလိုလောဘနည်းသူတွေကြောင့် တချို့သောလူတွေ ဆင်းရဲတွင်း
က မလွတ်မြောက်နိုင်သေးတာပင်။

သူမ ဆန္ဒကို လိုက်လျောပေးချင်နေသော လေးလေးက





ရောင်စဉ်ရဲ့ ငြင်းဆန်မှုကို လက်ခံချင်ဟန် မတူ။

''ဒီလိုလုပ်ပါ မောင်ရောင်စဉ်၊ မင်းအမေနဲ့ တိုင်ပင်ချင်ရင်
တိုင်ပင်ကြည့်လိုက်ပါဦး၊ မင်းတို့အတွက် အဆင်ပြေနေတယ်ဆိုပေမယ့်
ပြည့်စုံသေးတာကို အန်ကယ် သိထားပါတယ်၊ မင်းကို အလုပ်ချိန်
ပြည့် တောင်းဆိုနေတာ မဟုတ်ပါဘူး။ ဘုံလေးလိုအပ်ရင် ပြောတာပါ''

သူ အားမနာတမ်း ခေါင်းခါငြင်းဆန်ပစ်လိုက်ချင်သည်။

မိန်းမတစ်ယောက် လိုအပ်သည့်အချိန် အသုံးချခံရတာမျိုး
ဖြစ်ချင်ပါ။ တင်တင်စီးစီး ထိုမိန်းမအကြည့်စူးစူးကိုလည်း မကြိုက်။

ရဲတင်းလွန်းတာလား၊ ဖော်ရွေလွန်းတာလား။

ခွဲခြားမရဘဲ မရင်းနှီးချင်တာက သူ့ဆန္ဒသက်သက် ဖြစ်မည်။

''ဒီလိုလုပ်ပါရစေ အန်ကယ်၊ အလုပ်သဘောအရ ငွေရေး
ကြေးရေးနဲ့ မဟုတ်ဘဲ တစ်ခါတစ်ရံ လူမှုရေးအရ ကူညီလိုက်ရတာမျိုး
ဆိုရင် ဖြစ်နိုင်ပါတယ်၊ အမြဲတမ်းဆိုရင် ဝန်ပိသွားမှာစိုးလို့ပါ''

''ရှင်က လေးလေး ဆန္ဒကို ဆန့်ကျင်နေတာလား''

''အမိန့်ပေးတာမျိုး မဟုတ်သေးလို့ ကျွန်တော် ဒီလောက်ပဲ
တော်ခံပေးဖို့ စဉ်းစားလိုက်တာပါ၊ ကျွန်တော်က ကျွန်တော် တာဝန်ယူ
ထားတဲ့ အလုပ်ကိုပဲ တာဝန်ကျေအောင် ကြိုးစားချင်တာ''

''ငွေမရှိဘဲ မာနရှိတာ အံ့သြစရာပဲ''

www.burmeseclassic.com



"ကျွန်တော် ဘယ်သူ့ကိုမှ မှီခိုနေတာ မဟုတ်တဲ့အတွက် ကိုယ့်မာနာနဲ့ကိုယ် နေနိုင်ပါတယ်၊ ဟို ကျွန်တော့်ကို ခွင့်ပြုပါဦး အန်ကယ်"

"ဩော် အေး နောက်နေ့မှ ဆုံမယ် မောင်ရောင်စဉ်"

သုခဘုံကို တစ်ချက်မှ လှည့်မကြည့်ဘဲ ဦးဗလဖော်ဆီမှာ နှုတ်ဆက်တောင်းပြီး ထွက်လာခဲ့သည်။

အရောင်လက်နေသော သုခဘုံ မျက်ဝန်းတွေကို ရှောင်ထွ လာခဲ့ရတာ နည်းနည်းစိတ်သက်သာသလို ရှိသည်။

ဒီမိန်းမ ဘာကြောင့် သူ့ကို စိုးမိုးချင်နေရတာလဲ။

မရိုးစင်းသော မျက်လုံးများက သူ့စိတ်တွေကို ကသိကအော ဖြစ်စေလျက်. . .။

■ ■ ■



## အခန်း (၃)

"နှီ"

လေချွန်သံ ပေးလိုက်သည်နှင့် ကုက္ကိုပင်ပေါ်ကနေ သာလိကာလေး သူ့ပခုံးပေါ် လာနားသည်။ သူက ဦးခေါင်းလေးကို ချစ်စနိုးနှင့် ရွှေလေး သပ်ပြီး နမ်းလိုက်၏။

သာလိကာလေးကလည်း သူ့ပါးစပ်ကို နှုတ်သီးလေးနှင့် ပွတ်သပ် နမ်းသည်။

"ငါ နောက်ကျလို့ မင်းစိတ်ဆိုးနေမယ် ထင်တာ၊ ဗိုက်ဆာနေပြီ မဟုတ်လား။ အိမ်မြန်မြန်ပြန်ကြမယ်နော်"

"အိုကေ အိုကေ"

သာလိကာလေးက မပီတပီ ပြောရင်း အပျော်လွန်ကာ တောင်ပံ တဖျပ်ဖျပ် ခပ်သည်။ တခြား မျက်လှည့်ဆရာတွေက နို့ဖြူလေးတွေ

ဗျူး၁၇၆၃

www.burmeseclassic.com

www.burmeseclassic.com



အသုံးပြုသော်လည်း သူကတော့ အစိမ်းနှင့် အနီ ရောယှက်ထားသော သာလိကာလေးကိုသာ ပွဲထုတ်ခဲ့သည်။

ထိုသာလိကာလေးကို စတွေ့စဉ်က အပုံသင်စအရွယ်မှာ အမိအဘ ခွေမျိုးအသိုက်အဝန်းတွေနှင့် ကွဲပြီး သစ်ပင်ပေါ်က ပြုတ်ကျလာဟန်တူသည်။ မြေပြင်မှာ အကျနာသွားသော သာလိကာလေးကို သူ တယုတယ ကောက်ယူလာပြီး ဆေးကုပြုစုစောင့်ရှောက်လာခဲ့ရတာ။

"သားရေ့ယ် သူ ကျန်းမာလာရင် သူ့ကို ကောက်တွေ့တဲ့နေရာမှာ ပြန်လွှတ်ပေးလိုက်ပါကွယ်၊ မိတကွဲ ဖတကွဲနဲ့ သနားစရာ ကောင်းပါတယ်၊ တိရစ္ဆာန်ကို သံယောဇဉ် အရမ်းဖြစ်လွန်းရင်လည်း မကောင်းဘူး၊ သူ့သဘာဝနဲ့သူ နေပါစေ"

မေမေက ထိုသို့ သတိ ခဏ ခဏ ပေးနေ၍ နေကောင်းလာသည့်အချိန်မှာ မခွဲချင် ခွဲချင်နှင့် စိတ်မကောင်းကြီးစွာ သူ ပြန်လွှတ်ပေးခဲ့သည်။ ဒါပေမဲ့ နေဝင်ချိန်မှာ သာလိကာလေး သူ့အိမ်ကို ပြန်ရောက်လာပြီး သူ့ပခုံးပေါ်မှာ နားသည်။

"လူစော်နံလို့ သူ့အမျိုးအနွယ်တွေ လက်မခံကြတော့တာ ဖြစ်မယ်၊ ပြန်လာတော့လည်း သနားပါတယ် သားရယ်၊ ငယ်ကလည်း ငယ်သေးတယ်၊ သူ့ကို ကောင်းကောင်း ပြုစုလိုက်ပါ သားရယ်၊ သူတို့လို သာလိကာတွေက သင်ပေးရင် တတ်လွယ်တယ်၊ သံယောဇဉ်လည်း





ကြီးတတ်ကြတယ်"

မေမေ့စကားကြောင့် သူ ပျော်သွားသည်။ သူလည်း မွေးချင်းမောင်နှမ မရှိ ကြီးပြင်းခဲ့ရသူမို့ သာလိကာလေးကို ကိုယ်ချင်းစာကာ သူယ ထွေးပွေ့ ဂရုစိုက်ခဲ့သည်။ အစားအသောက်စားတော့လည်း အတူ၊ ဖေဖေ သင်ပေးခဲ့သည့် ပညာတွေ လေ့ကျင့်တော့လည်း အတူတူ။

သူ့အတွက် အနီးကပ် မိတ်ဆွေကောင်း အဖော်ရခဲ့သည်။ ဆို ဒိုလေးလည်း သူနဲ့အတူတူ စီးပွားရှာနေသည်ဟု ပြောလို့ရသည်။ ဒိုလေးက သူ သင်ပေးထားသော စကားတွေလည်း ပြောတတ်သလို သီမှာပါးနပ်မှုလည်း ရှိသည်။

အိပ်ရာထချိန် အလုပ်သွားချိန်ကိုလည်း သတိပေးတတ်သူပါ။

"ရှူး ခဏလေး အိတ်ထဲဝင်နေစမ်း ဒိုလေး၊ ရှေ့ကလူ သုံးယောက်က မှုမမှန်ဘူးကွ"

အမှောင်ရိပ်ထဲက လူသုံးယောက်ရဲ့ လှုပ်ရှားမှုသဏ္ဌာန်ကသောက်စရာမို့ ဒိုလေးကို လွယ်အိတ်ထဲထည့်ကာ ရှောင်ကွင်းလျှောက်လိုက်သည်။

ဒီရပ်ကွက်ကို ပြောင်းလာတာ မကြာသေးတာမို့ ဘယ်လိုလူတွေဆိုတာ သူ မခန့်မှန်းနိုင်။

"ဟာ ဘယ်လိုလူတွေလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က အလိုက်တသိ ရှောင်တိမ်းနေပေမယ့် ထိုလူသုံးယောက်က ခြေကားရား လက်ကားရားဖြင့် လမ်းပိတ်ထားသလို ဖြစ်နေတော့ သူ နည်းနည်းတော့ တင်းသွားသည်။

အမှောင်အားကိုးပြီး လူမိုက်လုပ်ချင်နေသည့် သူတွေလား။

"ညီလေး အစ်ကိုတို့က သူတောင်းစားတွေတော့ မဟုတ်ဘူး ဒါပေမဲ့ သဒ္ဒါသလောက် လှူဒါန်းခဲ့ဖို့ မေတ္တာရပ်ခံပါတယ်"

"ဟုတ်တယ် ကြည်ကြည်ဖြူဖြူ စွန့်ကြဲခဲ့ရင် အိမ်ကို မိမွေး တိုင်း ဖမွေးတိုင်း ပြန်ရောက်ဖို့ အာမခံတယ်"

"ခင်ဗျားတို့က တောင်းနေတာ မဟုတ်ဘူးဆိုပေမယ့် ဓားမြ တိုက်နေသလိုပဲ၊ ခြေတွေလက်တွေ အကောင်းချည်းပဲဥစ္စာ၊ ကိုယ့်ဘာသာ ရှာဖွေစားသောက်ကြပါလား၊ သူများသွေးနဲ့ချွေးနဲ့ ရှာလာတာကို အခုလို လူမိုက်လုပ် မိုက်ကြေးခွဲနေတာ မရှက်ကြဘူးလား"

အရှက်မရှိ တောင်းရဲတာ ဆေးသမားတွေ ဖြစ်ရမည်။ သူ ခပ်တင်းတင်း ပြန်ပြောတော့ သွေးဆူသွားကြဟန် တူ၏။ တစ်ယောက်က လွယ်အိတ်ကို လာဆွဲပြီး ကျန်နှစ်ယောက်က ထိုးဖို့ကြိတ်ဖို့ လုပ်ဖို့ပြင်၏။ ကိုယ့်ကိုယ်ကို ကာကွယ်ဖို့ သူတစ်ပြန် ကိုယ်တစ်ပြန် ထိုးကြိတ်ရမှာ ဝန်မလေးသော်လည်း အိတ်ထဲရောက်နေသည့် ဒိုလေးကို ငဲ့ညှာရမည်မို့ သူ ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။ အိတ်ကို ဆောင့်ခနဲ ပြန်ဆွဲလိုက်





လျှင် ဒိုလေး နာသွားမလား။

"မကြည်ဖြူချင်ဘူး ထင်တယ်၊ ပါသမျှ လုကွာ"

"ရေရှိမှ ငါတို့လိုချင်တာ ဝယ်လို့ရမှာ"

"ခင်ဗျားတို့နော် သည်းခံနေတာ အဟုတ်မမှတ်နဲ့"

"အာ ပြောနေကြာတယ် ချ"

ရှန်းရင်းဆန်ခတ် ဖြစ်သွားသည်မို့ လွယ်အိတ်ကို ထိန်းရင်း ပြန်ခုခံရသည်။ ထိုလူတွေက လူမိုက်တွေပီပီ အတွေ့အကြုံရှိဟန် တူသည်။ ဒိုလေးကို ငဲ့ညှာနေရ၍ ကိုယ့်ကိုယ်ကို အနာကျင်ခံနေရ၏။

ထိုအချိန်မှာ ဝင်းတံခါးတစ်ခု ဂျွန်းခနဲ ပွင့်သွားပြီး ပျဉ်ချောင်း တစ်ချောင်း ကိုင်ကာ မိန်းကလေးတစ်ယောက် ပြေးထွက်လာသည်။

"အဲဒါ ဘာဖြစ်နေကြတာလဲ ရဲတိုင်ရမှာလား၊ ဒီတုတ်နဲ့ အရိုက် ခံချင်ကြလား"

"အောင်မာ မိန်းကလေးက လူစွာ လာလုပ်နေတယ်၊ ဝင်ရှုပ်ရင် တော့ မိန်းကလေးရေ ဘာရော ရှောင်မနေနဲ့ ချကွာ"

"ရဲတိုင်ချိန်မရအောင် လုပ်မှဖြစ်မယ် ဆော်ပစ်"

ရန်ပွဲက သုံးယောက်နှစ်ယောက် ဖြစ်သွားပြီး ကောင်မလေးက လက်စွမ်းထက်လှသည်မို့ ထိုလူတွေ အထိနာသွားကြသည်။ ထို့နောက် မဟာန်နိုင်မှန်းသိ၍ ဆေးသမားတွေ ကမူးရှူးထိုး ထွက်ပြေးသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သက်တန့်ရောင်စဉ်က ဒူးထောက်ထိုင်ကာ အိတ်ကလေးကို ဖြဲ၍ ဒိုလေးကို အရင်ထုတ်ကြည့်မိသည်။ ကောင်မလေးက အနားကပ်လာကာ

"ရှင် ဘာဖြစ်သွားသေးလဲ၊ ဟင် ငှက်ကလေးပါလား"

မီးအလင်းရောင်တွေ ရှိသော်လည်း အမှောင်ရိပ်ကျနေသည်မို့ အခုမှ ငှက်ကလေးကို မြင်သွားဟန် တူသည်။ သူ့နည်းတူ ဒူးထောက်ထိုင်ချလိုက်ပြီး

"ငှက်ကလေး အိတ်ထဲမှာ မွန်းနေတာ ထင်တယ်၊ ငြိမ်လို့ပါလား"

"ဒီကောင်က ရန်းရင်းဆန်ခတ် ရန်တွေ ဘာတွေ သတ်ရင် အရမ်းကြောက်တတ်တာ၊ အဲဒါကြောင့် ကျွန်တော် အိတ်ထဲ ထည့်ထားတာပေါ့၊ သူ့ကို ညှာနေရတာနဲ့ ကျွန်တော်လည်း ထင်တိုင်း မလုပ်နိုင်ဘူး"

"ဟင် ရှင့်နှာခေါင်းမှာ သွေးတွေ ထွက်နေတယ်"

"အင်း ကျွန်တော် ထိသွားတယ်၊ ရပါတယ် ကိစ္စမရှိဘူး၊ ဒီက ညီမကို ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်ကြောင့် အိပ်ရေးပျက်သွားပြီ"

"ကျွန်မတို့က ဒီအချိန် မအိပ်သေးပါဘူး၊ ရှင့်ဒဏ်ရာ ကြည့်ရအောင် ကျွန်မတို့ ကျောင်းထဲ ခဏလိုက်ခဲ့ပါလား"





ကျောင်းဆိုမှ မျက်စောင်းထိုးလောက်မှာ ရှိသော အဆောက်အဦးကို လှမ်းကြည့်မိစဉ်မှာ ဘုန်းကြီးကျောင်းကြီး ဖြစ်နေမှန်း သိလိုက်ရသည်။

"ဒီက ညီမက ဘုန်းကြီးကျောင်းမှာ နေတ. ့သား"

"မဟုတ်ပါဘူး၊ ဘုန်းဘုန်းရဲ့ မိဘမဲ့ ပရဟိတ ကျောင်းမှာ နေတာပါ၊ အဲဒီက ကလေးတွေကို ကျွန်မက စာသင်ပေး၊ ဝေယျာဝစ္စ လုပ်ပေးတာပေါ့၊ ဟိုဘက်အခြမ်းမှာလေ အေးရိပ်သာ မိဘမဲ့ပရဟိတ ကျောင်း၊ ရှင်က ဒီရပ်ကွက်က မဟုတ်ဘူး ထင်တယ်"

"ဟုတ်ကဲ့ ကျွန်တော် ဒီရပ်ကွက်ကို ပြောင်းလာတာ သုံးလေးရက် ရှိပါသေးတယ်၊ ဒီနားကနေ ဖြတ်သွားပေမယ့် ကျွန်တော် သတိထားမိဘူး ဖြစ်သွားတာ"

"ကဲ စကားတွေများနေတာနဲ့ သွေးတွေက အရမ်းထွက်နေပြီ၊ ငှက်ကလေးလည်း အကြောက်ပြေအောင် တစ်ခုခု လုပ်ပေးချင်တယ်၊ အမြန်လာပါ"

ကောင်မလေးက ငှက်ကလေးကို ပွေ့ပိုက်၍ ရှေ့က ထွက်သွားသည်မို့ ရောင်စဉ် ကပျာကယာ ထလိုက်လာခဲ့ရသည်။

ဂေဟာလေးက ဘုန်းကြီးကျောင်း ဝင်းကြီးထဲမှာဆိုပေမယ့် ဘုန်းတော်ကြီးကျောင်းနှင့် တော်တော် အလှမ်းဝေးသည်၊ သစ်ပင်ကြီးငယ်



www.burmeseclassic.com

www.burmeseclassic.com



တွေ အုံ့အုံ့ဆိုင်းဆိုင်းနှင့် သီးပင်စားပင်တွေလည်း စိုက်ပျိုးထားဟန်တူသည်။

ပရဟိတကျောင်းကြီးက ကြီးကြီးမားမားနှင့် နှစ်ထပ်အဆောင်ကြီး ဖြစ်၏။ တစ်ဖက်မှာ ထမင်းစားဆောင်ကြီးလည်း ရှိသလို လူနေအဆောင်ပုံစံမျိုးတွေလည်း တွေ့ရသည်။

"ဒီမှာ ခဏထိုင်ဦးနော်၊ ကျွန်မ ဆေးအိတ်သွားယူလိုက်ဦးမယ်"

ကွပ်ပျစ်လေးမှာ ထိုင်ခိုင်းပြီး သူ့လက်ထဲကို ဒိုလေးကို ထည့်၍ အဆောင်တစ်ခုအတွင်း ကောင်မလေး ဝင်သွားသည်။

ပြန်ထွက်လာတော့ ဆေးအိတ်နှင့်အတူ အဒေါ်ကြီးတစ်ယောက်ပါ ပါလာသည်။

"ဒီအစ်ကိုလေ ဒေါ်ကြီးရဲ့၊ လူသုံးယောက်က ဝိုင်းရိုက်တာနဲ့ ကူညီလိုက်ရတာ၊ ဒီနေ့မှ အမိုက်တွေ မီးရှို့နေရင်းနဲ့ အသံဗလံတွေကြားလို့ ထွက်ကြည့်မိလိုက်တာ တော်သေးတာပေါ့"

"အေးကွယ် ကံကောင်းလို့ပေါ့၊ ဒီနားက ညဆို လူနည်းနည်းပြတ်တယ်၊ အမြဲတမ်းတော့ မဟုတ်ပါဘူး၊ တစ်ခါတစ်ရံ အရက်သမားဆေးသမားတွေက နည်းနည်း ပြဿနာ ရှာချင်တယ်"

"သူက ဒီရပ်ကွက် ပြောင်းလာတာ မကြာသေးတော့ မျက်နှာ





စိမ်းဆိုပြီး ငွင်ဖမ်းကြည့်တာ ဖြစ်နိုင်ပါတယ်၊ အစ်ကိုက ဘယ်လမ်းကို ပြောင်းလာတာလဲ"

"ခရေဖြူလမ်း အိမ်နံပါတ် ဆယ့်လေးမှာပါ"

"ဪ သိပ်မဝေးဘူးပဲ၊ နှစ်လမ်းကျော်လောက်ဆို ရောက်ပြီပေါ့၊ စပ်စုတယ်လို့တော့ မထင်နဲ့နော်၊ အစ်ကိုက ဘာအလုပ်လုပ်လို့ ဒီအချိန်မှ ပြန်လာတာလဲ"

"မြို့ထဲက ဟိုတယ်တစ်ခုမှာ မျက်လှည့်ဆရာ လုပ်တယ်၊ ကျွန်တော့်ရဲ့ အိမ်ပြန်ချိန်က ဒီအချိန်ပဲ"

"မျက်လှည့်ဆရာ"

ကောင်မလေးက သံယောင်လိုက်ရင်း သူ့မျက်နှာက ဒဏ်ရာဒဏ်ချက်တွေကို ဆေးလိမ်းပေး၏။ နာခေါင်းက သွေးတွေကိုလည်း ညင်ညင်သာသာ သုတ်ပေးသည်။ သူက ဒိုလေး အကြောက်ပြေအောင် ခုံမှာ ထွေးဖက်ပွေ့ပိုက်ထားရင်း ကောင်မလေးမျက်နှာကို အကဲခတ်မိ၏။

ပြင်ဆင်မှု မရှိတာကြောင့်လားတော့ မသိ။ ညိုညက်ညက် အသားအရေနှင့် ရွက်ကြမ်းရေကျို အလှလောက်ပဲ ရှိသည်။ အဝါရောင် ချည်သား လက်စကလေးနှင့် အပွင့်အခက် သေးသေးနုတ်နုတ် ထဘီလေးက ရိုးယဉ်မှုများနှင့်။

ဒါပေမဲ့ ရိုးသားဖြူစင် ပွင့်လင်းဟန်တူသော သူမ မျက်နှာလေး



www.burmeseclassic.com

www.burmeseclassic.com



က အေးချမ်းမှုများနှင့် ကြည်လင်လန်းဆန်းလို့ပါ။

''ကျွန်တော့်နာမည် သက်တန့်ရောင်စဉ်ပါ၊ ဒီက အဒေါ်နဲ့ ညီမကို ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်ကို ခွင့်ပြုပါဦးနော်၊ အိမ်မှာ မေမေ စိတ်ပူနေမှာ စိုးလို့ပါ''

''အေးကွယ် အေး။ အဒေါ်တို့က နယ်မြေခံတွေဆိုတော့ လိုတဲ့ အကူအညီရှိရင် ပြောပါ၊ ဘုန်းဘုန်းကလည်း ဒီလမ်းကို မီးချောင်း အပြည့်တွယ်မယ်လို့ ပြောထားတော့ နောက်ဆို ဒီလိုမျိုး အန္တရာယ်လည်း ကြုံတော့မှာ မဟုတ်ပါဘူး''

''ဟုတ်ကဲ့ ခင်ဗျ၊ ကျေးဇူးတင်ပါတယ်''

''အေး အဒေါ်နာမည်လည်း မှတ်ထား ဒေါ်ခင်သက် တဲ့၊ သူလေးကတော့ မဟူရာဖြူ၊ ဒီဂေဟာမှာ သူ မရှိမဖြစ်လောက်အောင် အရေးပါတယ်''

''ဒေါ်ကြီးကလည်း ပြောတော့မယ်၊ ဒီနေရာကလွဲရင် သွားစရာ မရှိလို့ကို ဖြူက ဒီမှာနေရမှာပါ''

ကောင်မလေးရဲ့ ဘဝအစိတ်အပိုင်းလေးကို အမှတ်တမဲ့ သိ လိုက်ရသည့်အတွက် စိတ်မကောင်း ဖြစ်သွားမိသည်။

သူခဲ့ ဘဝနှင့်ဆိုလျှင် မိုးနှင့်မြေလို ကွာခြားလွန်းပါလား။ အိမ်ပြန်လမ်းမှာ ခြေလှမ်းမှန်မှန်နှင့်. . . .။

■ ■ ■



## အခန်း (၄)

''အချိန်တွေ နောက်ကျလို့ စိတ်ပူလိုက်ရတာ သားရယ်၊ မေမေ စမ်းပြီးတောင် ဟိုတယ်ကို လိုက်လာတော့မလို့''

မေမေက မအိပ်နိုင်အောင် စိတ်ပူလျက် သက်တန့်ရောင်စဉ် ဝင်လာတာ မြင်တော့ အပေါက်ဝကို အပြေးအလွှား လာကြိုသည်။ မျက်နှာက ဒဏ်ရာကို မြင်တော့ ပိုပြီး ထိတ်လန့်သွား၏။

''ဘယ်လိုဖြစ်လာတာလဲ သားရယ်၊ တစ်ခုခု ဖြစ်နေပြီလို့တော့ မေမေ ထင်သားပဲ''

''စိတ်မပူပါနဲ့တော့ မေမေရယ်၊ သား ပြန်ရောက်လာပြီပဲ၊ ဘာဖြစ်လာတယ်ဆိုတာ သား ပြောပြမယ် မေမေ ထိုင်ပါ''

ဆက်တီခုံလေးပေါ် မေမေ့ကို တွဲထိုင်ခိုင်းလိုက်ပြီး သူပါ ဝင်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်လိုက်သည်။ အခုမှ စိတ်သက်သာသွားသလိုနှင့် ဒိုလေးက စားပွဲပေါ်မှာ တောင်ပံတဖျပ်ဖျပ်။

"သားက ဒီရပ်ကွက်မှာ မျက်နှာစိမ်းလို ဖြစ်နေတော့ လူသုံးယောက်က ပညာစမ်း ရန်ရှာချင်တဲ့ သဘောပါ။ အဲဒါ ကောင်မလေးတစ်ယောက်က ဝင်ကူပေးတာ မေမေရဲ့"

"ဟင် ကောင်မလေး တစ်ယောက်က ဝင်ကူပေးတယ်"

"ဟုတ်တယ် ဝင်ကူပေးရုံတင် မကဘူး။ သူတို့ မိဘမဲ့ဂေဟာယဲ ခေါ်သွားပြီး သားဒဏ်ရာတွေကို ဆေးတောင် ထည့်ပေးလိုက်သေးတယ်"

"အမလေး သူတော်ကောင်းနဲ့ တွေ့ခဲ့တာပါလား သားရယ် ဒါနဲ့ မိဘမဲ့ဂေဟာ ဆိုတာ"

"ရပ်ကွက်ထိပ်က ဘုန်းကြီးကျောင်းကြီးလေ မေမေရဲ့၊ သားလည်း ဖြတ်တာ သွားနေတာ အမှတ်တမဲ့ပဲ၊ ဒီနေ့မှ သေသေချာချာသိခဲ့တာ၊ အဲဒီ ကောင်မလေးက အဲဒီမှာနေပြီး စာလည်း သင်ပေးတယ် ဝေယျာဝစ္စတွေလည်း အကုန်လုပ်တယ်တဲ့"

"ဩော် ဟုတ်လား၊ စိတ်ရင်းစေတနာ ကောင်းရှာသားပဲ မေမေလည်း အိမ်မှာနေရင်းနဲ့ ဟိုလူပြော ဒီလူပြော ကြားရတာတော့ မရှိဆင်းရဲသားတွေကို အဲဒီ ဘုန်းဘုန်းက ကြည့်ရှုစောင့်ရှောက်တယ်





လား"

"နိုင်ငံတော်က ထောက်ပံ့လို့ပေါ့ မေမေရယ်၊ ဘုန်းကြီးတစ်ပါးညီးတော့ ဘယ်လိုလုပ် နိုင်နင်းမှာလဲ၊ အဲလို ပရဟိတ လုပ်ငန်းတွေခေါက်ထွန်းကားလာတာ ကုသိုလ်လည်းရ ကောင်းလည်း ကောင်းယ့် တချို့ လူတွေ ရေသာခိုချင်စိတ်တွေ ဖြစ်သွားမှာလည်း စိုးရိမ်တယ်"

"ဘာဖြစ်လို့လဲ သားရဲ့"

"တချို့က မှီခိုစရာရှိရင် မှီခိုပြီး အလုပ်မလုပ်ချင်ကြဘူးလေ၊ ချို့မိဘတွေကလည်း တာဝန်မဲ့ပြီး ဒီလို နေရာတွေမှာ စွန့်ပစ်ချင်ကြယ်၊ လူတိုင်း အလုပ်ကိုယ်စီ ဝင်ငွေကိုယ်စီ တာဝန်ကိုယ်စီနဲ့ဆိုရင် ိုက်စွတွေ ဖြစ်လာပါ့မလား"

သက်တန့်ရောင်စဉ် စကားကို ခေါ်နှင်းရည်ချို လေးလေးပင်ပင်းယမ်းသည်။

"သား ပြောတာ မှန်ပေမယ့် ဘဝအခြေအနေတွေ မတူတာသည်း နားလည်ပေးရမယ် သား၊ ဆင်းရဲချမ်းသာ ကွာခြားချက်ကကြွမှာနဲ့လည်း ဆိုင်တယ်၊ ဒီဘဝမှာ စိတ်ခတ်ယုတ်ညံ့ရင် နောင်ဘဝ ဒီထက်ပိုဆိုးမယ်၊ တချို့က ငါ ကောင်းတာလုပ်နေတာတောင်ကောင်းတာ မဖြစ်ဘူးဆိုပြီး တွေးတတ်ကြသေးတယ်၊ မျိုးစေ့ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



အခုချ အခုအပင်ပေါက်လို့လား၊ ရေလောင်းပေါင်းသင် စိတ်ရှည်ရှည် ထားမှ သူ့အချိန်တန်ရင် အသီးအပွင့် ဖြစ်လာမှာပေါ့၊ ဒီလို ဘဝမျိုး ဘယ်သူ နေချင်ပါ့မလဲ''

သူ့ခေါင်းလေးကို ဖွဖွပွတ်သပ်ပေးရင်း မေမေက ရှင်းပြသည် သူလည်း နားလည်သင့်သလောက် နားလည်ပေမယ့် မေမေ့လောက် တော့ သဘောထား မပြည့်ဝသေးပါ။

ကိုယ့်ကိုယ်ကို ပင်ပင်ပန်းပန်း ရှာဖွေစားသောက်ရတာ မညည် ညူပေမယ့် အပေ်အပြုတ်ခံပြီး အလုပ်မလုပ်ချင်သူတွေကိုတော့ အရမ် မုန်းသည်။ လုပ်လည်း မထူးပါဘူးဆိုပြီး ဗိုက်မှောက် အိပ်နေသူတွေ မျှော်လင့်ချက်တို့ ပန်းတိုင်တို့ မရှိလို့ မဟုတ်ပါလား။

တက်ကြွုးလျှင် လက်ထိုးလှော်ရမှာ လူ့ဘဝပင်။

''ကဲ မေမေ့စကားတွေ နားထောင်လို့ ကောင်းပေမယ့် သားတို့ ဗိုက်ဆာလာပြီ၊ ထမင်းစားတော့မယ် မေမေ၊ ဒိုလေးလည်း တော်တော် ဆာနေလောက်ပြီ''

''အေး အေး မေမေ ထမင်းပွဲပြင်လိုက်မယ်၊ သား ခြေလက် ဆေးလိုက်ဦးလေ၊ အဝတ်အစားလေးပါ လဲလိုက် သား။ ပေရေနေတာပဲ''

''ဟုတ်ကဲ့ မေမေ''

အိမ်ရှေ့ ရေစည်ပိုင်းရှိရာ သူ သွားတော့ ဒိုလေးပါ ရေချိုးဖို့





တ်လာသည်။ ဒိုလေးက ရေအလွန်ကြိုက်သည်။

မေမေ ရေချိုးလျှင် လိုက်ချိုး၊ သူချိုးလျှင် လိုက်ချိုးနှင့် သန့်သန့် ပြန့် နေတတ်၏။ ထမင်းဆိုလည်း ငရုတ်သီးစပ်စပ်နှင့် နယ်ကျွေး င် အရမ်းစား၏။ ကြက်တူရွေး အမျိုးအနွယ်စပ်တာမို့ ငရုတ်သီးစိမ်း ာင့်၊ ခရမ်းချဉ်သီး၊ အသီးအနှံအားလုံး သူ့အိမ်လေးထဲမှာ အပြည့် ည့်ပေးထားရသည်။

''ဟိတ်ကောင် ငါ ရေမချိုးဘူး၊ ငါ့ကို ရေစင်အောင်မလုပ်နဲ့''

ဒိုလေးက တောင်ပံ တဖျပ်ဖျပ်ခတ်၍ ရေစင်အောင် လုပ်နေ ည်မို့ ပေါက်လိုက်ရသည်၊ ဒီကောင်က စိတ်ကြည့်နေလျှင် စချင်နောက် ။ သူ ခြေလက်ဆေးပြီးတော့ ဒိုလေးက သူ့ပခုံးပေါ် တက်လိုက် သည်။

''မင်း အရမ်း ရေသာနိုတယ် သိလား''

''ကျေးဇူးတင်ပါတယ်''

''အေးပါ မင်းက အဲလိုလေး ပြောပြီး ငါ့ကို နှပ်ချနေကာ၊ င်းစားခါနီး ငါးအရိုးထွင် ကျွေးအောင်လို့မဟုတ်လား''

''ကဲပါ သားရယ်၊ ဒိုလေးအကြောင်း သိရဲ့နဲ့ ပြောနေသေးတယ် င်းလာစားကြ သား''

''ဟင် မေမေလည်း မစားရသေးဘူးလား''

www.burmeseclassic.com

www.burmeseclassic.com



"သားတို့ကို စောင့်နေတာပေါ့ကွယ်၊ မေမေ ဘယ်တုန်းက ထမင်းအရင်စားနှင့်ဖူးလို့လဲ"

"ဒီလို အရမ်းနောက်ကျတဲ့နေ့တော့ မစောင့်ပါနဲ့ မေမေရယ်၊ မေမေ အစာအိမ်ပြန်အောင့်နေပါဦးမယ်၊ ဒါမှမဟုတ် မုန့်တစ်ခုခု စားထား ပါနော် မေမေ"

"အေးပါ သားရယ် အေးပါ၊ ဒါနဲ့ ဒီဟိုတယ်က သူဌေးရဲ့တူ နိုင်ငံခြားက ပြန်ရောက်လာပြီဆို၊ သဘောကောင်းရဲ့လား သား"

မေမေက မေးမှ သုခဘုံကို သတိရပြီး ရောင်စဉ် လည်နှင်သွား၏။ ရေတစ်ခွက်နှင့် လည်ချောင်းရှင်းပြီးမှ

"သဘောကောင်းလား မကောင်းလား၊ သေချာတော့ ဆက်ဆံ မကြည့်ရသေးပါဘူး၊ ဒါပေမဲ့ ငွေရှိတဲ့ အသိုက်အဝန်းကပဲ မာနကြီးမှာ ကတော့ သေချာပါတယ်"

"ဒါတော့ ဒါပေါ့ကွယ်၊ ကိုယ်က ဝန်ထမ်းဆိုတော့လည်း သည်းခံ ရမှာပေါ့၊ ဒီဟိုတယ်လေး ရောက်မှ မေမေတို့လည်း အိမ်ငှားဘဝကနေ အိမ်ပိုင်လေး ဝယ်နိုင်လာတာ မဟုတ်လား၊ ကိုယ် ကျော်ကြားအောင်မြင် တာလည်း သူတို့ကြောင့်ဆို မမှားဘူးလေ သားရဲ့ အရင်က ကိုယ် ကြိုးစားတိုင်း ဖြစ်ခဲ့တာမှ မဟုတ်တာ"

"ဟုတ်ပါတယ် သားကလည်း ဒါကြောင့် ဦးဗလဖော်ကို ကျေး





တင်ပြီး အလုပ်တွေ ပိုကြိုးစားနေတာပေါ့၊ သူတို့လည်း သားကြောင့် ပိုပြီး အောင်မြင်လာကြပါတယ်"

"ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီပေါ့ကွယ်၊ စေတနာထားရင် တုံ့ပြန် ကောင်းမှာပဲ"

"ဒါပေမဲ့ အချိန်ပြည့်ဝန်ထမ်း ခေါ်တာကိုတော့ သား ငြင်းလိုက် တယ် မေမေ"

"ဘာဖြစ်လို့လဲ သား"

သူ အမှန်အတိုင်း ပြောလို့ ဖြစ်ပါ့မလား။ မိန်းမတစ်ယောက် ဖိနှိပ်သက်မှာ မခံချင်လို့ပါဆိုလျှင် မေမေက သူ့ကို တစ်ယူသန်လိုက် တာ သားရယ်လို့ အပြစ်ပြောပေလိမ့်မည်။

တကယ်ဆို တင်စီးရင့်ကြောလွန်းသော ထိုမိန်းမ မျက်ဝန်းတွေ ကိုလည်း သူ မကြိုက်ပါ။

ပြီးတော့ မေမေ့အနားမှာ အမြဲလိုလို အဖော်လုပ်ပေးချင်သည်။ ဖေဖေ ဆုံးပါးပြီးကတည်းက မေမေနဲ့သူ့ဘဝ သွေ့ခြောက်အထီးကျန်ခဲ့ ရတာ မဟုတ်ပါလား။

တစ်ယောက်ကို တစ်ယောက် ဖေးမဖြေသိမ့်ရင်း အခက်မပြေမှု များစွာကို အားတင်းရင်ဆိုင်ခဲ့ကြသည်။

ဒါသည်ပင် ဖြတ်တောက်ဝေးကွာမရသည့် မေတ္တာနှောင်ကြိုး



www.burmeseclassic.com

www.burmeseclassic.com



တွေ ဖြစ်သည်။

"သား မေမေ မေးတာ မဖြေဘဲ ဘာတွေတွေးနေတာလဲ ဒိုလေးတောင် ထမင်းစားပြီးသွားပြီ"

"ဩော် ဟုတ်ကဲ့ သားက နေ့ရော ညရော အလုပ်လုပ်နေရင် မေမေ အရမ်းအထီးကျန်သွားမှာပေါ့၊ နေရာစိမ်းမှာ မေမေ ပျင်းနေမှာလည်း စိုးရိမ်တယ်"

"သားရယ် မေမေက အသက်ကြီးပြီ ပုတီးစိပ်နေလို့ ရပါတယ် အခွင့်အရေးဆိုတာ နှစ်ခါပြန်မရနိုင်ဘူး သား။ အိုးပိုင်အိမ်ပိုင်လေးနဲ့ နေနိုင်ပြီဆိုပေမယ့် မေမေက သားကို ဒီထက်ပိုပြီး အောင်မြင်တိုးတက်စေချင်တာ၊ ချမ်းသာပြည့်စုံတဲ့ သူဌေးကြီးလည်း ဖြစ်စေချင်တယ်"

"ဒါကတော့ ကြိုးစားနေတဲ့သူတစ်ယောက်အတွက် ရေသာဝက် အကျိုးပေးနဲ့ ဆက်စပ်မိရင် ဖြစ်လာမှာပေါ့။ အခုတော့ မေမေနဲ့ အိုးမကွာ အိမ်မကွာ နေရင်း မေမေ့ကို ပြုစုခွင့်ရတာ သား ကျေနပ်တယ်"

"ဟင်း ဟင်း တယ်လည်း ပိုတဲ့သား။ မေမေလည်း သားနဲ့ ဒီလိုနေရတာ ကျေနပ်ပါတယ် သားရယ်၊ အခုတောင် သား အိမ်ပြန် နောက်ကျတာနဲ့ ရင်တွေပူနေရတာ သားရဲ့ ဘုရားစာတွေ ဆိုပြီး ဆုတောင်းရတာလည်း အမော"

"အဲဒါကြောင့် ပြောတာပေါ့။ သား တစ်နေကုန် မရှိရင် မေမေ





…းနေရမှာစိုးလို့ပါဆို"

"ဖိုးချွဲလေး အရမ်းပို"

"ဖိုးချွဲ ဖိုးချွဲ"

သားအမိနှစ်ယောက် ကြည်နူးမှုကို ဒိုလေးက အားပေးအား …က်နှင့် ပီပီသသ လိုက်အော်သည်။ ဒေါ်နှင်းရည်ချို ပခုံးပေါ်တက် …တ်၊ ရောင်စဉ် ပခုံးပေါ် တက်လိုက်ဖြင့် ဒိုလေးလည်း ပျော်နေ၏။

ကြည်နူးနွေးထွေးသည့် ဒီအသိုက်အမြုံ ဘဝလေးထဲ ဘယ်သူမှ …ဝင်ဖျက်ဆီးဖို့ မလွယ်။

■ ■ ■

www.burmeseclassic.com

## အခန်း (၅)

"မေမေ သား ဈေးသွားတော့မယ်၊ မေမေ ဘာစားချင်
မှာလိုက်လေ"

"သား ကြိုက်တာ ဝယ်ခဲ့ပါကွယ်၊ မေမေက သားကြိုက်တာ
ကြိုက်ပြီးသားပဲ၊ ပြော် ဒိုလေးအတွက် မာလကာသီး အမှည့်လေး
တွေ့ရင် ဝယ်ခဲ့ပါ သားရယ်၊ ရေတ်သီးတောင့်လည်း ကုန်နေပြီ သာ

"ဟုတ်ကဲ့ ဒီကောင် တော်တော် အစားပုတ်တာပဲ၊ ဒီတ
ကုလားအော်သီးကို ဝယ်လာခဲ့မယ်"

"အကျင့်ပုပ် အကျင့်ပုပ်"

အမြင့်တန်းပေါ်ကနေ ဒိုလေး အော်တော့ လက်သီးဆုပ်ထော
ပြကာ ဈေးခြင်းဆွဲပြီး ထွက်လာခဲ့သည်။ မနက်စာကို မေမေ ကြော်တွေ





သည့် ထမင်းကြော် စားပြီးသည်နှင့် ဒီလိုပဲ မေမေ့ကို ဈေးဝယ်ပေးနေကြ
ဖြ"

ပြန်ရောက်လျှင် မေမေ့ကို ထမင်းဟင်း ကူချက်၊ အိမ်သန့်ရှင်း
ရေး လုပ်၊ ပြီးလျှင် တစ်ရေးတမော အိပ်။

အိပ်ရာနိုးလျှင် ရေမိုးချိုး ဟိုတယ်သွား။ ဒါက သူ့ရဲ့ နေ့တရွ
က်စွ။ တခြားသော အပျော်မရှာဘဲ မေမေနှင့် ဒီလိုနေရတာ သူ့ဘဝ
အတွက် ပြည့်စုံနေသည်ဟု ခံစားရသည်။

"ဟင် ညက ကောင်မလေး"

ဈေးထောင့်ချိုးလေးမှာ မဟူရာဖြူ ဆိုသော ကောင်မလေးကို
ဈေးခြင်းကြီးဆွဲလျက် ဈေးဝယ်နေတာ မြင်လိုက်ရသည်။ ညက အဖြစ်
အပျက်က တကယ်ပင် ကျေးဇူးတင်စရာ ကောင်းသည်မို့ မဟူရာဖြူ
အနား ခပ်သုတ်သုတ်ပင် လျှောက်သွားမိသည်။

ညက မဟူရာဖြူသာ ဝင်မကူလျှင် သူရော ဒိုလေးရော ဆိုးဆိုး
ဝါးဝါး တစ်ခုခု ဖြစ်သွားနိုင်သည်။

"မဟူရာဖြူ"

"ဟင် ကိုရောင်စဉ်၊ ဈေးလာဝယ်တာလား"

"ဟုတ်ကဲ့ ဒီဈေးကို ကျွန်တော် မနက်တိုင်း ရောက်ပါတယ်၊
အရင်နေ့တွေက မဟူရာဖြူကို မတွေ့သလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မျက်မှန်းတန်းမိမှ ဂတွေ့တယ် မတွေ့ဘူး သတိထားမိမှာပေါ့၊ ညကမှ သိတဲ့လူတွေ ဈေးလာလား မလာလား ဘယ်လိုလုပ် သတိထား မိမှာလဲ"

"ဟုတ်သားပဲနော်၊ ကျွန်တော် စကားပြော လော်သွားတယ်၊ မဟူရာဖြူက နေ့တိုင်း ဈေးလာဝယ်တာပဲလား"

"အင်း ဂေဟာအတွက် နေ့တိုင်း လာဝယ်ရတာပေါ့"

"အချိန်ရရင် တစ်ခုခု ညွှန်ခံပါရစေ၊ ညကကိစ္စ အရမ်း ကျေးဇူးတင်လို့ပါ"

"ကျေးဇူးတင်စရာ မလိုပါဘူး ကျွန်မက ကျွန်မရှေ့က အမြင် မတော်ရင် ဒီလိုပဲ ဝင်ကူညီတတ်တယ်"

"ဘယ်လိုပဲဖြစ်ဖြစ် မိတ်ဖြစ်ဆွေဖြစ်ပေါ့၊ နောက် အကူအညီ လိုရင်လည်း တောင်းလို့ကောင်းအောင်"

သူ နောက်ပြောင်လိုက်တော့ မဟူရာဖြူ ခပ်ညည်းညည်းရယ် သည်။ ပြီးမှ အနီးအနားက မုန့်ဟင်းခါးဆိုင်လေးကို မေးငေါ့ပြကာ

"အဲဒီဆိုင်က မုန့်ဟင်းခါး အရမ်းကောင်းတယ်၊ ဈေးနဲ့မနီး မဝေး အဲဒီမှာပဲ ထိုင်ကြတာပေါ့"

မဟူရာဖြူက ဈေးခြင်းကြီးကို ဆိုင်မှာ အပ်၍ ရှေ့ကလျှောက် သည်။ သူလည်း ထိုဆိုင်မှာပင် ဆွဲခြင်းအပ်ထားခဲ့လိုက်၏။





"ပဲကြော်နဲ့ တစ်ပွဲပေးပါ၊ ဟင် ရှင်ကရော မစားဘူးလား ရှာလေ"

"ကျွန်တော် အိမ်က ထမင်းကြော် စားခဲ့တယ်၊ ကော်ဖီတစ်ခွက် ခဲ ပေးပါ ညီလေး"

စားပွဲထိုးလေးကို မှာလိုက်ပြီး ရေနွေးခွက်လေးတွေကို တစ်သျှူး လေးနှင့် သုတ်ကာ သူမအတွက် ရေနွေးငှဲ့ပေးလိုက်သည်။ သူမက နွေးထွေးသွားသလို ခံစားမှုဖြင့် သူ့ကို တစ်ချက်ငေးကြည့်၏။

"ရှင် ယောကျ်ားလေးဖြစ်ပြီး ဈေးတွေဘာတွေ လာဝယ်တယ် နော်၊ အံ့ဩစရာပဲ"

"မေမေက အသက်ကြီးပြီ၊ သွားရင်းလာရင်း လမ်းမှာ တစ်ခုခု ဖြစ်မှာစိုးလို့ ကျွန်တော် ကိုယ်တိုင်ပဲ ဈေးဝယ်ပေးတာပါ၊ အိမ်ရောက်ရင် လည်း မေမေ့ကို ကူချက်ပေးတယ်"

"ရှင်က သားလိမ္မာလေးပဲ၊ မိဘမေတ္တာအပြည့်အဝရလို့ ကျေးဇူးပြန်ဆပ်နေတာ ဖြစ်မယ်"

"အဲလို ပြောရင်လည်း ရတယ်၊ နှစ်ယောက်တစ်ဘဝမို့ မေမေ့ ကို ငဲ့ညှာချင်တာပါ၊ တခြားသွေးရင်းလည်း မရှိတော့ တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန် ဂရုစိုက်ဖြစ်ကြတယ်"

"ကြည်နူးစရာ ကောင်းလိုက်တာနော်၊ သားသမီးအချင်း အဲလို



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာတွေ ပေးနိုင်တဲ့ မိဘတွေလည်း ရှိသေးသားပဲ''

''ဗျာ''

ရောင်စဥ် နားမလည်သလို ဖြစ်သွား၏။ မိဘတွေနှင့်ပတ်သက်

ပြီး မဟူရာဖြူမှာ နာကြည်းချက်တွေ ရှိနေလား။

မဟူရာဖြူက ဟန်ဆောင်မှုကင်းစွာ မုန့်ဟင်းခါးကို နှစ်ခွက်

သုံးခွန်း ခပ်စားပြီးမှ သူ အအေးခံပေးထားသော ရေခဲ့ကို မော့သောက်

သည်။ ခဏနေတော့ တစ်သျှူးစလေးနှင့် ပါးစပ်ကို တို့သုတ်ပြီး

''ရှင်က ဘာကို အံ့သြသွားတာလဲ၊ ကောင်းတဲ့မိဘတွေ ရှိသေး

တယ်ဒပြောလို့လား''

''မကောင်းတဲ့ မိဘဆိုတာ ရှိလို့လားဗျာ၊ ကျွန်တော်တို့

သားသမီးတွေကို မွေးဖွားဖို့ သူတို့အသက်ကို ရင်းထားခဲ့ရတာပါ၊ လော

ကြီးမှာ မိဘအရိပ်လောက် အေးချမ်းတာ မရှိဘူး''

''ဒါဆို မိဘမဲ့ဂေဟာဆိုတာ ဘာလို့ ရှိလာတာလဲ''

''ဟင်''

''မိဘတွေသေပြီး ကျွေးမွေးစောင့်ရှောက်ပေးမယ့်သူ မရှိလို့

မိဘမဲ့ဂေဟာကို ရောက်လာတဲ့ ကလေးက တချို့တစ်ဝက်ပဲ ရှိတယ်

ကျန်တချို့တစ်ဝက်က တာဝန်မဲ့တဲ့ မိဘတွေကြောင့်''

အဆုံးမသတ်သေးသော စကားရဲ့ အစွန်အဖျားမှာ သက်ပြင်း





ငွေ့ငွေ့တို့ ရှိုက်ခနဲ ပါလာတာ သတိထားမိသည်။

''အဲလို တာဝန်မဲ့တဲ့ မိဘတွေကြောင့် ကျွန်မ ဒီဂေဟာကို

ရောက်လာခဲ့တာ''

''ဗျာ''

''ဒီမှာ စေတနာဝန်ထမ်း လုပ်နေတာ ဘဝတူတွေချင်း

ကိုယ်ချင်းစာလို့၊ ဘုန်းဘုန်းရဲ့ကျေးဇူးကို ပြန်သိတတ်ချင်လို့၊ ပြီးတော့

မိုခိုစရာ အတွယ်အတာလည်း မရှိလို့ပါ''

''စိတ်မကောင်းလိုက်တာဗျာ ကျွန်တော် ဟို''

''စိတ်မကောင်းဘူးဆိုတာတော့ လက်ခံတယ်၊ သနားလိုက်တာ

လို့ စုတ်တသပ်သပ် ဖြစ်နေရင်တော့ ကျွန်မ မကြိုက်ဘူး၊ ဒီလောကမှာ

ဆင်းရဲရဲ ချမ်းသာသာ အပူအပင်ကင်းတဲ့သူ ဘယ်သူရှိလို့လဲ၊ ကံစီမံရာ

အတိုင်း လူတွေ ကျင်လည်နေကြတာ၊ ကိုယ်လိုချင်တဲ့ ဘဝမျိုး ဘယ်သူ

ကမှ ဖန်ဆင်းမပေးနိုင်ဘူး''

''အဲဒါကတော့ မှန်ပါတယ်၊ ကိုယ့်ဘဝကို ကိုယ့်ဘာသာ ဖန်

ဆင်းရမှာပေါ့၊ ဖြစ်လာသမျှ အဆိုးအကောင်းကိုလည်း ကိုယ်ပဲ ခံစားရမှာ၊

ဒါနဲ့ စပ်စုတယ်လို့ မထင်ပါနဲ့၊ မဟူရာဖြူမှာ မိဘတွေကို နာကြည်းရတဲ့

အကြောင်းရင်းများ ရှိနေလား၊ မိဘမဲ့ဂေဟာကို ဘာကြောင့် ရောက်လာ

ရတယ်ဆိုတာပေါ့၊ မိတ်ဆွေတွေ ဖြစ်နေပြီပဲ၊ ဖေးမပေးလို့ ရအောင်ပါ''



www.burmeseclassic.com

www.burmeseclassic.com



ညြရှုပ်ညက်နေသော တောင်းဆိုမှုမှာ ကရုဏာရိပ်တို့ စွန်းထင်းနေသည်။ ရေရွှေးထပ်ဖြည့်ပေးနေသော ဂရုစိုက်မှုများက အကြင်နာကြီးတတ်ကြောင်း သက်သေဖြစ်၏။

ဒါဟာ ယောကျ်ားတစ်ယောက်ရဲ့ ပထမဦးဆုံး အလေးအနက်ရှိခြင်းကို ခံစားရခြင်းပင်။

"ကျွန်မ အမေက ကျွန်မ ငါးနှစ်သမီးအရွယ်မှာ ဆုံးပါးသွားတယ်၊ မှတ်မှတ်ရရ ရှိခဲ့တာက အဲဒီအချိန်ကတည်းက မေမေက ကျွန်မကို ဂရုမစိုက်နိုင်ဘဲ အဖေ့ကို တသသ အောက်မေ့နေခဲ့တယ် ဆိုတာပဲ"

"မဟူရာဖြူ အဖေကရော"

"မသိဘူး အဖေဆိုတာ သေပြီလား၊ ရှင်နေသေးလား။ ဘယ်သူလဲဆိုတာ ကျွန်မ မသိဘူး။ တကယ်ဆို ရင်နဲ့လွှယ်မွေးခဲ့တဲ့ သမီးအတွက် ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် မေမေ အသက်ရှင်ပေးရမှာ၊ ကျွန်မအတွက်တွေးပြီး ကြံကြံခံ ရပ်တည်ပေးရမှာ မဟုတ်ဘူးလား၊ အခုတော့ ရပ်ကွက်ကောင်းလို့ မိဘမဲ့ဂေဟာ ရောက်ခဲ့ရတယ်၊ အရင်က မိဘမဲ့ကျောင်းဆိုတာလည်း ချို့ချို့တဲ့တဲ့ပါပဲ၊ အခုမှ နိုင်ငံတော်ရဲ့ ကျေးဇူးကြောင့် အရာရာပြည့်စုံအဆင်ပြေလာတာ"

"မဟူရာဖြူ အဖေဆိုတာ သက်ရှိထင်ရှား ရှိနေသေးရင် မဟူရာဖြူကို လာရှာမှာပါ၊ လူ့လောကမှာ မရှိတော့တဲ့ မိဘတွေကို နာကြည်း





နေပါနဲ့လား၊ မဟူရာဖြူရယ်၊ သူတို့ကို အပြစ်မြင်နေရင် ကိုယ်ပဲ ပင်ပန်းတာပေါ့"

"အခုလို ဖေးမနားလည်ပေးတာ ကျေးဇူးတင်ပါတယ် ကိုနောင်စဉ်၊ ကျွန်မလည်း အဲလို ဖြေတွေးပြီး ရောင့်ရဲနေခဲ့တာပါ၊ ဒါပေမဲ့ တစ်ခါတလေ မိဘမေတ္တာကို အရမ်းအောက်မေ့ပြီး လိုချင်တောင့်တမိတာ ကျွန်မ မှားသလား၊ ဘဝတူတွေနဲ့ အတူနေရင်း သူတို့ကို ကိုယ်ချင်းစာပြီးလည်း နာကျင်ရတယ်၊ ရှင်က အမေ့ရဲ့ မေတ္တာကို အပြည့်အဝ နေ့လို့ ဒါမျိုးကို ခံစားတတ်မှာ မဟုတ်ဘူး"

ကြားရတာနှင့် ဒီရင်မှာ နာကျင်နေပါပြီဟု မပြောဖြစ်။ ...နည်းနေသော်လည်း ညှိုးငယ်မှုမရှိသော မျက်နှာလေးက လောကဓံကို အံတုရင်ဆိုင်ခဲ့ရလို့ ရင့်ကျက်နေတာ ဖြစ်မည်။

စားပွဲပေါ် တင်ထားသော သူမ လက်ကလေးကို ထွေးဆုပ်...သိမ့်ချင်သည့် ဆန္ဒတို့ ဖြစ်ပေါ်လာတာ ထူးဆန်း၏။ ဒါပေမဲ့ မဟူရာဖြူ...အသနားခံချင်သည့် မိန်းကလေး မဟုတ်။

ကယောင်ကတမ်း ကော်ဖီခွက်ကို ငွပ်ခနဲ မော့သောက်ပြီးမှ ...ပွဲပေါ် ပြန်ချကာ

"အဲဒီဝေဒနာမျိုး မရှိပေမယ့် ကျွန်တော့်မှာလည်း ဒဏ်ရာ...အ်ချက် မကင်းပါဘူး။ ဒီဟိုတယ်မှာ မလုပ်ခင်က ဝမ်းစာအတွက်



www.burmeseclassic.com

www.burmeseclassic.com



နယ်တွေ ထွက်ရတယ်၊ အဲလို အချိန်တွေမှာ ကျွန်တော်လည်း ဂရုတစိုက်နဲ့ နွေးထွေးမှုတွေ ပေးတတ်တဲ့ မေမေ့မေတ္တာတွေကို တောင့်တမိတာပဲ၊ နယ်မှာ အစားဆင်းရဲ အနေဆင်းရဲနဲ့ မျက်ရည်ကျမိတဲ့အချိန်တွေတောင် ရှိတယ်၊ မေမေလည်း အဲလို ခံစားရတာပဲလို့ ကျွန်တော် ပြန်လာတဲ့ အချိန်ကျရင် ပြောပြတယ်''

''အမေတစ်ခု သားတစ်ခု ဘဝမှာ အရမ်းနွေးထွေးမှု ရှိတာပဲ နော်''

''ဟုတ်တယ် အဲဒါကြောင့် အခုဆို ဟိုတယ်မှာ ညပိုင်းအလုပ်ဝင်ပြီး မေမေ့ကို အနီးကပ်ပြုစုစောင့်ရှောက်နေတာပေါ့၊ မဟူရာဖြူကိုလည်း ကျွန်တော့်အိမ်ကို ဖိတ်ခေါ်ပါတယ်၊ အရင်းအချာ မဟုတ်ပေမယ့် မေမေ့မေတ္တာကို ခံစားလို့ ရအောင်ပါ''

မဟူရာဖြူ ရင်ထဲ လှိုက်ခနဲ ဖြစ်သွား၏။ နွေးထွေးမှုနှင့် မေတ္တာဆိုသော ဝေါဟာရမှာ သူမနှင့် ရင်းနှီးတာ မဟုတ်ပါဘဲ သက်တန့်ရောင်စဉ်က ခံစားစေချင်လို့ပါတဲ့။

ချက်ချင်း ခေါင်းညိတ်မိတာ ထိုမေတ္တာစော့်ကို ခံစားကြည့်ချင်လို့ပဲ ဖြစ်သည်။

''ကျွန်မ အချိန်အားရင် လာလည်ဖြစ်မှာပါ၊ ဆွေမျိုးတစ်ယောက်ယောက်အိမ်မှာ အဲလို အလည်သွားချင်တဲ့ဆန္ဒမျိုးတွေ ခဏ





ဖြစ်ပေါ်ဖူးတယ်၊ မရှိဘဲ တောင်းတမိတာလေ၊ ထမင်းချိုင့်လေးတွေ အလုပ်ဆင်းပြီး အိမ်ပြန်ချိန်တွေမှာ အဖေ အမေလို့ အားရပါးရ ပြီး အိမ်ပြန်ချင်တယ်၊ ဒါပေမဲ့ ကျွန်မမှာ အဖေ အမေ မရှိဘူး၊ မရှိဘူး။ ဒီဂေဟာမှာ သူစိမ်းတွေကို အဖော်လုပ်ပြီး ပျော်အောင်နေ ရတာ''

''မဟူရာဖြူရယ်''

သူ့ရင်ထဲက နင့်နင့်သီးသီး ခံစားလိုက်ရပါသည်။ ငွေကြေး ပြည့်စုံတာထက် အဖေ အမေ ခေါ်စရာ မရှိတာက ဘဝမှာ အဆိုးဆုံး မည်။ အညိုရောင် မျက်ဝန်းအိမ်ထဲက မျက်ရည်စတွေကို တယုတယ သုတ်ပေးချင်လာ၏။

ဒါပေမဲ့ မသင့်တော်တာမို့ ပင့်သက်တရှိုက်နှင့် မျက်လုံးတွေ ဟိုလွှဲဒီလွှဲ လုပ်လိုက်ရသည်။

''ဈေးဝယ်ဖို့ နောက်ကျနေမယ်၊ ကျွန်တော် ကူဝယ်ပေးရဦး သား မဟူရာဖြူ''

''ဟင့်အင်း ရပါတယ်၊ ဆိုင်တွေကို စာရင်းပေးလိုက်ရင် သူတို့ ဂေဟာအရောက် ပို့ပေးကြပါတယ်၊ တခြား လိုအပ်တာလေး နည်း ည်းပါးပါးပဲ ဝယ်ရမှာပါ''

''ဩော် ဒါဆို ကျွန်တော်တို့ အတူတူ ဝယ်ကြမယ်လေ''



www.burmeseclassic.com

www.burmeseclassic.com



မဟူရာဖြူက အပြုံးလေးနှင့် ခေါင်းညိတ်ပြသည်။ မုန့်ဟင်း

ဆိုင်လေးက ထလာပြီး ဈေးထဲမှာ နှစ်ယောက်အတူ ဈေးတွေ

ဈေးတွေဝယ်ရသည့် ခံစားမှုက ဘယ်လိုခံစားမှုလို့ ပုံဖော်ရမှန်းမသိ

တလှိုက်လှိုက် ကြည်နူးနေမိ၏။

သူမရဲ့ ရိုးသားပွင့်လင်းမှုလေးတွေကိုလည်း အနီးကပ် လေ့

လို့ ရနေသည်။

မဟူရာဖြူ ဆိုတာ အဖြူနှင့်အနက်ရဲ့ ရောယှက်ပေါင်း

ဖွဲ့စည်းထားသော သယ်ဇာတအဖြစ်..။

■ ■ ■



## အခန်း (၆)

"မျိုးမင်း ရွာက ပြန်မရောက်သေးဘူးလား သား၊ ဆက်တင်

ရှေ့တာ ပြောင်းတာနဲ့ဆိုရင် သားတစ်ယောက်တည်း ပင်ပန်းနေမှာ

မျိုးမင်း မရောက်ခင် အကူတစ်ယောက်လောက် ခေါ်ပါလား သား

အိမ်အပြန်လည်း အဖော်ရတာပေါ့"

အိမ်အထွက်မှာ မေမေက စိတ်မချသလိုနှင့် လိုက်မှာနေသည်။

င်စဉ်က မေမေ့ပခုံးလေးကို ဆုပ်ဖက်လိုက်ပြီး

"အကူခေါ်ဖို့ဆိုတာ ကိုယ်နဲ့သဟာဇာတ မဖြစ်ရင် မလွယ်တာ

မေ သိသားနဲ့၊ မျိုးမင်းလည်း တစ်ရက် နှစ်ရက်နေရင် ရောက်တော့

အိမ်အပြန်လည်း အဖော်မလိုတော့ပါဘူး မေမေရယ်၊ အပြန်ကျရင်

မေ စိတ်မပူအောင် တက္ကစီငှားပြီး ပြန်ခဲ့ပါ့မယ်"

"အဲလိုဆိုရင် မေမေ စိတ်ချပါတယ် သားရယ်၊ အပြန်နောက်

ယ်ဆိုရင် ဖုန်းလှမ်းဆက်လိုက်နော် သား"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ကဲ့ မေမေ၊ သား သွားပြီနော်''

မေမေ့ကို ရှုတ်ခနဲ နမ်းပြီးမှ ရောင်စဉ် ထွက်လာခဲ့သည်

သူ့အတွက် လက်ကိုင်ဖုန်း ဝယ်မကိုင်နိုင်သေးသော်လည်း မေမေ့

စကားပြောလို့ အဆင်ပြေအောင် အိမ်ဖုန်းဝယ်ထားမိ၍ တော်သေးသည်

အိမ်ဖိုးငွေချေဖို့က ဆယ်သိန်းလောက် ကျန်သေးတာမို့ သူ အလုပ်ကြိုး

ငွေစုနေရတာပါ။

သူ့အတွက်ကတော့ မေမေ့ကို အစစအရာရာ စိတ်ချမ်းသ

အောင် ထားနိုင်ဖို့သာ အရေးကြီးသည်။ အံရင်လို တဲစုတ်လေး ငှားနေ

သည့် ဘဝက လွတ်မြောက်လာတာ ဦးဗလဖော် ကျေးဇူးကြောင့်ပ

ဦးဗလဖော်နှင့် ဆုံတွေ့ခြင်းအစက ကလေးကစားကွင်းတစ်ခုမှာ နေ့

ဝန်ထမ်းအဖြစ်နှင့် သူ မျက်လှည့်ပြနေချိန်မှာပါ။

''မောင်ရင် ဒီထက်ပိုပြီး ဘာတွေတတ်သေးလဲ''

''ဗျာ ဘာကိုပြောတာလဲ''

တခြားအလုပ်တစ်ခု လုပ်တတ်သေးလား မေးသည်ထင်၍ ...

ယောင်နန ဖြစ်သွားခဲ့သည်။ ဦးဗလဖော်က ထိုကစားကွင်းထဲက ...

သောက်ဆိုင်ကို ခေါ်သွား၍

''မျက်လှည့်ပညာနဲ့ ပတ်သက်ပြီး လူတွေ စိတ်ဝင်စားအော

ဒီထက်ပိုပြီး လုပ်ပြနိုင်ရင် အန်ကယ့်ဟိုတယ်မှာ မင်းကို လစာကော





...ကောင်းပေးမယ်ကွာ၊ ဘယ်လိုလဲ''

''ဗျာ ကျွန်တော် ကြိုးစားပါ့မယ် အန်ကယ်၊ ဒီကစားကွင်းထက်

...ငွေကောင်းမယ်ဆိုရင် ဒီထက် စိတ်ဝင်စားစရာကောင်းတဲ့ မျက်လှည့်

...ညာတွေကို ကျွန်တော် လေ့လာရမှာပေါ့''

အဆင်ပြေဖို့တစ်ခုနှင့် သူ အလွယ်တကူ ခေါင်းညိတ်လက်ခံ

...သည်။ သူ့လို အညတရ မျက်လှည့်ဆရာလေးအတွက် အဖိုးတန်

...ခွင့်အရေးပဲ မဟုတ်ပါလား။

တကယ်လည်း ထိုဟိုတယ်ကို ရောက်ပြီး တစ်နှစ်ကျော်အကြာ

...မှာ ပေနှယ်ဆယ် ခြံဝင်းလေးနှင့် သွပ်မိုးပျဉ်ထောင်အိမ်တစ်လုံးကို

...ဆိုင်ခဲ့သည်။ ထို့အပြင် အရေးပေါ် အသုံးပြုနိုင်ရန် ဖုန်းတစ်လုံးလည်း

...ယ်နိုင်သည်။

အိမ်အတွက် ငွေဆယ်သိန်း ပေးဖို့လိုတာလည်း နောက်ထပ်

...ကြာက်လလောက်ဆို အဆင်ပြေနိုင်သည်။

ထိုသို့ ရည်ရွယ်ချက်တွေကြောင့် ဟိုတယ် အသွားအပြန်ကို

...တက္ကစီကားတောင် အသုံးမပြုဘဲ လိုင်းကားတိုးစီးကာ စုဆောင်းခဲ့သည်။

...အခုတော့ မေမေ စိတ်ပူမှာစိုး၍ အပြန်ကျလျှင် တက္ကစီကား ငှားစီးရ

...သေတော့မည်။

''ဟင် မဟုတ်ရာဖြူ''



www.burmeseclassic.com

www.burmeseclassic.com



မိဘမဲ့ဂေဟာလေး ရှေ့က ဖြတ်အလျှောက်မှာ ခြေလှမ်းတို့ တုံ့ခနဲ ဖြစ်လျက် သံပန်းဝင်းတံခါး ပေါက်ကနေ အထဲကို လှမ်းမျှော် ကြည့်မိ၏။

ကလေးတစ်ယောက်ကို ချီပိုးချော့မြူနေသော မဟူရာဖြူက သူ့ကို မြင်ဟန်မတူ။ ငိုနေသော ကလေးက အဖေ အမေကို တောင့်တနေ တာ ဖြစ်မည်။

သူမ ဒီအရွယ်ကလည်း ငိုယိုကာ မိဘရင်ခွင်ကို တောင့်တနေ ရှာမှာပဲပေါ့။

မင်းနဲ့ပတ်သက်မှ ငါ့ရင်ထဲ ထိရှလွန်းပါလား မဟူရာဖြူရယ်

ခြေလှမ်းတွေ ဆက်လှမ်းလို့ မရတာမို့ ဝင်းတံခါးနားအထ တိုးကပ်လာခဲ့မိသည်။ အခုမှ မဟူရာဖြူ သူ့ကိုမြင်သွားပြီး အဒေါ်ကြီး တစ်ယောက်လက်ထဲ ကလေးကို ထည့်၍ သူ့ဆီလျှောက်လာသည်။

"အလုပ်သွားတော့မလို့လား ကိုရောင်စဉ် အထဲဝင်ဦးလေ"

"နောက်ကျနေမှာစိုးလို့ မဝင်တော့ပါဘူး၊ မဟူရာဖြူ ကလေး ချော့နေတာ မြင်လို့ လှမ်းကြည့်နေတာ"

"ဒီကလေးက ရောက်တာ မကြာသေးတော့ နေသားမကျသေး ဘူးလေ၊ တစ်လှည့်စီ ချော့နေရတာပေါ့၊ မအေကဆုံးပြီး ဖအေက





...ာ်သမားကြီးမို့ ကလေးဘဝ ပျက်စီးသွားမှာစိုးလို့ လာပို့ထားတာ"

"အရမ်းပင်ပန်းမှာပဲနော်"

"ကိုယ့်တုန်းကလည်း အဲလို ပင်ပင်ပန်းပန်း ထိန်းကျောင်း ...ရှာပဲလေ၊ ဒါ ဘဝတစ်ခုပဲ၊ ညည်းညူလို့မှ မဖြစ်တာ"

"မဟူရာဖြူ ကုသိုလ်ရမှာပါ၊ ဒီလိုအဖြစ်မျိုး နောင်ဘဝမှာ ...ပါတော့ဘူးပေါ့၊ ဖြော် မေမေ့ကို မဟူရာဖြူ အလည်လာမယ်လို့ ...ပြောထားတယ်"

"ကျွန်မလည်း ဒီမှာ ခွင့်တောင်းထားတယ်၊ တစ်ရက်ရက် ...ခဲ့မှာပါ"

"အဲဒီနေ့ကျ ကျွန်တော်ကိုယ်တိုင် ဟင်းကောင်းကောင်း ချက် ...ပါမယ်"

"ရှင့်လက်ရာ စားကြည့်ရသေးတာပေါ့၊ ဒါနဲ့ ဟိုငှက်လေးရော ...ောင်းရဲ့လားဟင်၊ မနက်က သတိမေ့နေလို့ မမေးလိုက်ရဘူး"

"နေကောင်းပါတယ်၊ ဒီမှာလေ ဒီကောင် ပါတယ်"

လွယ်အိတ်လေးကို လှစ်ပြတော့ ဒီလေးက ခေါင်းပြူကြည့်

"မင်္ဂလာပါ"

"ဟယ် သာလိကာလေးက စကားပြောတတ်တယ်နော်၊

www.burmeseclassic.com



ချစ်စရာကောင်းလိုက်တာ''

''ဒီကောင်က အရမ်းလူချစ်အောင် လုပ်တတ်တယ်၊ ကျေ
ရှင်လေးလေ''

''ဟင်း ဟင်း ကျွန်မတော့ ရှင့်ကောင်လေးကို ချစ်သွား

''ကျေးဇူးတင်ပါတယ်''

''အဲ ကြည့် တော်တော် တော်တယ်နော်၊ လူစကား နားလ
သားပဲ''

သာလိကာလေးကို ကြည့်၍ မဟူရာဖြူ သဘောကျနေသ
ရောင်စဥ်က သာလိကာ ခေါင်းလေးကို အိတ်ထဲပြန်သွင်း၍

''လူတွေနဲ့ အနေကြာတော့လည်း ရင်းနှီးပြီး နားလည်လာ
ပေါ့၊ အိမ်မှာဆိုရင် မိုးလင်းကတည်းက ဆူညံနေတာ၊ သူရှိတော့ အ
ဆည်းလည်းလိုပဲ ပျော်စရာကောင်းတယ်''

''ဒါလည်း သူ့ကုသိုလ်ကံပေါ့နော်၊ သူကမှ ရှင်တို့ မေတ္တာတွေ
ရနေသေးတယ်''

တိရစ္ဆာန်လောက်တောင် သူမ ကုသိုလ်ကံက မကောင်းဘူ
ပြောချင်ဟန် တူသည်။ သူ့ရင်ထဲလည်း မကောင်းတာမို့ နှုတ်ဆက်
သာ ပြင်ရ၏။

''ကျွန်တော် သွားတော့မယ် ဖြူ၊ နောက်ရက်တွေလည်း



ဆယာလေးကို အမြဲတမ်း လှည့်ကြည့်ဖြစ်မှာပါ''

ရင်ထဲက ဆန္ဒအမှန်တို့ ပွင့်အံထွက်လျက် သူ နောက်ဆံတင်း
နေသေး၏။ ဒါပေမဲ့ ဟိုတယ်ကို ဒီထက်နောက်ကျလို့ မကောင်း။
ဆိုင်းကားတိုးစီး၍ ခြေလှမ်းသုတ်သုတ်နှင့် လျှောက်လာခဲ့တာတောင်
ဟိုတယ်ကို ရောက်တော့ ဆယ်မိနစ်ခန့် နောက်ကျနေသေးသည်။
မန်နေဂျာကို အသိပေးပြီး သူ့ရဲ့ဖျော်ဖြေရေး ကဏ္ဍကို အလျင်အမြန်
တင်ဆက်လိုက်ရ၏။

ရှေ့ဆုံးဝိုင်းမှာ သူခဘုံကို မြင်လိုက်ရတော့ တုန်ခနဲဖြစ်ကာ
အံအားသင့်မိသေး၏။ သူ့ရဲ့တင်ဆက်မှုတွေကို အလေးအနက် အားပေး
သည့် သဘောလား။

လက်ခုပ်သံ တဖြောင်းဖြောင်းနှင့် သူမ စိတ်အားထက်သန်
တက်ကြွနေသည်။ ပြကွက်တစ်ကွက်ပြီး တစ်ကွက်ပြီးတိုင်း အကြည့်ရူးရူး
နှင့် ဆုကြေးငွေတွေ အထပ်လိုက် ဆုချနေတာကရော ဘာသဘောလဲ။

သူမရဲ့ ထိုအပြုအမူတွေနှင့် အကြည့်အောက်မှာ သူ မနေချင်။
သိမ်ငယ်တာ ရှက်ရွံ့တာမျိုး မဟုတ်ဘဲ တစ်စုံတစ်ရာကို ထိပါးခံရမှာ
စိုးရွံ့နေသလို ခံစားချက်မျိုး ဖြစ်၏။

သူမမှာ ဘယ်လိုဆွဲအားတွေ ရှိရှိ တုန်လှုပ်မိခြင်း မရှိသော်
လည်း ရင်မဆိုင်ချင်တာ အမှန်ပင်။

www.burmeseclassic.com



"ဆရာ ဦးဗလဖော်က သူ့ရုံးခန်းထဲကို ခဏ လာခဲ့ပါဦးတဲ့"

"ဟုတ်ကဲ့ ကိုမျိုး"

ပွဲပြီးချိန်မှာ မန်နေဂျာ ကိုမျိုး သူ့ကို လာပြောသည်။ ခေါင်းညိတ်လိုက်ရသော်လည်း ထိုရုံးခန်းထဲမှာ သုခဘုံ ရောက်နေလောက်ပြီမို့ အသက်ရှူကျပ်သွား၏။

"လာထိုင် မောင်ရောင်စဉ်"

ရုံးခန်းထဲက ဆိုဖာခုံမှာ နေရာပေးတော့ ဒိုလေး ထည့်ထားသော လွယ်အိတ်ကို ဖွဖွလေး ပွေ့ပိုက်၍ ဝင်ထိုင်လိုက်ရသည်။ လည်ဟိုက်လက်ပြတ် ဘောင်းဘီအသားကပ် အကျပ်နှင့် သုခဘုံက ထိမထင်ဟန် ခြေချင်းချိတ်ထိုင်၍ သူ့ကို ခပ်စူးစူး ကြည့်နေ၏။

"ဒီနေ့ မောင်ရောင်စဉ် ဟိုတယ်ရောက်တာ နောက်ကျတယ်ဆို"

"ဟုတ်ကဲ့ ဆယ်မိနစ်လောက် နောက်ကျသွားပါတယ် အန်ကယ်"

"ဘာဖြစ်လို့လဲ"

"လိုင်းကားတွေ အရမ်းကျပ်နေလို့ပါ"

သူ ဖြစ်သလို လိမ်ညာလိုက်မိသည်။ ဒါ အမှန်တရားဆိုလည်း မဟုရာဖြူနှင့် စကားပြောနေမိချိန်က နောက်ကျခြင်းရဲ့ အပြစ်တစ်ခုပဲ။

ဗျူး၀၁၆၀



သုခဘုံက မျက်ခုံးတစ်ချက် ပင့်သွားသလို ဦးဗလဖော်က ပါးပါးပြုံးကာ

"ဒီဟိုတယ်ကြီးရဲ့ မျက်လှည့်ဆရာဆိုတဲ့ အဆင့်အတန်းက င်းကားတိုးစီးဖို့ မသင့်တော်ဘူး ထင်တယ်၊ မင်းကို အန်ကယ် ားတစ်စီး ဝယ်ပေးမယ်၊ နောက်မှ အရစ်ကျ ပြန်ဆပ်ပေါ့"

"ဟင့်အင်း ကျွန်တော် အဲလိုလုပ်နိုင်တဲ့ အရည်အချင်း မရှိ သေးပါဘူး အန်ကယ်၊ အိမ်ဖိုးအတွက် ငွေဆပ်ဖို့ ကျန်နေပါသေးတယ်"

"ဘယ်လောက် ကျန်သေးလို့လဲ"

"ဆယ်သိန်းဝန်းကျင်လောက်ပါ"

"ဒါလေးများကွာ အန်ကယ်"

"အန်ကယ် စိုက်ထုတ် ကူညီပေးနိုင်တာ သိပေမယ့် ကျွန်တော် ွှင့်အရေး မယူချင်ဘူး အန်ကယ်၊ ကျွန်တော့်ဘာသာ ဖြည်းဖြည်းချင်း ာ်ခုချင်း အဆင်ပြေသွားအောင် ကြိုးစားချင်ပါတယ်၊ ဝန်ထုပ်ဝန်ပိုး ိုရင် ကျွန်တော် စိတ်မွန်းကြပ်တတ်လို့ပါ၊ အန်ကယ် စေတနာတွေ တွက် ကျေးဇူးတင်ပါတယ်"

"ရှင်က မယောင်ရာ ဆီလူး၊ တလွဲမာနကြီးနေတာပဲ၊ အခုဟာ ရှင့်ကို အလကားပေးနေတာ မဟုတ်ဘူး၊ ရှင် အဆင်ပြေအောင် ားလေးက စေတနာနဲ့"

ဗျူး၀၁၆၀

www.burmeseclassic.com

www.burmeseclassic.com



ပက်ခနဲ ဝင်ပြောလိုက်သော သူ့ခဘုံကို သူ ရုးခနဲ မျက်လုံး လှန်ကြည့်၍ ခေါင်းခါပြလိုက်သည်။ ဦးဗလဇော် ဒီလောက်ထိ သဘော မကောင်းပါ။

သူမရဲ့ ပုံ့ပိုးမှုတွေဆိုတာ သူ အတတ်သိနေသည်။

"ကျွန်တော်က စေတနာကို စော်ကားနေတာ မဟုတ်ပါဘူး မနိုင်ဝန်ထမ်းပြီး ဖိအားပေး မခံချင်တာပါ၊ ဟိုတယ်လာတာ နောက်ကျ တာကြောင့်ဆိုရင် နောက်ဒီလို မဖြစ်စေရဘူးလို့ ကျွန်တော် ကတိပေး ပါတယ်"

ဦးဗလဇော် မျက်နှာတစ်ချက် ပျက်သွားကာ

"အဲဒီလိုသဘောနဲ့ အန်ကယ် ပြောတာ မဟုတ်ပါဘူး၊ ကိုယ့် ဝန်ထမ်းကို အဆင့်အတန်းရှိစေချင်တာကြောင့်ပါ၊ မင်း ဘယ်လောက် စည်းကမ်းရှိတယ်၊ တိကျသေချာတယ်ဆိုတာ အန်ကယ် သိပါတယ်"

"ဟုတ်ကဲ့ ကျွန်တော် နားလည်ပါတယ် အန်ကယ်၊ အိမ်ကို ပြီးသွားရင်တော့ ကျွန်တော် လက်ခံပါမယ်"

"ကောင်းပါပြီကွာ၊ အခွင့်အရေး မယူတတ်တဲ့ မင်းရဲ့စိတ် အန်ကယ် လေးစားပါတယ်၊ ဒါနဲ့ မနက်ဖြန် နေ့လယ် တစ်နာရီလောက် မင်းကို အန်ကယ် အကူအညီတစ်ခုလောက် တောင်းချင်တယ်"

"ဟုတ်ကဲ့ ပြောပါ အန်ကယ်"





"မနက်ဖြန် ဆီဒိုနားမှာ ကိုရီးယားအလှပြင် ပစ္စည်း မိတ်ဆက် ပွဲတစ်ခုအတွက် အန်ကယ်တို့ မိတ်ဆွေတွေ အန်ကယ်နဲ့ဘုံကို ဖိတ်ထား တယ်၊ အန်ကယ်က အစည်းအဝေးပွဲတစ်ခုကြောင့် မလိုက်နိုင်ဘူး၊ အဲဒါ ဘုံကို မောင်ရောင်စဥ် လိုက်ပို့စေချင်တယ်"

"ဗျာ ဟို ဟုတ်ကဲ့"

တောင်းဆိုမှုတိုင်းကို ငြင်းလို့မကောင်းတာမို့ မအီမသာနှင့် လက်ခံလိုက်ရသည်။ သူ့ခဘုံ ကိုယ်လေး မတ်ခနဲဖြစ်ကာ အပြုံးဝေသွား ၏။ အရှိန်အဝါကြောင့် မာနကြီးနေသော်လည်း ဣန္ဒြေမရချင်သည့် သူမ အကျင့်စရိုက်တို့ကို မကြိုက်။

တသီးတသန့် နေလို့ရပါလျက်နှင့် ဘာကြောင့် သူနှင့်ရောနှော ပတ်သက်ချင်နေရတာလဲ။

ဘဝနဲ့ချာသော်လည်း ရိုးစင်းသည့် မဟူရာဖြူ မျက်နှာလေးကို မြင်ယောင်မိသည်။ သူ့ခဘုံလောက် မလှပေမယ့် ရင့်ကျက်မှုများနှင့် ဣန္ဒြေရ၏။

မတိုက်ဆိုင်ပါဘဲ အတွေးများ ဖြန့်ကျက်မိတာ ဘာကြောင့်ပါလဲ၊ အိမ်ပြန်ချိန်မှာ ထိုဂေဟာလေးရှေ့က ဖြတ်လျှောက်ရမှာကို အတွေးနဲ့တင် ရင်ခုန်မိသည်။

မဟူရာဖြူရော သူ့လိုပဲလား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"သူ့ကိုကြည့်ရတာ စိတ်မပါသလိုပဲ၊ ဒီမျက်နှာနဲ့ လိုက်မှာဆို မနေ့ကတည်းက လေးလေး ကူညီနိုင်းတာကို ငြင်းလိုက်ပါလား"

"တောက်"

ခေါင်းကို ဆတ်ခနဲ ခါကာ အသံတိတ် တက်ခေါက်၍ အံကြိတ်လိုက်မိသည်။ ငြင်းလို့ရပါလျက်နှင့် ကိုယ်က မနေနိုင်မထိုင်နိုင် လိုက်လာသည့် ပုံစံမျိုး။

အိမ်အထွက်ကတည်းက ဦးဗလဖော်ကို ကတိပေးခဲ့မိတာ ဖျက်လိုက်ဖို့ စဉ်းစားမိသေးသည်။ တမင်ပင် အချိန်တွေ လွန်အောင် ပေကပ်ထိုင်နေမိတာပါ။

"သူဒွေးပြောတာ လက်ခံခဲ့ပြီးမှ အဲလိုလုပ်လို့ ဘယ်ကောင်း





မှာလဲ သားရယ်၊ သူတို့ တကယ် လိုအပ်လို့ အကူအညီတောင်းတာ ဖြစ်မှာပါ၊ သူတို့ကျေးဇူးတွေလည်း ရှိနေတာ၊ ပြန်သိတတ်လိုက်ပါ သားရယ်၊ သွားလိုက်ပါနော်"

ဘာဖြစ်ဖြစ် မေမေ့ကို တိုင်ပင်မိကာမှ မေမေက တရားချနေသည်။ သူ့အနေနဲ့လည်း ဦးဗလဖော်ကို ကျေးဇူးပြန်သိတတ်ရမှာ နားသည်ပေမယ့် သုခဘုံအတွက်ဆို ဘာမှ မဖြည့်ဆည်းချင်ပါ။ မချိုမချဉ် အပြုံးလား၊ မထိမဲ့မြင် အပြုံးလား၊ လိုလားတာလား၊ နှိမ့်ချချင်တာလား၊ ဘာမှန်းမသိ ခွဲခြားရခက်သော သုခဘုံရဲ့ သိမ်းသွင်းမှုတွေကို သူ မရှုသွပ်ချင်။

ဒါကြောင့်မို့ တစ်လမ်းလုံးလည်း သုခဘုံကို စကားမပြောမိ။ ဘိုတယ်ရောက်တော့လည်း မသာမယာ ဖြစ်နေသော မျက်နှာကို ပြင်လို့ရေ။ ကားအောက်ဆင်းပြီး ကားတံခါးကို နောက်ပြန်ပိတ်ကာ

"ကျွန်တော် အထဲကို မလိုက်တော့ဘူး၊ အပြင်က စောင့်မယ်"

"ဘယ်ဖြစ်မှာလဲ၊ အတူတူလာတာ အတူတူဝင်ရမှာပေါ့၊ ရှင့်အဆင့်က ဒရိုင်ဘာလို နေခဲ့ချင်တာလား"

"ဘာထူးလို့လဲ မင်းသွားချင်တဲ့နေရာ ကားမောင်းပို့ဖို့ပဲ မဟုတ်ဘူး။ အခုရောက်ပြီလေ၊ ဘာလုပ်ပေးရဦးမှာလဲ"

"ဒီအခြေအနေလောက်ဆို ဒရိုင်ဘာခေါ်လာလို့ ရတယ်၊ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ဘာသာ ကားမောင်းလာလို့လည်း ရတာပဲ၊ ရှင့်ကို စကားပြော ဂျစ်ကန်ကန်နိုင်ပေမယ့် အဲလောက် ကတ်သတ်မယ် မထင်မိဘူး၊ လာစမ်းပါ အချိန်နောက်ကျတော့မယ်''

သူ့လက်မောင်း တစ်ဖက် ဆောင့်ခနဲ ဆွဲခေါ်ခံရတာမို့ ဖရွတ်တိုက် ကန့်လန့် ကန့်လန့် ပါသွားရ၏။ အဝင်ဝ အရောက်မှာ သူ့ဘက်ကို လှည့်၍ မျက်နှာချင်းဆိုင်ပြီး

'စူပုပ်ပုပ် ရှင့်မျက်နှာကြီးကို ပြင်တော့ ရောင်စဉ်၊ အထဲမှာ ကျွန်မတို့ မိတ်ဆွေတွေ အများကြီးတွေ့ရမှာ၊ ပြီးတော့ ညှိသည်တစ်ယောက်နဲ့ မိတ်ဆက်ပေးရင်လည်း ရှင် ဣန္ဒြေမပျက် နေပေးပါ''

''အာ ဘာတွေလဲ သုခဘုံ၊ ရှုပ်နေတာပဲ''

''ရှုပ်နေတာ မဟုတ်ဘူး။ ရှင်းစရာတစ်ခုရှိလို့ ရှင့်ကို အကူအညီတောင်းနေတာ၊ နိုင်ငံခြားမှာ ကျွန်မကို ပရိုပို့(စ်)လုပ်ထားတဲ့လူ တစ်ယောက် ဒီကို ရောက်နေတယ်''

''အဲဒီတော့''

''ရှင့်ကို ကျွန်မချစ်သူအဖြစ် မိတ်ဆက်ပေးမှာ''

''ဘာ''

''အလန့်တကြား မဖြစ်ပါနဲ့၊ အဲဒါမှ ဒီလူ နောက်ဆုတ်သွားမှာမို့လို့ပါ''





ရောင်စဉ် ဘာမှမတတ်နိုင်ပါ။ ရှောင်ထွက်သွားဖို့ စဉ်းစားမိသည်။ သုခဘုံက သူ့လက်ကို လုံးဝ မလွှတ်။

ခန်းမထဲကို သူ့လက်ကိုတွဲကာ ကြွကြွရွရွ လှမ်းဝင်လာရင်း မှတ်ထားသော ထိုင်ခုံတွေမှာ ဝင်ထိုင်လိုက်သည်။

ဘေးဝဲယာ ဘယ်ကိုမှ မကြည့်မိဘဲ ခေါင်းကြီးငုံ့လျက် အသက်တွေ ကျပ်နေမိသည်။ ဒီမိန်းမက သူ့ကို အသုံးချဖို့လောက်ပဲ တွေးသလား။ ဦးဗလဖော် ကျေးဇူးတရားတွေကို ထောက်ထားစရာမရှိလျှင် ခုန်းဒိုင်းကျဲ ပေါက်ကွဲမိမှာ အမှန်ပင်။

''ရှင် ဘယ်လိုဖြစ်နေတာလဲ၊ ဟိုမှာ မော်ဒယ်တွေ ရှိုးလျှောက်ဖွည်းတွေ မိတ်ဆက်နေတာ မော့ကြည့်ပါလား''

''ကျွန်တော်နဲ့မှ မဆိုင်တာ၊ ဘာလို့ ကြည့်ရမှာလဲ''

''ရှင် အဲလို မကတ်သတ်နဲ့၊ ရှင် မူပျက်နေတာ တခြားလူတွေ င် တစ်မျိုးထင်သွားမှာပေါ့''

''ကျွန်တော် စိတ်ပါလက်ပါ လိုက်လာတာ မဟုတ်ဘူးနော်၊ မ်းကြီး အမိန့်ပေးမနေနဲ့၊ ကျွန်တော် ထပြန်သွားလိုက်မှာ''

ရောင်စဉ်ရဲ့ ခပ်တင်းတင်း ခြိမ်းခြောက်မှုကြောင့် သူမ ရယ်ချင်မိသည်။ မီးခိုးရောင် စတိုင်ပင် နက်(ခ်)တိုင်တွေ၊ ကုတ်အင်္ကျီတွေနှင့် နောက်တိုင်း ဝတ်စုံကို သေသပ်စွာ ဝတ်ဆင်လာသော ရောင်စဉ်က



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားပီသ ခန့်ညားနေသည်။

အလိုမကျစွာ တွန့်ချိုးထားသော မျက်ခုံးနှစ်ခုက ထိစပ် နီးပါး ထူထဲနေပြီး ပိရိသေသပ်သော နှုတ်ခမ်းရဲရဲတို့ကို တင်းတင်း ထား၏။ ချိုရှရှ စကားပြောဟန်က တင်းမာသော်လည်း ဆွဲဆောင် ရှိ၏။

ဒီယောက်ျားနှင့် နီးနီးကပ်ကပ် နေရတာ သူမ ရင်တွေခုန် သည်။ တခြား ယောက်ျားတွေနှင့် ရင်းရင်းနှီးနှီး သွားလာပတ်သက် သော်လည်း ဒီလို ခံစားမှုမျိုး မရှိခဲ့။

ရောင်စဉ်ကို မြင်မှ အဆင့်အတန်း ဂုဏ်ဒြပ်ဆိုတာတွေ မျ တော့ဘဲ သူမ ရှုးသွပ်နေမိသည်။ ရှောင်ဖယ်ချင်သလို ဖော်ရွေမှု ... သော ရောင်စဉ် အပြုအမူများကြောင့် သူမ ပိုပြီး စွဲလမ်းနေမိသလ ပင် မပြောတတ်။

အခွင့်အရေး ယူတတ်သော ယောက်ျားတွေထက် တန်ဖိုးကြ သည် မဟုတ်လား။

“ရောင်စဉ် ကျွန်မတို့ စားပွဲကို ဟိုလူလာနေတယ်၊ အလို အထိုက် နေပေးပါနော်၊ ကျွန်မ အကူအညီ တောင်းတာပါ”

ပခုံးချင်းတိုက် လက်သည်းချွန်လေးနှင့် တို့ဆိတ် သတိပေ တော့ ရောင်စဉ် ကိုယ်ကြီးမတ်ခနဲဖြစ်ကာ မျက်ခုံးပင့်ကြည့်ရ၏။ အမျ





ချောင် အနောက်တိုင်းဝတ်စုံ အမည်းရောင်မျက်မှန်နှင့် ထိုလူပုံစံက ဆိုးကိုဏ်းက ဆရာကြီးစတိုင် ဖြစ်သည်။

“သူ့ခ ဒီပွဲကို လာမယ်ဆိုတာ သိလို့ ကိုယ် ရောက်အောင် ခဲ့တာ၊ သူခရော ကိုယ်လာမယ်ဆိုတာသိလို့ လာတာ မဟုတ်လား”

“နို့ ရှင် လာမယ်ဆိုတာ သိရင် ဒီကို ဘယ်ရောက်လာပါ့မလဲ၊ ဒီမြေတည်းမှာ မနေချင်လို့ မြန်မာပြည် ပြန်လာတာ၊ ရှင် သဘော သိ့ ကောင်းတာပေါ့၊ ဒါနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒါ တို့ချစ်သူ တန့်ရောင်စဉ်ပါ၊ မောင် သူက နိုင်ငံခြားမှာ ခင်ခဲ့တဲ့ သိုက်ထွန်း”

“ဘာ မင်းချစ်သူ”

ထိုင်ခုံမှာ ထိုင်ချလို့ ပြင်နေသည့် သိုက်ထွန်း ကိုယ်ကြီး မတ်ခနဲ သွား၏။ ရောင်စဉ်မှာ ပြုံးရမလို မဲ့ရမလိုနှင့် ကမ်းပေးမိသည့် လက် ပြန်ရုတ်လိုက်ရသည်။

သိုက်ထွန်း မျက်နှာ မအီမလည် အောင့်သက်သက် ဖြစ်သွား ရယ်စရာပင်။

“ရှင် လူကြီးလူကောင်းဆိုရင် ကြန္တြေရရ ထိုင်ချင်ထိုင်၊ မနေနိုင် ည်း ဒီနားက ထွက်သွားတော့ ကိုသိုက်ထွန်း၊ ကုန်းကုန်းကွကွနဲ့ ဝန်းကျင်ကို အားနာဦးမှပေါ့”

“ဒါ ဘယ်လိုဖြစ်တာလဲ၊ မင်း ကိုယ့်ကို ရှင်းပြဦးမှပေါ့ သုခ”



www.burmeseclassic.com

www.burmeseclassic.com



ဆောင့်ခနဲ ထိုင်ချမေးလိုက်သော သိုက်ထွန်းကို သုခဘုံ နှုတ်ခမ်းလေးတွေ တွန့်ကွေးရှုံ့မဲ့၍ တုံ့ပြန်ကြည့်ကာ

"ဘာထပ်ရှင်းပြရဦးမှာလဲ၊ ဘုံချစ်သူနဲ့ မိတ်ဆက်ပေးပြီးပြီလေ ကိုယ့်အခြေအနေကိုယ် သိပေါ့"

"ဒါဆို မင်း ကိုယ့်ကို မျှော်လင့်ချက်တွေ ပေးခဲ့တာလဲ"

"မျှော်လင့်ချက်ပေးတယ် ဟုတ်လား၊ ဘယ်အချိန်မှာ ချစ်တဲ့ အဖြေပေးပါမယ်လို့ ပြောခဲ့မိလို့လား၊ ရှင် ပရိုပို့(စ်)လုပ်တဲ့အချိန်မှ ဘုံ မချစ်တတ်သေးဘူးလို့ပဲ ပြောခဲ့တာပါ၊ ရှင် နားကြားများ မှားလေ လား"

"ဟင့်အင်း ကိုယ်လည်း ဒီအတိုင်းပဲ ကြားခဲ့တာပါ၊ ဒါပေ တစ်နေ့နေ့ မင်း ချစ်တတ်လာရင် ကိုယ့်ကိုပဲ ဦးစားပေးမယ် ထင်ခဲ့တာ"

"ဒါကတော့ ရှင်တစ်ဖက်သတ် ရူးသွပ်ခဲ့တာပဲ ကိုသိုက်ထွန်း ဟိုမှာနေခဲ့တဲ့ အချိန်ကာလတွေအတွင်း လိုအပ်တာတွေ ကူညီပေး တာတော့ ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ရှင့်ကိုပဲ စဉ်းစားပြီး အဖြေပေး မယ်လို့ မပြောမိခဲ့တဲ့အတွက် ဘုံမှာ အပြစ်မရှိပါဘူးနော်၊ အခု ဒ နှလုံးသားထဲက အရမ်းချစ်ရမယ့်သူကို တွေ့သွားပါပြီ၊ ဘုံ သူ့ လက်ထပ်မှာ"

"ရက်စက်လိုက်တာ သုခရယ်၊ ကိုယ်ကတော့ သုခကို မမေ့





ဘူး သုခ လက်မထပ်မချင်း ဆက်ကြိုးစားနေဦးမှာပဲ၊ ကိုယ်မပြန်ခင် သုခ လေးလေးနဲ့ တွေ့သွားဦးမယ်"

"ဟင့်အင်း လေးလေးက လက်ခံမယ် ထင်လား၊ ဘုံ ခေါင်းခါ သိုက်တဲ့လူတစ်ယောက်ကို လမ်းမှာတွေ့ရင်တောင် နှုတ်ဆက်လိမ့်မယ် မထင်နဲ့၊ လေးလေးက ဘုံကို ဘယ်လောက်ချစ်တယ်ဆိုတာ သိတယ် မဟုတ်လား"

"အာ တောက် သုခဘုံ မင်းကွာ"

"အဲဒီမှာ ပေါက်ကွဲပြီး လဲသေလိုက်၊ ဂျန်တဲ(လ်)မင်း မဆန် သိုက်တာ၊ လာ သွားမယ်မောင်၊ ဒီနေရာက အနံ့ဆိုးတွေ ထွက်နေပြီ"

အူကြောင်ကြောင်နှင့် သူမ ဆွဲခေါ်ရာ လိုက်ခဲ့ရပြန်၏။ သူမက သူ့လက်ကို မလွှတ်တမ်း တွဲဆုပ်ထားပါသည်။ သူမကို နှုတ်ဆက်သော သူတွေကို အပြုံးနှင့် ကြွားရွားစွာ တုံ့ပြန်ရင်း၊ မဏ္ဍပ်တိုင် တက်ပြခြင်းက သူ့အတွက် အနေရခက်၊ မျက်နှာတွေထူပူ ရှက်အမ်းနေစေ၏။

သိုက်ထွန်းဆိုသော လူရော ဘယ်လောက်တောင် ပေါက်ကွဲ ကျန်ခဲ့သလဲ။

"စိမ်းလန်းစိုပြည်ကို မောင်း ရောင်စဉ်၊ အဲဒီလူနဲ့ ဆုံရင် အရမ်းလေတယ်၊ ဘာမှန်းမသိဘူး၊ ဟိုမှာကတည်းက တောက်တဲ့လို ဘပ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းရှုပ်ထားလို့ မြန်မာပြည်ထိလိုက်လာပြီး ပိုင်စိုးပိုင်နင်း လုပ်ရတာပေါ့၊ အခုမှ"

"ဘာအခုမှလဲ၊ ဘုံတို့က ရှင်းရှင်းလေး၊ မချစ်ရင် မချစ်ဘူး ချစ်ရင် ချစ်တယ်ပဲ"

"ဘာ"

အလန့်တကြား ဖြစ်သွားပေမယ့် ဆက်မမေးတော့ဘဲ ကားကို မောင်းထွက်ခဲ့သည်။ အခု သူ့ကို အသုံးချခဲ့တာကရော တကယ်လား အတည်လား။ ဟန်ဆောင်နေခြင်းလား။

နောက်ဒါမျိုး အဖြစ်မခံရအောင် ဆင်ခြင်မှဖြစ်မည်။ ဒီမိန်းမက မပြောရဲ မဆိုရဲ မလုပ်ရဲတာ မရှိ။ ဘာမှ မဟုတ်တာတောင် လူကြား ထဲမှာ ထင်ထင်ပေါ်ပေါ် တွဲပြရဲတာမို့။

စိမ်းလန်းစိုပြည်ထဲက ဆိုင်လေးကိုရောက်တော့ ရင်တွေပူနေ ၍ ကုတ်တစ်ဘူးသာ မှာသောက်ဖြစ်သည်။ သူမက ကန်ဘက်က အခြမ်း မှာ ထိုင်၍ ကန်ရေပြင်ကို ငေးကြည့်နေ၏။ ပြီးမှ သူ့ဘက်လှည့်ကာ

"ရှင့်ကို ဘုံချစ်သူပါလို့ မိတ်ဆက်ပေးတော့ ရှင် ဘယ်လို ခံစားရလဲ"

"ဘာကို ဘယ်လို ခံစားရမှာလဲ၊ ငါ့ရင်ထဲမှာ ဘာမှမရှိလို့ ဘာမှ မခံစားရဘူး"

"ရှင် ဘာလို့ အဲလောက် ပွင့်လင်းတာလဲ၊ မိန်းကလေး တစ် ...က်ကို အားနာရမှန်း နားမလည်ဘူးလား"

"မင်းအပြုအမူတွေက အားနာစရာကောင်းလို့လား။ ယောကျ်ား ...ကို အထာပေး သွားစမ်းတော့ အခုလို ငြိကုန်တာပေါ့၊ ငါက ကြားထဲ ... အလကား ရန်ငြိုးအထားခံရဦးမယ်"

"ရှင်က ကြောက်နေတာလား"

"ငါ တကယ်ချစ်တဲ့ မိန်းကလေးအတွက်ဆိုရင်တော့ အသက် ...တောင် ရင်းသင့်ရင် ရင်းရမှာပေါ့ကွာ၊ အခုဟာက မင်း အသုံးချ ...ာကို တင်းနေတာ"

အားမနာတမ်း တရစပ် ပြောချလိုက်တော့ သူခဘုံ မျက်နှာ ...နှစ်အုံ့ဆိုင်းသွားသည်။ သူမ ဘာတွေစဉ်းစားနေသည် မသိသော်လည်း ...နောက်ထဲတော့ နည်းနည်း ပေါ့သွား၏။

"ရောင်စဉ်"

"ဘာလဲ"

ညင်ညင်သာသာ ပြန်မထူးတာမို့ သူခဘုံ ပြုံးမဲ့မဲ့လေး စိုက် ...ကြည့်သည်။ သူက မသိချင်ယောင်ဆောင်ကာ ကုတ်အအေးဘူးလေးကို ...ကောက်ထဲ မထည့်ဘဲ ဒီအတိုင်း မော့သောက်လိုက်၏။

"ဘုံဘဝမှာ ဘုံလိုချင်တာ မရခဲ့ဘူးဆိုတာ မရှိဘူး။ ဘုံ လေး



www.burmeseclassic.com

www.burmeseclassic.com



လေးက အကုန်ဖန်တီးပေးနိုင်တယ်''

''တခြားဟာတွေတော့ ဟုတ်ချင်ဟုတ်လိမ့်မယ်၊ အချစ်နဲ့ တစ်ယောက်ရဲ့စိတ်ကိုတော့ မင်း စိတ်ကူးယဉ်ပြီး ဖန်တီးချင်သလို ဖန် လို့ ရမှာမဟုတ်ဘူး။ မင်း လေးလေးလည်း ဘာမှတတ်နိုင်မှာ မဟုတ် ဘူး''

''ရှင် စိန်ခေါ်နေတာလား''

သက်ရောက်မှုက ဘာမှန်းမသိပေမယ့် သူမရဲ့ မေးခွန်းအတ သူ့ ပန်းတွန့်ကာ မထိတရိ ပြုံးလိုက်မိ၏။

''စိန်ခေါ်တယ်ထင်ရင် စိန်ခေါ်တယ်လို့ မှတ်လိုက်ပေါ့၊ သူ မင်းဘဝ လိုတရ ပြည့်ပြည့်စုံစုံ နေရတယ်ဆိုပြီး ဘာမဆို သိမ်း အကုန်ရလိမ့်မယ်လို့ မအောက်မေ့နဲ့၊ ငွေနဲ့ဂုဏ်နဲ့ ဆက်ဝယ်လို့ အရာတွေလည်း အများကြီး ရှိသေးတယ်''

''ရှင်တော်တော် မာနကြီးတာပဲ ရောင်စဉ်''

ညည်းညူသလို တိုးသဲ့သဲ့ ပြောလိုက်ပြီး ကန်ဘက်ကို မျှ ပြန်လှည့်လိုက်၏။ လေအဝှေ့မှာ ရောင်စဉ် ကိုယ်သင်းရနံ့ သူမ နှာ ဝမှာ ရှိုက်ခနဲ ငြိတွယ်သည်။

လှောင်ရယ်သလို တစ်ယောက်တည်း ပြုံးလိုက်မိပြီး ခေါ် ယမ်းကာ ခါထုတ်ပစ်လိုက်ချင်သည်။ ဒါပေမဲ့ ရင်ထဲတစ်နေရာမှာ



ဖူးနစ်နစ် စိုက်ဝင်နေပြီမို့ အင်အားသုံးဆွဲ နှုတ်ဖို့ ခက်ခဲနေ၏။ ဒီအတိုင်း ထားလိုက်လို့ တဖြည်းဖြည်း ကျွံဝင်သွားလျှင် ဘယ်လိုလုပ်မလဲ။

ပိုင်ဆိုင်မှု ရာခိုင်နှုန်း သေချာအောင် သူမ ကြိုးစားရမည်။

ရှင် ပြေးမလွတ်ပါဘူး ရောင်စဉ်ရယ်။

ရှင့်ရဲ့ စိန်ခေါ်မှုကို ရှင်ကိုယ်တိုင် ပြန်ရုပ်သိမ်းစေရမယ် ရောင်စဉ် တဖြည်းဖြည်းနဲ့ နက်နက်ရှိုင်းရှိုင်း ပိုသိလာတယ်။

ရှင့်ကို ဘုံချစ်တယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ဧည့်သည်လာတယ်၊ ဧည့်သည်လာတယ်"

"အေး အေး လာပြီဟေ့ လာပြီ"

အိမ်ရှေ့က ဒိုလေး အော်သံကြောင့် မေမေနှင့်အတူ ထမင်းဟင်း ကူချက်ပေးနေရာမှ အိမ်ရှေ့ပြေး ထွက်လာခဲ့ရသည်။

ဒိုလေးက အိမ်ရှင်ပီသပြီး ဝတ္တရား ကျေသူပါ။ ဧည့်သည်ကို တောင်ပံ တဖျပ်ဖျပ် ခပ်၍ ရှေ့ကနေ ဦးဆောင်၍ အိမ်ထဲကို ခေါ်လာသည်။

"ဟာ မဟူရာဖြူ လာလား၊ ကျွန်တော်ရော မေမေရော ချက်ပြုတ်ရင်းနဲ့ မျှော်နေကြတာဗျ၊ အိမ်ကို သိပ်မရှာလိုက်ရဘူး မဟုတ်လား"

"ရှင် အိမ်လိပ်စာ ပြောထားတာပဲ၊ ကိုယ့်ရပ်ကွက်ကိုယ်





...ကျွမ်းတဝင် ရှိပြီးသားပါ၊ ဒိုလေးက အရမ်းသိတတ်တယ်နော်၊ အိမ်ရှေ့...လာကြိုတယ်"

"ကျွန်တော် ကြိုပြောထားတာလေ၊ မနက်က မဟူရာဖြူနဲ့...တွေ့တယ်၊ အိမ်လည်လာလိမ့်မယ်၊ သွားကြိုနေလို့"

"ဪ အဲလိုပြောလည်း နားလည်တာပဲလား"

"လည်လိုက်တာများ ဒို့ထက်တောင် ပိုသေး။ လာ မဟူရာဖြူ...တော်တို့ ဟင်းချက်နေကြတာ ဗိုက်ဆာပြီလားဟင်"

"ပြောတော့မယ် ကျွန်မက ထမင်းစားချင်လို့ လာတာ မဟုတ်...ရောက်ဖူးအောင်လို့ အလည်သက်သက်ပါ"

"ဟုတ်ပါပြီဗျာ၊ မေမေရေ မဟူရာဖြူ ရောက်ပြီ"

ရောင်စဉ်က အော်ပြောရင်းနှင့် ထမင်းဟင်းချက်နေသော ဒေါ်...ညည်ချို့ ရှိရာ မဟူရာဖြူကို ခေါ်သွားသည်။

"မေမေ သားပြောတဲ့ မဟူရာဖြူ"

"အေးကွယ် သားက ခဏ ခဏ ပြောနေတာပါ၊ သားကို...လိုက်တယ်ဆိုလို့ အန်တီက ကျေးဇူးတင်နေတာ၊ လာ ထိုင် သမီး"

ဒေါ်နှင်းရည်ချို့ရဲ့ နွေးထွေးသော လှိုက်လှဲမှုကြောင့် မဟူရာဖြူ...တစ်လုံးမှာ ဝင်ထိုင်လိုက်ရင်း

"ကျေးဇူးတင်စရာ မလိုပါဘူး ဒေါ်ဒေါ်ရယ်၊ အဲလို ကူညီလိုက်

www.burmeseclassic.com



ရလို့ ဒေါ်ဒေါ်တို့နဲ့ သိက္ခမ်းခင်မင်ခွင့်ရတာ ဖြူ့ကလည်း ကျေးဇူး
ပါတယ်၊ ဟို ဖြူ့ ဘာလုပ်ပေးရမလဲ အန်တီ၊ ဖြူ့ လုပ်တတ်ပါတယ်

"နေပါကွယ် ဒီဟင်းအိုးလေး ရေကျရင် ထမင်းစားလို့ ရပ
အတို့အမြှုပ်အတွက် အသီးအရွက်လေး ရေဆေးချင် ဆေးလိုက် သမီ

အနေမခက် ရင်းနှီးမှုရှိအောင် ဒေါ်နှင်းရည်ချို့က မဟူရာ
ကို ခိုင်းလိုက်သည်။ မဟူရာဖြူ့က သွက်သွက်လက်လက်ပင် လုပ်
ပေး၏။

"အားနာစရာ မေမေရယ်၊ သား လုပ်မှာပေါ့၊ နေနေ မဟူရာ
ကျွန်တော် လုပ်လိုက်မယ်"

"အဲလို မလုပ်ရရင်တော့ ဖြူ့ ထမင်းမစားဘဲ ပြန်မှာနော်

"ဟုတ်သားပဲ သားရယ်၊ သမီးလေး ရဲရဲတင်းတင်းဖြစ်အော
မေမေက ခိုင်းတာပါ၊ ဒါတွေက မေမေ လုပ်လိုက်လည်း ဖြစ်ပါတယ
ဟုတ်တယ်မဟုတ်လား သမီး"

"ဟုတ်ပ့ါ အဲဒီ ရောင်စဉ်က ဘာမှန်းမသိဘူး ပြောနေတယ

ရယ်သံလေးများဖြင့် ခဏခြင်းမှာ မိသားစုလေးသဖွယ် 
တွေးသွားခဲ့ကြသည်။ ထမင်းပွဲ အတူတူပြင်၊ အတူတူစားနှင့် မျက်
လည်အောင် မဟူရာဖြူ့ ကြည်နူးမိသည်။ သူမ တစ်သက်လုံး တော
ခဲ့သည့် ဘဝလေး။





"သမီးလေး စားနော်၊ အားမနာနဲ့ ခဏ ခဏလည်း ဒေါ်ဒေါ့
ဆီ အလည်လာပါကွယ်၊ ဒေါ်ဒေါ်မှာ သားသမီး များများစားစားလည်း
မရှိ ဆွေမျိုးသားချင်းဆိုတာလည်း နီးနီးကပ်ကပ် ရှိမနေနဲ့ သားလေးနဲ့
နှစ်ယောက်တစ်ဘဝ နေရတာလေ၊ အခုတော့ သွေးရင်းသားရင်း
သမီးလေး တစ်ယောက်ရပြီလို့ ဒေါ်ဒေါ် အောက်မေ့ပါတယ်"

"ဖြူ့က ပိုပြီး မေတ္တာငတ်ပါတယ် ဒေါ်ဒေါ်၊ ဖြူ့ ဘဝမှာ
ဘာဆွေမျိုးသားချင်း မရှိ၊ မိဘမဲ့ဂေဟာလေးကို ခိုကပ်နေရတာပါ"

"သားလေး ပြောပြထားပါတယ် သမီးရယ်၊ ဘဝကံ အကျိုးပေး
ကောင်းပေမယ့် ဒီလိုသိက္ခာရှိရှိ ရပ်တည်နေနိုင်တာ တော်သေးတာပေါ့
အချို့ဆို လောကဓံကို ကြံ့ကြံ့မခံနိုင်ဘဲ ရေစုန်မျော ပျက်စီးသွားတတ်
ကြတာ"

"ဖြူ့လည်း ကိုယ့်ဘဝကိုယ် အရမ်းနာကြည်း စိတ်ပျက်ဖူးပါ
တယ်၊ ဒါပေမဲ့ ဖြစ်ချင်ရာဖြစ် မိုက်မဲပစ်ဖို့တော့ စိတ်မကူးမိဘူး၊ ဖြူ့မှာ
တန်ဖိုးထားစရာ ကိုယ်ကျင့်သိက္ခာဝသစ်ခုပဲ ရှိပါတယ်"

"သမီးရဲ့စိတ်က လေးစားစရာ ကောင်းလိုက်တာ၊ မြင့်မြတ်
လိုက်တာကွယ်၊ မိန်းကလေးရဲ့တန်ဖိုးက ဒါပဲ သမီး၊ အခြေအနေဆိုးထဲ
မှာ ရုန်းမထွက်ဘဲ ထိန်းသိမ်းနိုင်တာ သမီးရဲ့ ရိုးသားမှုပဲပေါ့၊ ဒေါ်ဒေါ်
ကို မိခင်တစ်ယောက်လို သဘောထားနော် သမီး"



www.burmeseclassic.com

www.burmeseclassic.com



"ကျေး ကျေးဇူးတင်ပါတယ် ဒေါ်ဒေါ်"

"ဖြူကလည်း မေမေက မိခင်တစ်ယောက်လို သဘောထာ ပါဆိုမှ မေမေလို့ပဲ ခေါ်ပေါ့"

"ဟင်"

ရောင်စဥ် စကားကြောင့် သူမ ရင်ထဲ နွေးဆင်းလိုက်ဖြာသွာ သည်။ မေမေ တဲ့။ ငါးနှစ်သမီး အရွယ်မတိုင်ခင်က မေမေဆိုသော နာမ်စားကို ခေါ်ခဲ့ဖူးသလား မမှတ်မိ။

အခု ရင်ထဲမှာ တနွေးနွေးနှင့် မေမေလို့ ခေါ်ရမှာကို စိတ်အာ ထက်သန်နေသည်။ ထမင်းလုတ် တန်းလန်းနှင့် ဒေါ်နှင်းရည်ချိုက ငေးငေးလေး ကြည့်နေမိစဥ်မှာ

"သမီး မျက်ရည်တွေကျနေပါလား၊ မေမေလို့ ခေါ်ချင်နေတယ် မဟုတ်လား သမီး၊ သမီး ရင်ထဲ ဆန္ဒရှိရင် ခေါ်ပါ သမီးရယ်"

"မေမေရယ်"

ထမင်းလုတ်လည်း ပြုတ်ကျသည်။ မျက်ရည်တွေလည်း ကျ သည်။ မေမေလို့လည်း လှိုက်လှိုက်လှဲလှဲ ရင်ထဲက ခေါ်လိုက်မိသည်

"ဖြူ"

ရောင်စဥ်က သူမ လက်ကလေးတစ်ဖက်ကို နွေးထွေးစွာ ဆုပ် ကိုင်လာ၏။ ပြီးတော့ မျက်ရည်တွေကို ဖွဖွလေး သုတ်ပေးသည်။





"ဒါ ဝမ်းနည်းစရာ မဟုတ်ဘူးနော်၊ ပျော်ရွှင်ရမှာ"

ဖြူ ပျော်လို့ပါ ရောင်စဥ်ရယ်၊ ဖြူ့အပေါ် အဲလောက် ဂရုစိုက် နွေးထွေးလိမ့်မယ်လို့ မထင်မိဘူး၊ ဖြူ ဖြူ ကျေးဇူးတင်ပါတယ်"

"မိသားစုတွေ ဖြစ်သွားပြီ၊ ကျေးဇူးတင်စကား မပြောနဲ့တော့ သမီး ရေစက်ရှိလို့ ဆုံရတာ ကံကြမ္မာရဲ့ တိုက်ဆိုင်မှုပေါ့၊ နောက်ဆို ဒေါ်ဒေါ်တို့ အိမ်ကို တံခါးမရှိ ဓားမရှိ ဝင်ပါ ထွက်ပါ၊ လိုအပ်တာ ရှိရင်လည်း ပွင့်ပွင့်လင်းလင်း ပြောပါ သမီး"

ဒေါ်နှင်းရည်ချိုရဲ့ မေတ္တာစာတ်ကြောင့် မဟူရာဖြူ ရင်ထဲ သိမ့်သိမ့် နွေးနွေးကြည်နူးနေသည်။ မိသားစု ထမင်းဝိုင်းလေးက နွေးထွေးမှုများဖြင့် စိုပြည်အသက်ဝင်နေ၏။

အိမ်ပြန်လမ်းမှာ ရောင်စဥ်က ဂေဟာလေးထိ ရောက်အောင် လိုက်ပို့သည်။

"နောက်ရော လာဦးမှာလား ဖြူ"

"လာမှပေါ့ ဖြူ အရမ်းပျော်တယ်၊ ရောင်စဥ် အမေက အရမ်း နွေးထွေးတာပဲနော်၊ ဒီလို မိခင်တစ်ယောက်ရဲ့ မေတ္တာတွေရတာ၊ ရောင်စဥ် အရမ်းကံကောင်းတယ်"

"ကိုယ့်လို ကံကောင်းချင်ရင် ကိုယ့်ဘဝလေးထဲကို ဝင်လာခဲ့ မလား ဖြူ"

www.burmeseclassic.com



"ဟင် ရောင် ရောင်စဉ် ဘာပြောတာလဲ"

မဟူရာဖြူ အထိတ်တလန့် မေးတော့ ရောင်စဉ် နှုတ်ဆိတ်သွား သည်။ ရင်ထဲက ဆန္ဒတွေကို အမှန်အတိုင်း ပြောချင်ပေမယ့် အခွင့် အရေး ယူသလို ဖြစ်မှာစိုးသည်။

ဖြူအပေါ် တန်ဖိုးထားမှုတွေနှင့်သာ ဖြည့်ဆည်းချင်၏။ ဖွင့်ဟ ပြီးမှ မျိုသိပ်ဖို့ ကြိုးစားလိုက်ရခြင်းအတွက် သူ့ရင်ဘတ်တစ်နေရာမှာ နည်းနည်းတော့ စူးရှရှ အနေရခက်သွားသည်။

"ကိုယ်ပြောချင်တာက ဒီလိုပါ ဖြူ။ ကိုယ်တို့အိမ်က ဖြူ တံခါး မရှိ ဓားမရှိ ဝင်ထွက်သွားလာလို့ ရသွားပြီ၊ မေမေကလည်း ခွင့်ပြုတယ် ကိုယ်ကလည်း ကြိုဆိုတယ်၊ မိသားစုလို ဖြစ်သွားပြီဆိုတော့ ဖြူလည်း ကံကောင်းပြီလေ မဟုတ်ဘူးလား"

"အင်း ဟုတ်ပါတယ်၊ ဖြူလေ ကျန်တာတွေ အရမ်းကြီး မမက်မောပါဘူး၊ အေးချမ်းတဲ့ မိသားစုဘဝလေးကို အရမ်းတောင့်တ တယ်၊ တကယ်လို့ အဖေဆိုတာ ရှိနေသေးရင် ဘာလို့ ဖြူတို့ သားအမိ ကို စွန့်ပစ်ခဲ့တာလဲလို့ မေးကြည့်ချင်တယ်"

"မဖြစ်နိုင်တာ ဖြူရယ်၊ ဖြူ အဖေ သက်ရှိထင်ရှားရှိနေရင် ဖြူတို့ကို ခုလို ဥပေက္ခာပြုထားမယ် မထင်ပါဘူး"

"ရှိခဲ့ရင်လို့ ဖြူ ပြောတာပါ၊ ဖြူ ဒီဘဝမှာ အမြစ်တွယ်





နာကြည်းချက်တွေ ရင်ထဲမှာ ရှိနေဦးမှာပဲ၊ တုံ့ပြန်တိုက်ခိုက်ချင် မဟုတ်ပါဘူး အထီးကျန် အားငယ်ခဲ့ရတာတွေအတွက် မေးခွန်းတွေ ခွင့်ရချင်တာ"

"ဖြူရယ် ဒဏ်ရာတွေကို တွေးပြီး နာကျင်မနေပါနဲ့ ကိုယ်တို့ အမိကို မိသားစုလို သဘောထားပြီး ပျော်အောင်နေပါနော်၊ ကိုယ် ည်း ဖြူကို အမြဲတမ်း ဂရုစိုက်ပါ့မယ်"

စိုလက်ရွှန်းဝေနေသော သူမ မျက်ဝန်းလေးထဲမှာ အဓိပ္ပါယ် င်းများစွာ ပျော်ဝင်သွား၏။ နှုတ်ဆက်ပြီး လှည့်ထွက်လာခဲ့ချိန် ကာက်ခံတင်းစွာ လှည့်ကြည့်မိတော့ ဂေဟာထဲ မဝင်ဘဲ သူ့ကိုငေးငေး း ရပ်ကြည့်နေသော သူမကို မြင်လိုက်ရသည်။

ရင်မှာ ဒုတ်ခနဲ မြည်ဟီးသွားလျက် အပြေးလှည့်ကာ သူမကို ဖက်ပစ်လိုက်ချင်လှ၏။ တစ်သက်လုံးအတွက် ပေးမနှစ်သိမ့်မှုတွေ ကာ သူမ တောင့်တနေသော မိသားစုဘဝလေးကို တည်ဆောက်ချင် ည်။

သိပ်မကြာသော ကာလလေးတစ်ခုပဲ စောင့်ပါ မဟူရာဖြူရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"မနေ့က မောင်သိုက်ထွန်း ဟိုတယ်ကို ရောက်လာတယ် ဘုံ့"

"ဟင် လေးလေးကို ဘာပြောသွားလဲ"

"ဘုံ့က ချစ်သူနဲ့ မိတ်ဆက်ပေးတယ်တဲ့၊ သူက ဘုံ့ကို လက်ထ ဖို့အတွက် မြန်မာပြည် ပြန်လာတာလို့ ပြောတယ်"

"တောက်"

ကျယ်ကျယ်လောင်လောင် မဟုတ်ဘဲ တိုးတိတ်သော တ ခေါက်သံက ရင်တစ်ခုလုံး တုန်ခါသွား၏။ ဒီလောက် အပြတ်ပြော တာတောင် ဟိုတယ်ကိုလာပြီး လေးလေးနှင့် တွေ့ဖြစ်အောင် တွေ့သွ ဒသေးသည်။





"ဘုံ့က ဘယ်ချစ်သူနဲ့ မိတ်ဆက်ပေးလိုက်တာလဲ၊ လေးလေး ရပါလား"

"ရောင်စဥ်နဲ့ပါ"

"ဟင် မောင်ရောင်စဥ်နဲ့၊ ဘယ်လိုဖြစ်တာလဲ ဘုံ့၊ သူ့ကိုခေါ် ချင်တယ်ဆိုတာ"

"သိုက်ထွန်း လာမယ်ဆိုတာ သိလို့ တမင်တကာ ခေါ်သွားပြီး ဆက်ပေးလိုက်တာပါ၊ သိုက်ထွန်း နောက်ဆုတ်အောင်လုပ်ဖို့က ဒီ နည်းပဲ ရှိတယ်"

"ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမဲ့ မောင်ရောင်စဥ် ဘက်က"

"ထုံးစံအတိုင်း သူ့ရဲ့မာနတွေနဲ့ ဂျစ်ကန်ကန်ပေါ့၊ ရောင်စဥ် မ်း ဆိုးတယ်"

ထိုသို့ ပြောသော်လည်း မလိုလားစိတ်နှင့် ငြိုငြင်နေတာ မဟုတ် သုခဘုံ နှုတ်ခမ်းလေးတွေ ခပ်လွင့်လွင့် ချိုချိုလေး ပြုံးနေသည်။

ဦးဗလဖော် နားမလည်နိုင်ဖြစ်မိရင်း နားလည်မိသလိုလည်း ၏။ ရောင်စဥ်ကို သုခဘုံ တစ်ခုခု အလေးအနက် ခံစားမှုတွေ သည်။ ဘာလဲ ဘယ်လို အဓိပ္ပါယ်မျိုးလဲ။

"လေးလေး ရောင်စဥ်ကို ဘယ်လိုမြင်လဲ"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



အပြုံးအရယ် ရပ်ကာ ကိုယ့်မျက်နှာတည့်တည့် ကြည့်
လိုက်တာမို့ အံ့အားသင့်သွားကာ လွှတ်ခနဲ မဖြေနိုင် ဖြစ်သွား၏။

"ဘုံက ဘာကိုသိချင်တာလဲ"

"ရောင်စဉ်ရဲ့ ကိုယ်ကျင့်တရားနဲ့ စိတ်ကို"

"မာနရှိပေမယ့် ရိုးသားပြီး ယောကျ်ားပီသတဲ့လူပါ"

"သိုက်တွန်းကိုရော ငွေကြေးချမ်းသာ ဂုဏ်ဒြပ်တွေ ရှိပေ
ကိုယ်ကျင့်တရား မကောင်းတာတော့ ဘုံလည်း အသိပဲ၊ မိန်းမနဲ့ လေ
ကစားကို ဝါသနာ ထုံလွန်းတယ်"

"ဒါဆို ဘုံ ဘယ်သူ့ကို ရွေးချယ်သင့်သလဲ လေးလေး"

"ဘာ"

အလုံးစုံ နားလည်သွားပြီမို့ ဦးဗလဖော် ထိတ်လန့်သွား
ခေါင်းကို ဆတ်ခနဲ ခါကာ လက်ထဲက သတင်းစာကို စားပွဲပေါ် ပစ်
လိုက်သည်။

"ရောင်စဉ်ကို ဘယ်လောက်ထိ တွေးထားသလဲ ဘုံ၊ အ
အတန်း ဂုဏ်ဒြပ် ဒီလောက် ကွာခြားနေတာ"

"ဒါတွေက တူညီအောင် ညှိယူလို့ ရတာပဲ မဟုတ်လ
ရောင်စဉ်ကို အမြင့်ဆွဲတင်လိုက်ရင် ဘုံနဲ့တန်းတူ ဖြစ်သွားမှာပါ"

"ဘုံ ဆိုလိုတာက"





"မျက်လှည့်ဆရာ အလုပ်ကို မလုပ်ခိုင်းဘဲ ဟိုတယ်မှာ နေရာ
လိုက်ပါ၊ ဒါမှမဟုတ် ဘုံ ရသင့်ရထိုက်တာတွေနဲ့ လုပ်ငန်းတစ်ခု
ထောင်ပေးလိုက်ပါ"

"ဘုံဖြစ်ချင်တဲ့အတိုင်း အဲလို လွယ်လွယ်မပြောနဲ့ ဘုံ၊ ဟိုတယ်
ရောင်စဉ်ကြောင့်"

"မျက်လှည့်ဆရာက ဒီကမ္ဘာမှာ သူတစ်ယောက်တည်းမို့လား။
ထက်တော်တဲ့ တတ်တဲ့ ပညာရှင်တွေ ရှိမှာပါ၊ ရောင်စဉ်ကို ဘုံ
အပ်လို့ပါ၊ လေးလေးက ဘုံကိုချစ်တယ်ဆိုပြီး ဒါလေးတောင် မလိုက်
လျောနိုင်ဘူးလား"

"ဘုံရယ် ကျွတ် ခက်လိုက်တာ"

ဦးဗလဖော် ခေါင်းတွေ ပူထူနောက်ကျိအောင် စိတ်တွေ ရှုပ်ထွေး
သွားသည်။ ငယ်စဉ်ကတည်းက လိုအပ်တောင်းတသမျှ ဖြည့်ဆည်းပေး
ဆပ် ချစ်ခဲ့တယ်ဆိုပေမယ့် ဒီကိစ္စက ပြောသလောက် မလွယ်ပါ။

ဒါပေမဲ့လည်း ကိုယ့်ပခုံးပေါ် မှီတွယ် ချွဲနွဲ့လိုက်သည်နှင့် သက်
ပြင်းတွေချကာ စိတ်တွေကို လျှော့ချရသည်။

ကိုကိုနှင့်မရီး ကားအက်စီးဒင့်နှင့် ဆုံးပါးသွားသည့်အချိန်က
သုခဘုံလေး သုံးနှစ်သမီးအရွယ်သာ ရှိပေဦးမည်။

ကိုကိုတို့ ကြမ္မာဆိုးကြောင့် ဖြည့်မဆည်းနိုင် ဖြစ်နေသော ဖေဖေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့မေမေက နိုင်ငံခြား ပညာတော်သင်သွားနေသော သူ့ကို မြန်မာပြ
ပြန်ခေါ်ခဲ့သည်။ ထို့နောက် ကိုကို ပိုင်ဆိုင်သော လုပ်ငန်းတွေနှင့် အ
အနှစ်တွေကိုပါ လွှဲပြောင်းတာဝန်ပေးအပ်လျက် သုခဘုံလေးကိုလည်
သမီးရင်းလေးပမာ စောင့်ရှောက်စေခဲ့သည်။

အမိအဘမဲ့ သုခဘုံလေးကို စာနာသနားစိတ်၊ ချစ်မြတ်နိုးစိ
နှင့် ကိုယ်တိုင်လည်း အိမ်ထောင်မပြု တစ်ကိုယ်တည်း ဘဝဖြင့် တူ
လေးအတွက်သာ ရှင်သန်နေထိုင်ခဲ့၏။

အဘိုးအဘွားတွေ မရှိတော့တာမို့ သုခဘုံလေးအပေါ် ပို
အလိုလိုက် ဖြည့်ဆည်းပေးဆပ်ခဲ့သည်။

ဒါကြောင့်လည်း သုခဘုံက ဦးလေးတစ်ယောက်လို လေးစ
ရမှန်းမသိ၊ ကိုယ့်အပေါ် ဆိုးနွဲ့အနိုင်ယူနေခဲ့တာပါ။ အခုကိစ္စ မလိ
လျော့လျှင်ရော ငြိုငြင်သွားမလား၊ စိတ်ဆိုးစိတ်ကောက်သွားမလာ
သေချာပါသည်။ နိုင်ငံခြားပြန်သွားမည်လို့တောင် စိန်ခေါ်ချင် ခေါ်နေမှာ
အဲလိုတော့ လုံးဝ အဖြစ်မခံနိုင်။

ပညာလည်းစုံ အရွယ်လည်းရောက်ပြီမို့ တူမလေးကို ကိုယ့်
မျက်စိ၊ ကိုယ့်ရင်ခွင်အောက်မှာပဲ အရိပ်တကြည့်ကြည့် ရှိနေချင်သည်

"ဘုံမှာ တခြားရွေးချယ်စရာ ချစ်သူမိတ်ဆွေ တစ်ယောက်
မရှိဘူးလား"





သွေးတိုးစမ်းမေးတော့ သုခဘုံ ခေါင်းလေး ဆတ်ခနဲ ခါကာ

"ရှိခဲ့ဖူးတဲ့လူတွေက ရောင်စဉ်လောက် ရင်ထဲမရောက်လို့ပေါ့
လေးရယ်၊ အခွင့်အရေးလိုချင်တဲ့ ယောကျ်ားတွေ၊ မိန်းကလေး
ယောက်ကို အပျော်ကစားချင်တဲ့ ယောကျ်ားတွေနဲ့ ဘုံကို ပတ်သက်
ချင်လို့လား"

"ဒါကတော့"

"အဲလောက်ကြီး ကျပ်မနေနဲ့ လေးလေးရေ၊ ဘုံမှာ ဦးနှောက်
ယ်၊ အသိဉာဏ်ရှိပါတယ်၊ ရောင်စဉ်မှာ ဘုံတို့နဲ့ အဆင့်အတန်း
ကလွဲရင် ဘုံ လက်ခံနိုင်တဲ့ အရည်အချင်းတွေ အများကြီး ရှိတယ်"

"ထားပါတော့ ရောင်စဉ်က လေးလေးတို့ပေးတဲ့ အခွင့်အရေး
ယူပြီး လက်ခံမယ်လို့ ထင်လား၊ ဘုံ သူနဲ့ ဆက်ဆံကြည့်တာရော
ဆင်ပြေလို့လား"

"အဲဒါက လေးလေး တအားကြီး တွေးပူစရာ မလိုပါဘူး၊
လောက်စရာ ပြောင်းလဲမှုမျိုးကို ဘယ်သူမှ မငြင်းပါဘူး၊ အဆင်ပြေ
တဲ့ နည်းလမ်းနဲ့တော့ စည်းရုံးရမှာပေါ့ လေးလေး၊ ဘုံကတော့ ဘုံ
ချင်တာကိုဖြစ်အောင်လုပ်မှာပဲ"

"အင်းလေ ဘုံ ဒီလောက် ဆန္ဒပြင်းပြနေရင်တော့ လေးလေး
ကောင်အထည် ဖော်ကြည့်ပါမယ်၊ ဘုံလေး ဘာကြောင့်မှ စိတ်မဆင်းရဲ



www.burmeseclassic.com

www.burmeseclassic.com



စေရပါဘူးကွယ်''

"တကယ်နော် လေးလေး အဲဒါကြောင့် လေးသေးကို ချစ်တာ"

ကလေးငယ်လေး တစ်ယောက်လို ခုန်ပေါက်ပျော်ရွှင်လျက် လေးလေးကို သုခဘုံ ဖက်နမ်းလိုက်သည်။ မိဘတွေဆိုရင်တောင် သူမ ဒီလိုမျိုးထိ လိုက်လျော နားလည်ပေးလိမ့်မည် မထင်။ အမိအဘ မ တော့တာကိုက သူမ တောင်းတာသမျှ ပြည့်ဝဖို့ အခွင့်အရေး ရနေသ ပင်။

နင် ဘယ်လိုနည်းနဲ့ ရှန်းထွက်မလဲ ရောင်စည်…။

■ ■ ■



## အခန်း (၁၀)

ဒီနေ့ မျိုးမင်း ပြန်ရောက်ပြီမို့ အလုပ်လုပ်ရတာ ပိုပြီး အဆင်ပြေနေသည်။ မျိုးမင်းကလည်း မျက်လုံးကို ဟာသဆန်ဆန် တင်ဆက်၍ ပရိသတ်ကို ထိန်းထားနိုင်သူ တစ်ယောက်ပင်။

ပညာကုန်သင်ပေးထားတာမို့ မျိုးမင်းက သူ့ကို ဆရာတစ်ယောက်လို လေးစားပြီး သူငယ်ချင်းလိုလည်း တိုင်ပင်ဖော် တိုင်ပင်ဘက် ရင်းရင်းနှီးနှီး ခင်မင်ခဲ့သည်။

မျိုးမင်းက အဆောင်တစ်ခုမှာနေပြီး ကစားကွင်းမှာ ဝန်ထမ်းဘဝတွေနှင့် ဆုံကြကာ သူ့ဆီကို တပည့်ခံခဲ့ခြင်း ဖြစ်သည်။ ဒါပေမဲ့ သူက တပည့်တစ်ယောက်လို သဘောမထားဘဲ သူငယ်ချင်းတစ်ယောက်ကို ပညာဖြန့်ဝေပေးရသလိုပဲ အောက်မေ့ခဲ့၏။

"ဟိတ်ကောင် စင်ရှေ့တည့်တည့် ကစားဝိုင်းမှာ ထိုင်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးက မင်းကို ရှိုးနေသလိုပဲနော်၊ မင်း ဘာလုပ်လုပ် မျက်လုံး မလွှဲကြည့်ပြီး သဘောကျနေတာ၊ ငါ မရှိတုန်း အလန်းလေးတွေနဲ့ ပတ်သက်နေတာလား''

မျိုးမင်း လက်တို့မေးတော့ မသိမသာ တံတောင်ဖြင့် တွက်လိုက်ပြီး

''လျှောက်ပြောမနေနဲ့၊ အဲဒါ ဦးဗလဇော် တူမ''

''ဟမ် ဦးဗလဇော်မှာ အဲလောက် လန်းတဲ့ တူမရှိတာ အခု သိရတာ နာလိုက်တာကွာ''

''စောစောသိတော့ ဘာလုပ်မလို့လဲ''

''အမေတို့ လက်ထပ်စေချင်တဲ့ မိန်းကလေးကို ငါ ဘယ်လက်ခံခဲ့မလဲကွ၊ ခုတော့ကွာ အလှကြည့်ရုံသက်သက်ပါပဲ''

သုခဘုံကို လှမ်းကြည့်ပြီး ဝမ်းနည်းသံကြီးနှင့် ပြောတော့ ရောင်စဉ် ရယ်ချင်သွားမိသည်။ မျိုးမင်းက ဒီလို အတည်ပေါက်နှင့် ရယ်အောင် စနောက်တတ်သူပါ။

သူတို့ တင်ဆက်မှုတွေ ပြီးလို့ နောက်ခန်းထဲ ပစ္စည်းတွေ သိမ်းနေချိန်မှာ သုခဘုံ ရောက်လာခဲ့သည်။

''ဟိုတယ်မှာ ညစာစားပြီးမှ ပြန်ပါလား ရောင်စဉ်''

''ဟင့်အင်း ဟိုတယ်စာတွေကို အမေချက်တဲ့ ဟင်းလောက်





မကြိုက်ဘူး၊ မေမေကလည်း ကျွန်တော် ပြန်လာမှ ထမင်းစားတာဆိုတော့ ကျွန်တော် အချိန်မရပါဘူး''

''ဟာ မင်းကကွာ အားနာစရာကြီး၊ အဲလို မပြောပါနဲ့၊ ကျွေးချင်လို့ကတောင် ကျွေးနေတာ၊ စားလိုက်ရအောင်ပါကွာ နော်''

''မင်း အသာနေစမ်းပါ၊ မင်း ဝတ်ချင်ရင် ကျန်နေခဲ့ ငါကတော့ အိမ်ကို မြန်မြန်ပြန်ရမှ ဖြစ်မှာ''

အလိုက်ကန်းဆိုးမသိသော မျိုးမင်း လက်မောင်းကြီးကို တစ်ချက် လက်သီးနှင့် ထိုးပစ်လိုက်တော့ မျိုးမင်း မျက်နှာကြီး ရှုံ့မဲ့သွားသည်။ သုခဘုံက မနိုးမခန့် မဲ့ပြုံးများနှင့် ရောင်စဉ် မျက်နှာကို တည့်တည့်ကြည့်ကာ

''လေးလေးက ခေါ်တယ်ဆိုရင်ရော ရှင် ဘယ်လိုလဲ''

''ကိုယ့်အလုပ်ရှင် သူဌေးဆိုရင်တော့ မပြောတတ်ဘူး၊ အခုက မင်းပါးစပ်က ပြောတာလေ၊ ချက်ချင်းကြီး ပြောင်းလဲသွားတာမို့ ဆောရီးပဲ''

ဂရုမစိုက်သလို မျိုးမင်း လက်ကိုဖွတ်ဆွဲ၍ ထွက်လာခဲ့သည်။ သူ့ကို ထိပါးခံလိုက်ရလို့ အလုပ်ဖြုတ်လည်း မတတ်နိုင်။ အဲလို အပိုင်စွက် စိုးမိုးခြယ်လှယ်ချင်တာကို မကြိုက်တာ။

''မင်းက ဘယ်လိုဖြစ်တာလဲ ကောင်မလေး အားနာစရာကွာ''



www.burmeseclassic.com

www.burmeseclassic.com



"အားနာစရာ ရှပ်လား၊ မခိုးမခန့် မဲ့ပြုံး ပြုံးနေတာ"

"သူ့ကိုကောလို့ မချိုပြုံး ပြုံးနေတာ ထင်ပါတယ်ကွာ၊ ဒါ... ဘယ်လိုဖြစ်လို့ အလုပ်ရှင် သူဌေးရဲ့တူမကို မင်းက အဲလို ဆက်ဆံရတာ... လဲ၊ မင်းတို့ချင်း အကြောင်းတစ်ခုခုနဲ့"

"ဘာအကြောင်းမှ မရှိဘူး။ ငါ့ကို အချဉ်တစ်ကောင်လို အသုံး... ချချင်တဲ့ ပုံစံမျိုးမို့ ကြည့်လို့မရတာ"

"ဟင် စိတ်ဝင်စားစရာပဲ၊ နည်း နည်းနည်းလောက် ပြော... စမ်းပါ၊ အဲလို မိန်းကလေးမျိုးက ငါ့လိုကောင်ကို အချဉ်ဖမ်းမယ်ဆိုရင်... တစ်သက်လုံးတောင် အဖမ်းခံလိုက်ချင်ပါတယ်ကွာ"

"သောက်ရူး"

ပျစ်ပျစ်နှစ်နှစ် မေတ္တာပို့ရင်း လိုင်းကားပေါ် ရောက်တဲ့အခါ... မျိုးမင်းကို ရှင်းပြလိုက်သည်။ မျိုးမင်းက နားထောင်ရင်းနှင့် မှတ်တိုင်... ရောက်လို့ သူ ကားပေါ်က ဆင်းတော့ ယောင်တောင်တောင်နှင့် ဆင်း... လိုက်လာတာသည်။

"ဟင် မင်းက ရွှေနှစ်မှတ်တိုင်မှ ဆင်းရမှာလေ၊ ဘာလို့... နောက်က လိုက်လာတာလဲ"

"စကားမှ မပြတ်သေးတာကွ၊ မင်းအိမ် ဒီည လိုက်အိပ်မယ်... မင်းအမေလက်ရာလည်း မစားရတာ ကြာပြီလေကွာ ဟဲ ဟဲ"





"အဝတ်"

"အေးပါ မင်းသာ သိတတ်ရင် ခုချိန်ဆို ဟိုတယ်စာ စားနေရ... ပြီ သိလား"

"တော်စမ်းပါကွာ၊ အစားတစ်လုပ်နဲ့ မိန်းမတစ်ယောက် ထိန်း... ချုပ်ကြိုးကိုင်မှာ ခံစရာလား"

"မင်း ဘာလို့ သုခဘုံကို ခါးခါးသီးသီး ဖြစ်နေတာလဲ ဒီလောက်... ချမ်းသာနေတာ၊ အလိုက်အထိုက် ဆက်ဆံပြီး လုံးလိုက်ရင် ပွဲသိမ်းပဲ"

"ပိုင်းလုံးအထာတွေနဲ့ ငါ့ကို နားမချစမ်းပါနဲ့၊ ငါ့ပညာနဲ့ရတဲ့... ငွေကို ငါ ရောင့်ရဲတင်းတိမ်နိုင်တယ်၊ ဘဝကို ရောင်းစားသောက်အောင်... ဒီ အရည်အချင်းမဲ့တဲ့ကောင် မဟုတ်ဘူး"

"အေးပါကွာ အေးပါ၊ စိတ်ဆိုးပြီး ငါ့ကို ထမင်းမကျွေးမှာ... မို့လို့ ငါ ဘာမှမပြောတော့ပါဘူး"

မျိုးမင်း ပါးစပ်ပိတ်ကာ ရောင်စဉ်နောက်က အသံတိတ်လိုက်... ကြသည်။ မိဘမဲ့ဂေဟာလေးရှေ့ကို ရောက်တော့ ရောင်စဉ် ခြေလှမ်း... တွေ တုံ့ခနဲ ရပ်ကာ ခြံဝင်းထဲကို လှမ်းမျှော်ကြည့်သည်။

မျိုးမင်းလည်း ယောင်နနဖြင့် ရောင်စဉ် ရပ်သလို ရပ်လိုက်ရ... သည်။ ထိုအချိန်မှာ ဂေဟာထဲက မိန်းကလေး တစ်ယောက် ထွက်လာ... သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြူ"

"ရောင်စဉ် နည်းနည်းနောက်ကျတယ်နော်"

"အင်း ကားတွေကျပ်လို့ ဖြူရဲ့၊ ဖြူရော အလုပ်တွေ ပြီးပြီလား"

"ပြီးပြီ ကလေးတွေလည်း ဘုရားစာသင်ပေးပြီးလို့ အိပ်သွားကြပြီလေ၊ ဒေါ်ကြီးခင်ထွေးနဲ့ စကားထိုင်ပြောရင်း ရောင်စဉ် ပြန်အလာကို စောင့်ကြည့်နေတာ"

"ဟုတ်လား ကိုယ်လည်း ဒီနားရောက်ရင် အမြဲတမ်း ဖြူကို လှည့်ကြည့်မိတယ်၊ မနက်ကျရင် ဈေးမှာဆုံမယ်နော် ဖြူ၊ ကိုယ် မုန့်ဟင်းခါးဆိုင်လေးက စောင့်နေမယ်"

"ဟုတ်ပါပြီ၊ သွားတော့လေ ရောင်စဉ်၊ အပြန်နောက်ကျလို့ မေမေ စိတ်ပူနေဦးမယ်"

"သွားပြီနော် တာ့တာ"

မျိုးမင်း တအံ့တသြ ဖြစ်သွားသည်။ ကိုယ်မရှိတုန်း ရောင်စဉ်က မိန်းကလေး နှစ်ယောက်နှင့်တောင် ပတ်သက်နေပါလား။

သူ့ခဘုံကို အကြောင်းတင်းတင်း မာနကြီးကြီး ဆက်ဆံပြီး ဒီမိန်းကလေးကိုတော့ လေသံရော အပြုအမူတွေရော နူးညံ့သိမ်မွေ့လွန်းနေပါလား။ သိချင်စိတ်တွေ များနေတာမို့ ခြေလှမ်းသွက်သွက် လှမ်း





သော ရောင်စဉ် လက်တစ်ဖက်ကို ဆောင့်ခနဲ ဆွဲပစ်လိုက်၏။

"ဟ ဘာဖြစ်တာလဲ"

"ဘာဖြစ်ရမလဲ၊ မိန်းကလေးနှစ်ယောက်နဲ့တောင် ပတ်သက်တာ၊ ငါ မနာလို ဖြစ်နေပြီကွ၊ ဒါနဲ့ နေပါဦး သူကရော ဘယ်သူလဲ"

"မဟူရာဖြူ တဲ့၊ အဲဒီဂေဟာမှာနေပြီး ကလေးတွေကို စာပြန်င်ပေးတာယ်၊ ဝေယျာဝစ္စတွေ လုပ်တယ်"

"သူ့ခဘုံလို မဟုတ်ဘူးနော်၊ အဲဒီကောင်မလေးကို ဆက်ဆံတာများနေလားလို့"

"ဖီးလ်လာတာချင်း မတူလို့ပေါ့ကွာ၊ ဖြူက ဘဝအခြေအနေ နိမ့်ကျတာပဲရှိတယ်၊ စိတ်ထားလေးက ရိုးသားဖြူစင်တယ်၊ ပွင့်လင်းယ်၊ မာနကင်းတယ်"

"မဟူရာဖြူကို အဲလောက် အကောင်းမြင်ဝါဒနဲ့ တွေးနေပြီင်တော့ မင်း မဟူရာဖြူ အပေါ် မရိုးသားတော့ဘူး ရောင်စဉ်၊ တ်တယ် မဟုတ်လား"

"ငါ ဝန်ခံပါတယ် ဖြူကို ငါ တန်ဖိုးထားပြီး ချစ်တယ်"

"သူ့ခဘုံနဲ့ အဆင့်အတန်းချင်းက မိုးနဲ့မြေလို ကွာနေတာကွာင်းမို့"

"အချစ်ကို ချိန်ခွင်လျှာနဲ့ ဈေးမဖြတ်စမ်းပါနဲ့ မျိုးမင်းရာ၊



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားက လာတဲ့ခံစားမှုက အရာရာကို ကျော်လွှားနိုင်ပါတယ်"

"မင်း မဟူရာဖြူကို ဖွင့်ပြောပြီးပြီလား"

ခြေလှမ်းမှန်မှန် လျှောက်နေရင်းမှ ရောင်စဥ် ခေါင်းခါသည်

"ဟင့်အင်း အချိန်ကောင်းစောင့်နေတာ၊ အခွင့်အရေး ယူတယ် ထင်မှာစိုးလို့"

"ဒါဆို စိတ်ကူးမလွဲနဲ့ သူခော့ မင်းကို ငြိနေတာ သေချာတယ် မင်း နေ့ချင်းညချင်း သူ့ဗွေးရာထူး ရမှာ"

"မင်းမှာ အဲလို စိတ်ကူး ရှိနေလား မသိပေမယ့် ငါ့မှာတော့ အဲလို စိတ်မျိုးမရှိတာ သေချာတယ် မျိုးမင်း။ ဖြူ ဘဝလေးက အရမ်း သနားစရာကောင်းတယ်၊ ငါတို့ သားအမိနှစ်ယောက်လုံးက ဖြူ လိုအပ် နေတဲ့ မေတ္တာတွေနဲ့ လွှမ်းခြုံပေးချင်တာ၊ ပကာသနတွေထက် မေတ္တာ က ပိုပြီးလုံခြုံနွေးထွေးပါတယ်ကွာ"

ရောင်စဥ် ဒီလောက်တောင် အလေးအနက် ရှိနေတော့ အဓိပ္ပာယ် အနက်ကို မျိုးမင်း နားလည်သဘောပေါက်သွားသည်။

မဟူရာဖြူက ရောင်စဥ်ဘဝထဲမှာ တော်တော် အရေးပါနေပြီ။

■ ■ ■



## အခန်း (၁၁)

"အရေးပါတာတော့ မပြောနဲ့ မောင်မျိုးမင်းရေ၊ ဒီနေ့ သမီး ဖြူ လာမယ်ပြောလို့ တက်ကြွပျော်မြူးနေတာ ကြည့်ပါလား၊ က ဈေးထဲမှာတွေ့ပြီး ဘာတွေပြောလာကြတယ် မသိဘူး"

"ဘာမှမပြောပါဘူး မေမေရဲ့၊ ဖြူကို လာဖြစ်အောင် လာခဲ့ ခဲ့တာပါ"

"ဟုတ်ပါပြီတော်၊ မေမေက အပြစ်တင့်မလို့ မဟုတ်ပါဘူး။ ထမင်းစားပြီးတာတောင် ရောက်မလာသေးတော့ နှစ်အိမ်ကျော်က သမီးလေး စေ့စပ်တောင်းရမ်းတာ ဖိတ်ထားတာ မေမေ သွား ဖြူနဲ့ မတွေ့လိုက်ရမှာစိုးလို့ပါ"

"ဟာ သွားစရာရှိရင် သွားလေ မေမေ၊ ဟို မျိုးမင်းတို့ပါ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သွားလိုက်ပါလား မေမေ''

''အာ ငါနဲ့မသိဘဲ ငါက ဘယ်ကိုလိုက်ရမှာလဲ၊ ဖြူ လာ
တစ်ခုခု ကြံစည်မလို့ ငါ့ကိုပါ ပထုတ်နေတာ မဟုတ်လား၊ လုံးဝ ဘ
မှ မသွားဘူး ဟိတ်ကောင်''

မျိုးမင်းက အရွဲ့တိုက်ကာ ဆက်တီခုံပေါ် ပက်လက်တေ
လှန်ချလိုက်သည်။ ရောင်စဥ်က ဖွတ်အတင်းဆွဲထူတော့ ဒေါ်နှင်းရည်
သဘောတွေကျကာ ပြုံးရယ်နေ၏။

''ထစမ်းပါကွာ သူများအိမ်က မသဒ္ဓါရေစာ စားပြီး အလို
သိစမ်းပါကွာ၊ ငါ ဒီနေ့ ဖြူကို ရည်းစားစကား ပြောမလို့ကွ''

''ဟ အဲလို ရည်ရွယ်ချက်ရှိရင် ပန်းခြံတွေ ရုပ်ရှင်ရုံ
ချိန်းတွေ့ပါလားကွ၊ ဘယ်လိုဟာကြီးလည်း မသိဘူး''

''ဖြူကို တန်ဖိုးထားပြီး လေးလေးနက်နက် ပြောချင်လို့ပေါ့
ပန်းခြံတွေ ရုပ်ရှင်ရုံတွေ ခေါ်သွားပြီး အပျော်အပျက် မလုပ်ချင်ဘ
မေမေလည်း သဘောတူတယ် မဟုတ်လား၊ အိမ်ဖိုးငွေကျေသွာ
ဖြူကို လက်ထပ်ဖို့ သား ငွေစုမယ်နော်''

''သား ဆန္ဒအတိုင်းပါကွယ်၊ ဖြူကို မေမေ့သမီးလေးလို
ပါငယ်၊ ကိုယ်ကျင့်တရားနဲ့ ရိုးသားမှုလေးကိုလည်း မေမေ သဘော
တယ်၊ ကဲ မေမေ သွားမယ်၊ မောင်မျိုးမင်းကိုတော့ သား ရှောင်နိုင်





ရင် ရှောင်နိုင်းပေါ့''

ဒေါ်နှင်းရည်ရို့ ထီးလေးဆောင်းကာ ထွက်သွားတော့ မျိုးမင်း
ကို ရောင်စဥ် ဆွဲထူပြန်၏။ မျိုးမင်းက ဆက်တီခုံကြီးကို ကုတ်ကပ်ဖက်
တွယ်ထားသည်။

''မျိုးမင်း ဝင့်လိုက်မယ်နော်၊ ဟိတ်ကောင် စေ့စပ်ထားပြီးတဲ့
မိန်းကလေးနဲ့တောင် ကွဲနေဦးမယ်''

''ဟာ နိမိတ်ဖတ်တာ ကြည့်စမ်းပါဦး၊ တော်တော် အကျင့်
ယ်တဲ့ကောင်''

အခုမှ မျိုးမင်း ထထိုင်သည်။ ဒါပေမဲ့ နေရာရွှေ့ဖို့တော့ စိတ်ကူး
ပုံမပေါ်။

''မင်း တကယ် စိတ်ဆုံးဖြတ်ပြီးပြီလား ရောင်စဥ်၊ နောက်မှ
နောင်တမရနဲ့နော်''

''ဘာကိုလဲ''

''မဟူရာဖြူကို ရွေးချယ်လိုက်တာကို ပြောတာ၊ သုခဘုံက''

''သုခဘုံကို ငါ မချစ်ဘူး၊ ငါ့ဘဝကို နှလုံးသားနဲ့ပဲ ဆုံးဖြတ်
ချင်တယ်၊ ကိုယ်မချစ်တဲ့ မိန်းမနဲ့ ရွှေပုံပေါ်မှာ စံနေရလည်း စိတ်ချမ်း
သာမှာမှ မဟုတ်တာ''

''အေးလေ ငါက စေတနာနဲ့ ကန့်ကွက်နေမိတာပါ၊ ဒေါ်ဒေါ်

www.burmeseclassic.com



ကလည်း မဟူရာဖြူနဲ့ သဘောတူတယ်၊ မင်းကလည်း အချစ်တစ်ခု… ကျေနပ်လက်ခံနေတယ်ဆိုတော့ အဆင်ပြေသွားရင် ကောင်းပါတယ်… ဒါနဲ့ မဟူရာဖြူက ဒေါ်ဒေါ်ကို ညက မေမေလို့ ခေါ်လိုက်တာလားလို့…

"ဟုတ်တယ် သူ့မှာ မိဘမရှိတော့ဘူးလေ၊ သူ ငါးနှစ်သ… အရွယ်လောက်မှာ အမေ ဆုံးသွားတယ်၊ အဖေက ဘယ်သူမှန်း ဘယ်… မှန်းမသိဘူး၊ သေသလား ရှင်သလားလည်း မသိဘူး၊ အဲဒီကထဲ… အရွယ်လေးကတည်းက မိဘမဲ့ဂေဟာမှာ သူစိမ်းတွေရဲ့ စောင့်ရှောက်… ကြီးပြင်းခဲ့ရတာ"

"သနားတော့ သနားစရာပဲနော်၊ ဒါပေမဲ့ မင်းကို ငါ နားမလည်… နိုင်တာက မဟူရာဖြူက သုခဘုံလောက် မလှဘူး၊ မချမ်းသာ… ဂုဏ်ဒြပ်အသိုက်အဝန်း မရှိဘူး၊ ကိုယ်ချင်းစာနာ သနားလို့ ကူညီထော… ပံ့တာတော့ တစ်မျိုးပေါ့ကွာ၊ အိမ်ထောင်ဖက်အထိတော့ စဉ်းစားရွေး… တာတော့ အရမ်း ပေးဆပ်အနစ်နာခံလွန်းရာ ကျမနေဘူးလား"

မျိုးမင်း စကားတွေက စေတနာနှင့် အလေးအနက် ပြော… မှန်း သိပေမယ့် ရောင်စဉ် ခပ်သွက်သွက်ပင် ခေါင်းခါလိုက်၏။ မျိုး… အနားကိုလည်း ဝင်ထိုင်လိုက်ကာ

"အချစ်ကို ဘယ်သွားထားမှာလဲ မျိုးမင်း၊ ချမ်းသာတာ လှ… ကိုပဲ အိမ်ထောင်ဖက်အဖြစ် ရွေးချယ်မယ်ဆိုရင် ရုပ်ဆိုးပြီး ဆင်း…





…မတွေက ကိုယ့်ကိုယ်ကို သတ်သေရတော့မှာလား၊ သိပ်ဖြူစင်တဲ့ …ယောကျ်ားတစ်ယောက်ရဲ့ အတွေးနဲ့ ပိုင်းလုံး မလုပ်ချင်ဘူး၊ မင်းစေတနာ …နားလည်ပါတယ်၊ ဒါပေမဲ့ မဟူရာဖြူကို သနားတာထက် အချစ် …ကြောင့် ငါ ရွေးချယ်လိုက်တာ"

"သုခဘုံကိုရော"

"အဲဒါကြောင့် ငါ တတ်နိုင်သလောက် ရှောင်နေတာ၊ မိန်းမ …တစ်ယောက် ဘာကြောင့် ချဉ်းကပ်ရောနှောနေတယ်ဆိုတာ ငါ မသိဘဲ …နေပါ့မလား၊ မရိုးသားတဲ့မျက်လုံးတွေ၊ အထာပေးချင်တဲ့ အပြုအမူတွေ …ငါ့ကို ချည်နှောင်ဖို့ ကြိုးစားနေတာ"

"မင်း အဲလိုတင်းလို့ လက်လျှော့သွားမယ်၊ နောက်ဆုတ်သွား …မယ်လို့ရော ထင်လား"

ထိုမေးခွန်းကိုတော့ ရောင်စဉ် ဖြေဖို့ ခက်သွားသည်။ သူ …ယ်လောက်ပြောပြော မာနဖြင့် နောက်ဆုတ်မသွားတာတော့ နားလည်ရ …ပါသည်။ တကယ်ဆို သူမရဲ့ ချမ်းသာကြွယ်ဝမှု ဂုဏ်ဒြပ်၊ အလုပ်ရှင် …သော မာန်မာနနှင့် မချေမငံ ဆက်ဆံတတ်သည့် သူ့ကို အလုပ်ဖြုတ် …တစ်ခုလုံး စိတ်ပြတ်သတ်သွားအောင် လုပ်လို့ရသည်။

အခုတော့

"ဟိတ်ကောင် အိမ်ရှေ့မှာ မဟူရာဖြူ လာနေပြီ ထင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီလေးနဲ့ စကားပြောနေသံ ကြားတယ်ကွ၊ ငါ တကယ်ရှောင်ပေးရမှာလား''

''အလိုက်မသိ တွယ်ကပ်နေချင်လည်း မင်းသဘောကွာ''

''အဲလိုကြီးတော့ မပြောပါနဲ့ ငါ့ကောင်ရ၊ ညကလည်း ငါတို့ စကားပြောနေလို့ အိပ်ရေးပျက်ထားတယ်၊ အပြင်တော့ မထွက်တော့ဘူးကွာ၊ ငါ အခန်းထဲဝင် အိပ်နေမယ်၊ မင်းတို့ ဧည့်ခန်းထဲမှာ အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် စကားပြောကြပါ၊ ဖြစ်တယ် မဟုတ်လား''

''အဲလောက် နားလည်မှုရှိရင် မဆိုးပါဘူး၊ သွားတော့ သွားတော့''

မျိုးမင်းကို တွန်းလွှတ်ချိန်မှာ မဟူရာဖြူ အိမ်ထဲရောက်လာသည်။ လက်ထဲမှာ ကြွပ်ကြွပ်အိတ်လေးဆွဲလာကာ

''ဒီလေးအတွက် စားစရာတွေ ယူလာလို့ ကျွေးနေတာလေ၊ ဒီမှာလည်း ကျန်သေးတယ်၊ သိမ်းထားလိုက်ဦးနော်၊ နောက် သူဆာတော့ ကျွေးလိုက်ပေါ့''

''ကျေးဇူးပဲ ဖြူ၊ အဲဒါကြောင့် ဒီကောင် ဖြူကို စကားတွေ ပြောနေတာ ထင်တယ်''

''ဟုတ်ပ၊ နေကောင်းလား ကျေးဇူးတင်ပါတယ်နဲ့ အဲဒီနှစ်ခွန်းကို ဆက်တိုက်ပြောနေတော့တာပဲ၊ ဒါနဲ့ မေမေကိုရော မတွေ့ပါလား''





''ထိုင်ဦးဖြူ မေမေက နှစ်အိမ်ကျော်က မိန်းကလေးတစ်ယောက် ...ပ်ပွဲရှိလို့ သွားတယ်၊ ဖြူကိုတောင် ထမင်းစားချိန် အမီ လာမလား ...ဦး စောင့်နေသေးတာ''

''ဒီနေ့ ကလေးတွေကို ကုသိုလ်ရှင်တွေက ထမင်းကျွေး ...ောင်ပေးနဲ့ ဒါနပြုတဲ့ အလှူပွဲလေးရှိတော့ မအားဘူးလေ၊ အလှူရှင် ...မ မငြိုငြင်အောင် ဂရုစိုက်လုပ်ပေးနေရတာပေါ့၊ သူတို့က သဒ္ဓါပေါက် ...က်နဲ့ ငွေကုန်ခံပြီး ကုသိုလ်လာယူကြတာ မဟုတ်လား''

''ကိုယ်လည်း တစ်နေ့နေ့တော့ မတည်ငွေလေး လှူရင်းနဲ့ ...လိုလေး လှူဒါန်းဖို့ စိတ်ကူးထားတယ်၊ အခုက အိမ်ဖိုးငွေပေးဖို့ ...နေသေးလို့လေ''

''စေတနာပါရင် ဖြစ်လာမှာပါ၊ ပကာသနနဲ့ ကမ္ဘည်းထိုးလှူဒါန်း ...ထက် မရှိဆင်းရဲ မိဘမဲ့ကလေးတွေကို ကျွေးမွေးထောက်ပံ့တာက ...ဦး ကုသိုလ်ရပါတယ်''

မဟူရာဖြူက လောကဓံရဲ့ အထုအထောင်းခံရမှုကြောင့် ရင့် ...က်နေကာ သူ့ကို နားလည်အောင် ရှင်းပြနေသည်။ အလေးအနက် ...ထောင်ရင်းနှင့် မဟူရာဖြူဘက်က ဆက်တိုခုံမှာ ပြောင်းရွှေ့ထိုင်လိုက် ...်။

ပြောချင်သော စကားတွေ ရင်ထဲပြည့်နေသော်လည်း ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



စပြောရမှန်းမသိ ဖြစ်နေသည်။

"ဖြူ"

"ဟင်"

ညှို့သက်တိုးတိတ်လွန်းသော ခေါ်သံကြောင့် မဟူရာဖြူက ဟင်ခနဲ သူ့ဘက် လှည့်ကြည့်၏။ လက်ဖဝါးချင်း ပွတ်လျက် သူ ချွေးပြ နေသည်။ ရင်ထဲမှာ အဆင်သင့်ရှိနေသော ချစ်စကားတစ်ခွန်းကို ပြော ထွက်ဖို့ အဲလောက် ခက်ခဲနေတာ အံ့သြစရာပင်။

"ရောင်စဉ် ပြောစရာရှိနေတယ် ထင်တယ်၊ ဘာပြောမှာလ ပြောလေ"

"ဟို အဲ အဲဒါ"

တိုက်တွန်းနေတာတောင် လျှာဖျားမှာ ခလုတ်တိုက်နေသည် ဖြူမျက်နှာလေးကို မော့ကြည့်ဖို့တောင် မဝံ့မရဲနှင့် တော်တော် အားတင် ရ၏။

"ကိုယ် ကိုယ် စကားကို အလေးအနက် နားထောင်ပေး ဖြူ။ ဒီလို စကားမျိုး ကိုယ် ဘယ်သူ့ကိုမှလည်း မပြောဖူးပါဘူး"

"ကဲ ဒီလူနဲ့ဒီလူ မိသားစုတွေ ဖြစ်နေပြီဆို၊ စကားတွေ ဒီ လောက် ပလ္လင်ခံနေစရာလား၊ ပွင့်ပွင့်လင်းလင်း ပြောပါ ရောင်စဉ်ရယ် ရောင်စဉ် ဘာအခက်အခဲ ရှိလို့လဲဟင်"





"ဟို ဖြူ ဖြူကို ကိုယ် ချစ်တယ်"

"ဟင် ရောင် ရောင်စဉ်"

အံ့အားသင့်သွားသလို မဟူရာဖြူ မျက်ဝန်းလေးတွေ ဝိုင်းဝိုင်း လည်သွားသည်။ ပြီးမှ သူ့ကိုကြည့်နေသော မျက်ဝန်းအိမ်မှာ မျက်ရည်စ တွေ ပြည့်လျှံသိပ်သည်းနေ၏။ တဆတ်ဆတ် တုန်နေသော နှုတ်ခမ်းဖျား လေးတွေက ဘာတွေများ ပွင့်အံထွက်ချင်လို့လဲ။

ငြင်းဆန်မလား၊ လက်ခံမလား ဒီနှစ်ခုပဲ တွေးထားမိတာမို့ သူ ဘာလုပ်ရမှန်းမသိ ပျာယာခတ်ကာ

"ဖြူ ဖြူ ဘာလို့ ဝမ်းနည်းသွားလို့လဲ ဖြူရယ်၊ ကိုယ်ပြောတာ လက်မခံနိုင်ဘူးဆိုရင် အားမနာတမ်း ငြင်းနိုင်ပါတယ်၊ ကိုယ် ကိုယ် အရမ်းမျိုသိပ်နေခဲ့တာပါ၊ အခု ဘယ်လိုမှ မနေနိုင်တော့လို့ ကိုယ့်ကို နားလည်ပေးပါ ဖြူရယ်၊ ဟိုလေ ကိုယ်က"

"ဟင့်အင်း အဲလောက်ကြီး ရှင်းမပြပါနဲ့ ရောင်စဉ်၊ ဖြူ ဖြူ တခြားကြောင့် ဝမ်းနည်းသွားတာ မဟုတ်ပါဘူး၊ ဖြူလို မိန်းကလေးကို အဲလိုတန်ဖိုးထားမယ် မထင်လို့ပါ"

"ဖြူရယ် ဘာလို့ အဲလောက်တောင် ကိုယ့်ကိုယ်ကို နှိမ်ချပြီး တွေးထားရတာလဲ၊ မိတ်မဲ့ဆိုပေမယ့် လူတစ်ယောက်ပဲလေ၊ သူ့တန်ဖိုးနဲ့ သူ ရှိနေတာ သိမ်ငယ်စရာလား ဖြူရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ဖြူ့ဘဝလေးကို သနားလို့ မိသားစုမေတ္တာတွေ ပေးပြီး စာနာထောက်ထားရုံလေးပဲလို့ ဖြူ ထင်ခဲ့တာပါ"

"ကိုယ့်မျက်ဝန်းအကြည့်တွေကို ဘာသာမပြန်တတ်တာ ဖြူ ရိုးသားလွန်းတာပဲ၊ အဲလိုပြောလို့ ကိုယ့်ဘက်က မရိုးသားစိတ်နဲ့ ဖြူ့ကို အခွင့်အရေးယူခဲ့တာ မဟုတ်ဘူးနော်၊ ဖြူ့ကို ကိုယ့်ရင်ထဲက တကယ် တန်ဖိုးထားပြီး ချစ်ခဲ့တာပါ"

ဖြူ အသံတိတ်ကာ မျက်နှာလေး ငုံ့လျှိုးနီမြန်းနေသည်။ ရောင်စဉ် မငံ့မရဲနှင့် သူမ လက်ကလေးကို ဖွဖွလေး ထွေးဆုပ်လိုက်၏။ ဖြူ မရုန်းဖယ်ပေမယ့် လွန့်လွန့်ဖြစ်ကာ မျက်ဝန်းညိုလေးများ ပင့်မော့လာသည်။

"ဖြူ ရင်ထဲက အဖြေကို ကိုယ် ပွင့်ပွင့်လင်းလင်း သိချင်ပါတယ်၊ ကိုယ့်အချစ်ကို ဖြူ လက်ခံတယ် မဟုတ်လားဟင်"

မသိမသာ ခပ်လေးလေး ခေါင်းညိတ်ပြတော့ ရောင်စဉ် အား မလိုအားမရ ဖြစ်ကာ ဖြူ လက်ဖဝါးနုနုလေးကို ဖျစ်ညှစ်ပစ်လိုက်မိ၏။

"စကားအလွန်တတ်တဲ့ ကောင်မလေးပါ၊ ပါးစပ်က တိတိကျကျ အဖြေပေးပါ ဖြူရယ်၊ ကိုယ့်ကို ချစ်တယ်မဟုတ်လားဟင်"

"ရောင်စဉ်နော် ဝေ့လည်ကြောင်ပတ်နဲ့ လောဘကြီးလွန်းနေပြီ ထင်တယ်၊ ရောင်စဉ်အချစ်ကို လက်ခံလားလို့ သိချင်တာလား၊ တစ်ခါ





ည်း အဖြေလိုချင်နေတာလား"

"နှစ်ခုလုံးပဲ၊ တစ်ခါတည်း သိရတော့ ပိုကောင်းတာပေါ့၊ လက်ခံ တယ်ဆိုရင် အဖြေဘယ်ချိန်ပေးမလဲဆိုတာ မျှော်လင့်နေရဦးမယ်၊ အခု စ်ခါတည်း အဖြေပေးတော့ ကိုယ့်အတွက် ဖြူနဲ့ လက်ထပ်ဖို့ ကြိုးစား နိုရတာပေါ့"

"ရောင်စဉ်ရယ်၊ ဖြူ့ကို အဲဒီလောက်အထိတောင် တွေးထား ပြီပေါ့"

သိမ်ငယ်မှုစွန်းသော အသံလေးက အဖျားခတ်တုန်ယင်လျက် သုံမရဲ ဖြစ်နေသေးဟန်တူသည်။ အရဲကိုးကာ ဖြူ ပခုံးကို ဖွဖွထွေး ာ်လိုက်ပြီး

"ဖြူ့ကို နှုတ်က ထုတ်ဖော်ပြောလို့မရအောင်ကို တန်ဖိုးထား ပါတယ် ဖြူရယ်၊ ဖြူ့ အချစ်ကိုသာ ရမယ်ဆိုရင် ကိုယ့်မှာ ဒီထက်ပိုပြီး န်အားတွေ ပြည့်လာမှာပါ၊ မေမေ့ကိုလည်း ပြောထားတယ်၊ အိမ်ဖိုး ွေကျေပြီဆိုရင် ဖြူ့ကို လက်ထပ်ဖို့ ငွေစုမယ်လို့"

"ဟင် မေမေလည်း သိပြီးပြီလား"

"အင်းလေ ကိုယ့်မှာ တိုင်ပင်စရာဆိုလို့ မေမေပဲရှိတာ၊ မေမေ ဲ့ အရင်ဆုံးတိုင်ပင်ရတာပေါ့"

"မေ မေမေက ဘာပြောလဲဟင်၊ ဆွေမရှိမျိုးမရှိ နိမ့်ကျတဲ့



www.burmeseclassic.com

www.burmeseclassic.com



အဆင့်အတန်းကဆိုပြီး ကန့်ကွက်သေးလား၊ ဟို ရောင်စဥ် ဖွတ်ပြောလို့ လက်ခံလိုက်တာလား''

''စိုးရိမ်ရပြန်ပြီ ဖြူရယ်၊ ဖြူကို မေမေ ဘယ်လောက်ချစ်တယ်ဆိုတာ မသိဘူးလား၊ သမီး ချွေးမလေးကို ကြည်ကြည်ဖြူဖြူ လက်ခံပေးတာပါ၊ ကဲ အားလုံး အဆင်ပြေနေပြီကို ကိုယ့်ကို အဖြေပေးတော့ ကွာ''

''ဖြေနေစရာ လိုသေးလား၊ လူတစ်ကိုယ်လုံး သူ့ရင်ခွင်ထဲ ရောက်နေပြီကို''

''ဟာ ဟုတ်ပါ့ အခုမှ တကယ်သိတာ၊ ဝမ်းသာလိုက်တာ ဖြူရယ်၊ ကိုယ့်ဘဝ တောင့်တစရာ မလိုအောင် ပြည့်စုံပြီ သိလား ကိုယ် အလုပ်တွေ ကြိုးစားမယ်၊ ဖြူကို လက်ထပ်မယ်၊ အရမ်းပျော်ရွှင် နွေးထွေးမှုရှိတဲ့ မိသားစုဘဝလေးကို ဖြူ ရစေရပါမယ်၊ ကိုယ် ကတိ ပေးတယ်နော်''

''ယုံပါတယ် ရောင်စဥ်ရယ်၊ ဖြူ ယုံပါတယ်''

ဆန္ဒကိုယ်စီ ရင်ဖွင့်ပြီးပြီမို့ စကားသံတွေ တိခနဲ ပြတ်တောက် လျက် ရင်ခုန်သံတွေ ဆူညံကာ အနမ်းတွေ ဆင့်ကဲသွားသည်။

ဖြူအတွက်တော့ နိဗ္ဗာန်ဘုံလေး အလား...။

■ ■ ■



## အခန်း (၁၂)

ဟိုတယ်အရောက်မှာ မန်နေဂျာ ကိုမျိုးက ရောင်စဥ်တို့အနား လျှောက်လာသည်။ အကြောင်းတစ်ခုခုကြောင့်ဆိုတာတော့ သေချာ၏။

''တင်ဆက်မှုကို အချိန်ကျရင် မျိုးမင်း တစ်ယောက်တည်း လုပ်ပါစေတဲ့၊ ဒီနေ့ ကြားရက်မို့ ဧည့်သည်လည်း ပါးတယ်လို့ ပြောပါတယ်၊ သူဌေးက ရောင်စဥ်ကို အထူးဧည့်ဆောင်ကို လာခိုင်းထားတယ်''

''ဗျာ ဘာကိစ္စရှိလို့လဲ''

''မသိပါဘူးကွာ၊ မင်း ရောက်ရောက်ချင်း လွှတ်လိုက်ဖို့ ပြောတာပဲ''

''အာ ဘယ်လိုကိစ္စမို့လဲဗျာ၊ ပရိသတ်ကို စော်ကားသလို ဖြစ် တော့မှာပဲ၊ မျိုးမင်း ဟာသနဲ့ ပရိသတ်ကို ဆွဲထားလို့ ရတယ်ဆိုပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



အချိန်ပြည့်ဆိုရင်တော့ ဘယ်ကောင်းမလဲ''

"အေး ဒီကိစ္စက ငါတင်ပြလို့လည်း မရဘူး။ မင်း ဆင်ခြေပေး လို့လည်း မရဘူး။ အရေးကြီးကိစ္စမို့ နေမှာပါ။ သူဌေး အထူးဧည့်ဆောင် မှာ စောင့်နေတယ် သွားလိုက်တော့''

"ကဲ မျိုးမင်း ပညာကုန်သုံးပြီး ပရိသတ်ကို ထိန်းထားပေတော့ သူဌေးနဲ့တွေ့ပြီးရင် ငါ ပြန်လာခဲ့ပါ့မယ်''

"အေးပါကွာ နောက်ဆံတင်းမနေနဲ့ ငါ ကြည့်လုပ်လိုက်မယ် ဧည့်ဝိဒ် ဒိုလေးကို ငါ ထုတ်မသုံးတော့ဘူးနော်၊ ငါ အဲဒါ မနိုင်ဘူး''

"အိုကေ မင်းအဆင်ပြေသလိုလုပ်''

မျိုးမင်းကို သေချာမှာပြီး ဟိုတယ်အတွင်းက ပြန်ထွက်လာ ခဲ့ရသည်။ အထူးဧည့်ဆောင်က ရေကူးကန်ဘက်မှာရှိပြီး အထူးဧည့်သည် တွေအတွက် လျှို့ဝှက်ဧည့်ဆောင်လို့လည်း ပြောလို့ရ၏။

အလူမီနီယံ မှန်ကြီးတွေ ပတ်ပတ်လည် ကာရံထားသော ဧည့် ဆောင်က ရေကူးကန်နှင့် ပြင်ပရှုခင်းတွေကို လှပခန့်ထည်စွာ မြင်တွေ့ နိုင်၏။ လှူဝင်လိုက်သည်နှင့် မှန်တံခါးများက သူ့အလိုလို ပွင့်သွားသည်။

တကယ့် ခမ်းနားမှုပါ။ ဟိုတယ်ကြီး တစ်ခုလုံး ကွန်ပျူတာတွေ နှင့် ထိန်းချုပ်ထားတာမို့ နိုင်ငံတကာ အဆင့်မီ ဟိုတယ်ကြီးဟု တင်စား ခေါ်ဝေါ်ကြသည်။





"လာ ထိုင် မောင်ရောင်စဉ်၊ ဒီနေ့ နောက်မကျပါလား''

"ဟုတ်ကဲ့ တင်ဆက်ဖို့တော့ အချိန်မီ သွားရမယ် ထင်တယ်၊ မျိုးမင်း တစ်ယောက်တည်း ဖြစ်မှာမဟုတ်ဘူး''

"ထားလိုက်ပါ နောက်နေ့ကစပြီး တခြားဆရာတစ်ယောက်နဲ့ မျိုးမင်းတွဲလုပ်လိမ့်မယ်''

"ဗျာ ကျွန်တော့်ကို အလုပ်ဖြုတ်လိုက်တာလား''

ပျာပျာသလဲနိုင်သွားသော သူ့ရဲ့မေးခွန်းအတွက် ဦးဗလဇော် ဆိုဖာခုံကို သက်တောင့်သက်သာ မှီကာ တဟင်းဟင်း ရယ်သည်။ အလုပ်ဖြုတ်ခံရတာ ဝမ်းမနည်းပေမယ့် အံ့အားသင့်မိတာတော့ အမှန်ပင်။

"ဟုတ်တယ် မင်းကို မျက်လှည့်ဆရာအဖြစ်က အလုပ်ဖြုတ် လိုက်တာ၊ ဒါပေမဲ့''

"ကျွန်တော် နားလည်ပါတယ်၊ သုခဘုံကို မချေမင် ဆက်ဆံ ခဲ့တာကြောင့် မဟုတ်လား''

"မဟုတ်ဘူးကွ မျက်လှည့်ဆရာ အဖြစ်က အလုပ်ထုတ်လိုက် တယ် ဆိုပေမယ့် မင်းကို တခြားရာထူး ပေးချင်လို့ပါ''

"ဗျာ''

"မင်းအခုအလုပ်ထက် ဝင်ငွေနှစ်ဆကောင်း ရမယ်၊ တာဝန် ကြီးတယ်ဆိုပါတော့ကွာ''



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ဘာအလုပ်လဲ အန်ကယ်"

"ဒီဟိုတယ်ရဲ့ အုပ်ချုပ်မှုအပိုင်းပေါ့"

"ဟာ မ မဖြစ်ဘူး အန်ကယ်၊ ကျွန်တော့်မှာ ဘာအတွေ့အကြုံ မှ ရှိတာ မဟုတ်ဘူး"

"အတွေ့အကြုံ မရှိတာက သင်ယူလိုက်ရင် ခဏလေးနဲ့ ကျွမ်း ကျင်မှု ရှိသွားမှာပါ၊ ပညာဆိုတာ သင်ယူရတာလေ၊ ဘယ်သူမှ တတ် မြောက်ပြီးသား မရှိပါဘူး"

ရောင်စဉ် ခေါင်းခါရင်းနှင့် စိတ်တွေ လေးလံသွား၏။ ဦးဗလဖော် ဘာကြောင့် ဒီလောက်တောင် တိုက်တွန်းနေတာလဲ။

"ကျွန်တော့် ပညာနဲ့ပဲ အေးအေးဆေးဆေး လုပ်ကိုင်စားချင် ပါတယ် အန်ကယ်၊ ကျွန်တော် မတတ်တဲ့ ပညာနဲ့ မနိုင်ဝန် မထမ်းချင် ဘူး၊ ကျွန်တော် ဝါသနာလည်း မပါလို့ပါ"

"ဒါဆို ဒီမျက်လှည့်ပညာထက် အဆင့်အတန်း မြင့်တဲ့ လုပ်ငန်း တစ်ခုခုကိုရော စိတ်ဝင်စားမှု မရှိဘူးလား"

"ကျွန်တော့်ပညာကို အဆင့်အတန်း မရှိဘူးလို့ ပြောချင်တာ လား အန်ကယ်"

"နိုး နိုး အဲလို မဟုတ်ပါဘူး မောင်ရောင်စဉ်၊ လူဆိုတာ အမြင့်ကိုပဲ မှန်းချင်ကြတာလေ၊ ဘာရရင် ဘာလုပ်မယ်ဆိုတဲ့ မျှော်လင့် ချက်တွေလည်း ရှိတယ် မဟုတ်လား၊ အန်ကယ်က မင်းကို မြေတောင် မြှောက် ပံ့ပိုးပေးချင်တာပါ"

ဘာဖြစ်လို့လဲဟု မေးလိုက်လျှင် စေတနာကို စော်ကားရာ ရောက်တော့မည် ထင်သည်။ အားနာပြီး လက်ခံလိုက်လျှင် ဘာတွေဖြစ် သွားမလဲ၊ စိတ်တွေ မွန်းကျပ်ကာ ဝိတ်တာလေး လာချပေးသော အအေး ခွက်ကို ငုပ်ခနဲ မော့သောက်ချလိုက်သည်။

နှုတ်ဆိတ်နေသော သူ့ကို ဦးဗလဖော် လက်လျှော့ချင်ဟန် မတူ။

"မင်းအမေနဲ့ တိုင်ပင်ချင်သေး၊ စဉ်းစားချင်သေးလား မောင် ရောင်စဉ်၊ လိုအပ်ရင် အန်ကယ် ကိုယ်တိုင် လိုက်ပြောပေးပါ့မယ်"

"ဟင့်အင်း အဲလောက်ထိ မလိုပါဘူး အန်ကယ်၊ ကျွန်တော့် အသာ ဆုံးဖြတ်လို့ ရပါတယ်၊ ကျွန်တော့် ဆုံးဖြတ်မှုကိုပဲ မှန်တယ်လို့ အမေက လက်ခံမှာပါ၊ ကျွန်တော် အန်ကယ်ပေးတဲ့ အခွင့်အရေးကို လက်မခံချင်လို့ မဟုတ်ပါဘူး၊ မတန်မရာကို မှန်းပြီး စိတ်အပင်ပန်း မခံချင်တာ"

ရောင်စဉ် ပြတ်ပြတ်သားသား ငြင်းနေတော့ ဦးဗလဖော် အခက် တွေ့သွားသည်။ ကိုယ်က အတင်းအကျပ် တိုက်တွန်းနေလျှင် ရောင်စဉ် အမြီးတစ်မည် အထင်လွဲသွားနိုင်သည်၊ ကိုယ် လက်ကမ်းပေးနေသည့်





ဗျူး၁၁၄၆

www.burmeseclassic.com

www.burmeseclassic.com



အခွင့်အရေးတွေကို ပုတ်ချနေတော့ ဘယ်လိုလုပ်ရမလဲ။ ရိုးသားမှုနှင့် မာနကြီးတာ လေးစားစရာ ကောင်းပေမယ့် ဘုံအတွက် စိတ်မကောင်း ဖြစ်ရသည်။

ဘုံလေး ဆန္ဒတွေကိုဖြည့်ဆည်းပေးချင်လွန်းလို့ ဒီလောက်ထိ စိတ်တွေလျှော့ပြီး လိုက်လျောပေးနေတာပါ။

ကိုယ့်ဩဇာ အာဏာကို အမြဲလိုလွန်ဆန်နေတတ်တာ ရောင်စဉ်ကို ခွင့်မလွှတ်ချင်။

"ကဲ မင်းကို အန်ကယ် စဉ်းစားဖို့ အချိန်ပေးပါ့မယ်၊ မင်း သေချာ အချိန်ယူစဉ်းစားပေါ့၊ လောဘမရှိတဲ့ လူငယ်တစ်ယောက်ဟာ ဘယ်တော့မှ မကြီးပွားနိုင်ဘူးကွ၊ ရတဲ့ အခွင့်အရေးကို အသုံးမချတတ် တာလည်း လူပိန်းတစ်ယောက်ပဲ၊ ကိုယ့်ပညာအပေါ် မာနကြီးပြီး ရောင့် တင်းတိမ်တာ အနာဂတ်အတွက် မကောင်းပါဘူး၊ အန်ကယ် ပြောတာ တွေ မင်း သဘောပေါက်ရဲ့လား"

သူ ခေါင်းညိတ်ပြတော့ ဦးဗလဇော် သက်ပြင်းရှိုက်ကာ

"အခု မင်း သွားလို့ရပါပြီ၊ သေချာစဉ်းစားပြီးရင် အန်ကယ့်ကို အကြောင်းပြန်ပါ"

"ဟုတ်ကဲ့ အန်ကယ်၊ အန်ကယ့် စေတနာတွေအတွက် ကျေးဇူး တင်ပါတယ်"



ရောင်စဉ် ပြန်ထွက်သွားပြီး ခဏအကြာမှာ သုခဘုံ ကဗျာ ဘယာ ဝင်လာသည်။

"ဘာတဲ့လဲ လေးလေး၊ ရောင်စဉ် လက်ခံလား"

"ဟင့်အင်း လေးလေး ထင်တဲ့အတိုင်းပဲ၊ ရောင်စဉ် ငြင်းသွား တယ်"

"ဟင် လေးလေး သေချာမပြောပြလိုက်ဘူးလား"

"ဘုံ ဖြစ်ချင်တဲ့ဆန္ဒပဲ၊ မပြောဘဲနေမလားကွယ်၊ သူ စဉ်းစား ပြီးမှ အဖြေပြောင်းချင်လည်း ပြောင်းလိမ့်မယ်"

"တောက် အရှုံး"

မကျေမနပ်ဖြင့် ခြေဆောင့်ကာ ကျိန်ဆဲလိုက်မိ၏။ ဘာအားကိုး ရောင်စဉ် ဒီလောက်တောင် မာနကြီးနေရတာလဲ။

ဘယ်လောက်တောင် ကြွယ်ဝချမ်းသာနေလို့လဲ။

"ဘုံက ရောင်စဉ်မှာ အဲလို မာနရှိတာကို သဘောကျတာ မဟုတ်လား၊ တစ်ခါတည်း တစ်ကြိမ်တည်းနဲ့ ဘယ်ရောင်စဉ် အစစ် ဖြစ်ပါ့မလဲကွယ်၊ သူ လက်ခံလာတဲ့အထိ လေးလေးတို့ အချိန်တစ်ခုကို စောင့်ကြတာပေါ့၊ တကယ် အခက်အခဲ ဖြစ်လာရင် လူတွေရဲ့စိတ်တွေ ပြောင်းလဲသွားတတ်ကြပါတယ်"

"မပြည့်စုံဘဲနဲ့တောင် မာနကြီးနေတာ၊ ဒီထက် ခက်ခဲစရာ

www.burmeseclassic.com



ရှိသေးလို့လား''

''အခက်အခဲဆိုတာ ရှိအောင်လုပ်ရင် ရှိတာပေါ့၊ သူ ပြောတယ် မဟုတ်လား၊ အိမ်ဖိုးငွေချေဖို့ လိုသေးတယ်ဆိုတာ''

''ဟုတ်ကဲ့ အဲဒါ ဘာဖြစ်လို့လဲ''

''အဲဒီငွေအတွက် အနက်ကယ့်ဆီမှာ သူ ငွေစုထားတယ်၊ မနက် ဖြန် လစာထုတ်ရင် ငါးသိန်းဖြစ်သွားပြီ၊ သူက နေ့စဉ် ညေသည်တွေ ဘောက်ဆူးချတာနဲ့ ချွေတာစားသောက်ပြီး လစာစုထားတဲ့ သဘော''

''အဲဒီတော့''

''သူက ပြောတယ်၊ အဲဒီ ငါးသိန်းကိုထုတ်ပြီး အိမ်ဖိုးငွေ တစ်ရစ် ဆပ်လိုက်ချင်တယ်တဲ့''

''အာ လေးလေးရာ၊ လေးလေးပြောတာ ဘုံ နားမရှင်းဘဲ ရှုပ်နေပြီ ဘာလုပ်မှာလဲ၊ လေးလေးက အဲဒီငွေကို ထုတ်မပေးဘဲ ရောင်စ ကို အကျုပ်ကိုင်မလို့လား''

ဘုံက စိတ်မရှည်သလို အလောတကြီး ဖြစ်နေသည်။ ဖွတ် ရွှတ် ဉာဉ်နှင့် လိုချင်တာကို ရအောင်လိုချင်သည့် လောဘက ငယ်ကျ တစ်ခုလို အရိုးစွဲနေခြင်းပင်။

ငယ်စဉ်ကတည်းက လိုချင်တာ မရလျှင် ဘယ်လောက် ဖျောင်းဖျနှစ်သိမ့်ပြီး ချော့ချော့ အငိုရပ်ခဲ့သည့် ကလေးမဟုတ်။





ကိုယ်ကသာ ဘုံလေး လိုချင်တာကို ဖြစ်အောင် လုပ်ပေးခဲ့ရ တာ။

''ဘုံ ခဏထိုင် လေးလေး ပြောတာ အေးအေး နားထောင်၊ အဲဒီလောက် ငွေလေးကို ထုတ်မပေးဘဲ အကျုပ်ကိုင်ရအောင် လေးလေး က ကလေးလား၊ လေးလေးတို့အတွက် ဒီငွေက ဘာမှမပြောပလောက် ပေမယ့် သူတို့အတွက်တော့ အဲဒီလောက်ငွေက အရမ်းတန်ဖိုးကြီးတာ သမီးရဲ့ သူ့ကို ငွေထုတ်ပေးပြီးတဲ့ အချိန်မှ အဲဒီငွေကို ပျောက်ပျက် အောင် လုပ်ရမှာပေါ့''

''အင်း လေးလေးမှာ တပည့်တွေ ရှိသားပဲ၊ ဒါပေမဲ့ မျက်လှည့် ဆရာကို ခါးပိုက်နှိုက်လုပ်ဖို့တော့ မလွယ်ဘူးနော်''

''ဒါက လေးလေးကိစ္စပါ၊ ဘုံ စိုးရိမ်နေလို့ လေးလေးက သိ အောင် ပြောတာပါ၊ ဘာပဲဖြစ်ဖြစ် ရောင်စဉ် အခိုက်အတန့်တော့ အခက် အခဲ ဖြစ်သွားမှာပဲလေ၊ အဲဒီအချိန်မှာ လေးလေးတို့ လုပ်သင့်တာ ကြည့်လုပ်ကြတာပေါ့၊ အားနာစရာကိစ္စတွေ ခဏ ခဏဖြစ်လာရင် လိုက် လျောလာမှာပေါ့ မဟုတ်ဘူးလား''

ကိုယ့်အစီအစဉ်နှင့်ကိုယ် ဦးဗလဖော် ပြုံးလိုက်မိသည်။

ဘုံလေးအတွက်ဆို ဘာပဲလုပ်ရ လုပ်ရ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"ဦးဗလဖော်က မင်းကို ဘာပြောလိုက်တာလဲ"

"မျက်လှည့်အလုပ်ကို မလုပ်ရဘူးတဲ့"

"ဘာ"

"ဟိုတယ်ရဲ့ အုပ်ချုပ်မှုအပိုင်းမှာ တာဝန်ပေးချင်တာလို့ ပြော တယ်၊ လစာ နှစ်ဆတိုးပေးမယ်တဲ့"

"ဟ ကိုယ်နဲ့ဘာမှမဆိုင်တာကြီးကို၊ ဘယ်လိုသဘောကြောင့် လဲ"

မျိုးမင်းတောင် နားမလည်နိုင်ဖြစ်ကာ ခြေလှမ်းတွေ ရပ်သွား သည်။ ရောင်စဉ်လည်း ကားမှတ်တိုင်က ထိုင်ခုံတန်းလေးမှာ ထိုင်ချပြီး သက်ပြင်းရှိုက်မိသည်။

"မနေ့က အဲဒီကိစ္စ မေမေကို တိုင်ပင်တော့ အခွင့်အရေး



ကောင်းပဲ ဘာလို့ငြင်းလိုက်တာလဲလို့ ပြောတယ်၊ မေမေက ဒီအလုပ်ထက် ကို ရာထူးဂုဏ်ဒြပ်နဲ့ အဆင့်အတန်းမြင့်မြင့် မြင်ချင်လို့ ပြောတာပါ၊ ကိုယ့်အိမ်ထောင်သက်နဲ့ သားသမီးတွေအထိ ဂုဏ်ရှိမယ်တဲ့လေ"

"အဲဒါတော့ ဟုတ်ပါတယ်၊ ငါတို့အလုပ်က ဦးဗလဖော် ဟိုတယ် ထို့ လစာလည်းရ၊ ဘောက်ဆူးလည်းရပြီး အဆင်ပြေနေတာပါ၊ အပြင် မှာ လုပ်စားရင် ဘယ်မှာ ထည်ထည်ဝါဝါ ရှိလို့လဲ၊ ကမ္ဘာကျော်အောင် လုပ်နိုင်ရင် ဒီလိုပဲ ချာချာလည်နေမှာ"

"ငါလည်း တွေးမိတယ်၊ ဒါပေမဲ့ ငါ့အပေါ် ဦးဗလဖော် ဘာလို့ ဒီလောက် ကောင်းပြနေတာလဲ၊ သူ့ခဘုံကြောင့်"

"အာ တူမအတွက် မင်းအပေါ် ကောင်းပြရအောင် ဦးဗလဖော် အလောက် အရှက်မနည်းလောက်ပါဘူး၊ ပတ်သက်မိရင်တောင် သားရေ အိမ် သားရေနားစားတယ်ဆိုပြီး အလုပ်ဖြုတ်ပစ်မှာ အသေအချာပဲ"

မျိုးမင်း ပြောတာလည်း ဖြစ်နိုင်သည်။ အဆင့်အတန်း မတူ သော သူ့ကို တူမကြောင့် အရေးပေး ဆက်ဆံစရာလိုသလား။

တကယ်ကို သူ့ဘဝမြင့်မားဖို့ စေတနာသန့်သန့်နှင့် ကူညီ ဖေးမလှာပေးချင်တာလည်း ဖြစ်နိုင်သည်၊ သူလည်း ဟိုတယ်ကြီးအတွက် ကျေးဇူး အများကြီး ပေးနေတာပဲလေ။

"မင်း လက်ခံမှာလား ရောင်စဉ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်အင်း ငါ့ကို စဉ်းစားဖို့ အချိန်ပေးထားတယ်၊ ဖြူနဲ့တိုင်
ကြည့်ဦးမယ်ကွာ"

"မနေ့ညက ဖြူနဲ့မတွေ့ဘူးလား။ မင်း အိမ်ပြန်တိုင်း
လေးရှေ့က စောင့်နေတတ်တာပဲ"

"တွေ့ပါတယ်၊ အဲဒီအကြောင်းတော့ မပြောဖြစ်ဘူး။ မ
ဦးဗလဖော် ပြောပြီး ငါလည်း စိတ်မပါတာနဲ့ စင်ပေါ်တောင် မတက်
ဘဲ အိမ်ပြန်သွားခဲ့တာ"

"အေးလေ မနေ့က မင်းစင်ပေါ် မတက်တော့ ပရိသတ်
ကို တော်တော်လေး ထိန်းလိုက်ရတယ်၊ ငါလည်း တစ်ခုခုကြောင့်လို့
ထင်ပါတယ်၊ စဉ်းစားမယ်ဆိုလည်း စဉ်းစားဦးပေါ့ကွာ၊ ကိုယ့်တဝ ဒီ
မြင့်မားဖို့ပဲဥစ္စာ"

"ငါက မချမ်းသာချင်လို့တော့ မဟုတ်ပါဘူး။ ငါ့ဝါသနာ
လေးနဲ့ အေးအေးချမ်းချမ်းပဲ နေချင်တာ၊ ဟိုတယ်မှာ အချိန်
သုခဘုံအနားမှာလည်း နီးနီးကပ်ကပ် မနေချင်ဘူး"

"ဖြူနဲ့တောင် ချစ်သူတွေဖြစ်နေပြီး သုခဘုံကို ခေါင်းထဲမ
နဲ့တော့ပေါ့။ ယောက်ျားလေးတစ်ယောက် ရှောင်တိမ်းနေမှန်းသိရင်
ကလေးက အရှက်မရှိ တွယ်ကပ်မနေလောက်ပါဘူးကွာ"

"အေးပါ ဖြူနဲ့ တိုင်ပင်ကြည့်လို့ ဖြူ ဆန္ဒရှိရင် ငါလုပ်





မလားတော့ မသိဘူး၊ အိမ်ဖိုးငွေ မြန်မြန်ကျေသွားတော့လည်း ဖြူနဲ့
လက်ထပ်ဖို့ မြန်မြန်အကောင်အထည်ဖော်လို့ ရတာပေါ့၊ ပြန်မယ်ကွာ
မင်း အိမ်လိုက်ဦးမှာလား"

"မလိုက်တော့ဘူးလေ၊ အဆောင်မှာ မနေ့က ဖွတ်လျှော်ထား
တဲ့အဝတ်တွေ မီးပူတိုက်ရဦးမယ်၊ ဩော် မင်း အိမ်ဖိုးပေးမယ်ဆိုပြီး
ငွေထုတ်လာတယ် မဟုတ်လား၊ ကားပေါ်မှာ ခါးပိုက်နှိုက်ခံနေရဦးမယ်
ဂရုစိုက်ဦး။ ဒီလိုနေ့ကို တက္ကစီငှားသွားတာ မဟုတ်ဘူး"

"ဒီလောက်ငွေလေးကိုကွာ စိုးရိမ်နေတယ်၊ ဘာမှမဖြစ်ပါဘူး"

မျိုးမင်း ပန်းကိုဖက်၍ မှတ်တိုင်မှာ ထိုးစိုက်လာသော လိုင်းကား
ပေါ် တိုးတက်လိုက်သည်။ ညဘက်မို့ လူက ကျပ်သိပ်နေတာမျိုး မဟုတ်
ပါ။ သက်သက်သာသာ ချောင်ချောင်ချိချိနှင့် နှစ်ယောက်လုံး ထိုင်ခုံမှာ
ထိုင်လို့ရသည်။

"ဟိုတယ်မှာ မန်နေဂျာတွေ ဘာတွေဖြစ်သွားရင်တော့ သိပ်
မကြာခင် ကိုယ်ပိုင်ကားတွေ ဟန်းဖုန်းတွေနဲ့ မင်း လန်းသွားမှာကွ၊
အိမ်လည်း ရှိပြီးသား၊ ချစ်သူနဲ့လည်းလက်ထပ်၊ မင်းအတွက် အားလုံး
အိုကေနေတာပဲ၊ ငါ့ကျတော့ ဘာလို့ ကံမကောင်းလဲ မသိဘူး"

"မင်း လောဘကြီးလွန်းလို့ အလိုကြီး အရနည်းနေတာ ဖြစ်
မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး အဲဒါလည်း ဟုတ်မှာပဲ၊ မင်းက အခွင့်အရေးပေးတဲ့သူ ရှိဘာတောင် အလွယ်တကူ လက်မခံတော့ မလိုချင်လေ ပေးချင်လေ ဖွတ်ဖြစ်နေကြတာ"

"မေမေက ပြောဖူးတယ်၊ အဲဒါ ကိုယ်ကျင့်တရားကို စမ်းစစ်တာတဲ့၊ နည်းနည်းကို မက်မောနေရင် အများကြီးဘယ်တော့မှ မရနိုင်ဘူး လူတွေနဲ့ ယုံကြည်မှုကိုလည်း မခံရတော့ဘူးတဲ့လေ"

"အေးပါ နောက်ဆို ငါလည်း မင်းလို ကျင့်ကြံပါတော့မယ်၊ ဟော မင်း ဆင်းမယ့်မှတ်တိုင် ရောက်ပြီ၊ ဒီးတော့ ရောင်စဉ်"

"သွားပြီနော် မနက်ဖြန်မှ ဆုံမယ်"

ကားပေါ်က ဆင်းပြီး ဆယ်မိနစ်လောက် လျှောက်ခဲ့တော့ ဖြူရဲ့ မိဘမဲ့ဂေဟာလေးရှေ့ကို ရောက်လာသည်။ ဖြူကလည်း ထုံးစံအတိုင်းပင် ထွက်ကြိုနေ၏။ အိတ်ထဲက ဒိုလေးကို သက်တောင့်သက်သာ ဖြစ်အောင် ပခုံးပေါ် တင်၍

"ဖြူ မောင်တို့ ခဏလောက် စကားပြောရအောင် ဖြစ်ရဲ့လား"

"အင်း ဒီဘက် ဇာဒ်ပင်လေးအောက်မှာ ခုံတန်းလေးရှိတယ် ထိုင်ရအောင်လေ၊ အကြာကြီးတော့ မဖြစ်ဘူးနော်၊ ပတ်ဝန်းကျင်က ဂေဟာကို ပုတ်ခတ်အထင်သေးမှာစိုးလို့ပါ"

"မောင် နားလည်ပါတယ်၊ ဖြူကို တိုင်ပင်ချင်လို့ ခဏပဲ





ကားပြောမှာ"

ခုံတန်းလေးမှာ ထိုင်ချရင်း ဖြူကို ခပ်ငေးငေး ကြည့်ဖြစ်၏။ ...လွင်တောက်ပသော အဝတ်အစားများ မဝတ်နိုင်ပေမယ့် ဖြူက ...ည့်စွာနှင့် ညှို့ညက်ညက်လေး လှနေသည်။

ဖြူ လက်ဖဝါးလေးကို ခပ်ဖွဖွ ထွေးဆုပ်ပြီး ရင်ခွင်မှာ ကပ်...တော့ ဖြူက သူ့ပခုံးပေါ် မှီနွဲ့လာသည်။ ဒိုလေးက အလိုက်တသိ...င့် တစ်ဖက်ပခုံးပေါ် ပြောင်းပေး၏။ နှလုံးခုန်သံတွေနှင့် ရင်းနှီးခဲ့ရသော ဒီမိန်းကလေးရဲ့ ဆံနွယ်လေးတွေကို မြတ်နိုးစွာ နမ်းရှိုက်လိုက်ပြီး

"မောင် လုပ်နေတဲ့ ဟိုတယ်ပိုင်ရှင် သူဌေးက မျက်လှည့်အလုပ်...ို မလုပ်ဘဲ ဟိုတယ်မှာ အုပ်ချုပ်မှုဆိုင်ရာ ဝန်ထမ်းခန့်ချင်တယ်၊ ...နေ့ဂျာထက်တောင်မြင့်တယ် ပြောတာပဲ၊ အဲဒါ မလုပ်ချင်ရင်လည်း ...မောင် ဝါသနာပါတဲ့ တခြားလုပ်ငန်းအကြီးကြီးတစ်ခု ထူထောင်ပေးချင်...တယ်လို့ ပြောတယ်"

"ဟင် မောင့်သူဌေးက သဘောကောင်းလှချည်လား၊ အဲဒါ အခွင့်အရေးကောင်းပဲ မောင်ရဲ့၊ မောင် လက်ခံခဲ့ပြီလား"

"ဟင့်အင်း မောင်ကတော့ မလုပ်ချင်ဘူး၊ တခြားအကြောင်း...တွေလေးတွေလည်း ရှိနေလို့ကွာ၊ ဒါပေမဲ့ ဖြူ တိုက်တွန်းရင်တော့ ...မောင် လုပ်ဖို့ စဉ်းစားမှာပါ၊ ဖြူကို မောင်က တင့်တင့်တယ်တယ်



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ပြီး ပြည့်ပြည့်စုံစုံ ထားချင်တယ်လေ''

''ဖြူကြောင့်ဆိုရင်တော့ မောင် မလုပ်ချင်တဲ့ အလုပ်ကို မလုပ်ပါနဲ့၊ ဖြူက ဘယ်လို ပကာသန ဂုဏ်ဒြပ်ကိုမှ မမက်ပါဘူး။ မောင်နဲ့ မေမေ့မေတ္တာတွေကို ရနေရုံနဲ့ ဖြူဘဝ ပြည့်စုံပြီ၊ ဟို မောင် မလုပ်ချင် ရတဲ့ အကြောင်းရင်းကို ဖြူ သိခွင့်ရှိမလားဟင်''

ဖြူ မေးတော့ ရောင်စဉ် တန်းခနဲ မဖြေနိုင်။ သုခဘုံကြောင့် ဆိုလျှင် ဖြူ စိတ်ပူနေမလား။ မပြည့်ဝသူမို့ အနည်းအကျဉ်း သိမ်ငယ် မှုနှင့် ခံစားသွားရနိုင်သည်။

ကိုယ် အလေးအနက် မရှိသော ကိစ္စတစ်ခုကို ဖြူကိုလည်း စိတ်အနှောင့်အယှက် မဖြစ်စေချင်ပါ။

''ကဲပါ ဖြူရယ် အဲဒါ ဖြူ မသိချင်ပါနဲ့၊ အခု ဖြူရဲ့စိတ်ကိုသိပြီ ဆိုတော့ ဒီအလုပ်ကို မောင် အရေးတကြီး လက်ခံစရာ မလိုဘူးပေါ့ ဖြူ အဲလိုပြောပေးတဲ့အတွက် မောင် ကျေးဇူးတင်တယ် သိလား၊ မောင် ကလေ အိမ်ဖိုးငွေကျေတာနဲ့ ဖြူကို လက်ထပ်ဖို့ပဲ ကြိုးစားမှာ၊ ဒီငွေ ငွေတစ်ဝက်ပေးလိုက်ရင် နောက်သုံးလပြည့်တာနဲ့ ကျေပြီ ဖြူရဲ့''

''အဲဒီအချိန်ကျရင်လည်း အရမ်းကြီး ထည်ဝါစရာ မလိုဘူး နော် မောင်၊ မိဘမဲ့ကျောင်းလေးကို ထမင်းတစ်နေ့စာကျွေး၊ ဘုန်းဘုန်း ကြီးကို မင်္ဂလာဆွမ်းကျွေးလိုက်ရင် ရပြီ''





''ဟင်း ဟင်း မောင့်ချစ်သူလေးက လေးစားစရာ ကောင်းလိုက် တာကွာ၊ မောင်က ချစ်သူလေးကို ပွဲထုတ်ပြီး မင်္ဂလာဆောင်ချင်တာပေါ့ ဗျ၊ အခု မြန်မြန်လေး လက်ထပ်လိုက်ရရင် ကောင်းမယ်''

''ဟွန်း ကိုကို၊ အရမ်းနောက်ကျရင် မေမေ စိတ်ပူနေလိမ့်မယ် သွားတော့''

''အာဝါးတစ်ချက်လောက် ပေးရင် အိပ်မက်လှလှ မက်မယ် ထင်တယ်''

''မောင်နော် လူဆိုး''

လက်သီးဆုပ်လေးနှင့် ရင်ဘတ်ကို ထုပြီး ရန်ထောင်လိုက်ပေ မယ့် သူ ကျေနပ်အောင် ခြေဖျားလေး ထောက်၍ နဖူးလေးကို ဖွဖွလေး နမ်းမွေးပါသည်။ သူကလည်း မြတ်နိုးစွာ တစ်ချက်နမ်းလိုက်ပြီး

''ကဲ ဖြူအရင်ဝင်တော့၊ မောင် ကြည့်နေမယ်''

''ဩော် မောင်အရင်သွားပါ၊ ဟိုနားက အရမ်းမှောင်တော့ ဖြူ စိတ်မချဘူး၊ ဖြူက ခြံတံခါးဖွင့်ဝင်လိုက်တာနဲ့ ရောက်ပြီ''

''ဒီနားက သွားနေကျ လမ်းပါကွာ၊ မောင်က ဖြူကို ချန် မထားရက်ဘူး၊ ဖြူ ဝင်သွားတာကို မောင် ကြည့်နေမယ်၊ ပြီးမှ မောင် သွားမယ်''

''မောင်နော် အရမ်းကဲလာပြီ၊ အရင်နဲ့မတူတော့ဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ချစ်တာကိုးကွ"

ထိုသို့ ပြောလိုက်ရတာတောင် ရင်တွေတလှပ်လှပ် ကြည်နူးရသည်။ ဖြူတို့ ခြံဝင်းတံခါး ဂျိန်းခနဲ ပိတ်သံကြားရပြီးမှ အမှောင်ထဲကနေ တာ့တာပြ၍ လှည့်ထွက်လာခဲ့၏။ လမိုက်ရက်မို့ လမ်းမီးရောင် မလင်းတလင်းလေးကို အားပြုလျှောက်နေစဉ်

"ဒုတ်"

"ခွပ်"

"အား"

"ဒိုလေး ဒိုလေး"

ရိပ်ခနဲ မြင်လိုက်သော်လည်း အသိနောက်ကျကာ ခေါင်းကို ဖိရင်း ဒူးညွှတ်ခွေကျသွား၏။ နောက်ဆုံး လက်ကျန်အသိစိတ်ထဲမှာ ဒိုလေးကို စိုးရိမ်တကြီး အော်ခေါ်ရင်း အသိပျောက်သွားခဲ့ရသည်။

အရာရာ မှောင်မိုက်နေပြီး ကြယ်စင်တချို့ လက်ခနဲ ကြွေကာ. . .။

■ ■ ■



## အခန်း (၁၄)

မျက်လုံးထဲမှာ အလင်းတန်းတစ်ခု မြင်ရသော်လည်း မျက်လုံးတွေကို ဖွင့်လို့မရ။ ဦးခေါင်းတစ်ခုလုံးက နာကျင်ကိုက်ခဲနေကာ တင်းတင်းကျပ်ကျပ် ချည်နှောင်ထားသလို ခံစားနေရသည်။

ဘာဖြစ်တာလဲ။ တစ်ကိုယ်လုံးလည်း လေးလံလို့။

"အား ကျွတ် ကျွတ်"

"သား သားလေး သတိရလာပြီ၊ သား သားလေး"

"မေ မေမေ သား ဘာဖြစ်တာလဲ၊ အား ကျွတ် ကျွတ်"

မေမေ့အသံ ကြားတော့ မျက်လုံးကို ဖွတ်အတင်း ဖွင့်ကြည့်မိသည်။ မေမေ့ပါးပြင်မှာ မျက်ရည်စတွေနှင့်။

"သားလေး ညက လူရိုက်ခံပြီး သွေးအိုင်ထဲမှာလဲနေတာလေ၊



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကို ဒိုလေး ပြန်လာပြီး အော်လိုက်၊ တောင်ပံ တဖျပ်ဖျပ် ခတ်ပြီး အိမ်ပြင်ပြန်ထွက်လိုက်နဲ့ သား တစ်ခုခု ဖြစ်လို့ဆိုတာ မေမေ သိလိုက်တယ်၊ အဲဒါနဲ့ ဒိုလေးနောက်က လိုက်လာလို့ သားကိုတွေ့ရတာ၊ တော်သေးတာပေါ့ကွယ် ဒိုလေးသာ အဲလိုမသိရင် သား သွေးထွက်လွန်ပြီး သေမှာ''

''ဖြူ ဖြူတို့နားမှာ ဖြစ်တာ ထင်တယ်၊ ဖြူကို အသိပေးလိုက်သေးလားဟင်''

''မေမေလည်း ပူထူလို့ ဖြူကို မပြောရသေးပါဘူး သားရယ်၊ ရပ်ကွက်ထဲက ကောင်လေးတွေနဲ့ သားကို အိမ်တွဲလာတုန်း လမ်းထိပ်က ဆရာဝန်ကြီးက သားကို ဆေးကုပေးတယ်၊ အနာအကျင် သက်သာအောင်ဆိုပြီး အိပ်ဆေးနည်းနည်းပါတော့ သား ခုမနက်မှ နိုးတော့တာ ရန်ငြိုးမရှိ ဘာမရှိနဲ့ ဘယ်လိုဖြစ်တာလဲ သားရယ်''

''ဟင်''

မေမေ ပြောမှ သတိရသည်။ ရန်ငြိုးမရှိဘဲ သူ့ကိုဘာလို့ ချောင်းရိုက်ရတာလဲ။

''ဟာ မေ မေမေ သား သားပိုက်ဆံတွေရော''

''ဘာပိုက်ဆံလဲ သားရဲ့၊ သား လွယ်အိတ် လမ်းဘေးကျနေတာတော့ မေမေ ယူလာခဲ့တယ်၊ အထဲမှာ သားမျက်လှည့်ပစ္စည်းကလွဲပြီး





ဘာပိုက်ဆံမှ မပါပါဘူး''

''ဟာ သွားပြီ သွားပြီ မေမေရာ၊ အိမ်ဖိုးငွေပေးမယ်ဆိုပြီး ငွေငါးသိန်း ထုတ်လာတာ၊ အဲဒီငွေတွေ လိုချင်လို့ သားကို ရိုက်တာဖြစ်မယ်၊ ကျွတ် လူရိုက်ပြီး ငွေလုတာပဲ''

''ဒါဆို ရဲစခန်းတိုင် အမှုဖွင့်မှပေါ့သား၊ အမှတ်တမဲ့ ဘယ်သူမှ မသိလိုက်ရင် လူတောင် သေသွားနိုင်တယ်၊ ညကလည်း ရပ်ကွက်လူကြီးတွေတော့ အကြောင်းကြားထားပါတယ်''

''တောက် သူများ ချွေးနဲ့စာကို လုရက်တယ်ကွာ၊ ကိုယ့်ဟာသာ လုပ်ကိုင်မစားချင်ကြဘူး၊ အဲဒါ အိမ်ဖိုးငွေတစ်ဝက် ပေးဖို့ မေမေရ၊ အခု ဘယ်လိုလုပ်မလဲ''

''သား ခြေဘော် ဖြည်းဖြည်းထပါ သားရယ်၊ ခေါင်းက ဒဏ်ရာက ချက်တောင် ချုပ်ထားရတာ''

သူ စိတ်လိုက်မာန်ပါ ထထိုင်လိုက်တော့ ခေါင်းက မိုက်ခနဲ ဖြစ်သွားသည်မို့ ခေါင်းအုံးနှင့် ခပ်လျှောလျှော မှီထိုင်လို့ရအောင် မေမေ လုပ်ပေးသည်။ သူတစ်ပါးဆီက အခွင့်အရေး မယူ၊ မတရားမလိုချင်သမယ့် ချွေးနှင့်သွေးနှင့် ရင်းထားရသော ကိုယ်ပိုင်ငွေကိုတော့ နှမြောမိ၏။ ပိုဆိုးသည်က အိမ်ဖိုးငွေပေးချေရမည့် ငွေတွေပင်။

အိမ်ရှင်တွေဘက်က ငွေကျန်ရှိတာတောင် အာမခံချက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်တက်နေခွင့် ပေးထားတာမို့ သူ ကတိမပျက်ချင်။

မေမေက ငိုချတော့မလို ဖြစ်နေသော သူ့မျက်နှာကို လက်ချောင်းလေးတွေနှင့် ပွတ်သပ်၍

"မသေမပျောက်တာဘဲ ကံကောင်းပါသေးတယ်၊ လူမသေငွေမရှားပါ သားရယ်၊ စိတ်အပင်ပန်းမခံနဲ့နော်သား။ မေမေလည်း သားချွေးနဲ့စာကို နှမြောတာပါပဲ၊ ဘယ်လိုလုပ်ရမှန်းလည်း မသိတော့ပါဘူး"

"သား စိတ်ညစ်သွားတာက အိမ်ဖိုးငွေတွေမို့ပါ မေမေရယ် မပေးနိုင်လို့ပါလို့ ကတိပျက်သွားရင် ဘယ်လောက်ရှက်စရာ ကောင်းလဲ၊ သူတို့ဘက်ကလည်း လိုက်လျှောထားတာ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ မေမေ သွားတောင်းပန်လိုက်မယ်သား။ အကျိုးအကြောင်း ပြောရင် နားလည်ချင်လည်း နားလည်မှာပါ"

"ဟင့်အင်း မေမေ မသွားပါနဲ့၊ သူများဆီမှာ မျက်နှာငယ်ငယ် တောင်းပန်ရမှာမျိုးတော့ မဖြစ်စေချင်ဘူး၊ အိမ်ဖုန်းကို ထိုးပေးသင့်ပေးလိုက်မယ် မေမေ၊ သိပ်စိတ်မပူပါနဲ့"

"အေးပါသားရယ်၊ သားနဲ့ဖြူ လက်ထပ်ဖို့ နောက်ကျသွားတော့ မေမေ စိတ်မကောင်းဘူး"

ထိုအတွက်တော့ သူ့ရင်ထဲလည်း မကောင်းပေ။ ဖြူကို အမြန်ဆုံး လက်ထပ်နိုင်ဖို့အတွက် မျှော်လင့်ချက်တွေနှင့် သူ ကြိုးစားနေခဲ့



"ဖြူလာတယ် ဖြူလာတယ်"

"ဟာ ဒိုလေး အော်နေတယ်၊ ဖြူ လာတယ်တဲ့ မေမေ၊ ကြိုလိုက်ပါဦး"

"အေး အေး သား"

ခေါင်းရည်ချို့ ထွက်အကြည့်မှာပင် ဖြူ မျက်နှာသွေးဆုတ်လျှက်လျက် ကသုတ်ကယက် ပြေးဝင်လာသည်။

"မောင် မောင်ဘယ်လိုနေသေးလဲ မေမေ"

"စိုးရိမ်စရာ မရှိတော့ပါဘူး။ ဘယ်လိုသတင်း ကြားလာတာလဲ ဦး"

"ဈေးသွားရင်းနဲ့ ကြားခဲ့တာပါ။ ရပ်ကွက်ထဲ အသစ်ပြောင်းလာ မျက်လှည့်ဆရာလေး ညက လူရိုက်ခံရလို့ ခေါင်းကွဲသွားတယ် ညာနဲ့ ပြောနေကြတာ၊ မျက်လှည့်ဆရာဆိုတာလည်း မောင် တစ်ကတည်း ရှိတာ မဟုတ်လား။ ပစ္စည်းတွေ ဆိုက်ကားနဲ့ တင်ပေးပြီး ဖြူ ဒီဘက်လှည့်လာတာ မောင်ရော မေမေ"

"သူ့အခန်းထဲမှာ သမီးလေး၊ အရမ်းကြီး စိတ်မပူပါနဲ့၊ မေမေ သားလေး ဝယ်ချင်လို့ ဈေးဘက်သွားလိုက်ဦးမယ်နော်၊ သားကို လိုက်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မေမေ"

ဖြူ အလျှင်စလိုပင် မောင့်အခန်းဘက် ပြေးဝင်လာခဲ့သည် သတင်းကြားလိုက်ကတည်းက မီးတောက်ကြီးတွေ မှိုချရသလို ရင်ထဲ ပူလောင်နေတာပါ။

"မောင်"

မရိုမသဲ့ ဆို့နင့်စွာ ခေါ်ရင်း မောင့်အနားမှာ ဝင်ထိုင်လိုက် သည်။ ခေါင်းမှာ ပတ်တီးဖြူဖြူတွေနှင့် မောင့်ကို မကြည့်ရက်စွာ မျက်ရည် တွေ ပြည့်လျှံသွန်ကျလာ၏။

"မောင်ဘာမှဖြစ်တာ မဟုတ်တဲ့နဲ့ ဘာလို့ မျက်ရည်တွေ ကျ တာလဲ ဖြူရယ်"

"ဖြူ ဖြူနဲ့ စကားပြောပြီး အပြန်မှာ ဖြစ်တာမဟုတ်လား ဟင်၊ မောင့်ကို စောင့်ကြည့်နေပြီးမှ ဖြူ ဝင်သင့်တာ၊ ဖြူ စိတ်မကောင်း လိုက်တာ မောင်ရယ်၊ အဲဒါ ဖြူကြောင့်"

"မဟုတ်တာ ဖြူရယ်၊ ဘာလို့ ဖြူကြောင့် ဖြစ်ရမှာလဲ၊ အသေ အဂိုက် ချောင်းတဲ့သူတွေကို မောင်က သတိမထားမိတာ၊ စိတ်မကောင်း မဖြစ်နဲ့တော့နော်၊ ဖြူ မောင့်ကို ပြုစုလိုက်ရင် မောင် ချက်ချင်းလူကောင်း ပကတိ ဖြစ်သွားမှာ"

သူမ ပါးလေးကို ဖျစ်ညှစ်ပြီး မောင်ပြောတော့ မောင့် လက်



လေးကို သူမ ပါးနှင့်ဖိကပ်ထားလိုက်မိသည်။

"မောင်က ပေါ့ပေါ့လေး ပြောနေပေမယ့် မောင် ဘယ်လောက် နာကျင်နေသလဲဆိုတာ ဖြူ သိပါတယ် မောင်ရယ်၊ မောင် ဆေးရုံတွေ ဘာတွေ သွားရမှာ"

"မလိုပါဘူး ဖြူရယ်၊ ဆရာဝန်ကြီးက မောင့်ကို သေချာ ဆေးကုပေးထားတာပါ၊ ညနေကျရင်လည်း ဆေးလာထည့်ပေးဦးမှာ၊ စိတ်မပူနဲ့နော်၊ ဪ မေမေရော ဘယ်ရောက်သွားပါလိမ့်"

"ဈေးဘက်ထွက်သွားတယ် မောင်ရဲ့ မောင့်အတွက် ကြက်သား ဟင်းဖို့ဆိုလားပဲ"

"ဟာ မေမေက မျက်လုံးသိပ်ကောင်းတာလည်း မဟုတ်ဘဲနဲ့ ဘာလို့ ဈေးဘက်သွားရတာလဲ မသိဘူးကွာ၊ ကားတွေ ဆိုက်ကားတွေ နဲ့ မောင် စိတ်မချပါဘူး၊ အဲဒါကြောင့် မေမေ့ကို ဘယ်မှ မထွက်နိုင်းဘဲ မောင် ကိုယ်တိုင် လိုအပ်တာ ဝယ်ပေးနေတာ"

"အဲဒါဆို ဖြူ လိုက်သွားလိုက်မယ်လေ၊ ဖြူက မေမေ့ကို တစ်ခါတစ်ရံ သွားနေကျပဲ ထင်တာ"

"နေပါစေတော့ကွာ၊ မောင့်ကို စိတ်မချလို့ ဆိုက်ကားငှားပြီး ပြန်လာချင်လည်း ပြန်လာမှာပါ၊ နောက်နေ့တော့ မသွားခိုင်းတော့ဘူး၊ အိမ်မှာရှိတာ ချက်လို့ ပြောမယ်"

www.burmeseclassic.com

www.burmeseclassic.com



မောင်က မေမေ့ကို စိတ်မချသလို လည်တဆန့်ဆန့် ဖြစ်[နေ]သည်။ သူမလည်း ခုမှ မေမေ့အတွက် တွေးပူသွား၏။ မေမေက အသက်[…] အရွယ် မရင့်အိုသေးသော်လည်း ပါဝါထူထူ မျက်မှန်ကြီးက အမြင်အာ[ရုံ] အားနည်းလွန်းတာကြောင့် ဖြစ်မည်။

"မောင် နောက်နေ့တွေ မောင် နေမကောင်းလို့ ဈေးမသွား[…] နိုင်သေးရင် ဖြူ နေ့တိုင်းဈေးဝယ်ပြီး မေမေနဲ့အတူ ကူချက်ပေးမယ် သိလား"

"ဖြူအလုပ်နဲ့ ဖြစ်ပါ့မလား ဖြူရယ်"

"ဘုန်းဘုန်းကြီးဆီ အကျိုးအကြောင်း ပြောပြီး ခွင့်တောင်း[…] မှာပေါ့ မောင်၊ မောင်နဲ့ဖြူအကြောင်းကို ဒေါ်ကြီးခင်သက်လည်း သိနေ[…] ပြီဆိုတော့ ဘုန်းဘုန်းကို ကူပြောပေးမှာပါ၊ လူတော်လူကောင်းလေးနဲ့ လက်ထပ်ဖြစ်တော့မှာဆိုပြီး ဖြူအတွက် ဝမ်းသာပေးနေတာ"

ဖြူ စကားကြောင့် ရောင်စဉ် မျက်နှာညှိုးကျသွားသည်။ ဖြူက ရောင်စဉ်လက်ကလေးတစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ကိုင်ထားပြီး

"ဘာဖြစ်သွားတာလဲ မောင်၊ ဘာဖြစ်လို့လဲဟင်"

"မောင်တို့ လက်ထပ်ဖို့ နောက်ဆုတ်ရတော့မယ် ထင်တယ် ဖြူရယ်"

"ဟင်"





"မနေ့ညက အရိုက်ခံရတာ အိမ်ဖိုးချေမယ့်ငွေတွေ ပါသွား[…]တယ်၊ မောင် အဲဒီအတွက် ဦးနှောက်ခြောက်နေတာ"

"ဟယ် လုရိုက်ပြီး ငွေလုသွားတာပေါ့နော်၊ လူကို အသေလုပ်[…]သွားသေးတာပဲ၊ လက်ထပ်ဖို့ အချိန်တွေ ကြန့်ကြာတာတော့ စိတ်[…]ကောင်းမဖြစ်ပါနဲ့ မောင်ရယ်၊ ဖြူက အချိန်ဘယ်လောက်ကြာကြာ [စ]ောင့်နိုင်ပါတယ်၊ မောင့်အပြင် ချစ်ရမယ့်သူလည်း မရှိပါဘူး"

"ဖြူကို မယုံကြည်လို့ မဟုတ်ပါဘူး၊ မောင်က ဖြူကို အချိန် အကြာကြီး ခွဲမထားချင်တာ၊ ဟို တစ်မိုးအောက်မှာ အတူတူနေချင်ပြီ [ဖြူ]"

တိုးတိတ်ညှံ့သက်နေသော မောင့်ရဲ့ ဖြားယောင်းမှုကြောင့် ဖြူ [ရ]င်ခုန်သံမြန်သွားခဲ့သည်။ မောင့်ရင်ခွင်မှာ မှီနွဲ့ရင်း မောင့်ရင်ခုန်သံတွေ [က]ိုလည်း နားထောင်မိ၏။

"ဖြူတို့ ဘာပကာသနမှ မပါဘဲ ရပ်ကွက်ရုံးမှာ လက်ထပ်လိုက် ရအောင်လေ မောင်၊ ဖြူလည်း မောင်နဲ့အတူ နေချင်တာပါပဲ"

"ဟင့်အင်း အဲလို ဖြစ်သလိုတော့ မလုပ်ချင်ဘူး ဖြူ၊ သိမ်ငယ် [မှု]တွေနဲ့ ဘဝမလှတဲ့ ဖြူကို တန်ဖိုးရှိရှိ ထည်ထည်ဝါဝါလေး လက်ထပ်[ချ]င်တယ်၊ ဖြူ တစ်သက်လုံး မျက်နှာမငယ်စေရဘူး"

"မောင်ရယ် မောင့်ရဲ့ မြင့်မြတ်တဲ့ အဲဒီစိတ်လေးကြောင့် ဖြူ



www.burmeseclassic.com

www.burmeseclassic.com



အားကိုးမိတာပါ၊ ဖြူ့ စိတ်ကူးတောင် မယဉ်ဘူးတဲ့ အချစ်တွေကို မောင့်ဆီကရလို့ ဖြူ့ ကျေးဇူးတင်ပါတယ် မောင်''

''ဟိတ် ကျေးဇူးတင်တဲ့စကား မပြောကြေးလို့ ပြောထားတယ်လေ၊ အဲလိုပြောမယ့်အစား အာဝါးတစ်ချက် ပေးလိုက်တာကမှ ကောင်းဦးမယ်''

''ကြည့် ဒဏ်ရာကြီးနဲ့တောင် မောင်ကလေ''

မျက်စောင်း ဝင့်လိုက်သော်လည်း မငြိုငြင်သော အနမ်းတစ်ချက်ကြောင့် ဝေဒနာတွေ အားလုံး ပျောက်ကင်းသွားသလို ခံစားလိုက်ရသည်။

အချစ်က ပဥ္စလက်ဆန်ဆန် ထိုသို့ အစွမ်းထက်လျက်...။

■ ■ ■

## အခန်း (၁၅)

''ဘာ ဘာပြောတယ် လေးလေး''

သုခဘုံ အသံတွေ တုန်ခါလျက် ဆိုဖာခုံပေါ်ကတောင် ခုန်ထမိတော့မလို ဖြစ်သွား၏။ ဦးဗလဖော်က သုခဘုံရဲ့ စိတ်ခံစားမှုကို နားလည်ကာ သုခဘုံ လက်ကို ပြန်ဆွဲထိုင်ခိုင်းလိုက်သည်။

''သွေးဆူနေရင် ဘာမှဆုံးဖြတ်လို့ ရမှာမဟုတ်ဘူး၊ အဲဒီကိစ္စကလည်း ဘာမှပြောင်းလဲသွားမှာ မဟုတ်ဘူး ဘုံ''

''အဲဒီ ဂေဟာက ကောင်မလေးက ရောင်စဥ် ချစ်သူဆိုတာ သေချာလို့လား''

''လေးလေး တပည့်တွေ ကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ တွေ့လာပြီး ပြန်ပြောပြတာပါ။ သူတို့ချင်း အဲဒီရှေ့မှာ တွေ့ပြီး ချစ်သူရည်းစားတွေလို ဖက်တွယ် စကားပြောနေလို့ ဝင်ရိုက်ပြီး ငွေလုဖို့တောင် အချိန်တော်တော်ကြာကြာ စောင့်လိုက်ရတယ်တဲ့''

www.burmeseclassic.com

www.burmeseclassic.com



"တောက် ဒါ တကယ်ပဲလား"

"ဒီအတိုင်း နောက်ဆုတ်လိုက်တော့ ဘုံ၊ ချစ်သူရည်းစားရှိနေတဲ့ ယောကျ်ားတစ်ယောက်ကို ဘာမျှော်လင့်နေစရာ လိုသလဲ၊ လေးလေးကတော့ ဘုံကို တခြားတစ်ယောက်ပဲ ရွေးချယ်စေချင်တယ်"

"ဟင့်အင်း"

ဦးဗလဇော်ရဲ့ ဖျောင်းဖျမှုကို သုခဘုံ ခေါင်းတွင်တွင် ယမ်းလျက် ဆန့်ကျင်၏။

"ရောင်စဉ်ကို ဘုံ ရွေးချယ်မယ် လေးလေး၊ ရောင်စဉ် နေရာမှာ ဘယ်ယောကျ်ားလေးကိုမှ အစားမထိုးဘူး"

"ဘုံ"

"သူ့ကို အရှုံးအမူး ရူးသွပ်နေတာလို့တော့ ဝန်မခံချင်ဘူး၊ မရနိုင်တာကို ပိုလိုချင်တဲ့ လောဘပဲ ဖြစ်လိမ့်မယ်၊ သူလည်း ရိုးသားတဲ့စိတ်နဲ့ ဘုံတို့ပေးတဲ့ အခွင့်အရေးကို ငြင်းဆန်နေတာမှ မဟုတ်တာ၊ သူ့မှာ ချစ်သူရှိနေလို့ ရှောင်တိမ်းချင်တာ၊ ဒါကို ဘုံက ဒီအတိုင်း လွှတ်လိုက်ရမှာလား လေးလေး"

"ဘုံရယ်"

ဘုံရဲ့စိတ်ကို ဘယ်လိုနားလည်ပေးရမှန်း မသိတော့။ ဘုံ ဒီလောက်အထိ စိတ်ထိခိုက် ပေါက်ကွဲတာ မမြင်ဘူးတာမို့ ရင်ထဲလည်း





မကောင်း။

ချိုးနှိမ်မလွယ်သော ဘုံရဲ့အတ္တတို့ကို ပံ့ပိုးကူညီဖို့ပဲ ဆုံးဖြတ်ရတော့မှာလား။

"လေးလေး ဘာလုပ်ပေးရမှာလဲ ဘုံ၊ အရင် စီစဉ်ထားတဲ့ အတိုင်းပဲ ဝင်လိုက်ရမှာလား"

"လေးလေး လုပ်ရမယ့် အစီအစဉ်အတိုင်းပဲ ဆက်လုပ်လိုက်ပါ၊ ဘုံ လုံးဝနောက်ဆုတ်မှာ မဟုတ်ဘူး၊ အခက်အခဲတွေကြောင့် ဟိုတယ်ကိစ္စ လက်ခံပြီး သူ ရောက်လာရင် ဘုံဆက်ပြီး တာဝန်ယူပါမယ်"

"အေးလေ ဒါဆို လေးလေး ရောင်စဉ်ဆီ သတင်းမေးသွားရင်း ပြတ်ပြတ်သားသား သိအောင် လုပ်ခဲ့ပါမယ်၊ ဘုံက သိပ်ပြီး စိတ်မလှုပ်ရှားနဲ့ ဟုတ်ပြီလား"

ဘုံကို နှစ်သိမ့်ပြီး ကားကို ကိုယ်တိုင်မောင်းထွက်လာခဲ့ရသည်။ ဦးလေးတစ်ယောက်အနေနှင့် ဒါမျိုးလုပ်နေရတာ မသင့်တော်မှန်းသိပေမယ့် ဘုံဆန္ဒ ဘုံဖြစ်ချင်တာကိုသာ ဦးစားပေးခဲ့တာမို့ ကျန်တာတွေ တွေးမနေချင်။

တရားလား မတရားလားဆိုတာလည်း ချင့်ချိန်ချင်စိတ်မရှိ။ အဓိကက ဘုံလုပ်ချင်တာ လုပ်ဖြစ်ဖို့ပဲ မဟုတ်လား။

ရောင်စဉ်တို့ အိမ်ရှေ့ကို ရောက်တော့ ကားဟွန်းတီးလိုက်သည်



www.burmeseclassic.com

www.burmeseclassic.com



နှင့် အမျိုးသမီးကြီးတစ်ယောက် ထွက်လာသည်။

ရောင်စဉ်အမေ ဖြစ်ရမည်လို့ တွေးပြီး ကားပေါ်က ဆင်းလိုက်၏။

"ဘယ်သူပါလဲရှင်၊ ဘယ်သူနဲ့တွေ့ချင်လို့လဲ"

"ကျွန်တော် မောင်ရောင်စဉ်ရဲ့အလုပ်ရှင်ပါ၊ မောင်ရောင်စဉ် ခွင့်တင်တာ ဘာကိစ္စလဲဆိုတာ သိချင်လို့"

"ရှင် ဪ ဟုတ်ကဲ့ ဟုတ်ကဲ့ သူဌေး ကြွပါရှင်၊ သားလေးက မနေ့က ပြဿနာတစ်ခုဖြစ်ပြီး ကျန်းမာရေး မကောင်းလို့ပါ၊ ဒီဧည့်ခန်းက ခဏစောင့်ပါနော်၊ သားကို ခေါ်လာခဲ့ပါမယ်"

ရောင်စဉ်အမေ ပျာပျာသလဲ အခန်းထဲ ပြန်ဝင်သွားတော့ ဧည့်ခန်းက ဆက်တီခုံလေးမှာ ဝင်ထိုင်လိုက်ရသည်။ အိမ်လေးက သပ်သပ်ရပ်ရပ်နှင့် ပရိဘောဂတွေလည်း အတန်အသင့် ရှိပေသားပဲ။ ခြံဝင်းကျယ်လေးနှင့် တစ်ထပ်လုံးချင်းလေး။

သူတို့သားအမိအတွက် ပြည့်စုံနေသလား မသိပေမယ့် ကိုယ့်အတွက်တော့ ကိုယ့်အိမ်က အလုပ်သမားတန်းလျား အဆင့်လောက်ပဲ သတ်မှတ်လို့ရသည်။

ဒါတောင်မှ ရောင်စဉ် မာနကြီးနေတာ အံ့သြစရာ။

"ဟာ အန်ကယ် အိမ်အထိတောင် လိုက်လာတာ အားနာ





လိုက်တာ၊ ကျွန်တော် မန်နေဂျာဆီကို သေချာခွင့်တောင်းလိုက်တာ"

"ပြဿနာတစ်ခုကြောင့်ဆိုပေမယ့် ဘာမှန်းမသိလို့ လိုက်လာခဲ့တာလေ၊ ကိုယ့်ဝန်ထမ်းအတွက် အန်ကယ်တို့မှာ တာဝန်ရှိတယ် မဟုတ်လား။ မင်းခေါင်းမှာလည်း ပတ်တီးတွေ ဘာတွေနဲ့ပါလား၊ အန်ကယ် လိုက်လာမိလို့ တော်သေးတာပေ့၊ ဘာတွေဖြစ်တာလဲ ပြောပါဦးကွ"

ဆက်တီခုံမှာ ခပ်ရိုရိုဝင်ထိုင်လိုက်သော ရောင်စဉ်ကို သနားကရုဏာသက်သလိုဖြင့် မသိချင်ယောင်ဆောင်၍ မေးလိုက်သည်။

"ကျွန်တော့်ငွေကို လိုချင်လို့ ရိုက်လုလိုက်တဲ့သဘောပါပဲ၊ ငွေပါတာ ဘယ်လိုလုပ်သိပြီး ဘယ်လိုရိုက်လိုက်မှန်းကို မသိပါဘူး"

"ဟင် မင်းအိမ်ဖိုး ပေးမယ်ဆိုတဲ့ ငွေတွေ အကုန်ပါသွားတာလား"

"ဟုတ်ပါတယ် သူဌေးရယ်၊ သားက အဲဒီအတွက် တော်တော်စိတ်ထိခိုက်နေတာ၊ သူက ကတိတစ်လုံးကို အရမ်းတန်ဖိုးထားတဲ့သူလေ၊ ခုကိစ္စဖြစ်တော့ စိတ်ရောလူရော ပင်ပန်းနေတာ"

ရေနွေးပွဲလေး စားပွဲပေါ်ချ၍ ဒေါ်နှင်းရည်ချို ဝင်ပြောတော့ ရောင်စဉ်က မသိမသာ လက်တို့၏။ ဦးဗလဖော်က တကယ်ကို စိတ်မကောင်းဖြစ်နေဟန်ဖြင့်

"အန်ကယ် စိတ်မကောင်းလိုက်တာ မောင်ရောင်စဉ်ရယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဝန်ထမ်းတစ်ယောက် ဒီလို စိတ်ဒုက္ခရောက်နေတာ အန်ကယ် မကြည့်ရက်ပါဘူး။ မင်း အခက်အခဲတွေကို အန်ကယ် အကုန် ဖြေရှင်း ပေးပါမယ်''

''ဟာ ရ ရပါတယ် အန်ကယ်၊ ကျွန်တော့်အခက်အခဲကို ကျွန်တော့်ဘာသာ တဖြည်းဖြည်း ဖြေရှင်းသွားပါ့မယ်၊ အခိုက်အတန့် လေးပါ၊ အဆင်ပြေသွားမှာပါ အန်ကယ်''

''စိတ်ပင်ပန်းနေရင် အလုပ်လုပ်ရတာ အဆင်မပြေနိုင်ဘူး မောင်ရောင်စဉ်၊ အန်ကယ် မင်းကို ကူညီမယ်ဆိုတာလည်း အလကား တော့ ဘယ်ဟုတ်မလဲကွ၊ နောက်မှ အန်ကယ့်ဆီအလုပ်လုပ်ရင်းနဲ့ အရစ်ကျ ဆပ်သွားရမှာ၊ သူများဆီမှာ မင်း ကတိမပျက်တော့ဘူး စိတ်လည်းချမ်းသာမယ်၊ ဘယ်လောက်ကောင်းလဲ၊ ဒီလောက်ငွေက မင်း တို့အတွက် အပန်းကြီးပေမယ့် အန်ကယ်တို့အတွက်က အသေးအဖွဲလေး ပါ''

''ဟုတ်သားပဲ သားရယ်၊ သူဌေး ကူညီမယ်ဆိုတာ လက်ခံ လိုက်ပါလား၊ နောက်အလုပ်လုပ်ရင်းနဲ့ ဆပ်လို့ရတာပဲ၊ အခု သား စိတ်ပင်ပန်းနေတာ မေမေ မကြည့်ရက်ဘူး၊ ဖြူနဲ့လက်ထပ်ဖို့ကလည်း ကြိုးစားရဦးမှာ''

''မေမေ''

ဗျူး ၁၁၆၀



ဦးဗလဖော်ကို အားနာစွာ မေမေ့ကို ဟန့်တားလိုက်ပေမယ့် ဦးဗလဖော်က ဘာမှမဖြစ်သလို ပြုံးရယ်၍

''မင်းအမေပြောတာ အမှန်ပဲကွ၊ ကိုယ်လက်ထပ်မယ့် မိန်းက လေး အတွက် ကြိုးစားရမှာပေါ့၊ အန်ကယ်ပြောထားတဲ့ အုပ်ချုပ်မှု ဒါရိုက်တာလုပ်လိုက်မယ်ဆိုရင် ပိုပြီး တင့်တင့်တယ်တယ် လက်ထပ်လို့ ရတယ်၊ မျက်လှည့်ဆရာအဖြစ်ထက် ဂုဏ်လည်းရှိတယ်၊ ကိုယ်မွေးလာ မယ့် သားသမီးတွေအထိ ရည်ရွယ်ချက်ကြီးမားရတယ် မောင်ရောင်စဉ်''

''ဟုတ်ကဲ့ ကျ ကျွန်တော်က အန်ကယ်တို့ကို အားနာ''

''အားနာရမယ့် လူတွေလား၊ ကိုယ့်ဝန်ထမ်း တစ်ယောက် အညည်အချင်းရှိလို့ ပံ့ပိုးရတာ အန်ကယ်တို့ရဲ့ တာဝန်ပါ၊ မင်းကို ဒီအခြေ အနေနဲ့ ရပ်တန့်မနေစေချင်ဘူး၊ မင်းပညာကြောင့် အန်ကယ့်ဟိုတယ် ကြီး တိုးတက်အောင်မြင်လာတာ အန်ကယ် ပြန်ပြီး သိတတ်ရမှာပေါ့၊ ဝန်ထမ်းနဲ့လုပ်ငန်းရှင်ဆိုတာ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီတဲ့ ဟုတ်တယ် မဟုတ်လား အစ်မကြီး''

''ဟုတ် ဟုတ်ပါတယ် သူဌေးရယ်၊ သားလေးအပေါ် အဲလို စေတနာထားပေးတာ ကူညီပေးမယ်ပြောတာ အများကြီး ကျေးဇူးတင်ပါတယ်၊ ဒီ ဆက်ဖက်ရည်လေး သုံးဆောင်ပါဦးရှင်၊ ဈေးမသွားရတော့ တခြား ဘာမှ ဧည့်ခံစရာလည်း မရှိဘူး''

ဗျူး ၁၁၆၀

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် အားမနာပါနဲ့ အစ်မကြီး၊ ကဲ မောင်ရောင်စဉ် အားလုံး မင်းသဘောတူ လက်ခံလိုက်ပြီလို့ အန်ကယ် ယူဆလိုက်[illegible] တော့မလား"

"ဟုတ်ကဲ့ ဟို ကျွန်တော် စဉ်းစား"

"သားရယ် မကောင်းတဲ့ကိစ္စမှ မဟုတ်တာ၊ ဘာစဉ်းစားစ[illegible] လိုသေးလဲ၊ အလုပ်အကိုင် ငွေရေးကြေးရေးအားလုံး အဆင်ပြေသွား[illegible] ဖြူနဲ့အမြန်ဆုံး လက်ထပ်ရတာပေါ့၊ မေမေအတွက်လည်း အနား[illegible] သား မရှိရင် ဖြူရှိနေမှ သားရဲ့ ဖြူလည်း ဝမ်းသာမှာပါ"

ဒေါ်နှင်းရည်ရှိရဲ့ တိုက်တွန်းမှုတွေကြောင့် ရောင်စဉ် ငြိမ်သ[illegible] နေတော့ ဦးဗလဇော် အားရှိသွားသည်၊ ဘယ်လိုအကြောင်းနှင့်မှ ရောင်[illegible] ငြင်းမှာ မဟုတ်တော့။ အတက်ချီကေ့(စ်)ကို ဆွဲဖွင့်ကာ

"ကဲ အန်ကယ်က ဘဏ်က ပြန်လာတာဆိုတော့ ငွေအ[illegible] သင့် ပါလာတယ်၊ အဲဒါလေးကို လက်မှတ်ထိုးယူထားလိုက်ပါ ဆယ်[illegible] နော်"

"ဟို ငါးသိန်းအရင်ပေးရမှာပါ အန်ကယ်"

"ခြောက် ဆယ်သိန်းတစ်ခါတည်း ပေးလိုက်တော့ မင်း[illegible] မအေးရဘူးလား၊ အန်ကယ့်ဆီမှာလည်း ဘယ်လိုဆပ်ဆပ် ရတ[illegible] ဟိုတယ်အလုပ် ဝင်ဖို့လည်း မင်းနေကောင်းမှလာပါ၊ လေ့လာရင်း သ[illegible]





[illegible]င်းနဲ့ မင်းလည်း တစ်နေ့ လုပ်ငန်းရှင်တစ်ယောက် ဖြစ်ချင်ဖြစ်လာနိုင် [illegible]တာပဲ"

"ဟုတ်ကဲ့ အန်ကယ်၊ ဆုံးဖြတ်ပြီးပြီဆိုရင်တော့ ကျွန်တော် ကြိုးစားမှာပါ"

"အေးပါ မင်းမှာ ကြိုးစားချင်စိတ်ရှိတာ အန်ကယ် သိပါတယ်၊ [illegible]ဲ အန်ကယ် ပြန်မယ်၊ ခွင့်ပြုပါဦး အစ်မကြီး"

ဦးဗလဇော်က ရောင်စဉ် လက်မှတ်ထိုးထားသည့် စာချုပ်ကို [illegible]တက်ချီကေ့(စ်)ထဲ ထည့်ပြီး ငွေထုပ်ကို စားပွဲပေါ် တင်၍ ပြန်သွား [illegible]သည်။

ဒီငွေထုပ်ကို မမက်မောပေမယ့် မတတ်သာလို့ လက်ခံလိုက်ရ [illegible]ာ စိတ်ထဲမှာ လေးပင်နေသည်။ ဘယ်လိုချည်နှောင်မှုမျိုးမှ မပါဘဲ [illegible]တနာသန့်သန့်နှင့်ဆိုလျှင်တော့ ဦးဗလဇော်က လေးစားထိုက်သည့် [illegible]ုပ်ငန်းရှင် တစ်ယောက်ပင်။

ဒါပေမဲ့ အမြတ်အစွန်းမကျန်လျှင် ဘယ်လုပ်ငန်းရှင်မှ ငွေးနီး [illegible]ပ်နှံမှာ မဟုတ်ဘူးဆိုသည့် အတွေးဝင်လာတော့ သူ့ခဘုံ မျက်နှာကို [illegible]ကဲ့ခနဲ မြင်ယောင်၏။

အရာရာ ရှုံးသားမှုတွေသာဆိုလျှင် ဘယ်လောက်များ ကောင်း [illegible]ည်လဲ။ သူ့ခဘုံ မျက်ဝန်းတွေကို အစကတည်းက ဘာသာမပြန်တတ်[illegible] [illegible]င်. . . ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ဟယ် သမီးလေး ဖြူ၊ မနိုင်မနင်းနဲ့ပါလားကွယ်၊ ဆိုက်
ငှားလာခဲ့ရင် ပြီးရော"

"နိုင်ပါတယ် မေမေရဲ့၊ ဘာမှသိပ်လေးတာ မပါပါဘူး။
ရော သက်သာလား မေမေ"

ဆွဲခြင်းတစ်ဖက် ကြွပ်ကြွပ်အိတ်တွေ တစ်ဖက်နှင့်တောင်
ကိုသာ အလျင်စလို မေးမိ၏။ ဒေါ်နှင်းရည်ချိုက လက်ထဲက အိတ်
ကူဆွဲရင်းနှင့်

"အိမ်ပေါ်ရောက်ရင် တွေ့ရမှာပါကွယ်၊ ဆရာဝန်ကြီးက
စိုက်ပေးတော့ သားက ထနိုင်သွားနိုင် သက်သာနေပါပြီ၊ မနက်
လောက်ဆို ပတ်တီးဖြေမယ်တဲ့၊ သားရေ ဖြူ ရောက်လာပြီ"





"သားက ဒီလေး သတင်းပေးလို့ သိပြီးပါပြီ မေမေရယ်၊ ဖြူ
ဘာတွေဝယ်လာလဲဟင်၊ မောင်ပေးလိုက်တဲ့ ဈေးဖိုးနဲ့ရော လောက်ရဲ့လား"

"လောက်ပါတယ် မောင်ရဲ့၊ မောင်ကြိုက်မယ့်ဟာနဲ့ မောင်နဲ့
တည့်မယ့် ခတ်စာတွေ ဝယ်လာခဲ့တာပေါ့၊ ဒီလေးအတွက် စားစရာ
မုန့်လို့တောင် တစ်ခေါက်ပြန်ဝယ်ရသေးတယ်"

"ဖြူ ပင်ပန်းနေတော့မှာပဲ၊ ခဏ နားလိုက်ဦး ဖြူ၊ ကျောင်း
အတွက်ရော ဈေးဝယ်ပေးလိုက်ပြီးပြီလား"

"အင်း ဝယ်ပေးလိုက်တယ်၊ ဘုန်းဘုန်းကြီးဆီလည်း ခွင့်
တောင်းခဲ့တယ်လေ၊ ဒီရက်အတွင်း ခွင့်ပြုပေးပါ ဘုရားလို့"

ဖြူက ဆွဲခြင်းကို မီးဖိုခန်းဘက် သွားထားပြီးမှ ပြန်လာထိုင် သည်။
ဒေါ်နှင်းရည်ချိုက ဖြူဝယ်လာသော သစ်သီးတွေကို ဆွမ်းတော် တင်ဖို့
ပြင်ပြီး ဘုရားခန်းဘက် ထွက်သွား၏။

"မောင် အနာသက်သာတယ် မဟုတ်လားဟင်"

"သက်သာပါတယ် ဖြူရယ်၊ ဖြူကို မောင် ပြောစရာရှိတယ်"

"ပြောလေ မောင်"

"မနေ့က သူဌေးလာသွားလို့ ဟိုတယ်အုပ်ချုပ်ရေး ဒါရိုက်တာ
ရာထူးကို လက်ခံလိုက်တယ်"

"ဟင် မောင် မလုပ်ချင်ဘူးဆို"

www.burmeseclassic.com



"အင်း မလုပ်ချင်ပေမယ့် အခြေအနေအရပဲ ဖြူရယ်၊ အိမ်မှိုး ငွေ ဆယ်သိန်းလည်း စိုက်ပေးသွားတယ်၊ ဖြူနဲ့ မြန်မြန်လက်ထပ်ဖို့ လည်း အဆင်ပြေမယ်ထင်လို့ မောင် လက်ခံလိုက်တာ၊ မေမေကလည်း တိုက်တွန်းတယ် ဖြူရဲ့"

"ကောင်းတဲ့အလုပ်ပဲ မေမေ တိုက်တွန်းတာ မမှားပါဘူး မောင်လည်း မျက်လှည့်ပြတဲ့အလုပ်လောက်တော့ ပင်ပန်းမှာ မဟုတ် ဘူးလေ၊ ဖြူကတော့ မောင့်ဆန္ဒအတိုင်းပါ"

"ဖြူ လောဘနည်းတာ တပ်မက်မှု မရှိတာ မောင် နားလည် တယ်၊ မောင်လည်း အရင်တုန်းက အဲလိုမျိုးစိတ်တွေ မရှိဘူး၊ အ အိမ်ထောင်ဦးစီး ဖြစ်တော့မှာဆိုတော့ ဖြူကို မတော့်မတာ ပြည့်စုံအောင် ထားဖို့ မောင့်တာဝန် ဖြစ်သွားပြီ မဟုတ်လား၊ ပြီးတော့ မောင်တို့လ မထပ်ခင် မေမေကိုလည်း မျက်စိခွဲပေးချင်သေးတယ်"

"သား ဝတ္တရား လင့်ဝတ္တရား ကျေချင်တဲ့မောင့်ကို ဖြူ အချ ချစ်တယ် သိလား"

မောင့်ရင်ခွင်ထဲ တိုးဝင်ပြီး ရင်အုပ်ကျယ်ကျယ်ကို မြတ်နိုး နမ်းရှိုက်မိသည်။ မိဘမဲ့တဝဖြင့် သက်တမ်းတစ်လျှောက်လုံး သွေးချွေး ပင်ပန်းခဲ့သမျှ စိုပြည်ပြည့်စုံ အခိုပွါယ်ရှိလာတာပါ။ တကယ့်မိသား ဘဝလေးသာ ပိုင်ဆိုင်ရလျှင် ဘယ်လောက်တောင် ပျော်စရာကော





လိုက်မလဲ။

"ညှော်သည် လာတယ်၊ ညှော်သည်လာတယ်"

"ဟင် ညှော်သည်တဲ့၊ ဘယ်သူများလဲ ထွက်ကြည့်ပါဦး ဖြူ ရယ်"

ဒိုလေးအသံကြောင့် လူချင်းခွာကာ ပြတင်းပေါက်ကနေ အပြင် ကို လှမ်းမျှော်ကြည့်ရသည်။

"ကားအကောင်းစားကြီးပဲ မောင်ရဲ့၊ ကားပေါ်က မိန်းကလေး တစ်ယောက် လက်ဆောင်ပစ္စည်းတွေ ဆွဲလာတယ်"

"ဟင်"

သုခဘုံဆိုတာ အတတ်သိလိုက်သလို ရောင်စဉ် ကိုယ်ကြီး တော်ခနဲ ဖြစ်သွား၏။ သုခဘုံက ဖွင့်ထားသည့် ဝင်းတံခါးကနေ အိမ်ထဲ သို့တောက်လျှောက် ဝင်လာသည်။

မဟူရာဖြူက အထုပ်အပိုးတွေ ကူဆွဲရမလို ညှော်ဝတ်ပြုရမလို နှင့် ရဲရဲတင်းတင်း ရောင်စဉ်ဆီ တောက်လျှောက်ဝင်သွားသော ညှော်သည် ကို ဘာမှလည်း မပြောဖြစ်။

"ဘာကိစ္စရှိလို့လဲ သုခဘုံ"

"သြော် မနေ့က လေးလေးလာတော့ ရောင်စဉ် ဘာဖြစ်မှန်း သိတာနဲ့ ဘာမှဝယ်မသွားရဘူးတဲ့၊ အဲဒါနဲ့ လေးလေးက ဒါတွေ ပို့နိုင်း



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ၊ ဘယ်လိုလဲ သက်သာလား ရောင်စဉ်''

''ဟုတ်ကဲ့ သက်သာပါတယ်''

''ညှော်သည်က မတ်တပ်ကြီး၊ ထိုင်ခိုင်းဦးလေ မောင်ရဲ့၊ ဖြူ ညှော်သည်အတွက် ကော်ဖီဖျော်လိုက်မယ်နော်၊ မေမေကိုရော ခေါ်ပေးရမလားဟင်''

အခုမှ သွက်သွက်ခါအောင် ဝင်ပြောလိုက်သော ကောင်မလေးကို သုခဘုံ တစ်ချက်စောင်းငဲ့ကြည့်လိုက်မိသည်။ ချည်သားအပွင့်ရိုက်လေးဖြင့် နွမ်းဖတ်အရောင်မထွက်သော ကောင်မလေးက ရောင်စဉ်ကို မောင် တဲ့။

မေမေ ဆိုတာ ရောင်စဉ် အမေကို ခေါ်တာ ဖြစ်မည်။

အိမ်အထိ အဝင်အထွက် အရေးပါ အရာရောက်နေသည့် ရောင်စဉ် ချစ်သူ မိန်းကလေးပေါ့။ ရင်ထဲမှာ ကျဉ်ခနဲ စူးရှသွားကာ ရောင်စဉ်နှင့် အနီးဆုံးဆက်တိခုံမှ ဝင်ထိုင်ဖြစ်ရင်း

''နေပါစေ တို့အတွက် ဘာမှမလုပ်ပါနဲ့၊ တို့က လူမမာမေးဖို့ လာတာ၊ ဩော် မနေ့က လေးလေးက ပြောတယ်၊ ရောင်စဉ် ဟိုတယ်မှာ လုပ်ဖို့ လက်ခံလိုက်တယ်ဆို''

''အင်း ဩော် ဖြူ ခဏထိုင်ဦးလေ၊ ဖြူနဲ့ မိတ်ဆက်ပေးဦးမယ်၊ သူက သုခဘုံတဲ့၊ မောင့်အလုပ်ရှင်သူဌေး ဦးဗလဖော်ရဲ့ တူမ



သုခဘုံလည်း မှတ်ထားပေါ့၊ ဖြူက ကိုယ်နဲ့လက်ထပ်မယ့် ကိုယ့်ရဲ့ချစ်သူ နှာရာဖြူ''

''ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ် မသုခဘုံ''

''အင်း ရောင်စဉ် ချစ်သူဆိုတော့လည်း မှတ်ထားရတာပေါ့''

''ဟို ဖြူ ချက်ဖို့ပြုတ်ဖို့ သွားလုပ်လိုက်ပါဦးမယ်၊ စကားပြောနေကြပါနော်''

သုခဘုံရဲ့ အထင်သေးရှုတ်ချလိုသော အကြည့်များကြောင့် နှာရာဖြူ ရှောင်ထွက်လာခဲ့သည်။ သုခဘုံရဲ့ အရှိန်အဝါများက သူမကို နေစရာမရှိအောင် သိမ်ငယ်စေ၏။

ငွေကြေးချမ်းသာတို့ရဲ့ ထုံးစံအတိုင်း ရောင်စဉ်အပေါ် ပိုင်စိုးပိုင်နင်း လွှမ်းမိုးချင်ဟန်တူသည်။ ရောင်စဉ်ကရော ဘယ်လိုသဘောထားလဲ။ သုခဘုံရဲ့ လွှမ်းမိုးတာကို မခံချင်လို့ ထိုဟိုတယ်မှာ မလုပ်ချင်ဘူးလို့ ပြောခဲ့တာများလား။

''ဘာလို့ ပစ္စည်းတွေအများကြီး ယူလာတာလဲ၊ ကိုယ်က အိပ်ရာထဲလဲနေတဲ့ လူမမာမှ မဟုတ်တာ၊ အဲလောက် မလိုဘူး''

''ရှင် ဘာလို့ သူများစေတနာကို အသိအမှတ်မပြုတတ်ရတာလဲ ရောင်စဉ်၊ လေးလေးက''

''အန်ကယ့်ဆန္ဒဆိုရင် ဟိုတယ်မှာ မန်နေဂျာရှိတယ်၊ ဝန်ထမ်း

www.burmeseclassic.com

www.burmeseclassic.com



တွေလည်းရှိတယ်၊ သူတို့ကို ပို့နိုင်းမှာပေါ့"

"ဘုံက ရှင့်ကိုတွေ့ချင်လွန်းလို့ အကြောင်းရှာလာတယ်
စွပ်စွဲချင်တာလား"

ရောင်စဉ် အသံတိတ်နေတော့ သူမရဲ့ ကိုယ်ပိုင်စတိုင်
ခနိုးခနဲ့ မဲ့ပြုံးပြုံး၏။

"ရောင်စဉ် ရှင်က ရှင့်ကိုယ်ရှင် အထင်ကြီးတတ်သူလား
ဒါမှမဟုတ် မရှိမာနနဲ့ ဘဝင်မြင့်နေတာလား"

"ဘာ"

"ဩော် ချစ်သူတစ်ယောက် ရထားလို့ အောက်ခြေလွတ်နေတာ
ထင်ပါတယ် ဟုတ်လား ရောင်စဉ်"

"မင်းစကားကို ထင်သလို မပြောနဲ့ သုခဘုံ၊ ငါ့ကို အဲ
အပြုံး၊ အဲလို မျက်လုံးမျိုးနဲ့လည်း မဆက်ဆံနဲ့"

"ရှင်လည်း ကိုယ့်ရဲ့အလုပ်ရှင်သူဌေးကို ဘယ်လိုဆက်ဆံရမယ်
ဆိုတာ လေ့လာထား ဦးရောင်စဉ်၊ နောက်ဆိုရင် ရှင် ဘုံလက်အောက်
မှာ လုပ်ရမှာ"

"ဟင် မင်းဘာပြောတယ်"

ရောင်စဉ် အံ့ဩမင်တက်ကာ ထိတ်လန့်သွားရ၏။ ဦးဗလဇော်
ဘယ်အချိန်ကတည်းက သုခဘုံကို လုပ်ငန်းကြီးတစ်ခုလုံး လွှဲပေးလိုက်





တာလဲ။ သုခဘုံ လက်အောက်မှာဆိုလျှင်တော့

"ဟော ညွှန့်သည်ရောက်နေတာလား သား"

ဒေါ်နှင်းရည်ရှိုက အပြုံးချိုချိုလေးဖြင့် ဘုရားခန်းဘက်က
ထွက်လာပြီး မေးသည်။ အလုံးအရင်း ဆို့တက်လာသော ဒေါသတို့ကို
မျိုမဆုံ ပြန်မျိုချလိုက်ရ၏။

ဘာမဟုတ်တာလေးနှင့် မေမေတို့ကို စိတ်မထိခိုက်စေချင်။

"ဦးဗလဇော် တူမပါ မေမေ၊ ဦးဗလဇော်က လက်ဆောင်
ပစ္စည်းတွေ ပို့နိုင်းလို့တဲ့"

"ဩော် အားနာစရာကွယ်၊ မနေ့က သတင်းလာမေးပြီး ကူညီ
ပေးကတည်းက အန်တီတို့က ကျေးဇူးတင်နေတာပါ၊ ညွှန့်သည်ကို ဘာမှ
ဧည့်မခံရသေးပါလား။ သမီးလေး ဖြူရော ဘယ်ရောက်သွားလဲ သား"

"သုခဘုံ ဘာမှမစားမသောက်တော့ဘူး ပြောလို့ နောက်ဖေးမှာ
ဟင်းသွားချက်နေတာပါ မေမေ"

"ဩော် သမီးဖြူကလည်း ဈေးဝယ်ပေးပြီးပြီဆို တော်ပြီပေါ့၊
ပင်ပန်းနေတော့မှာပဲ၊ မေမေ့ဘာသာ ချက်လိုက်လို့ ရပါတယ်"

"မေမေ ပင်ပန်းမှာစိုးလို့ သူချက်ပေးမယ်တဲ့၊ သားအကြိုက်ကို
သူ သိပါတယ်၊ လွှတ်ထားလိုက်ပါ မေမေ"

"ဘယ်ဟုတ်မလဲကွယ်၊ မေမေလည်း ကူလုပ်ဦးမှပေါ့၊ ဩော်



www.burmeseclassic.com

www.burmeseclassic.com



အနိုတ်ကို ခွင့်ပြုပါဦးကွယ်၊ မပြန်သေးရင် သားနဲ့စကားပြောပါနော်"

ညည့်သည်ကို ဒီအတိုင်း ထားခဲ့လောက်အောင် မဟူရာဖြူက အရေးပါနေတာ မခံချင်စရာ ကောင်းလွန်း၏။ သမီးဆိုတာကလည်း ပါးစပ်ဖျားက မချ။ ဟိုကလည်း မေမေတဲ့။

ရောင်စဉ်ကလည်း မောင်နှင့်ဖြူနှင့်။

ဒီလောက်ထိတောင် ရင်းနှီးပတ်သက်နေကြပြီလား။

ဒါကြောင့်မို့ ရောင်စဉ်က သူမကို အကြောတင်းတင်း လေစိမ်းတိုက်နေတာ ဖြစ်မည်။

ဒီလို ကြည်နူးမှုတွေ၊ ရှင်တို့ရဲ့ ပတ်သက်မှုတွေ ရေရှည်နိုင်မြဲတည်တံ့မနေစေရဘူး ရောင်စဉ်။

ဒီလို ဘဝမျိုး သုခဘုံ မရဘူးဆိုရင် ကျန်တဲ့လူလည်း မရစေရဘူး။ ရှင်ဒူးထောက် ခယလာမယ့် တစ်နေ့ကို . . . ။

■ ■ ■



## အခန်း (၁၇)

"ဟာ မင်း အလုပ်ပြန်ဆင်းနိုင်ပြီလား ရောင်စဉ်၊ ငါ့မှာကွာ မင်း အိမ်ကိုတောင် မလာနိုင်ဘူး၊ မင်းမရှိကတည်းက ဦးဗလဇော်က ငါ့ကို မျက်လှည့်ဆရာတစ်ယောက်နဲ့ တွဲလုပ်လို့အဆင်ပြေအောင် ဆိုပြီး ဆော့ကျင့်ခိုင်းနေတာကွ၊ မင်းကို အလုပ်ပြန်မခန့်တော့ဘူး ထင်လို့တောင် ဒီနေ့ မင်းအိမ်ဝင်လာပြီး မေးတော့မလို့၊ မင်းမလုပ်ရင် ငါလည်းမလုပ်တော့ဘူး ဆုံးဖြတ်ထားတာ၊ ဒါနဲ့ မင်းက ဒီအချိန်ကြီး ဘယ်လိုလုပ်ရောက်လာတာလဲ"

မျိုးမင်းက ဟိုတယ်အဝင်ပေါက်မှာ တွေ့သော သူ့ကို ရေပက်မဝင်အောင် အမေးအဖြေတွေ လုပ်ရင်း သူ့ကိုကြည့်ကာ အံ့ဩနေဟန်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခုမှကြည့်မိတယ်၊ မင်းက နက်(ခ်)တိုင်တွေ ကုတ်တွေနဲ့ ဟ
နေပါလား၊ ရောင်စဉ် မင်း"

"အေး ငါ ဟိုတယ်အလုပ်ကို လက်ခံလိုက်တယ်၊ အခြေအနေ
အရ ငါ့ဝါသနာကို စွန့်လွှတ်လိုက်ရတာ"

"မင်းဖြစ်ပါ့မလား"

"အစကတည်းက မဖြစ်ဘူးထင်လို့ လက်မခံခဲ့တာ၊ အခုတော့
ငါ လုပ်ကြည့်ရတော့မှာပေါ့ကွာ၊ မင်းလည်း ငါနဲ့မဟုတ်လို့ဆိုပြီး အလု
မထွက်ပါနဲ့၊ ဟိုတယ်မှာ မျက်လှည့်ဆရာ လုပ်ရတာ သိက္ခာရှိပါတယ်
ငါနဲ့လည်း တွေ့နေမှာပဲ၊ ကဲ ငါသွားမယ်နော်၊ ဦးဗလဖော် ရုံးခန်းကို
ဝင်ရဦးမယ်"

"ဩော် အေး သွားလေ၊ နောက်မှဆုံမယ် ရောင်စဉ်"

မျိုးမင်းနှင့် လမ်းခွဲပြီး ဦးဗလဖော် ရုံးခန်းထဲ ဝင်လာခဲ့သည်
ဆုံလည်ထိုင်ခုံမှာ ထိုင်နေသော ဦးဗလဖော်က ရှေ့က ထိုင်ခုံကို မေး
ပြ၏။

"ထိုင် မောင်ရောင်စဉ်၊ မင်းအလုပ်ဝင်တဲ့နေ့ အန်ကယ် ပြော
စရာရှိလို့ ကြိုစောင့်နေတာ"

"ဟုတ်ကဲ့ ပြောပါ အန်ကယ်"

"အေး လူတစ်ယောက်မှာ မျိုးရိုးဗီဇ ဝါသနာအကျင့်ဆိုတာ





ရှိတယ်၊ ဝါသနာက အကျင့်ဖြစ်သွားတတ်သလို အလေ့အကျင့်ကနေ
ဝါသနာအဖြစ် ပြောင်းလဲသွားတတ်တာတွေလည်း ရှိတာပဲ၊ မင်းကတော့
မင်းအဖေ အမွေပေးခဲ့တာကို ဝါသနာနဲ့ဝမ်းစာကို ဖြေရှင်းနေတာလို့
အန်ကယ် ထင်တယ်"

"ဟုတ်ကဲ့ အဲလိုပဲ ပြောရမှာပါ၊ ကျွန်တော် ဖြစ်ချင်ခဲ့တာ
အင်ဂျင်နီယာတစ်ယောက်"

"အဲဒါကြောင့် ပြောတာပေါ့၊ မင်းဖြစ်ချင်တာတွေ ဖြစ်ခွင့်မရ
ပေမယ့် မျက်လှည့်ဆရာဘဝမှာ မင်းပျော်နေတယ် မဟုတ်လား။ အဲလိုပဲ
ဂုဏ်သိက္ခာအတွက် ပြောင်းလဲလိုက်ရတဲ့ ဒီအလုပ်အပေါ်မှာ စိတ်နှစ်ပြီး
ကြိုးစားကြည့်ပါ မောင်ရောင်စဉ်"

"ဟုတ်ကဲ့ ကျွန်တော် ဆုံးဖြတ်ပြီး လက်ခံလိုက်တဲ့ အလုပ်
တစ်ခုအပေါ်မှာ တာဝန်ကျေအောင် ကြိုးစားမှာပါ"

"မင်းကို အန်ကယ် ယုံကြည်ပါတယ်၊ ဒီစကားတွေကိုရော
အန်ကယ် ဘာလို့ မင်းကို ခေါ်ပြောနေတယ်လို့ ထင်လဲ"

"ဗျာ ကျ ကျွန်တော် မသိပါဘူး အန်ကယ်"

ဦးဗလဖော် ပြုံးသည်။ ဘယ်လိုအပြုံးဆိုတာ သူ မဝေခွဲတတ်၊
ဆုံလည်ထိုင်ခုံက ထကာ သူ့ပခုံးကို လာပုတ်ပြီး သက်ပြင်းရှိုက်သံပြည်း
ကြားရသည်။ ခဏနေတော့ ဆုံလည်ထိုင်ခုံမှာ နောက်ပြန်မှီ၍ ထိုင်ချလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး

"ဒီဟိုတယ်ကြီးကို ဘုံကို လွှဲပြောင်းတာဝန်ပေးထားတယ် မင်း သူနဲ့အဆင်ပြေအောင် လုပ်ပါ"

"ဗျာ"

"အန်ကယ် အနားယူလိုက်မှာ မဟုတ်ဘူးနော်၊ နိုင်ငံခြား ဟိုတယ်နည်းနည်းပြသနာ ရှိနေလို့ ဟိုနဲ့ဒီကို သွားချည်ပြန်ချည် လုပ်ရ မှာမို့ပါ၊ ဒါကြောင့်လည်း ဘုံအတွက် စိတ်ချရမယ့်လူကောင်းတစ်ယောက် လိုအပ်နေတာ"

"ဒါဆို ကျွန်တော်"

ငြင်းဆန်ဖို့ ပြင်ပြီးမှ ဦးဗလဇော်ကို အားနာသွားရပြန်၏ သူ့ အပေါ် မရိုးသားသည့် တူမရဲ့စိတ်ကို မသိလို့များလား။

ကိုယ့်မှာချစ်သူရှိနေတာမို့ သုခဘုံ ဒီထက်အတင့်ရဲလိမ့်မည် မထင်ပါ။ ကိုယ့်ဘက်က ဆတိထားရှောင်တိမ်းလျှင်လည်း ဖြစ်နေတာပဲ

"မင်း ဘာပြောချင်လို့လဲ မောင်ရောင်စဉ်"

"ဗျာ ဟို မဟုတ်ပါဘူး၊ သုခဘုံကလည်း ကျွမ်းကျင်မှု မရှိသေး ဘူးဆိုတော့ ဖြစ်ပါ့မလားလို့ပါ"

"အလုပ်ရှင်ဆိုတာ အလုပ်သမားတစ်ယောက်ကို စနစ်တကျ ကိုင်တွယ်နိုင်းစေတတ်ဖို့ပဲ လိုတာပါ၊ ကိုယ်တိုင်လုပ်ဖို့မှ မလိုတဲ့ မင်းလည်း





အုပ်ချုပ်မှု ဒါရိုက်တာ အမည်ခံထားပေမယ့် ဘုံကို စောင့်ရှောက်ပေးရမှာ အဓိကပဲ၊ ဝန်ထမ်းတွေရဲ့ တင်ပြမှုကို နှစ်ယောက်သား တိုင်ပင်ပြီး ညှိနှိုင်းဆွေးနွေးပါ၊ သူများတွေထက် နောက်ကျမကျန်အောင် ကြိုးစားပါ၊ ပြီးတော့ မင်းကို အန်ကယ် တစ်ခုတောင်းဆိုချင်တယ်"

ကူညီခဲ့တာနှင့်တန်အောင် တောင်းဆိုမှုတွေ များလွန်းလာသည် ထင်၏။ သူ့ကို လှုပ်လို့မရအောင် ဖိအားပေးခဲ့သည့် စေတနာတွေလို့ သတ်မှတ်ရတော့မှာလား။

"မင်း အန်ကယ့်ကို တစ်မျိုးတော့ မထင်စေချင်ဘူးကွာ၊ မင်းကို အန်ကယ် တာဝန်တွေ အများကြီးပေးနေတာ မဟုတ်ပါဘူး၊ ရှင်းရှင်းပြော ရရင် ဘုံကို သည်းခံလိုက်လျောပြီး ဆက်ဆံပေးစေချင်တာပါ၊ ဘုံက မိဘမဲ့လေးကွ၊ ငယ်ငယ်ကတည်းက မိဘတွေ ဆုံးပါးသွားခဲ့ကြလို့ အန်ကယ် ပိုးမွေးသလို မွေးပြီး ဂရုစိုက်ခဲ့ရတာ"

"ကျွန်တော်နဲ့ မပြေလည်ဘူးလို့ သူက ပြောလို့လား"

"အဲလို မဟုတ်ပါဘူး၊ သူ့ဘက်က မချေမငံတာတွေလည်း အန်ကယ် သိပါတယ်၊ ဒါပေမဲ့ မင်းဘက်က အလျှော့ပေး သည်းခံစေချင် တယ်၊ မင်းတို့ချင်း ပြေလည်မယ်ဆိုရင် အန်ကယ် စိတ်ချရတာပေါ့ကွာ"

"စိတ်ချပါ အန်ကယ်၊ ကျွန်တော်က အလုပ်သမားပဲ၊ အတတ် နိုင်ဆုံး ဆက်ဆံရေး ပြေပြစ်အောင် ကြိုးစားပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲ ဘဝင်မကျသော်လည်း ထိုသို့ပဲ ကတိပေးလိုက်ရသည်။ ဒီလိုကိစ္စမျိုးတွေ ဖြစ်လာမှာစိုးလို့ အစကတည်းက သဒ္ဓါကြည်ဖြူစွာ ပေးခဲ့သော အခွင့်အရေးတွေကို မယူခဲ့တာ။

ခုတော့ ရှောင်တိမ်းလို့မရ။ ကိုယ်လွတ်ရုန်းလို့ ထွက်ပြေးလို့မရ။ ဦးဗလဇော် ရုံးခန်းထဲက ထွက်လာခဲ့သည့်တိုင်အောင် သူ့စိတ်တွေ ချောင်ပိတ်မိသလို မွန်းကျပ်နေရသည်။

သုခဘုံ မျက်လုံးတွေသာ ရှိုးသားခဲ့လျှင် သူ ဒီလို ခံစားမိမှာ မဟုတ်။

"ရောင်စဉ်"

မကြားချင်သော်လည်း အသံက ရှုံးခန့် အနားရောက်လာသည်။

"လေးလေးနဲ့ တွေ့ခဲ့ပြီးပြီ မဟုတ်လား။ မသိတာရှိရင် ဘုံကို မေးလို့ရတယ်".

"နည်းနည်းပါးပါးတော့ မန်နေဂျာ ကိုမျိုးဆီ အကူအညီ တောင်းထားပါတယ်၊ လိုအပ်မှ မင်းဆီလာမယ်"

"လိုအပ်မှ မဟုတ်ဘူး။ ရှင်က ဘုံနဲ့အလုပ်တွဲလုပ်ရမှာ၊ ဘုံ အစည်းအဝေးတက်ရင်တက်၊ ခရီးထွက်ရင်ထွက်"

"ဘာ ခရီးထွက်ရမယ်"

"လိုအပ်ရင် ပြောတာ၊ ဘာလို့ ပြူးပြဲသွားတာလဲ၊ အလုပ်





ရှယ်ရင် အလုပ်တစ်ခုကိုပဲ စိတ်ဝင်စားစမ်းပါ၊ တခြားဘာမှ မတွေးနဲ့ တာဝန်ကျေအောင်လုပ်မယ်လို့ ရှင်ဆုံးဖြတ်ထားတယ် မဟုတ်လား"

"ဟုတ်တယ် ဒါပေမဲ့"

"ဟုတ်တယ်ဆို ပြီးရောလေ၊ ဒါပေမဲ့ဆိုတာ ဆင်ခြေပဲ၊ အဲဒါမျိုး ဘုံ မကြားချင်ဘူး၊ တန်ရာတန်ကြေး ယူထားပြီးရင် တန်ရာတန်ကြေး ပြန်ပေးဆပ်ရမှာပေါ့ မဟုတ်ဘူးလား"

"တောက်"

အသံတိတ် ခပ်ကြိတ်ကြိတ်တက်ခေါက်ရင်း သုခဘုံကို ကျိန်ဆဲ မိ။ ဒီမိန်းမက တစ်ဖက်သား မခံချင်အောင် ဒီလို ခနိုးခနဲ့ ရွဲ့တဲ့တဲ့ စကားတွေပဲ ပြောတတ်သလား။

သူ့ဆန္ဒစား ရဲရတော့မည်မို့ မျိုသိပ်လိုက်ရသော်လည်း ရင်ဘတ်ကြီးထဲမှာ အောင့်မျက်သွားသည်။

ဘယ်အချိန်ထိ ဒီလိုမျိုး . . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"မောင် အဆင်ပြေလားဟင်၊ အလုပ်ချိန်ကလည်း အချိန်ပြည့် ပဲနော်၊ မောင် ပင်ပန်းနေလား"

"အလုပ်က မပင်ပန်းပါဘူး ဖြူရယ်၊ ဖြူနဲ့တွေ့ချိန်တွေ နည်း သွားတာပဲ မောင် စိတ်မကောင်းတာ၊ သူတို့က ဟိုတယ်မှာတော် အိပ်နိုင်းတာ ဖြူရဲ့၊ မောင်က မေမေတစ်ယောက်တည်း မဖြစ်ဘူးဆိုပြီ ပြန်လာတာ၊ ဖြူရော မေမေကို ဂရုစိုက်နေရတာနဲ့ ပင်ပန်းနေပြီလား"

ဖြူက ခေါင်းလေးရမ်းပြီး သူ့ရင်ခွင်မှာ မှီနွဲ့လာသည်။ ဖြူ ဆံနွယ်လေးတွေကို ဖိကပ်နမ်းပြီး ရင်ခွင်မှာ ထွေးဖက်ထားလိုက်၏

"မေမေ့ကို ပြုစုရတာ ဖြူ မပင်ပန်းပါဘူး မောင်ရယ်၊ မေမေနဲ့ အနီးကပ်နေရတော့ မေမေ့မေတ္တာတွေကိုလည်း ဖြူ ခံစားရပါတယ်





သမှ ဖြူ စိတ်ထဲမှာ တစ်မျိုးကြီးပဲ"

"ဘာလို့လဲ ဖြူ"

"ဟို သုခဘုံ"

"ဖြူ"

ဖြူ ဆက်ပြောလို့ မရအောင် ရင်ခွင်မှာ ဖွတ်အတင်း ဖိကပ် ထားလိုက်သည်။

"သုခဘုံနဲ့ပတ်သက်ပြီး ဖြူ ခေါင်းထဲ စိတ်ထဲမှာ ဘာမှထည့် းနဲ့ မောင် အလုပ်လုပ်နေတာ ဖြူနဲ့ နီးစပ်ဖို့ ရည်ရွယ်ချက်တစ်ခု ည်းပဲ၊ ဟို အလုပ်ရှင်တစ်ယောက်ရဲ့ ပါဝါပြချင်တာကို နည်းနည်း ည်ခံပေးလိုက်ရင် ရပြီ"

"ဟင့်အင်း ဖြူ ပြောချင်တာ အဲဒါ မဟုတ်ဘူး၊ ငွေကြေးချမ်း ထို့ အရှိန်အဝါနဲ့ မောက်မာတာ အပြစ်မှမဟုတ်ဘဲ၊ မောင့်ကို ကြည့် ူ့ရဲ့ မျက်လုံးတွေ၊ မောင့်ချစ်သူဖြစ်တဲ့ ဖြူကိုကြည့်တဲ့ မျက်လုံးတွေ"

"သူ့ဘက်က ဘာတွေဖြစ်ဖြစ် မောင့်ကိုယုံကြည်တယ်ဆိုရင် ိုက်စရာ မလိုဘူးလေ ဖြူရဲ့၊ မောင်က ဖြူတစ်ယောက်တည်းကိုပဲ တာ၊ ဖြူလည်း သုခဘုံအကြောင်းတွေးပြီး အားငယ်စရာ သိမ်ငယ် ာ မလိုဘူး"

"အဲဒီအတွက်တော့ မစိုးရိမ်ပါနဲ့ မောင်၊ ဖြူမှာ ခိုးတဲ့မှုတွေ



www.burmeseclassic.com

www.burmeseclassic.com



များပေမယ့် မာနတော့ ရှိပါတယ်၊ ကိုယ့်ချစ်သူကို ပိုင်ဆိုင်ချင်တဲ့ အစွ တွေလည်း ရှိတယ်၊ ဒါပေမဲ့ ဗိအားတွေများပြီး မောင် ရှန်းမထွက်နိုင် ကိုပဲ ဖြူ စိုးရိမ်တာ''

ဖြူက ဝမ်းနည်းအားငယ်သည့် အရိပ်အရောင်မပြဘဲ သူ့ မျက်နှာကို တရိုက်မက်မက် ကြည့်၍ပြောဏ၏။ စိုရဲအိတွေးနေသော နှုတ်ခမ်း လေးကို ဖျတ်ခနဲ ငုံနမ်း၍ ရောင်စဉ် ပြုံးလိုက်မိသည်။

အချစ်စိတ်ကြောင့် ပွင့်အံလာသည့် ခွန်အားလေးတွေ။

''ဖြူမှာ လောဘတွေ မရှိပေမယ့် အတ္တတွေနဲ့တော့ မောင့်ကို ပိုင်ဆိုင်ချင်တယ်ပေါ့၊ မောင် ချစ်လိုက်တာ ဖြူရယ်၊ အဲဒီ အတ္တတွေ တော့ မောင့်အပေါ် ထားစမ်းပါ၊ မောင်လည်း အဲလိုပဲ ဖြူရဲ့ ငွေကြေး ဘာကိုမှ အများကြီး မမက်မောပေမယ့် ဖြူကိုတော့ မြတ်မြတ်နိုးနိုး ပိုင်ဆိုင်ချင်တယ်''

''ကဲပါ ဒီအချစ်အကြောင်း ပြောနေတာနဲ့ မေမေ ဥပုသ်စောင့် သွားဖို့ လိုက်ပို့ရမှာ နောက်ကျနေတော့မယ်''

''ဟင် မေမေက ဘယ်ကျောင်းကို သွားပြီး ဥပုသ်စောင့်မှာလဲ''

''ဖြူတို့ ဘုန်းဘုန်းကြီးကျောင်းပေါ့၊ ဖြူလည်း တစ်ခါတည်း ပြန်ပြီး ညနေ မေမေပြန်မှ လိုက်ပို့လိုက်တော့မယ်၊ အဝတ်အစား ထဲ လေ၊ ဖြူတို့အိမ်က အတူတူ ထွက်ရအောင်''





''အင်း တစ်ခါတလေ အိမ်ရှင်မလေးလို မောင့်ကို အဝတ် အစား ထုတ်ပြီး ဝတ်ပေးပါလား၊ တစ်နေကုန် အလုပ်လုပ်ရင်း ဒီ အကြောင်းလေးတွေးပြီး ကြည်နူးချင်လို့''

''ကြည့် မောင်ကတော့ ပိုပြီ၊ ဒိုလေးကို အစာလည်းကျွေးရ ဦးမှာ၊ အရမ်းအလုပ်ရှုပ်တာပဲ''

''ဒိုလေးက အလုပ်မရှိတော့လို့ ဟိုပျံ ဒီပြေးနဲ့ အိမ်ရှေ့မှာ လမ်းဖလမ်းထဆော့နေတာ၊ အစားသောင် မမက်တော့ပါဘူး၊ သူ့ တစ်နေကုန်စာအတွက် ဈောင်အိမ်ထဲ ထည့်ပေးထားလိုက်ရင် သူ ဗိုက်ဆာရင် လာစားမှာပေါ့၊ လာပါ မောင့်ကိုပဲ ဂရုစိုက်စမ်းပါ''

ဖြူလက်ကို ဖွတ်အတင်း ဆွဲ၍ ဗီရိုဖွင့်ကာ အဝတ်အစားရွေး ပြီး ဝတ်ခိုင်းသည်။ ဖြူက မျက်စောင်းဝင့်နေပေမယ့် လက်ချောင်းလေး တွေကတော့ ကြင်နာယုယမှုတွေဖြင့် ကြယ်သီးလေးတွေကို တစ်လုံးချင်း တပ်ပေးနေမိသည်။

ရောင်စဉ်က သူမကို ကျောကနေ သိုင်းဖက်ထားပြီး ငုံ့ကြည့် ကာ ပြုံးနေသည်။

''ဘယ်လိုဖြစ်နေတာလဲ၊ မေမေ မြင်သွားဦးမယ်''

''ခုမှ ရေချိုးတက်လာလို့ အခန်းထဲဝင် အဝတ်အစားလဲနေ ပါတယ်ကွာ''



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မေမေ့အတွက် ဆွမ်းချိုင့် ဖြူ့ ခူးလိုက်ဦးမယ်"

"မောင်လည်း မီးဖိုခန်းထဲ လိုက်ခဲ့မယ်၊ ဒီလို မနက်ပိုင်းခေ ခဏပဲ ဖြူ့ကို တွေ့ခွင့်ရတာ မောင် အားမရဘူးကွ"

"ကိုပို လက်ထပ်ပြီးရင် မတွေ့ချင်လည်း တွေ့နေရမှာ၊ မလို ခဲ့နဲ့ အိမ်ရှေ့မှာပဲနေ"

သူ့ရင်ဘတ်ကို ခပ်နာနာလေး ထုခဲ့ပြီး ဖြူ့ နောက်ခန်း ဝင်သွား၏။

ထိုအချိန်မှာပဲ အိမ်ရှေ့က ဒီလေးရဲ့ စူးစူးရှရှ နာကျင်စွာအော် လိုက်သော အသံကို ကြားလိုက်ရသည်မို့ ရောင်စဉ် ထိတ်လန့်တကြား ပြေးထွက်လာခဲ့သည်။

"ဟာ ဒိ ဒိလေး သုခဘုံ မင်း မင်း"

သုခဘုံ ကားဘီးရှေ့မှာ ဒိလေး ရုပ်ပျက်ဆင်းပျက် အသက် ပျောက်နေသည်။ ဒေါသတို့ကြောင့် အသားတွေ တဆတ်ဆတ်တုန်ကာ ကားပေါ်က ဆင်းလာသော သုခဘုံကို မျက်ထောက်နီကြီးဖြင့် ကြည့်မိ သည်။ သုခဘုံက ဘာခံစားမှုမှ မရှိသလို နဂိုအပြုံးဖြင့်

"အကောင်လေးက သေးနေတော့ ဘုံ မမြင်လိုက်ဘူး။ တိရစ္ဆာန် ဆိုတာ လှောင်အိမ်ထဲမှာပဲ ရှိရမှာလေ၊ လမ်းမထွက်နေတော့ သူ မှားတာ ပေါ့"



"တောက် မင်း တာဝန်မဲ့စကား မပြောနဲ့၊ ဒိလေးက ငါ့လိုပဲ ဒီ တို့ ဟိုတယ်မှာ ငွေရှာပေးခဲ့တဲ့ကောင်ပါ"

"အသေးအမွှားကိစ္စတွေနဲ့ တို့ကို လာမဟောက်နဲ့ ရောင်စဉ်၊ ဒီ တိရစ္ဆာန်က ဘယ်လောက်တောင် တန်လို့လဲ၊ အခု ရှင် မျက်လှည့် ဆရာမှ မဟုတ်တော့တာ၊ အဲဒီ တိရစ္ဆာန် ဘာမှအသုံးမကျတော့ပါဘူး။ လျော်ကြေးလိုချင်တာ ဆိုရင်တော့"

"တောက် တော်တော့ သုခဘုံ၊ လူစိတ်ကင်းမဲ့ပြီး ငါ့ကို ငွေ အား လာမပြောနဲ့၊ ကြိုဟ်ဆိုးတစ်ကောင်လို ငါ့အိမ်ကို ဘာလို့ ရောက် လာတာလဲ"

ဒိလေးကို ကောက်ပွေ့ပြီး ဒေါသတကြီးမေးတော့ ဘာမှပြန် မဖြေသေးဘဲ အိမ်ထဲက ပြေးထွက်လာသော မဟူရာဖြူ့ကို မဲ့ရွဲ့ကာ ကြည့်သည်။ မဟူရာဖြူက ရောင်စဉ်လက်ထဲက ဒိလေးကိုကြည့်ပြီး ဘာ တွေဖြစ်နေလည်း နားလည်သဘောပေါက်သွားကာ မျက်ရည်ဖြိုင်ဖြိုင် ကျ၏။

"ဖြူ့ မေမေ မမြင်ခင် ခြံထဲက တစ်နေရာမှာ မြှုပ်လိုက်၊ နောက်မှ မေမေ့ကို မောင် ကြည့်ပြောလိုက်မယ်၊ မြန်မြန်လုပ်လိုက်နော်"

ဖြူ့ ပခုံးလေးကို ဖက်ပြီး ခြံဝင်းထဲပို့ပြီးမှ သုခဘုံဘက် လှည့် ကာ အကြည့်စူးစူးတို့ဖြင့် တိုက်ခိုက်လိုက်၏။ သုခဘုံက နှုတ်ခမ်းလေး

www.burmeseclassic.com

www.burmeseclassic.com



ကို အမြင်ကတ်လောက်အောင် တွန့်ကွေးမဲ့ရွဲ့ကာ

"တိရစ္ဆာန်တစ်ကောင်ကိုတောင် သံယောဇဉ်ကြီးတတ်ရဲ့နဲ့ 
တစ်ယောက်ကို လူလို မဆက်ဆံတတ်တာ ရှင် တော်တော်ရိုင်း
ရောင်စဉ်၊ ပြီးတော့ ဘုံက တခြားလူလည်း မဟုတ်ဘူး။ ရှင့်ရဲ့အလုပ်
သူဌေး"

"ကဲ မင်းက အပိုစကားတွေ ပြောဖို့ မတန်ဘူး။ အခု ငါ့ဆီ
ဘာကိစ္စလာတာလဲ အဲဒါပဲပြော"

"ဟင်း ဟင်း တိရစ္ဆာန်တစ်ကောင်ကြောင့် ခုထိ စိတ်ကြီး
တုန်းပဲ၊ ရှင် အဲလို မချေမင် ဆက်ဆံတတ်တာက ဆွဲဆောင်မှုရှိနေ
ထင်တယ်၊ ကောင်းပြီလေ လာရင်းကိစ္စပဲ ပြောတာပေါ့၊ ရှင့်ရာထူး
ဟန်းဖုန်းတစ်လုံးလောက် လိုမယ်ထင်လို့၊ အဲဒါ ဝယ်ရအောင် ရှင့်
လာခေါ်တာ"

"အဲဒါကိုများ အရေးတယူလုပ်နေတယ်၊ ငါ ဟိုတယ်ရောက်ရင်
ပြောလို့ မရဘူးလား၊ ခုတော့ ဒီလေး သေသွားရပြီ၊ မင်း မင်း တော်
တော် အသိဉာဏ်မဲ့တဲ့ မိန်းမ၊ သွားကွာ သွား၊ ဘာဖုန်းမှလည်း မလိုချင်
ဘူး"

"မလိုချင်လို့ မရဘူး ရောင်စဉ်၊ လုပ်ငန်းရာထူးအရ ရှင့်ဆီမှာ
ဖုန်းတစ်လုံးရှိနေမှ ဖြစ်မှာ၊ ရှင်လည်း အဝတ်အစားလဲပြီးနေပြီပဲ၊ အခု



ကားပေါ်တက် သွားမယ်"

"မင်းကားနဲ့ ငါ မလိုက်ဘူး၊ ငါ့ဘာသာ တက္ကစီစီးရင် စီးမယ်၊
လိုင်းကားတိုးစီးရင် စီးမယ်၊ ဟိုတယ်ကို အလုပ်ချိန်အမီ ရောက်ရင်ပြီး
ရော မဟုတ်လား"

သုခဘုံ ဖွင့်ပေးသော ကားတံခါးပေါက်ကို ဂျုန်းခနဲ ပြန်ပိတ်
၍ ပြောတော့ သုခဘုံ မျက်နှာ ညှိုးမှိုင်းတင်းမာသွားသည်။ ထိုအချိန်မှာ
ဝတီးငါးဆင့်ချိုင့်ဆွဲ၍ မဟူရာဖြူနှင့် ဒေါ်နှင်းရည်ချို ထွက်လာသည်။

"ဩော် သားအလုပ်ရှင်သူဌေး ရောက်နေတာပဲ၊ သားက
အဲဒီကားနဲ့ လိုက်သွားမလို့လား"

"မလိုက်ဘူး မေမေ၊ သားက မေမေ့ကို ဖြူနဲ့အတူတူ ဘုန်းကြီး
ကျောင်းလိုက်ပို့ပြီးမှ အလုပ်သွားမှာ"

"ရောင်စဉ်"

"ဟုတ်တယ်လေ မင်းက မြို့ထဲသွားမှာ၊ လမ်းမှမကြုံဘဲ၊ သား
အိတ်သွားယူလိုက်ဦးမယ် မေမေ၊ ခဏစောင့်"

ရောင်စဉ်က သားရေလက်ဆွဲအိတ်လေး ဝင်ယူပြီး ပြန်ထွက်
လာကာ ဝင်းတံခါးပိတ်လိုက်သည်။ ပြီးမှ ဒေါ်နှင်းရည်ချိုကို ဖြူနှင့်
ဟစ်ဖက်စီတွဲ၍ သုခဘုံကို ဂရုတစိုက် နှုတ်ဆက်ခြင်းမရှိဘဲ ပျော်ရွှင်
ရွှင်ရွှင် ထွက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



သုခဘုံ အသည်းတဆတ်ဆတ် တုန်လောက်အောင် နာကျင်သွားသည်။ ဒီလိုလုပ်ရပ်မျိုးက သူမ ရင်ကို ဘယ်လောက် ထိခိုက်နာကြည်းစေသလဲဆိုတာ ရောင်စဉ် မသိဘူးလား။

မဟူရာဖြူရဲ့ အကြည့်စိမ်းစိမ်းများကလည်း သူမကို စိန်ခေါ်သွားသလို ခံစားရကာ လက်တံ့ပြန်ချိုးနှိမ်ပစ်ဖို့ သွေးတွေ ဆူဝေသွား၏။ သုခဘုံ ဘယ်ချိန်တုန်းက ရှုံးဖူးလို့လဲ။

လိုချင်တာ ရအောင်ယူတတ်တာ သူမရဲ့အကျင့်။

ငါ့ရင်တွေ တဆစ်ဆစ် နာကျင်ရသလို နင်တို့တွေလည်း ထပ်တူကျတဲ့ နာကျင်မှုမျိုး ခံစားစေရမယ်။

တူသော အကျိုးဆက်ပေါ့ ရောင်စဉ်။

■ ■ ■



## အခန်း (၁၉)

စိတ်တိုင်းမကျ မကျေနပ်မှုများဖြင့် ကားကို ဝုန်းဒိုင်းကြဲ မောင်းဝင်လာကာ ပေါ်တီကိုအောက် အရောက်မှာတော့ ခြေဆောင့် ဆင်းလိုက်သည်။

ပြီးမှ ကားတံခါးကို အသံကျယ်ကျယ် မြည်အောင် ဆောင့်ပိတ်ပြီး ဧည့်ခန်းထဲ တစ်ရှူးထိုးဝင်လာခဲ့၏။ ဧည့်ခန်းထဲမှာ အအေးသောက်နေသော ဦးဗလဇော် လန့်ဖျပ်သွားကာ

"ဘာဖြစ်လာတာလဲ ဘုံလေး။ ဘယ်သူနဲ့ ပြဿနာ ဖြစ်လို့လဲ"

"ဟိုကောင်မကို ရောင်စဉ် အနားမှာ မမြင်ချင်တော့ဘူး လေးလေး"

"ဘယ်ကောင်မကို ပြောနေတာလဲ"

"ရောင်စဉ် ချစ်သူဆိုတဲ့ မဟူရာဖြူကိုပေါ့၊ သူတို့သားအမိ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်လုံး အကဲပိုပြီး ချစ်နေကြတယ်၊ ရောင်စဉ်ကလည်း ဘုံကို ဂရုမစိုက်ဘူး၊ ရောင်စဉ် အမေကဆို''

''ကဲ ထားပါတော့၊ မနက်က ရောင်စဉ်အိမ် လိုက်သွားပြီး ပြဿနာ ဖြစ်လာတယ် မဟုတ်လား၊ တစ်နေ့လုံး ဟိုတယ်ကိုမလာဘူး ဘယ်တွေသွားနေတာလဲ ဘုံ''

''ဘုံ စိတ်တွေကိုလွှတ်ပြီး တစ်နေရာသွားပေါက်ကွဲနေတာ လေးလေး၊ ဒါပေမဲ့ ဘယ်လိုမှ ထိန်းချုပ်မရဘူး၊ တစ်ခုခု ပြန်မလုပ်ရရင် ဘုံ သေလိမ့်မယ်''

''ဘုံရယ် ဘုံဖြစ်ချင်တာ ဘယ်ချိန်တုန်းက မဖြစ်ခဲ့ရဘူးဆိုတာ ရှိလို့လား၊ ဘုံ ဘာဖြစ်ချင်တယ်၊ ဘာလုပ်ချင်တယ် ဆိုတာသာပြော ဘုံလေး စိတ်ဆင်းရဲတာ လေးလေး မမြင်ရက်ဘူး''

လက်နှစ်ဖက်နှင့် ယှက်သိုင်းပြီး ကျောပြင်လေးကို ဖွဖွပွတ်သပ်နှစ်သိမ့်မိ၏။ ဘုံကိုယ်လေးက ဒေါသကြောင့်လား၊ ကြိတ်ရှိုက်နေတာကြောင့်လား မသိ။ သိမ့်သိမ့်လှုပ်ခတ် တဆတ်ဆတ် တုန်နေသည်။

''မဟူရာဖြူကို အဲဒီ မိဘမဲ့ဂေဟာမှာ မရှိအောင် လုပ်လို့မရဘူးလား''

''ဟင် မဟူရာဖြူကို''

''ဟုတ်တယ် သိက္ခာမဲ့ အရှက်ရ နာမည်ပျက်ပြီး အဲဒီမှာ





နေလို့မရတော့အောင်ပေါ့''

''အင်း အဲဒါက သိပ်တော့ မခက်ပါဘူး၊ အဲဒီမှာ အလှူဒါန လုပ်ပြီး တန်ဖိုးကြီးပစ္စည်းတစ်ခုကို ခိုးတယ် စွပ်စွဲလိုက်ရင် ပွဲပြီးပြီပေါ့၊ ခက်တာက လေးလေးတို့ ကိုယ်တိုင် လုပ်လိုက်ရင် မောင်ရောင်စဉ်က လေးလေးတို့ကို တစ်မျိုးမြင်သွားနိုင်တယ်''

''လေးလေးမှာ တပည့်တွေ အများကြီးဆို၊ သူတို့နာမည်နဲ့ လှူနိုင်းလိုက်ရင် ဖြစ်ပြီပဲ''

''ဟား အဲလိုလုပ်လို့ ဖြစ်တာပဲ၊ ဘုံလေး အတွေးမှန်တယ်၊ လေးလေးက နိုင်ငံခြားက ဟိုတယ်နှစ်ပတ်လည် မိတင်အတွက် ခရီးထွက်ရမယ်၊ ဘုံလေးက ဦးမြင့်ဆွေတို့ ချောင်းသာဖုန်းက ဟိုတယ် ဖွင့်ပွဲကို မောင်ရောင်စဉ်ကို ခေါ်ပြီးသွားလိုက်၊ မောင်ရောင်စဉ် ပြန်ရောက်လာရင် အဲဒီ မိဘမဲ့ကျောင်းမှာ မဟူရာဖြူ မရှိတော့ဘူး၊ ပွဲအရမ်းလှသွားမယ်၊ လေးလေး အဲလို စီစဉ်လိုက်ရင် ဘုံလေး စိတ်ချမ်းသာတယ် မဟုတ်လား''

သူခဘုံ ပုတ်သင်ညိုလေးလို ခေါင်းတဆတ်ဆတ်ညိတ် အခုမှ မျက်နှာလေး ပြုံးရွှင်လာ၏။ ဦးဗလဖော်ကိုလည်း ရှုပ်ခနဲ နမ်းသည်။

''အဲလိုသာ ဖြစ်မယ်ဆိုရင် ဘုံ စိတ်ချမ်းသာတာပေါ့ လေးလေးရယ်၊ တကယ် ရောင်စဉ်ကို ဘုံ ချောင်းသာ ခေါ်သွားရမှာလားဟင်''



www.burmeseclassic.com

www.burmeseclassic.com



"ဦးမြင့်ဌေတို့ ဟိုတယ်ဖွင့်ပွဲ ဖိတ်စာ ပေးထားတာ ဘုံ သိတာပဲ၊ လေးလေး မရှိပေမယ့် ဘုံကို တာဝန်လွှဲပြီးပြီဆိုတော့ ဘုံသွားမှ ကောင်းမှာပေါ့၊ ဘုံတစ်ယောက်တည်း မဖြစ်ဘူး မောင်ရောင်စဉ်ကို ခေါ်သွားရမှာ"

"ရောင်စဉ် လိုက်ပါ့မလား၊ ဖွတ်အတင်း ငြင်းနေရင်"

"သူက ကိုယ့်ဝန်ထမ်းလေ၊ လုပ်ငန်းကိစ္စနဲ့ပဲ၊ သူ ငြင်းလို့ရမလား၊ အဲဒီအတွက်တော့ မပူနဲ့၊ လေးလေး ပြောပေးမယ်၊ ဘုံသာ စိတ်မဆင်းရဲနဲ့၊ လေးလေး ဘာပဲလုပ်ပေးရ လုပ်ပေးရ"

"ဟား ပျော်လိုက်တာ၊ အဲဒါကြောင့် လေးလေးကို ချစ်တာ သိလား၊ ဘုံဘဝမှာ ဖေဖေ မေမေတို့မရှိလည်း ဝမ်းမနည်းဘူး၊ လေးလေး ရှိတာနဲ့ ဘုံဘဝ အရာအားလုံး ပြည့်စုံပြီ၊ ဟိုလေ ဘုံတစ်ခု မေးမယ်နော်၊ ဘုံကို ဘာလို့ အဲလောက်ကြီးတောင် အလိုလိုက်ချစ်နိုင်တာလဲဟင်"

"ဟင် ဟို အဲဒါက"

သုခဘုံ မေးခွန်းအတွက် အဖြေရှာမရကာ ဦးဗလဖော် ဝေဝိုင်းမှိုင်တွေသွားသည်။ ရင်တွေ မွန်းကျပ် သက်ပြင်းတွေလည်း မချိမဆံ့။ ဒါပေမဲ့ ဟန်ဆောင်ကောင်းသော ဦးဗလဖော်က သုခဘုံ ပခုံးလေးကို ချစ်စနိုးနှင့်ပုတ်လိုက်ပြီး ပြည့်ပြည့်ဝဝပင် ပြုံးရယ်လိုက်နိုင်၏။

"ဘာကြောင့်ဖြစ်ရမှာလဲ ဘုံရယ်၊ ဘုံကို ချစ်လို့ပေါ့၊ ဘုံရော လေးလေးရော တခြားအတွယ်အတာ မရှိကြဘူးလေ၊ ယယ်ယယ်လေး





ကတည်းကလည်း စောင့်ရှောက်လာခဲ့ရတော့ ဘုံ အငြိုငြင်မခံနိုင်အောင် သံယောဇဉ် ကြီးမိတာပေါ့ကွယ်၊ ဘုံလေးကရော လေးလေးကို ဘာလို့ ချစ်တာလဲ ပြောပါဦး"

"ဘုံကို လိုအပ်မှုမရှိအောင် ဖြည့်ဆည်းပေးဆပ်နိုင်လို့၊ ဘုံကို ပြည့်စုံအောင် ထားလို့ ပြီးတော့ ဘုံဖြစ်ချင်တာတွေ ဖြစ်အောင်လုပ်ပေးလို့ ပြီးတော့"

"ဟား ဟား တော်ပြီ တော်ပြီ ဘုံ၊ လေးလေး နားလည်ပြီ၊ အဲလိုတွေ လုပ်မပေးရင် မချစ်ဘူး၊ စိတ်ကောက်မယ်၊ စိတ်ဆိုးမယ်၊ ယယ်ယယ်ကလို ချော့မရအောင်ငိုမယ်၊ ပြီးရင် လေးလေးနဲ့အတူတူ မနေတော့ဘူး၊ အဝေးကြီးကို ထွက်သွားမယ်ဆိုပြီး ခြိမ်းခြောက်မယ် မဟုတ်လား"

"အဲဒါ ခြိမ်းခြောက်တာ မဟုတ်ဘူး၊ လေးလေးသာ အဲလို လုပ်ကြည့် ဘုံ တကယ်ထွက်သွားမှာ"

"အမယ်လေး အဲလိုတော့ မလုပ်လိုက်ပါနဲ့ဗျာ၊ နိုင်ငံခြားမှာ ကျောင်းထားတုန်းက သွားချည်ပြန်ချည် တွေ့နေရတာတောင် လေးလေး မှာ မနေတတ် မထိုင်တတ် လွမ်းနေခဲ့ရတာ၊ အဲလို ထားခဲ့မှာဆို သေရချည်ရဲ့ကွယ်၊ ဒါကြောင့် လေးလေးက ဘုံ စိတ်ကြိုက် လိုက်လုပ်ပေးနေခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



လေးလေး အချစ်သည်းမှုကို ဘုံ ယုံကြည်ပါသည်။ ဘုံလည်း လေးလေးကို ချစ်တာပါပဲ။

ဆိုးနွဲ့အနိုင်ယူရလို့ ဆိုပေမယ့် လေးလေးရဲ့ ဂရုစိုက်မှုက တခြား မိဘတွေထက် သာလွန်နေခဲ့သည်။

ထိုမေတ္တာတွေအောက်ကနေ ပိုင်ဆိုင်ချင်တာတွေ ကြီးစားရယူ ရင်းဖြင့်. . . ။

■ ■ ■



## အခန်း (၂၀)

"ဗျာ ကျွန်တော်က သုခဘုံနဲ့ ချောင်းသာ လိုက်သွားရမယ်"

"ဟုတ်တယ် အစကတော့ အန်ကယ်သွားဖို့ ညှိရွယ်ထားတာ၊ ...ပေမဲ့ အန်ကယ်က နိုင်ငံခြားသွားဖို့ကိစ္စ ပေါ်လာတော့ သွားလို့ မဖြစ် ...တော့ဘူး။ ဘုံတစ်ယောက်တည်း လွှတ်လိုက်ဖို့ကလည်း စိတ်မချဘူးလေ၊ ...မှာလည်း အုပ်ချုပ်မှု ဒါရိုက်တာတစ်ယောက်အနေနဲ့ တာဝန်ရှိတယ်၊ ...သွားလာဖို့ လိုတယ်၊ အရင်က အဲဒီနေရာတွေကို အန်ကယ် စိတ်မဝင် ...စားခဲ့ဘူး၊ နိုင်ငံခြားကိုပဲ စိတ်အားထက်သန်နေတာပေါ့"

ဦးဗလဖော် ရှင်းပြနေတာတွေ ရောင်စဉ် နားမဝင်။ သုခဘုံနှင့် ...တစ်ယောက်တည်း ခရီးထွက်ရမှာကိုသာ ရင်ထဲ မတင်မကျ ချိတုံချတုံ



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားနေမိသည်။

အလုပ်ကိစ္စကို နားလည်ပေမယ့် သုခဘုံနှင့်က မလွယ်။ ဦး
ဇော်ကတော့ ပြောစရာ စကားတွေ မပြီးပြတ်သေးသလို ဆုံလည်ထိုင်
ကို ကျောကပ်မှီချပြီး

"အခု ကိုယ့်နိုင်ငံက အရမ်းတိုးတက်နေပြီဆိုတော့ သူ
နိုင်ငံကိုသွားပြီး လုပ်ငန်းတိုးချဲ့မိတာတောင် ရှက်မိသလိုပဲ၊ နိုင်ငံတကာ
ကိုယ့်ဆီလာပြီး ဈေးကွက်ချဲ့ အုတ်မြစ်ချတယ်၊ ကိုယ်က သူများနိုင်ငံ
အထင်ကြီးပြီး အင်း ဘယ်လိုပြောရမလဲ"

"ဟို ဒီလိုပါ အန်ကယ်၊ ဒီမှာ အန်ကယ်ရော ကျွန်တော်
သုခဘုံရော မရှိဘူးဆိုရင် ဖြစ်ပါ့မလား။ ပရိုမိုးရှင်းပွဲနဲ့ ညစ်ခံပွဲတချို့လည်း
လက်ခံထားတယ်၊ ဖျော်ဖြေရေး ကဏ္ဍကလည်း လူအပြောင်းအလဲ
အခက်အခဲဖြစ်နေတာ မဟုတ်လား"

"အဲဒီကိစ္စတွေက မောင်ရောင်စဉ် စိတ်ပူစရာ မလိုဘူး။ အ
ကယ်မှာ ယုံကြည်စိတ်ချရတဲ့ မန်နေဂျာရှိတယ်၊ ဝန်ထမ်းတွေရှိတယ်
မင်းလုပ်ပေးရမယ့်ကိစ္စကိုလည်း အန်ကယ် အစကတည်းက တောင်း
ပြီးသားပဲ၊ နောက်ဆို အန်ကယ်က နိုင်ငံခြားလွှတ်ဖို့အထိတောင် စဉ်း
ထားတာ၊ မင်းကို အရမ်းတိုးတက် အောင်မြင်စေချင်တယ်"

စေတနာလား၊ ချုပ်နှောင်ခြင်းလားဆိုတာ မသိပေမယ့်





ဦးလို့ မဖြစ်တာတော့ သေချာသွားသည်။

ချောင်းသာကို သွားရမှာ မနက်ဖြန် တဲ့။

ဦးဗလဇော် ရုံးခန်းထဲက ထွက်လာပြီး တစ်နေကုန် အလုပ်လုပ်
တာ စိတ်မပါ။ ဒီနေ့မှ သုခဘုံလည်း ပျောက်ချက်သား ကောင်းနေ၏။
ညပိုင်း အိမ်ပြန်ရောက်လို့ မေမေ့ကို ပြောပြတော့

"အလုပ်ကိစ္စပဲသွားရမှာပေါ့ သား၊ သူဌေးက ကိုယ့်ကို ဦးစား
ပေးပြီး လူရာဝင်အောင် လုပ်ပေးတာပဲ ကျေးဇူးတင်ရမှာ၊ ဒါနဲ့ သုခဘုံက
ကောင်းသွက်လက်လွန်းတယ်နော်၊ သားအပေါ်ရော သူဌေးလို ကောင်းရဲ့
လား သား၊ နှိမ်ချဆက်ဆံတာမျိုးရော ရှိလား"

"အဲလိုမျိုးတော့ မရှိပါဘူး မေမေ၊ ရွယ်တူတန်းတူဆိုတော့
ပြီး အလုပ်လုပ်ရတာ စိတ်မလုံခြုံသလို"

"ဒါက သားရဲ့စိတ်က ရိုးသားနေဖို့ အရေးကြီးတာပါကွယ်၊
မိန်းကလေးဘက်ကလည်း သားမှာ ချစ်သူရှိနေတာ သိတော့ အရဲကိုးမှာ၊
ရိုးမသားစိတ် ဝင်မှာမဟုတ်ပါဘူး၊ ခရီးအတူ ထွက်တယ်ဆိုပေမယ့်
ရောက်တော့ မိန်းကလေးနဲ့ ယောက်ျားလေး တစ်နေရာစီ ဖြစ်မှာပါ၊
သားက ဖြူ့ သဝန်တိုမှာ စိုးရိမ်နေတာလား"

"ဖြူက သဘောထားသေးသိမ်တဲ့လူ မဟုတ်ပါဘူး မေမေ
သားအပေါ် ယုံကြည်မှုလည်း ရှိတယ်၊ နားလည်မှုလည်း ရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို သားက ဘာကို စိတ်ပူနေတာလည်း သားရယ် တစ်ပတ်ဆယ်ရက် တစ်လလည်း နေရမှာ မဟုတ်ဘဲနဲ့၊ သုံးရက် လောက်ပဲဆို"

"ဟုတ်ကဲ့ ပွဲတော်ဖွင့်ပွဲရက်နဲ့ တွဲလုပ်တာမို့ အဲလော ကြာမယ်ပြောပါတယ်၊ ဒါနဲ့ ဟိုလေ မေမေ ဒိုလေးကိစ္စ"

မေမေ ချက်ချင်း မျက်ရည်တွေ ပြည့်ဝိုင်းကာ ဆက်တီခုံ ပုံကျသွားသည်။ သူလည်း မေမေ့နားမှာ ဝင်ထိုင်ပြီး မေမေ လ ကလေးကို ဆုပ်ကိုင်ထားရင်း ရင်တွေ ဆို့နစ်နေ၏။

"မေမေ ဖွတ်အတင်းမေးလို့ ဖြူ ပြောပြပါတယ် သားရယ် သုခဘုံ ကားနဲ့တိုက်မိသွားတာဆို၊ ဒိုလေး ကံတရားက ဒီလောက်ပါလို့ ဖြေနေရပေမယ့် စိတ်တော့မကောင်းဘူး။ သူလည်း ကိုယ့်ကို အကျိုး တာပဲ မဟုတ်လား၊ အခုတော့ သူ့အတွက် ကုသိုလ်ကောင်းမှု လုပ်ပေး ပဲ ရှိတော့တာပေါ့ကွယ်"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ သုခဘုံမှာ အဲလို အကြ တရားမရှိလို့ သား မပတ်သက်ချင်တာ"

"တိုက်ဆိုင်မှုဆိုတာလည်း ရှိတာပဲ သားရယ်၊ တမင်တာ လုပ်ပြီး အပြစ်ယူမှာတော့ မဟုတ်ပါဘူး၊ လူတစ်ဖက်သား အပေါ် မချွေရစိတ် မထားနဲ့ သား၊ ကိုယ့်မှာ အရင်ဆုံး ပူလောင်တာ





ကိုယ်ကိုယ် တိုင်က ကောင်းမှုကုသိုလ် လုပ်နေရင် မကောင်းတဲ့ အကုသိုလ် ဝင်မလာ နိုင်ဘူး။ ဝင်လာရင်တောင် အခိုက်အတန့် ခဏတဖြုတ်ပေါ့ကွယ်၊ မေမေ လည်း ဒိုလေးကို သံယောဇဉ် ရှိတာပါပဲ၊ ဒါပေမဲ့ တရားနဲ့ ဖြေရတာပေါ့"

မေမေက တရားနဲ့ဖြေခိုင်းနေပေမယ့် ဒိုလေး အဖြစ်ကို မြင် ယောင်ပြီး ရောင်စဉ် တစ်ညလုံး အိပ်လို့မရပါ။

ရင်ထဲမှာ ဆို့နစ် စိတ်မကောင်း ဖြစ်နေသလို ဖြူနဲ့ ခွဲရဖို့ အရေးလည်း ပြောမထွက်နိုင်အောင် စိတ်ပင်ပန်းရ၏။

ဒါပေမဲ့လည်း မပြောလို့ မဖြစ်သလို မသွားလို့လည်း မဖြစ်။ နက်စောစောထကာ ခရီးဆောင်အိတ်ထဲ ထည့်စရာရှိတာတွေ ထည့်ပြီး ဖြူအလာကို မျှော်နေမိသည်။ အရင်ကဆို မနက်စော ဈေးဝယ်ပြီးတာနှင့် ဖြူ ရောက်လာနေကြပါ။

လမ်းဘက် မျှော်ကြည့်ပြီး အိမ်ရှေ့မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိတော့ မေမေက သူ့အနား လာရပ်ကာ

"ဖြူကို မျှော်နေတာလား သား"

"ဟုတ်ကဲ့ မေမေ၊ သား ခရီးထွက်မှာ ဖြူ မသိသေးဘူး။ အဲဒါ ဖြူကို ပြောသွားချင်လို့ မေမေ"

"သူ့ကျောင်းမှာ ကိစ္စရှိလို့ဖြစ်မယ် သားရဲ့၊ လိုက်ချင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သွားလိုက်လေ၊ ကျောင်းမှာမရှိရင် ဈေးကို သွားချင်သွားနေမှာပဲ၊ သား
ဟိုတယ်ကကား လာခေါ်ရင် လိုက်သွားရမယ့် ဥစ္စာ''

''ဟုတ်ကဲ့ အဲဒါဆို သား သွားလိုက်မယ် မေမေ''

မေမေ သတိပေးမှ ရပ်ကွက်အစွန်က ဖြူတို့ မိဘမဲ့ကျောင်း
လေးဘက် ထွက်လာခဲ့သည်။ ဟိုကိုရောက်တော့ အချက်အပြုတ်ဘက်မှာ
စီမံနေသော ဒေါ်ခင်သက်ကိုသာ တွေ့ရသည်။

''ဟော မောင်ရောင်စဉ်၊ ဖြူဆီ လာတာလား''

''ဟုတ်ကဲ့ ဖြူ မရှိဘူးလား ဒေါ်ကြီး၊ ဈေးသွားနေတာလား''

''မဟုတ်ဘူးကွဲ့ အလှူရှင် ဧည့်သည်တွေ ရောက်နေလို့ ဘုန်း
ဘုန်းကြီးခေါ်ပြီး စာရင်းလုပ်ခိုင်းနေတယ်''

''ဩော် ဟုတ်ကဲ့''

''အေး အဲဒီ ဗာဒံပင်အောက်က ကွပ်ပျစ်လေးမှာ ခဏထိုင်
စောင့်နော်၊ လာတော့မှာပါ''

ဒေါ်ခင်သက်က ရောင်စဉ့်ရှေ့မှာ ရေနွေးပွဲနှင့် လက်ဖက်
သုတ်ပန်းကန် လာချပေးပြီး မီးဖိုဆောင်ဘက် ပြန်ထွက်သွား
ခဏနေမှ ဗလာစာအုပ်နှင့် ဘောပင်လေးကိုင်ပြီး မဟူရာဖြူ
ရောက်လာသည်။

''မောင် မလာစဘူး ကျောင်းဝင်းထဲထိ ဖြူကို လာထိုင်စောင့်



…ပါလား၊ ဖြူ အချိန်နဲ့ရောက်မလာလို့ လိုက်လာတာလား မောင်''

''အင်း အဲလိုပဲ ပြောပါတော့''

''အလှူရှင်တွေ ရောက်နေလို့ မောင်ရဲ့၊ အလှူရှင်တွေက
…က်စာရော နေ့လယ်စာရော ကျွေးမယ်၊ ဒီမှာရှိတဲ့ ကလေးတွေအားလုံး
… လက်ဆောင် ပစ္စည်းလည်း ပေးမယ်ဆိုလို့ စာရင်းတွေ တွက်ပေး
…တာပါ၊ ဘုန်းဘုန်းကြီးက အရမ်းစည်းစနစ်ကြီးတယ်၊ အလှူရှင်တွေ
…ပြင် လှူဒါန်းချင်စိတ် ရှိအောင် သဒ္ဓါစိတ် မပျက်အောင်၊ အတိအကျ
…ရင်းဇယားနဲ့ လုပ်ခိုင်းတာ၊ ပြီးရင် ငွေကြေးအတွက်ကျနဲ့ ဈေးဝယ်ခိုင်း
…ယ်၊ မောင် အပြန်ကျရင် ဖြူလည်း ဈေးဘက်လိုက်ခဲ့မယ်နော် မောင်''

''မောင်က ဈေးဘက်လိုက်လို့ ရတော့မှာ မဟုတ်ဘူး ဖြူ၊
…ာင် ခရီးထွက်ရမှာမို့ ဖြူကို လာပြောတာ ဖြူရဲ့''

''ဟင် ဘယ်ကို ခရီးထွက်ရမှာလဲ မောင်၊ ဘယ်နှရက်ကြာ
…လဲ''

''ချောင်းသာကို သုံးရက်လောက် ကြာမယ်၊ အဲဒါ မေမေ့ကို
…ရှုစိုက်လိုက်ပါဦးနော်''

''ဒါက ပြောနေစရာလား မောင်ရယ်၊ မောင် ရှိရှိ မရှိရှိ
…မေမေ့ကို ဖြူ ဂရုစိုက်မှာပါ၊ ချောင်းသာက ဟို ဘယ်သူနဲ့သွားမှာလဲ
…ာင်''

www.burmeseclassic.com

www.burmeseclassic.com



ဖြူ မင့်မရဲ့ အမေးက မသက်ာလှိုဆိုပေမယ့် မယုံကြည်
တော့ မဖြစ်နိုင်။ သူ့ဘက်ကလည်း သိဂုဏ်လိမ်ညာဖို့ စိတ်ကူးမရှိ

ဖြူ သိက္ခာတရားအတွက် ဖြူ လက်ကလေးကို ထွေး
ကိုင်ထားချင်စိတ်ကို မျိုသိပ်ထားရသော်လည်း မျက်နှာလေးကို
ကြိုတင်ကာ လွှမ်းရင်း ခပ်ငေးငေး ကြည့်ဖြစ်သည်။

“ဖြူ စိတ်ထဲမှာ ဘာကိုမှတွေးပြီး စိတ်မပင်ပန်းနဲ့နော်၊
သုခဘုံနဲ့ သွားရမှာ၊ အလုပ်ကိစ္စကြောင့်ဆိုတာ ဖြူ နားလည်
မဟုတ်လား”

“ဖြူ နားလည်ပါတယ် မောင်၊ ဒါကလည်း မောင့်ကိုချစ်
မောင့်ရဲ့စိတ်ကို ယုံကြည်လို့ပါ၊ ဖြူ့ဘက်က မောင် ရပ်တည်
သရွေ့လည်း ဖြူ ဘာကိုမဆို ရင်ဆိုင်ရဲပါတယ်”

“ဒါပေါ့ ဖြူရယ်၊ ဖြူ့မှာ မောင့်ရဲ့အချစ် ခွန်အားတွေနဲ့
ရှိနေရမှာပေါ့၊ မောင်နဲ့လက်ထပ်ပြီးရင် ဖြူ့ဘဝလေး အေးချမ်း
ဘုန်းဘုန်းကြီးဆီမှာ အုပ်ထိန်းသူအနေနဲ့ လျှောက်ထားပြီး တရား
လက်ထပ်ခွင့်တောင်းမယ်”

“ဒေါ်ကြီးခင်သက် ပြောပြထားလို့ ဘုန်းဘုန်းကြီးလည်း
ထားပြီးပါပြီ၊ အရွယ်ရောက်လို့ လင်ကောင်း သားကောင်းနဲ့
တစ်ဆစ်ချိုး ပြောင်းလဲပြီး အောင်မြင်တိုးတက်မယ်ဆို ခွင့်ပြု

ဗျူး၁၁၆၀



ပေါ့တဲ့၊ တချို့ကလေးတွေဆို အရွယ်ရောက်ပြီး ကိုယ့်ခြေထောက်ပေါ်
ကိုယ်ရပ်တည်နိုင်ပြီဆိုရင် မိဘမဲ့ကျောင်းနေရတာ ရှက်တာနဲ့၊ ပညာစုံ
တတ်လို့ ခြေစုံကန် ထွက်သွားရတာနဲ့”

“ဟင် အဲလို ကျေးဇူးမသိတတ်တဲ့ သူတွေရှိတယ်လား”

“ရှိတာပေါ့၊ ဘုန်းဘုန်းကတော့ မေတ္တာစိတ်နဲ့ ဘုရားဟော
အတိုင်း ဒါနမျိုးစေ့ ချနေတာဆိုတော့ အပြစ်မယူပါဘူး၊ တချို့လည်း
နိုင်ငံခြားတွေ ဘာတွေရောက်၊ ရာထူးဂုဏ်ဒြပ်နဲ့ လုပ်ငန်းရှင်တွေ၊
ဝန်ထမ်းတွေ အမျိုးမျိုးဖြစ်ကြနဲ့၊ ဘုန်းဘုန်းကျေးဇူးကို ပြန်သိတတ်ပြီး
ငွေကြေးထောက်ပံ့နေတဲ့သူတွေလည်း ရှိပါတယ်၊ အဲဒါကြောင့်ရော
နိုင်ငံတော်က ထောက်ပံ့တာရောကြောင့် ဘုန်းဘုန်း ဒီအချိန်ထိ ရပ်တည်
ကျွေးမွေးစောင့်ရှောက်နေတာပေါ့”

“ဪ ဟုတ်လား”

မဟူရာဖြူ ပီတိနှင့် ရှင်းပြနေတာ ဆုံးခန်းမတိုင်တာမို့ ရောင်စဉ်
ထောက်ခံရင်းနှင့် နာရီ တကြည့်ကြည့် ဖြစ်နေရ၏။ ဒါကို မဟူရာဖြူက
သဘောပေါက်ကာ

“မောင်သွားဖို့ အချိန်နီးနေပြီ ထင်တယ်၊ ဖြူ လုပ်စရာရှိတာ
လုပ်ပြီးရင် မေမေ့ကို သွားပြီး ဂရုစိုက်လိုက်ပါမယ်၊ မောင် စိတ်ပူသွား
နော်၊ ခရီးသွားနေတဲ့အချိန်မှာ နောက်ဆံမတင်းနဲ့”

ဗျူး၁၁၆၀

www.burmeseclassic.com

www.burmeseclassic.com



"အင်း ဖြူကို ယုံကြည်စိတ်ချစွာနဲ့ မေမေ့ကို အပ်ထားခဲ့ပြီနော်။ မောင် သွားပြီ"

"မောင်ကလေ"

ဘေးဘီဝဲယာကို ဝေ့လည်လည် အကဲခတ်ပြီး ဖြူ လက်ကလေးကို မနေနိုင်စွာ ဆွဲယူနမ်းရှိုက်ခဲ့တော့ တိုးတိတ်သော ကြည်နူးမှုလေးဖြင့် ဖြူ ရှက်ရွံ့သလို မျက်နှာလေး နီမြန်းကျန်ရစ်ခဲ့သည်။

သူ့ရင်တွေလည်း တလှပ်လှပ် နွေးမြလို့ပါ။

ဖြူစင်ရိုးသားလွန်းသော ဒီမိန်းကလေးနှင့်တွေ့လျှင် သူ့နှလုံးသားတွေက အမြဲ သွေးပူအသက်ဝင်နေကာ အဓိပ္ပါယ် ရှိနေခဲ့သည်။

သုခဘုံကိုတော့ သမားရိုးကျ မဟုတ်သော ဆန်းကျင်ဘက် ခံစားမှုများဖြင့်. . .။

■ ■ ■

## အခန်း (၂၁)

ချောင်းသာရောက်တော့ နေဝင်ရီရော အချိန်။

လိမ္မော်ရောင် ညနေခင်းကို သူ ခံစားလို့မရ။

ချောင်းသာရဲ့ ရင်သတ်ရှုမောဖွယ် သဘာဝ အလှတရားများက ဖြူနဲ့သာ အတူရောက်လာခဲ့လျှင် ဘယ်လောက် ကြည်နူးစရာ ကောင်းလိုက်မလဲ။

ခုတော့ အမြင်အာရုံမှာ သုခဘုံရဲ့ ဝတ်ရုံဖြူလွလွက ပိတ်ကာဆီးထားတာမို့ အကျည်းတန်မှုများဖြင့် အသက်ရှူကျပ်စေ၏။

ဖုန်းပြောပြီး သူ့ဘက်လှည့်လိုက်သည့် သုခဘုံ မျက်နှာလေးက အပြုံးရောင်နုနုဖြင့် သိုသိပ်ခြင်း ကဗျာတစ်ပုဒ်ကို ဖွတ်အတင်း ဖုံးဖိထားသလို။

"ညည်းသည်တွေ အရမ်းများနေလို့တဲ့ နှစ်ယောက်တွဲ အနေထားသူဖို့ အခန်းတစ်ခန်း စီစဉ်ပေးတယ်တဲ့၊ အဲဒီကို သွားရအောင်"





www.burmeseclassic.com

www.burmeseclassic.com



"ဘာ အခန်းတစ်ခန်းမှာ အတူနေရမယ်၊ ယောကျ်ားလေးနဲ့ မိန်းကလေး အခန်းတစ်ခန်းထဲ အတူနေရမှာ သင့်တော်မလားကွ၊ သူတို့ ဖိတ်ထားတာပဲ၊ အဆင်ပြေအောင် စီစဉ်ပေးရမှာပေါ့"

"ကိုယ်ဖြစ်ချင်တာချည်း ဖွတ်ပြောလို့ မရဘူးလေ ရောင်စဉ်း ဧည့်သည်တွေ အများကြီး ဖိတ်ထားတဲ့အတွက် လူတိုင်းကို အဆင်ပြေ အောင် လုပ်ပေးနိုင်ပါ့မလား။ ကိုယ်က နားလည်ပေးရမှာပေါ့"

"ကျွတ် မင်းနဲ့နေဖို့တော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး"

"ရှင့်စိတ်ကို ရှင်မယုံဘူးလား"

"ဘာ"

"ရိုးသားနေရင် တစ်ခန်းထဲနေတော့ရော ဘာဖြစ်လဲ"

"မင်းက မိန်းကလေး၊ စကားကို လက်လွှတ်စပယ် မပြောနဲ့ သုခဘုံ၊ ပတ်ဝန်းကျင်ရှိတယ်၊ ဂုဏ်သိက္ခာ ရှိတယ်၊ မင်းတို့ အသိုက် အဝန်းကြားမှာ ငါရော ဘာကောင်ဖြစ်သွားမလဲ"

သူ့စကားကို ကားဘန်ပါ နောက်ပြန်မှီလျက် သုခဘုံ ခပ်ဖွဖွ ပျက်ရယ်ပြုသည်။

"အိုးက မပူ၊ စလောင်းကပူနေတာ အံ့ဩစရာပဲ၊ သုခဘုံလို မိန်းမနဲ့ တစ်ခန်းတည်းနေလို့ ရှင့်ဂုဏ်သိက္ခာတွေ၊ ဘာတစ်စွန်းတစ် ယှတ်လျော့ ပျက်စီးသွားမှာမို့လဲ"



"ငါ့တန်ဖိုး ငါ သိတယ်"

"ဘာ ဘုံက တန်ဖိုးမရှိဘူးလို့ ပြောလိုက်တာလား"

"မင်းတွေးချင်သလိုတွေးလို့ ရတယ် သုခဘုံ၊ ဒါ အမှန်တရားလို့ ချမပြလည်း မြင်သာနေတာပဲ"

"ဩော် ရှင့်အယူအဆ ရှင့်အတွေးထဲမှာ ဘုံက ဒီလိုပေါ့၊ ဒါဆို မဟူရာဖြူကရော ဘယ်လောက် တန်ဖိုးရှိတဲ့ မိန်းမမို့လဲ"

"မင်းသိအောင် ထပ်ပြောပြရဦးမှာလား"

"ပြောမပြတောင် သိနေပြီးသားပါ၊ မိမရှိ ဖမရှိ ဘယ်လို အဆင့်အတန်းက ပေါက်ဖွားလာမှန်း မသိဘဲ သူများအစောင့်ရှောက်ခံ ဘဝနဲ့ ကြီးပြင်းလာတာ၊ သူ့ကိုယ်ပိုင် ဂုဏ်အင်္ဂါ အဆင့်အတန်း ဘယ်မှာ လဲ၊ အခြေအမြစ်မျိုး"

"တော်တော့ မင်း ဆက်မပြောနဲ့တော့ သုခဘုံ"

ဒေါသတွေဖြင့် အသံကျယ်ကျယ် ဟန့်တားလည်း သုခဘုံက ဂရုမစိုက်စွာ

"လူ့ကျင့်ဝတ် လူ့အသိုင်းအဝန်းမှာ တန်းညှိဖို့တောင် မသတီ စရာကောင်းတဲ့ မိန်းကလေးကို ရှင် ဘာကြောင့် ဒီ့လောက်တောင် တန်ဖိုးထားနေရတာလဲ"

"သုခဘုံ မင်းပါးစပ်က ထွက်လာတိုင်း ပြောချင်တာတွေ

www.burmeseclassic.com



မပြောနဲ့၊ ငွေကြေးချမ်းသာမှ အဆင့်အတန်းရှိတာ မဟုတ်ဘူး၊ မိန်းကလေးတစ်ယောက်၊ သူ့ကိုယ်သူ ထိန်းချုပ်နိုင်တယ်၊ ထိန်းသိမ်းနိုင်တယ်ဆိုရင် ဂုဏ်သိက္ခာရှိ အဆင့်အတန်းရှိသွားတာပဲ၊ ဖြူကို ဘာကြောင့်မှ ပုတ်ခတ်တာမျိုး ဝေဖန်တာမျိုး မလုပ်ပါနဲ့''

သုခဘုံရဲ့ နီညိုရင့်ရောင် နှုတ်ခမ်းလေး ပက်ခနဲ မဲ့ရွဲ့သွားကာ

''ဟွန့်၊ အဲဒီ မဟူရာဖြူ ဆိုတဲ့ မိန်းမကို အဲလောက်တောင် အထင်ကြီးနေလား၊ အပေါ်ယံသကာလောင်းထားတာကို ရှင် အဟုတ်ထင်နေတယ်ပေါ့၊ သူ့ရဲ့အတွင်းစိတ်ကို ရှင်ဘယ်လောက်တောင် ပေါင်းသင်းကြည့်ဖူးလို့လဲ''

''မင်း မမိုက်နဲ့ သုခဘုံ၊ လူတစ်ယောက်ကို ပေါင်းသင်းကြည့်ဖူးမှ အတွင်းစိတ်ကို သိရတာ မဟုတ်ဘူး၊ အပြုအမူ အပြောအဆိုနဲ့ ခန့်မှန်းလို့ရတယ် နားလည်လား''

''ဟား ရှင် အရမ်းလူကဲခတ် ကျွမ်းကျင်ပါလား၊ ရောင်စဉ်ကောင်းပြီလေ မဟူရာဖြူ ဘယ်လောက် ကိုယ်ကျင့်တရား ကောင်းလည်းဆိုတာ စောင့်ကြည့်ရသေးတာပေါ့၊ ကဲ ဦးမြင့်ငွေတို့ စီစဉ်ထားတဲ့ ဟိုတယ်အခန်းမှာ လိုက်နားမှာလား၊ မနားဘူးလားပြော၊ ဒီနေ့ သူ့ဒင်နာစားပွဲလည်း စီစဉ်ထားတယ်''

''ငါ မနားဘူး၊ မင်းဘာသာ အဲဒီအခန်းထဲမှာ တစ်ယောက်တည်းနေ၊ ငါ့ဘာသာ ဧည့်ဆောင်မှာနေမယ်၊ ညရောက်ရင် ရွာထဲက တည်းခိုဆောင်တွေ သွားအိပ်လို့ရတာပဲ''

''ဟွန်း ပြီးရောလေ၊ ဒင်နာပွဲတက်ဖို့တော့ မိတ်ပျက်အောင် မလုပ်နဲ့''

စိတ်မရှည်သလို ခပ်ဆောင့်ဆောင့်ပြောပြီး ခရီးဆောင်အိတ်တွေ သယ်သွားသည့် ဝန်ထမ်းလေးနောက်က သုခဘုံ လိုက်သွားသည်။ သူလည်း စိတ်တွေ မွန်းကြပ်ကာ ပင်လယ်ပြင်ကို လှမ်းမြင်နိုင်နိုင်သော သီးသန့်ဧည့်ဆောင်လေးဘက် ထွက်လာခဲ့သည်။

လှိုင်းပုတ်သံက နာရီစည်းချက် ကိုက်ညီစွာနှင့် ရော့(ခ်)သီချင်း တစ်ပုဒ်ကို နားထောင်နေရသလို ရင်ကို သိမ့်သိမ့်ငြိမ့်ငြိမ့် လှိုင်းထန်စေ၏။

ချောင်းသာရဲ့ ညနေခင်း ဆည်းဆာချိန်က မိန်းမလှ တစ်ယောက်ကို အလှဖို့ကာ ဖွဲ့ဆိုဖမ်းစားဖို့ ဝေခွဲရခက်နေသလို ဆွဲဆောင်မှုရှိလျက် ညို့ယူနိုင်စွမ်းသည်။

''ညီလေး ရေချိုး ရေကူးကန် အသုံးပြုလို့ အဆင်ပြေမလား၊ အစ်ကို ရေငန်နဲ့ မတည့်လို့ပါ''

အနားက ဖြတ်သွားသော ဝန်ထမ်းလေးကို ဧခါမေးတော့ ခေါင်းညိတ်ပြသည်။

''ဟုတ်ကဲ့ ဟိုတယ် နောက်ဘက်မှာပါ အစ်ကို၊ အဘိအစား







www.burmeseclassic.com

www.burmeseclassic.com



လဲခန်းလည်း အသုံးပြုလို့ ရပါတယ်''

''ကျေးဇူးပဲ ညီလေး''

သုခဘုံနှင့် မဆုံအောင် ထိုသို့လုပ်ဖို့ ဆုံးဖြတ်ကာ အဝတ်အစား အိတ်ယူ၍ ရေကူးကန်ဘက် ထွက်လာခဲ့သည်။

အဝတ်လဲခန်းမှာ အဝတ်အစားတွေချွတ်ပြီး ဘောင်းဘီတိုနှင့် အပေါ်ပိုင်းက ဗလာကျင်းလျက် ရေကန်ထဲ ခုန်ဆင်းလိုက်သည်။ ဒီအချိန်က ပင်လယ်ပြင်မှာ ဆော့လို့ကောင်းချိန်မို့ ရေကူးကန်မှာလည်း လူရှင်းနေ၏။

ရေနှင့်ထိတွေ့လိုက်ရတော့ သူ့တစ်ကိုယ်လုံး လန်းဆန်း အေးမြ ကြည်လင်သွားသည်။ အပျော်ခရီးမဟုတ်ဘဲ လုပ်ငန်းသဘောနှင့် ရောက်လာရခြင်းက သုခဘုံနှင့်သာ မဟုတ်လျှင် ဒီလောက် စိတ်ပင်ပန်း ရမည် မထင်။

''ရောင်စဉ်''

''ဟင် မင်း''

ရေကူးဝတ်စုံနှင့် ရွှေငါးလေးလို သူ့အနား တိုးကပ်လာသော သုခဘုံကို မြင်လိုက်ရသည်နှင့် သူ ဖျတ်ခနဲ ထိတ်လန့်သွားရသည်။

''တိုက်တိုက်ဆိုင်ဆိုင်ပဲနော်၊ ဘုံလည်း ပင်လယ်ရေ မထိချင် သေးတာနဲ့ ရေကူးကန်ကို လာတာ''





သူ ဘာမှပြန်မပြောဘဲ တစ်ရှူးထိုး ရေကူး၍ ကန်ပေါင်ပေါ် တက်လာခဲ့ကာ ခေါင်းက ရွှဲနစ်နေသော ရေတွေကို နောက်လှန် သပ်ချလိုက်သည်။ ပြီးမှ ဒရင်းဘတ်ပေါ် ခြေပစ်လက်ပစ် ပက်လက်လှန် လှဲချလိုက်၏။

မျက်နှာချင်း မဆိုင်ချင်ပါဆိုမှ သူ ဘာလို့များ ကံဆိုးနေရ တာလဲ။

''ရောင်စဉ် ရှင် ဘာလို့ ထွက်ပြေးတာလဲ''

''ဟာ သုခဘုံ''

ကပ်လျက် ဒရင်းဘတ်မှာ လာထိုင်တော့ အထိတ်တလန့်ပင် သဘက်စောင်ကြီးကို ယူပတ်လိုက်ရသည်။ ရေစိုစို သူမ အလှကိုလည်း ကပျာကယာ မျက်လုံးလွှဲရ၏။

သူမ အရုက်နည်း ရဲတင်းပြီး မျက်နှာပြောင်ပေမယ့် ကိုယ်က တော့ မိုက်မိုက်မဲမဲ အရသာ မခံချင်။

ဝန်ထမ်းလေးတွေက အလိုက်တသိ ဖန်ခွက်လှလှလေးတွေဖြင့် အအေးတစ်ခွက်စီ လာပေးတော့ ထိုင်ရခက် ထရခက်။ သူ့အဖြစ်ကို သဘော ပေါက်သွားဟန်ရှိသော သူမက ဖြူလွလွ ဝတ်ရုံကို အပေါ်က ထပ်၍ခြုံကာ

''ဒီတစ်ချက်ကိုလည်း ရှင့်အတွေးထဲမှာ မဟုရာဖြူနဲ့ နှိုင်းယှဉ် ကြည့်နေပြန်ပြီ မဟုတ်လား ရောင်စဉ်''



www.burmeseclassic.com

www.burmeseclassic.com



"မင်းပါးစပ်က မဟူရာဖြူအကြောင်း ထည့်မပြောရင် ကောင်းမယ် ဒုသုခဘုံ၊ မင်း စည်းကမ်းမရှိတာ သိရလို့လည်း ငါ့အတွက် ဘာမှ မထူးပါဘူး"

"ဘုံအတွက်ကတော့ ထူးတယ်"

"ဘာ"

"ရှင်အရမ်း ယောကျ်ားပီသပြီး ဆွဲဆောင်မှုရှိတယ် ရောင်စုံ ယောကျ်ားအများစု မထိန်းသိမ်းနိုင်တဲ့ ကိုယ်ကျင့်သိက္ခာတွေ ရှင့်ဆီမှာ ရှိနေတာ အထင်ကြီးစရာပဲ"

"သုခဘုံ မင်းကွာ၊ ယောကျ်ားတစ်ယောက် ရှေ့တည့်တည့်မှာ မိန်းကလေးတစ်ယောက်အနေနဲ့ ဒါတွေ မပြောသင့်ဘူးဆိုတာ နားမလည်ဘူးလား"

မဟူရာဖြူနဲ့ ကွာခြားချက်တွေက ဒါတွေပဲလို့တော့ သူ မပြောဖြစ်။ ဖြူနဲ့ နှိုင်းယှဉ်ရတာမျိုးပင် အဖြစ်မခံချင်လို့ပါ။

သုခဘုံက ခပ်လွှင့်လွှင့် ပြုံးကာ ခြေချင်းချိတ် အအေးခွက်လေးကို နှုတ်ခမ်းရဲရဲလေးနှင့် တေ့ကပ်သောက်ပြီး သူ့ကို မျက်စောင်းဝင့်လျက်

"မိန်းမတစ်ယောက်ကို အထင်ကြီးပြီး မိန်းမတစ်ယောက်ကို အထင်သေး ရှုတ်ချနေတာ သိပ်တော့ မတရားဘူးထင်တယ် ရောင်စုံ အထင်ကြီးခံရတဲ့ မိန်းမက ကြည်နူးမှုတွေနဲ့ အောက်ခြေလွတ် ဘဝင်မြင့်





သွားတတ်သလို ရှုတ်ချခံရတဲ့ မိန်းမကလည်း အငြိုးအတေး အာဃာတတွေနဲ့ နာကြည်းသွားတတ်တယ်ဆိုတာ ရောင်စုံ မသိဘူးလား"

"မင်း ငါ့ကို စိန်ခေါ်နေတာလား၊ ခြိမ်းခြောက်နေတာလား သုခဘုံ၊ မင်း လေးလေးကို ငွေကြေးပစ္စည်း အရှုံအဝါတွေနဲ့ ပံ့ပိုးနိုင်းပြီး ဒီအားပေးနေတာလား"

"စွပ်စွဲချက်တွေက ပြင်းထန်လိုက်တာ၊ ရှင် အဲလို တွေးလိမ့်မယ်တောင် ထင်မထားဘူး ဟင်းဟင်း"

ဝန်ခံတာ မဟုတ်ဘဲ ခနဲ့ခနဲ့ မဲ့ပြုံးများက မခံချိမခံသာ ဖြစ်စေတာမို့ ဖြူနဲ့ခနဲ ထရပ်ကာ နေရာက ထွက်လာခဲ့သည်။ ဖြစ်နိုင်လျှင် အခုချက်ချင်းတောင် ရန်ကုန်ကို ပြန်လိုက်ချင်၏။ မျက်နှာပြောင်လွန်းသော မိန်းမတစ်ယောက်ရှေ့မှာ အနေကျုံ့လျက် အားနာစိတ်နှင့် ထောက်ထားချင်စိတ်တွေလည်း မရှိတော့။

ဒါပေမဲ့ သူ့အနာဂတ်က မသေချာ မရေရာဖြစ်သွားနိုင်သည်။ ဖြူနှင့်လက်ထပ်ဖို့ ရက်တွေလည်း အကန့်အသတ်မရှိ ရွှေ့ဆိုင်းသွားနိုင်၏။

ဒီလိုမျိုးတော့ သူ အဖြစ်မခံနိုင်။

သူ့ရဲ့မျှော်လင့်ချက်များက မေမေရယ် ဖြူရယ် သူရယ် ပျော်ရွှင်နွေးထွေးသည့် မိသားစုဘဝလေးထဲမှာ တစ်သွေးတည်း တစ်သားတည်း ပေါင်းစည်းနိုင်ဖို့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ဟယ် သမီး သမီးဖြူ ဘာဖြစ်လာတာလဲ ဘာဖြစ်'လို့လဲကွယ်"

ငိုကြီးချက်မ ရှိုက်ကြီးတငင်နှင့် ပြေးဝင်လာပြီး မိမိကို ဖက်တွယ် ငိုယိုနေတာမို့ ဒေါ်နှင်းရည်ချို ထိတ်ပျာလန့်ဖျပ်နေရသည်။

အရင်နေ့တွေကဆို မေမေရေလို့ လမ်းကနေအော်ပြီး ဖြူဖြူ ရွှင်ရွှင်ဝင်လာတတ်တာပါ။ ဘယ်လောက်ပင်ပန်း ပင်ပန်း မျက်နှာ တစ်ချက်မပျက်၊ မညည်းညူဘဲ အိမ်ထောင်ထိန်းသိမ်းမှု သန့်ရှင်းမှု လုပ်သွားတတ်တာ။

မိဘမဲ့ကျောင်းလေးမှာ မအားလပ်သည့်ကြားက သား မရှိ ဆိုပြီး ပိုဂ္ဂရစိုက် ပြုစုပေးတာလည်း အားနာစရာ ကောင်းလောက် အောင်ပင်။ ဒီနေ့တော့ ၀ ၀ ။





"ပြော ပြောစမ်းပါဦး သမီး၊ ဘာဖြစ်လာတာလဲ၊ မေမေ့သမီး လေးကို ဘယ်သူ ဘာပြောလိုက်လို့လဲ"

"ဖြူ ဖြူကို စိန်လက်စွပ် သူခိုးတဲ့"

"ဟင် ဘာကွဲ့"

"ဒီနေ့ ကုသိုလ်လာလုပ်တဲ့ အလှူရှင်တွေက စွပ်စွဲတာ၊ ဖြူ ဖြူလည်း ဘာမှမသိရပါဘူး မေမေရယ်၊ စိန်လက်စွပ်ဆိုတာ ဖြူ မြင် လည်းမမြင်ဖူးပါဘူး"

"နေ နေပါဦး သမီးရယ်၊ အဲဒီလက်စွပ်က ဘယ်လိုဖြစ်ပြီး"

"ဖြူ အပေါ်ထပ်အကျီအိတ်ကပ်ထဲ ဘယ်လိုလုပ်ရောက်နေလဲ မသိဘူး မေမေ"

"အမယ်လေး ဘုရား ဘုရား လက်ဆုပ်လက်ကိုင်ကြီးပါလား၊ ထစ်ယောက်ယောက်များ သမီးကို ချောက်တွန်းချင်လို့"

"ဖြူလည်း အဲလိုပဲ ထင်မိတယ် မေမေ၊ ဘုန်းဘုန်းကြီး ကလည်း ဖြူ စာရိတ္တကို ယုံပါတယ်၊ ကိုယ့်အတွင်းလူတွေကလည်း ဖြူနဲ့လုပ်မှုန်းမရှိဘူး၊ ဖြူကို ယုံကြည်ကြတယ်၊ အားလုံးက အဲလိုမဖြစ်နိုင် ဘူးဆိုတာ ဖြူဘက်က လိုက်ပြောပေးကြပါတယ်၊ ဒါ ဒါပေမဲ့"

"သမီး"

မဟူရာဖြူ ဝမ်းနည်းပက်လက် ရှိုက်ငင်ငိုချပြန်တော့ ပခုံးလေး



www.burmeseclassic.com

www.burmeseclassic.com



ကို တွေးဖက်ရင်း ဒေါ်နှင်းရည်ချို့ ဆို့နစ်နာကျင်အောင် စိတ်မကောင်း ဖြစ်ရပြန်သည်။ မဟူရာဖြူက ခဏနေမှ အငိုရပ်ပြီး

"သူတို့က ကလေးတွေကို ထမင်းလည်းကျွေးတယ်၊ လက်ဆောင်တွေလည်း ပေးတယ်၊ အောက်ခြေသိမ်း ပန်းကန်ဆေး ခွက်ဆေး တာကအစ၊ ကုသိုလ်ရအောင်ဆိုပြီး လုပ်ကြပါတယ်၊ တခြား ကုသိုလ်ရှင်တွေလို ငွေပေးရုံပေးပြီး ပီတိနဲ့ ကုသိုလ်ကို အပေါ်ယံသဲ့ယူသွားတာ မဟုတ်လို့ အားလုံးက သူတို့ကိုကြည်ညို သာဓုခေါ်နေကြတာ နောက် နောက်မှ"

"ပြောပါကွယ် မေမေလည်း ကူစဉ်းစားပေးလို့ ရအောင်"

"ဟုတ်ကဲ့ အလှူရှင် မိန်းမက အားလုံးပြီးမှ လက်ဆေးကန်မှာ သူ့စိန်လက်စွပ် ချွတ်ထားမိတာ ပျောက်သွားတယ်လို့ ဘုန်းဘုန်းကြီးကို လျှောက်တယ်၊ တန်ဖိုးကြီးလို့ ပြန်တွေ့မှဖြစ်မယ်၊ ကျောင်းဝင်းထဲက ဘယ်သူမှ ပေးမထွက်နိုင်းဘဲ အကုန်ရှာကြည့်ပါရစေတဲ့"

"အဲဒီတော့ ဘုန်းဘုန်းကြီးက ဘာပြောလဲ"

"ဘုန်းဘုန်းကြီးက သူ့တပည့် ဒါယိကာ ဒါယိကာမတွေ ကိုယ်ကျင့်တရားကို ယုံကြည်လို့ ရှာစရာမလိုဘူးလို့ ပြောပါသေးတယ်၊ သူတို့ ဒါဆိုရင် ရဲခေါ်ပြီးရှာမယ်တွေ ဘာတွေဖြစ်ကုန်တာပေါ့"

"အဲဒါနဲ့"



"ကျောင်းသင်္ဂြိုဟ်ကမှာ၊ တခြားအလှူရှင်တွေ သိရင် အထင်သေးမှာစိုးလို့ ရှာနိုင်းရတာပေါ့၊ ဖြူ အပါအဝင် အားလုံးကလည်း တွေ့ကိုယ်ကို ယုံကြည်မှုရှိကြလို့ ကြည်ကြည်ဖြူဖြူ ရင်ကော့ပြီးကို ခိုင်းခဲ့တာပါ၊ အဲဒီမှာ ဘယ်လိုက ဘယ်လို ဖြူ့အခန်းထဲ ချိတ်ထားတဲ့ အကျီအိတ်ထဲ စိန်လက်စွပ် ရောက်နေလဲ မသိဘူး မေမေရယ်၊ အများရှေ့ သက်သေနဲ့ကို ပြတာ"

ဒေါ်နှင်းရည်ချို့ သဘောပေါက်လိုက်သည်။ ဒါဟာ လုပ်ကြံမှု သက်သက်။ ဘယ်လိုအငြိုးနှင့် ဘယ်လိုကြံစည်တယ်ဆိုတာတော့။

"အခု အဲဒါ ပြန်တွေ့တော့ သူတို့က ဘယ်လိုလုပ်မယ် ပြောလဲ သမီး"

"ရဲခေါ် အမှုဖွင့် ဖမ်းခိုင်းမယ်ပေါ့၊ ဒီကျောင်းမှာ ဒီလို အကျင့်စာရိတ္တ ပျက်စီးနေတဲ့ သူခိုးတစ်ယောက်ကို လက်ခံမထားသင့်ဘူး။ ဥပဒေအရ အရေးယူမယ် ဘာညာပေါ့၊ ဘုန်းဘုန်းကြီးလည်း ဖြူကို ယုံပေမယ့် သက်သေ သာဓကနဲ့ဆိုတော့ ဘာမှမတတ်နိုင်တော့ဘူး"

"ဟယ် အဲဒါဆို ဘယ် ဘယ်လိုဖြစ်မှာလဲ သမီးရယ်၊ ကိုယ်ကျိုးနည်းပါပြီကွယ်"

အစက အံ့သြနေပြီး အခုတော့ ဒေါ်နှင်းရည်ချို့ မျက်ရည်ပြိုင်ပြိုင် ကျသည်။ မဟူရာဖြူကို တကယ့်သွေးသားရင်းလို သံယောဇဉ်

www.burmeseclassic.com



ဖြစ်မိနေတာပါ။ သားနဲ့ပတ်သက်တော့ သမီးချွေးမလေးလို မြတ်မြင်နိုးနိုးလည်း ဖြစ်မိသည်။

မဟာရာဖြူက ကိုယ်ကျင့်သိက္ခာရှိသည့် တန့်ဖိုးကြီး မိန်းကလေးပါ။ အခွင့်အရေးလည်း မယူ၊ လျှပ်ပေါ်လော်လီခြင်းလည်း မရှိ ဟောဟောရမ်းရမ်း ကျွန်မြေပျက်ယွင်းသည့်သူလည်း မဟုတ်။

ဒီလို မိန်းကလေးက သူများဟာကို မသိနိုးနား မက်မောမောမော နိုးယူပါ့မလား။ ဘယ်လိုမှ မဖြစ်မြင်ကြည့်လို့မရပါ။ သား ပြန်လာရင် ဘယ်လိုများ ရှင်းပြရမလဲ။

"သ သမီး အခု သမီး ရဲစခန်းမှာ အဖမ်းခံရတော့မှာလား"

"ဘုန်းဘုန်းကြီး ဖြေရှင်းပေးလို့ အဲလိုတော့ မဖြစ်တော့ပါဘူး မေမေ၊ ဒါပေမဲ့ အဲဒီမှာတော့ နေခွင့်မရှိတော့ဘူး"

"ဘယ်လိုကွဲ့"

"ရဲစခန်းအတိုင်မခံချင်ရင် အဲဒီကျောင်းမှာ မနေရတော့ဘူးလေ၊ အလှူရှင်တွေက ဒီကျောင်းမှာ ဒီလို မိန်းကလေး ရှိနေတာ ယုံယုံကြည်ကြည် လှူဒါန်းမှာ မဟုတ်တော့ဘူး၊ တစ်ဆင့်စကား သိသွားအောင် လုပ်မယ်လို့လည်း ခြိမ်းခြောက်တယ်၊ အဲဒါနဲ့ ဘုန်းဘုန်းကြီးက ရဲစခန်း မတိုင်ပါနဲ့၊ ဖြူကို ဒီမှာ မထားတော့ပါဘူးလို့ အာမခံလိုက်ရတယ်"





"ဒြော် ဘုန်းဘုန်းကြီးက ဖြူကို အမည်းစက်တင်ခံရမှာစိုးလို့ ဒီလိုဆုံးဖြတ်ပေးလိုက်တာဖြစ်မှာပါ၊ ဘာပဲဖြစ်ဖြစ် အမှုရင်မဆိုင်ရတာ တော်သေးတာပေါ့ကွယ်"

"မေ မေမေကရော ဖြူကို ယုံကြည်ရဲ့လားဟင်"

"သမီးရယ် သမီးကို မေမေ ယုံပါတယ်"

မဝ့်မရဲ အမေးကို ထွေးဖက်ကာ ဖြေသိမ့်လိုက်ရသည်။ ဖြူက သိမ့်သိမ့်ခါအောင် တစ်ချက်ရှိုက်လိုက်ပြီးမှ အငိုမျက်လုံးများဖြင့် မော့ကြည့်ပြီး

"မောင် မောင်ကရော ယုံပါ့မလား မေမေ"

"သမီးရယ် ဘာတွေအားငယ်နေတာလဲ၊ မေမေ ယုံတာထက် သားက ပိုယုံမှာပါ၊ မေမေ ချစ်တာထက် သားက ပိုချစ်နိုင်တဲ့သူပါ၊ အဲဒီအတွက်တော့ မစိုးရိမ်နဲ့သမီး၊ ကျောင်းမှာမနေရလို့ဆိုပြီး ဘယ်မှထွက်သွားဖို့လည်း မစဉ်းစားနဲ့၊ အခု မေမေနဲ့ပဲနေ၊ သားလည်းပြန်လာတော့မှာ၊ သားပြန်လာရင်လည်း ဘာလုပ်သင့်တယ်ဆိုတာ တိုင်ပင်ကြတာပေါ့နော် သမီးလေး"

"မေမေရယ် ကျေးဇူးတင်ပါတယ် မေမေရယ်၊ မေမေတို့ရဲ့ လူသားချင်း စာနာတတ်တဲ့ မေတ္တာတရားကြောင့် ဖြူ ဘဝ ဆက်ပြီး ရှင်သန်ရတော့မှာပါ၊ ဖြူ ကန်တော့ပါတယ်နော် မေမေ"



www.burmeseclassic.com

www.burmeseclassic.com



ဒွန်းထောက်တိုင်ချကာ လက်အုပ်လေးချီ ကန်တော့နေသော ဖြူ ခေါင်းလေးကို ပွတ်သပ်ရင်း ဒေါ်နှင်းရည်ချို ရင်ထဲဆို့နင့်စွာ ခံစားနေရသည်။

ကံဆိုးမသွားရာ မိုးလိုက်လို့ရွာတာ မြေနိမ့်ရာလှံစိုက်ချင်သူတွေကြောင့် မဟုတ်ပါလား။ ဒါတွေဟာ ဘယ်ဝဋ်ကြွေးကြောင့်ဆိုတာထက် ဘယ်လို လူမျိုးတွေကြောင့်ဆိုတာက. . . ။

■ ■ ■



## အခန်း (၂၃)

"တောက်"

စိတ်အလိုမကျတိုင်း တက်ခေါက်မိသည့် အကြိမ်အရေအတွက်လည်း မနည်းတော့။

သောက်ကြစားကြ ပြောကြဆိုကြနှင့် ညဥ့်နက်သည်အထိ ခင်နာပွဲက မပြီးတာမို့ ပါတီပေးသလိုပင် ဖြစ်နေသည်။ ဟိုတယ်ရဲ့ မြက်ခင်းပြင်မှာ တီးဝိုင်းနှင့်သီချင်းဆိုနေသည့်သူတွေ ရှိသလို တွဲကနေသူတွေလည်း ရှိသည်။

ပထမနေ့က ဟိုတယ်လုပ်ငန်းရှင်တွေချည်း ညစာတည်ခင်းဧည့်ခံတာမို့ အေးအေးသက်သာ ငြိမ်ငြိမ်သက်သက်။ ဒီနေ့က ဝန်ထမ်းတွေရော အပြင်ဧည့်သည်တွေရောမို့ ဘယ်လိုမှ ထိန်းသိမ်းလို့မရ။ သူ့ လူအများ အာရုံစိုက်တာ ခံချင်ပေမယ့် ရောနှောပတ်သက်ပြီး နေသူဘာမျိုး



www.burmeseclassic.com

www.burmeseclassic.com



တော့ သိပ်မကျွမ်းကျင်လှပေ။

အသောက်အစားပါတော့ ပိုဆိုးပြီး သုခဘုံကတော့ လက်ချင်းတွဲချိတ်ထားရာက မလွှတ်တော့။ စိတ်ကျဉ်းကျပ်ကာ ဒေါသတွေသာ အလုံးအရင်း ငယ်ထိပ်တက်ဆောင့်နေသည်။

လူကုံထံ လုပ်ငန်းရှင်အသိုက်အဝန်းမှာ လွန်လွန်ကျူးကျူး ဖယ်ခွာထုတ်ပြီး ဣန္ဒြေပျက်လို့လည်း မဖြစ်။

ဒါပေမဲ့ မသိမသာ အပြုံးတွေပျောက်နေခဲ့တော့ အမှန်ပင်။

"ကဲ ဒီက ကိုရောင်စဉ်က စားတာသောက်တာ နည်းလှချည်လား၊ သူ့ခွက်ထဲ ဝိုင်ထပ်ဖြည့်ပေးလိုက်ပါဦး"

ဦးမြင့်ဌေး တိုက်တွန်းတော့ ဝိတ်တာလေးက သူ့ခွက်ထဲ ဝိုင်ထည့်ဖို့ ပြင်နေသည်မို့ အလျင်အမြန် လက်ကာတားလိုက်ရ၏။

"ကျွန်တော် သိပ်မသောက်တတ်လို့ပါ၊ ခေါင်းထဲမှာလည်း နောက်ကျိကျိ ဖြစ်နေလို့"

"ဟာ ဒါဆို ပင်လယ်လေ ရှူလိုက်လေ၊ ချက်ချင်းကို သက်သာသွားမှာ၊ ဒီမှာလူတွေများလို့ နေမှာပေါ့၊ သုခဘုံ ခဏလောက် လိုက်ပို့လိုက်ပါလား"

"ဟုတ်သားပဲ သုခဘုံက ကိုယ့်လူကိုယ် အလိုက်မသိသလို ဖြစ်နေပြီ၊ ကျွန်တော်တို့ကို အားမနာပါနဲ့၊ ဝယ်ဒင်မှာ ဖိတ်ရင် ကောင်းကောင်း ဂုဏ်ပြုပေးပါမယ်"





"ဦးဗလဖော်က ကျူပ်တူမလေး မင်္ဂလာဆောင်မှာ ကားတစ်စီးတောင် လက်ဖွဲ့ထားတာဆိုတော့ ဒီထက်မကတာကို ပြန်သိတတ်ပေးရမှာပေါ့"

အသံဗလံတွေက သူနဲ့သုခဘုံကို ဘာလိုလို ထင်ကြေးပေးသမုတ်နေကြတာမို့ စိတ်တွေ မွန်းကြပ်လျက် ရုတ်ခနဲ ထထွက်လာခဲ့သည်။ နောက်က သုခဘုံ ထလိုက်လာတာ သိပေမယ့် တုံ့ဆိုင်းမနေဘဲ ပင်လယ်ကမ်းစပ်ထိအောင် လျှောက်လာခဲ့၏။

"ရှင်ဘာလို့ ရုပ်ပျက်ဆင်းပျက် ထထွက်သွားတာလဲ ရောင်စဉ်"

"မင်းကရော ကျွန်မနဲ့သူနဲ့ လုပ်ငန်းသဘောကလွဲရင် ဘာမှမပတ်သက်ပါဘူးလို့ ဘာလို့ မဖြေရှင်းတာလဲ"

"ဒါကတော့"

"အထင်လွဲအောင် တမင်တွယ်ကပ်နေတာ မဟုတ်လား၊ ငါအားနာလို့ ငြိမ်နေတာ၊ လက်ချင်းချိတ်ထားမှတော့ သူတို့ဘက်က အလွန်မဟုတ်ဘူး"

"ရှင်ဘာတွေ နစ်နာသွားလို့လဲ ရောင်စဉ်၊ ဘုံနဲ့ပတ်သက်ရင် ရှင် ဆတ်ဆတ်ခါ နာနေတာ မဟူရာဖြူကြောင့် မဟုတ်လား၊ မဟူရာဖြူ အထင်လွဲမှာ သဝန်တိုမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် အဲဒါတွေထက် ငါ့ဆန္ဒကိုက မင်းနဲ့မရင်းနှီးချင်တာ မပတ်သက်ချင်တာ သုခဘုံ၊ ငါချစ်သူအပေါ်သစ္စာ ရှိချင်တာ၊ မင်းသိပြီလား၊ အခု ငါ့စိတ် ကသိကအောက် ဖြစ်နေတယ်၊ ညတွင်းချင်း ရန်ကုန်ပြန်မယ်"

"ဘာ"

"မင်းလိုက်ချင်လိုက်၊ မလိုက်ချင်နေ မင်းမလိုက်ရင် မင်းကားကို ထားခဲ့မယ်၊ မင်းပြန်လာချင်တဲ့အချိန်လာ"

"ရှင် အဲလိုလုပ်လို့ဖြစ်မလား၊ မိုးလင်းတာနဲ့ ပြန်မယ်လို့ စီစဉ်ပြီးပြီပဲ၊ ရှင့်တစ်ယောက်တည်း ခွဲပြန်ရင် ဒီအသိုက်အဝန်းက လူတွေ ဘုံကို ဘာပြောကြမလဲ၊ ဘယ်လိုထင်ကြမလဲ"

"ထက်ကြေးပေးအောင်တောင် မင်း သရုပ်ဆောင်နိုင်သေးတာ၊ အမြင်ရသွားအောင်လည်း မင်း ဖြေရှင်းတတ်မှာပါ၊ အခုလည်း အရုဏ်ရောက် မိုးလင်းတော့မှာပဲ ငါကတော့ သွားတော့မယ်"

"ရောင်စဉ် ရှင် ရှင်"

သူမ ဘယ်လောက်ပဲ ပြူးပျာအောင် အော်နေ့နေ ခပ်လွယ်လွယ် သိမ်းသွင်းဖြားယောင်းလို့ မရဘူးဆိုတာသိအောင် အိတ်တွေယူပြီ ဟိုတယ်ထဲ ပြန်ဝင်လာခဲ့သည်။ သူ့နောက်ကနေ သုခဘုံ ခြေဆောင့်ကာပ် ပါလာတာလည်း ဂရုမစိုက်။

ဗျူး၁၁၁၉



"ရှင် ဘယ်လိုဖြစ်နေတာလဲ၊ ဘုံလည်း လိုက်မယ်၊ ခဏစောင့်"

"မြန်ရော မြန်မြန်လုပ်၊ ကားပေါ်က စောင့်မယ်"

စိတ်မရှည်သလို နောက်လှည့်မကြည့်တဲ ပြောခဲ့ပြီး ကားပေါ်က သွားစောင့်နေလိုက်သည်။

ဒီမိန်းမက အားနာလိုက်လျော့ဖို့ မတန်။ လူ့ရဲ့စိတ်ကို ချုံ့ချဲ့နိုင်သော အစွမ်းတွေနှင့် သူ့နှလုံးသားကိုပါ ဖမ်းဆုပ်ဖို့ ကြိုးစားနေတာ သူ မသိဘဲနေမလား။

ဒါကြောင့် ဖြူလို ရိုးသားဖြူစင်သည့်မိန်းကလေး မဟုတ်တာမို့ သူ ရှောင်တိမ်းချင်နေမိတာပါ။ ဖြစ်နိုင်လျှင် အလုပ်ပါထွက်၍ ရှောင်တိမ်းနေလိုက် ချင်သည်။

အခုတော့ ဆုပ်လည်းဆူး၊ စားလည်းရူး။ ဦးဗလဇော်က အားနာစရာ ကောင်းလောက်အောင် အခွင့်အရေးတွေ ပေးထားခဲ့တာ မဟုတ်ပါလား။

ဘဝတိုးတက်ဖို့ လက်ခံခဲ့ပြီးမှ လူမှုကျင့်ဝတ်တွေကို ဆန့်ကျင်တာမျိုးလည်း မဖြစ်ချင်။

"မောင်းတော့ ရပြီ"

ဖြူနီးခနဲ တံခါးဆောင့်ဖွင့်တက်ပြီး သုခဘုံ ပြောတော့ သူ့အတွေးစတွေ ပြတ်တောက်သွားပြီး ကားကို ဆောင့်ခနဲ မောင်း

ဗျူး၁၁၁၉

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာခဲ့သည်။

ပင်လယ်ရနံ့တွေ သင်းပျံ့နေသော ချောင်းသာက အဓိပ မဲ့သော်လည်း အေးအေးချမ်းချမ်း ကျန်ရစ်ခဲ့သည်။ တစ်လမ်းလုံး စကားတစ်ခွန်းမှ မပြောဘဲ ကားကိုသာ ရန်ကုန် မြန်မြန်ရောက်ဖို့ အာရုံစိုက် မောင်းလာခဲ့၏။

သုခဘုံ ဘက်ကလည်း မကျေနပ်မှုတွေနှင့် မျက်နှာလေး မှုန်ကုပ်တင်းမာနေကာ တစ်ခါတစ်ရံ သက်ပြင်းရှိုက်သံလိုလို ရယ်သံလိုလို ကြားရသည်။ ဒါပေမဲ့ ပြုံးနေတာလား၊ သူလှည့်မကြည့်ဖြစ်။

မနက်စာ စားဖို့တောင် သတိမရဘဲ ကားကို တောက်လျှောက် မောင်းလာခဲ့ပြီး ရန်ကုန်မြို့တွင်း တစ်နေရာကို ရောက်တော့ လမ်းဘေး တစ်နေရာမှာ ကားထိုးရပ်လိုက်သည်။

နားမှာ နားကြပ်တပ်၍ သံစဉ်နှင့်ငြိမ့်ကာ ငိုက်မြည်းလာသော သုခဘုံက ဆတ်ခနဲ လန့်ဖျပ်သွားပြီး

"ဘာဖြစ်တာလဲ ကားပျက်သွားပြီလား၊ မနားမနေ အသည်း အသန် မောင်းလာတာ ဖြစ်တော့မှာပေါ့၊ သူ့ကားမဟုတ်တိုင်း အားမနာ လျှာမကျိုး ဒီကား ဘယ်လောက်တန်လဲသိလား"

"လျှောက်ပြောမနေနဲ့ မင်းတို့လို ကားမျိုးစုံ ထည့်လဲစီးနေတာ မဟုတ်တော့ ကားတန်ဖိုး နားမလည်ဘူး၊ အခုလည်း မင်း အိမ်အထိ





လိုက်မပို့နိုင်တော့ဘူး၊ ငါ အရမ်းပင်ပန်းနေလို့ အိမ်ပြန်အနားယူပြီး တစ်ရေးတစ်မော အိပ်လိုက်ဦးမယ်၊ ပြီးမှ ဟိုတယ်ကို သွားမယ်"

သူ့ဘာသာ ပြောချင်ရာပြောပြီး ကားပေါ်က ဆင်းသွားသော ရောင်စဉ်ကို သူမ ဘာမှပြောချိန်မရလိုက်။

"တောက်"

တက္ကစီကားတစ်စီး လက်ပြတားပြီး တက်လိုက်သွားမှ သတိ ရ တက်ခေါက်ဖြစ်သည်။ ဘယ်လိုယောကျ်ားလဲ။

မိန်းမတစ်ယောက်အပေါ် စွဲစွဲလမ်းလမ်း သစ္စာရှိနေတာ အံ့ဩစရာပင်။ ခွေမွဲ့မျိုးမဲ့ ဂုဏ်ဒြပ်မရှိ အဆင့်အတန်းမရှိ၊ ရုပ်ဆင်းအင်္ဂါ အလှအပဆိုတာလည်း သူမထက် သာတာမရှိ။

ဒီလို မိန်းကလေးက ရောင်စဉ်အတွက် တန်ဖိုးဖြတ်မရတာ ဖြစ်သင့်လို့လား။

မိမိလို အရာရာပြည့်စုံနေသော သူက ဘာပိုင်ဆိုင်မှုမှ မရှိသော ယောကျ်ားကို မနာလိုဖြစ် ငြိုငြင်နေရတာ ရှက်စရာတော့ ကောင်းသည်။

ဒါပေမဲ့ အရှုံးမပေး အနိုင်လိုချင်သည့်စိတ်က ဘာကိုမှမမြင် နိုင်အောင် ပြင်းပြနေလျက် ရောင်စဉ်ကို ပိုင်ဆိုင်ချင်စိတ်တွေလည်း များနေ၏။

ပိုင်ဆိုင်ဖို့ နီးကပ်လာပြီမို့လည်း ရင်မှာအလိုလို ပျော်နေကာ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရောက်လို့ မဟူရာဖြူ သတင်းကြားပြီး ရောင်စဉ် ဘယ်လိုခံစား

သွားရမလဲ ဆိုတာလည်း စိတ်ဝင်စားမိသည်။

အကျင့်စာရိတ္တ ပျက်ပြားနေသည့် မိန်းမကို ရောင်စဉ် ဘယ်

မှ လက်ခံနိုင်မှာမဟုတ်။ အမြဲတမ်း သူမနှင့် နှိုင်းယှဉ်နေခဲ့သည့်

ချစ်သူရဲ့အကြောင်းကို သိသွားလျှင် ရောင်စဉ် ရှုံးများသွားမည်လား

ဟင်း ဟင်း ရောင်စဉ် အမေလည်း ခုလောက်ဆို တန်ဖိုးထား

နေခဲ့သည့် သမီးချွေးမလေးကြောင့် နောင်တကောင်းကောင်း ရနေ

လိမ့်မည်။

သုခဘုံဆီကို ရှင် ဒူးထောက်ဝင်လာစေရမယ် ရောင်စဉ်။

ရင်မှာလှိုက်လှိုက် ဆူဝေနေသော ကျိန်စာများဖြင့်. . .။

■ ■ ■



အခန်း (၂၄)

"ဘာ ဘာပြောတယ် မေမေ ဖြူ ဖြူက"

မေမေ ရှင်းပြနေတာကို နားလည်သဘောပေါက်နေပါလျက်

အံ့ဩတကြီးနှင့် အထိတ်တလန့် ပြန်မေးမိသည်။ မေမေက မျက်ရည်လေး

လည်လည်နှင့် သူ့လက်ကို အားရှိသလောက် ဆုပ်ညှစ်ထားကာ

"အဖြစ်အပျက်က မယုံနိုင်စရာ အံ့ဩစရာပါပဲ သား၊ ဖြူရဲ့

ကိုယ်ကျင့်တရားကို မေမေ ယုံကြည်တယ်၊ ဘုန်းဘုန်းကြီးရော မိဘမဲ့

ကလေးသားအားလုံး ရော ယုံကြည်တယ်၊ ဒါပေမဲ့ သက်သေ သာကေတွေနဲ့

ခုံတီးမှုကြီးဆိုတော့ ဘယ်လိုမှ ဖြေရှင်းလို့မရ၊ တောင်းပန်လို့လည်း

မရနဲ့ ဖြူ နာမည်ပျက်နဲ့ ထွက်လာခဲ့ရတယ် သား"

"ဟား ကျွတ် ဖြူ သနားပါတယ် မေမေရယ်၊ အရမ်းဝမ်းနည်း

ပြီး ခံစားနေရမှာပေါ့"

"ခံစားရတာပေါ့ သားရယ်၊ ဒါတောင် ရဲလက်အပ်ပြီး အဖမ်း



www.burmeseclassic.com

www.burmeseclassic.com



မခံရတာ တော်သေးတယ်၊ ဘုန်းဘုန်းကြီး မနည်းတောင်းပန် လွှတ်
လို့ ဒီလောက်နဲ့ ပြီးသွားတာ၊ သူတို့ဘက်က ဖြူ့ သိက္ခာကျ အရှက်
ဆိုးဆိုးဝါးဝါး ဖြစ်သွားအောင် ရည်ရွယ်ထားတာ ဖြစ်မယ်၊ အခု
ကတော့ ဖြူ့ကို အဝေးထွက်မသွားအောင် အိမ်မှာခေါ်ထားလိုက်တာ
သား''

''ဖြူ ဖြူရော မေမေ၊ ဖြူ အခု ဘယ်သွားလဲ''

တစ်အိမ်လုံး ဝေ့ဝဲရှာကြည့်ပြီး ပျာပျာသလဲ မေးမိသည်။ ဖြူ
အားပေးမှ နှစ်သိမ့်မှ ဖြစ်မည်။ ဖြူက ချို့တဲ့မှုတွေများသော်လည်း
စိတ်ထားဖြူစင်သူလေးပါ။ ကိုယ်ကျင့်သိက္ခာ ဆိုတာလည်း ဘာအ
အထင်းမှ သံသယဖြစ်စရာ မရှိပါဘဲ ဒီလိုကိစ္စမျိုးကြီး ဖြစ်ရသတဲ့
''ဖြူ့ကို မေမေ ဆေးကုန်လို့ ဝယ်ခိုင်းလိုက်တယ် သား။ ဖြူ
ပြန်လာတော့မှာပါ၊ မေမေက သားစိတ်ကိုသိလို့ ဖြူ့ကို ခေါ်ထားတာ
စိတ်မပူပါနဲ့တော့ သားရယ်၊ ဒါပေမဲ့ သားယောက်ျားပျိုရှိတဲ့အိမ်
ဒီလိုနေရတာတော့ ဖြူ့သိက္ခာကို ထည့်တွက်ရမယ်၊ အမြန်ဆုံး လက်
လိုက်ကြမှ သင့်တော်မှာ''

''ဟုတ်ကဲ့ ဒါတော့ သားနားလည်ပါတယ် မေမေ၊ အကျင်း
မင်္ဂလာဆွမ်းကျွေးလက်မှတ်ထိုးတာပဲဖြစ်ဖြစ် စီစဉ်ရမှာပေါ့၊ အစကတော့
ဖြူ့ ဂုဏ်သိက္ခာအတွက် တင့်တင့်တယ်တယ်လေး လက်ထပ်ဖို့ ရည်ရွယ်





ထားတာ''

''အင်း ဘယ်တတ်နိုင်မလဲ သားရယ်၊ အခြေအနေက ဒီလိုဖြစ်
လာပြီဆိုတော့လည်း ဖြူ့ကံတရားပေါ့၊ ဖြူက နားလည်မှုရှိပြီး လောဘ
နည်းတဲ့ မိန်းကလေးပါ၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ဖြူအပေါ် သားစိတ်ရှင်း
ပါတယ်နော်''

''ရှင်းပါတယ် မေမေရယ်၊ ဖြူ ဒါမျိုးမလုပ်ဘူးဆိုတာ အကြွင်းမဲ့
ယုံတယ်၊ အဲဒီလို စွပ်စွဲခံရတာကိုပဲ နားမလည်တာ၊ ဒါနဲ့ အဲဒီအလှူရှင်
တွေက ဘယ်ကလဲ မေမေ''

''မေမေ မသိဘူး၊ ဘုန်းဘုန်းကြီးကတော့ သိချင်သိမှာပေါ့၊
သော အိမ်ရှေ့မှာ ဧည့်သည်တွေ ထင်တယ်၊ တံခါးသွားဖွင့်လိုက်ပါဦး''

ရောင်စဉ် ကပျာကယာ အိမ်ရှေ့ထွက်လာတော့ ရပ်ကွက်လူကြီး
နှစ်ယောက်နှင့် ဘုန်းဘုန်းကြီးဖြစ်နေသည်။

''ကြွပါဘုရား တပည့်တော်လည်း အခုလေးပဲ နယ်ကပြန်
ရောက်ပါတယ်''

''အေး အေး ဒကာမကြီးရော ရှိရဲ့လား''

''ရှိပါတယ် ဘုရား''

ဘုန်းဘုန်းကြီးနှင့် လူကြီးတွေကို ဧည့်ခန်းဆက်တီခုံမှာ နေရာ
ထိုင်ခင်းပေးပြီး ဘာအကြောင်းကိစ္စကြောင့် ရောက်လာတယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



သိချင်နေမိသည်။ ဘုန်းဘုန်းကြီးက ချောင်းတစ်ချက်ဟန့်ပြီး သူ့ကို သေချာကြည့်ကာ

"အခုမှ ခရီးက ရောက်တယ်ဆိုပေမယ့် ဒကာလေးလည်း သိသင့်သလောက်သိရောပေါ့"

"တင်ပါ့ဘုရား"

"အေး ဘုန်းကြီးကတော့ ရှည်ရှည်ဝေးဝေး ရှင်းမပြတော့ဘူး ဒကာလေးအနေနဲ့ ဒကာမလေး မဟူရာဖြူအပေါ် ဘယ်လို သံသယတွေ ရှိနေလဲ ရှင်းရှင်းလင်းလင်း သိချင်တယ်"

"မရှိပါဘူး ဘုရား"

"ဒကာမကြီးကရော"

"ဖြူရဲ့ ဖြူစင်ရိုးသားမှုကို သိပါတယ် ဘုရား၊ ကိုယ်ကျင့်သိက္ခာလေးကောင်းလို့လည်း သမီးချွေးမအဖြစ် လက်ခံထားတာပါ၊ အခုကိစ္စ ဖြစ်သွားတာလည်း မငြိုငြင်မိပါဘူး ဘုရား၊ ဖြူကို ယုံကြည်ပါတယ်"

"ဒီလို စကားတွေ ကြားရတာ ဘုန်းကြီး ကျေနပ်လိုက်တာကွယ်၊ ဘုန်းကြီး ဒီလို ပရဟိတ အလုပ်တွေ လုပ်နေတာ အပူရှာနေတာ မဟုတ်ပါဘူး၊ တတ်နိုင်တဲ့ ဝန်လေးနဲ့ ပါရမီဖြည့်ကျင့် ကုသိုလ်ယူနေတာပါ၊ ပြန်ပြီး ကျေးဇူးသိတတ်တဲ့သူ ရှိသလို ဘဝမေ့ ကျေးဇူးကန်းတဲ့သူလည်း





ရှိတာပဲ၊ ဘုန်းကြီးက ဘာတုံ့ပြန်မှုမှ မမျှော်ကိုးပါဘူး၊ ဒါပေမဲ့ ဖြူရဲ့ ကျေးဇူးသိတတ်မှုလေးကိုတော့ အသိအမှတ်ပြုမိတယ်၊ ပညာစုံတာတောင် မြို့ကို မခံဘဲ ဒီကျောင်းကြီးအပေါ် ပြန်ပြီး တာဝန်ကျေခဲ့တယ်လေ"

ဘုန်းဘုန်းကြီးက အလေးအနက် စကားတွေပြောရင်း သူ့မျက်နှာကို ခွဲယူကြည့်ပြီး

"ယောကျ်ားကောင်း လက္ခဏာပါ၊ ဇနီးမယားအပေါ်လည်း ယုံကြည်မှု ရှိနိုင်တယ်၊ ဒီကိစ္စ ဖြစ်သွားလည်း ဖြူကို လက်ထပ်နိုင်ပါတယ် နော်"

"လက်ထပ်မှာပါ ဘုရား၊ ဒါပေမဲ့ လတ်တလောကြီးမို့ ကြီးကြီးကျယ်ကျယ်လုပ်နိုင်မယ် မထင်တော့ဘူး"

"ပကာသနတွေ လုပ်ဖို့မလိုပါဘူးကွယ်၊ သူ့ဘဝလေး ဘယ်သူမှ အနိုင်ကျင့်စော်ကားမခံရတော့ဘူးဆိုရင် ဘုန်းကြီး စိတ်ချရတာပေါ့၊ ကိုယ်က မိဘသဖွယ် တာဝန်ရှိနေတာ မဟုတ်လား"

"တင်ပါ့ ဘုရား၊ တပည့်တော်လည်း မေမေ့ကိုခေါ်ပြီး ဒီကိစ္စ တိုင်ပင်ဖို့ လာမလို့ပါ၊ ဖြူကို ဖိအားပေးပြီး အကျဉ်းချုံး လက်ထပ်လိုက်တာမျိုးလည်း ဖြစ်မှာစိုးတယ်၊ အခု ဘုန်းဘုန်းဆန္ဒကို သိရပြီဆိုတော့ ဖြူနဲ့ဆွေးနွေးလိုက်ပါမယ် ဘုရား"

"အင်း လူမှုကိစ္စတွေထဲ မပါချင်ပေမယ့် တာဝန်မဲ့လို့ မဖြစ်



www.burmeseclassic.com

တော့ ဒကာလေးတို့ အိမ်ကို ဘုန်းကြီး ရောက်အောင် လာခဲ့ရတာ ကျောင်းမှာ အားကိုးအားထားပြုစရာ တစ်ယောက်တော့ လျော့သွား တာပေါ့လေ၊ ဒါပေမဲ့ အဆိုးထဲက အကောင်းဖြစ်သွားတယ်လို့ပဲ သဘော ထားရမယ်''

''ဟို တပည့်တော် မေးစရာလေး ရှိပါတယ် ဘုရား''

မေးဆိုသည့် သဘောနှင့် ဘုန်းဘုန်းကြီးက မေးဆတ်ပြ

''ဒီလိုပါ ဘုရား။ ဖြူ့ကိုစွကြီးက တမင်သက်သက် လုပ်ကြံ ရတာလို့ သံသယဝင်လို့ပါ၊ အဲဒီ အလှူရှင်တွေက ဘယ်ကပါလဲ ဘုန်းဘုန်းကြီးဆီ လှူဒါန်းနေကြ ဒါယိကာ ဒါယိကာမတွေလား ဘုရား''

''ဘုန်းဘုန်း မသိပါဘူးကွယ် ဒါနပြုချင်တယ်ဆိုပြီး ဘုန်းကြီး လာလျှောက်တင်လို့ လက်ခံလိုက်တာပါ၊ တစ်ခါမှ မမြင်ဘူး မတွေ့ဘူး ဘုန်းကြီးလည်း အံ့ဩနေတာ၊ ကဲပါလေ ဒါတွေ တွေးမနေပါနဲ့ အာယာ တလည်း မထားနဲ့၊ ကိုယ်လုပ်စရာရှိတာလုပ် ဟုတ်ပြီလား''

ဘုန်းဘုန်းကြီး ပြန်သွားပြီး သိပ်မကြာခင်မှာ ဖြူ့ ဆေးဝယ်ပြီး ပြန်ရောက်လာသည်။ အလွမ်းပြေ ငေးမောကြည့်ရသည့် မျက်နှာလေးက ညိုနွမ်းချောင်ကျနေတာမို့ ရင်ထဲနင့်နေအောင် ခံစားလိုက်ရ၏။

''ဖြူ''

အလျင်လိုစွာပင် ဖြူ့ လက်ကလေးကို ဆွဲပြီး ထိုင်ခိုင်းလိုက်ရ သည်။





''ဘာမှစိတ်မကောင်းမဖြစ်နဲ့ ဖြူ၊ ဒီကိစ္စကြီးကိုလည်း ခေါင်းထဲ မထည့်နဲ့နော်''

''လောကဓံအထုအထောင်း ခံရတာတော့ ထုသားပေသား ကျနေပါပြီ၊ ဖြူ့ကို ချစ်တဲ့သူတွေ အယုံအကြည်မဲ့မှာကိုပဲ စိုးရိမ်တာပါ''

''အဲဒီအတွက်တော့ ဖြူ့စိတ်ထဲ ဘာမှမထားနဲ့၊ ဖြူ့ကို မောင် လက်ထပ်မှာ ဘုန်းဘုန်းကြီးအိမ်ရောက်လာလို့လည်း ပြောလိုက်ပြီးပြီ၊ အားလုံး အဆင်ပြေတယ် သိလား ဖြူ''

''ဟုတ်တယ် သမီး၊ မေမေကတော့ အမြန်ဆုံး လက်ထပ်စေ ချင်တယ်၊ သမီးကို ပတ်ဝန်းကျင်ကထပ်ပြီး အထင်သေးခံရမှာစိုးလို့ပါ''

''ဟုတ်ကဲ့ ဖြူလည်း အဲဒါကိုတော့ တွေးမိပါတယ်၊ ဒါပေမဲ့ မေမေနဲ့မောင့်ကို အားနာမိတယ်''

''ကဲ အားနာတာတွေ ဘာတွေ တွေးမနေနဲ့၊ အမြန်ဆုံး လက်ထပ်ဖို့ ရက်ကောင်းရက်မြတ်သာ ရွေးရအောင် ဟုတ်ပြီလား''

ဖြူ့ လေးပင်စွာ ခေါင်းညိတ်ပြမိသည်။ မောင့်ကိုချစ်ပေမယ့် သူ့ခိုးစွပ်စွဲခံလိုက်ရသည့် ကိစ္စကြီးကြောင့် အားနာစိုးရွံ့မိတာကြောင့်ပါ။ သွေးမတော် သားမစပ် သူစိမ်းတွေက သူမအပေါ် နားလည်ပေးနေလို့ သူမ ဘဝ ဒီအချိန်ထိ အသက်ရှင်ရပ်တည်နေနိုင်တာ။

သွေးရင်းသားရင်း အဖေဆိုသည့် လူက ဘာကြောင့်များ...။

■ ■ ■

www.burmeseclassic.com

## အခန်း (၂၅)

"ဘာ သူ သူတို့ လက်ထပ်ကြတော့မယ်၊ ခွင့်တင်သွားတယ် ဟုတ်လား ကိုမျိုး၊ ဒါ ဒါ ဘယ်လိုဖြစ်တာလဲ"

"ကျွန်တော်လည်း မသိဘူး ဘုံ၊ မနက်က ရောင်စဥ် ဖုန်းလှမ်း ဆက်တာ၊ အကြောင်းကိစ္စလေးတွေ ပေါ်လာလို့ သူ လက်ထပ်ဖြစ် တော့မှာ၊ အန်ကယ် ပြန်ရောက်ရင်ဖြစ်ဖြစ် သုခဘုံ ဟိုတယ်ရောက်လာ ရင်ပဲဖြစ်ဖြစ် ခွင့်တစ်ပတ်တင်ပေးပါတဲ့"

"မ မဖြစ်ဘူး၊ ဘာလို့ ခွင့်ပေးရမှာလဲ၊ လက်ထပ်ဖို့ကရော အဲလောက် အရေးတကြီး လုပ်စရာလိုလို့လား၊ အခု ဖုန်းဆက်ပြီး ရောင်စဥ်ကို လှမ်းခေါ်၊ ဟိုတယ်ကို ချက်ချင်းလာခဲ့ပါလို့"

သွေးရှူးသွေးတန်းနိုင်သည့် သုခဘုံရဲ့ အမိန့်စကားကြောင့် မန်နေဂျာကိုမျိုး ခေါင်းကုတ်ကာ ခြေတုန်လက်တုန် ဖြစ်သွားသည်။



ဦးဗလဇော် မရှိချိန်မို့ ခွင့်ယူလို့မဖြစ်ဘူးဆိုတာ ရောင်စဥ်ကို အတိုက်အခံပြောပြီးသားပါ။

ဒါကို ရောင်စဥ်က ဘာတွေ အရေးကြီးနေမှန်းမသိဘဲ ခွင့်ယူ မရလျှင် အလုပ်ထွက်ဖို့ပဲရှိတယ်ဟု ဖွင့်ပြောသည်။

"ကိုမျိုး ဘုံပြောနေတာ မကြားဘူးလား၊ ရောင်စဥ်ကို အခု ချက်ချင်း ဖုန်းဆက်ခေါ်"

"ရောင် ရောင်စဥ် လာမယ် မထင်ဘူး ဘုံ"

"ဘာ"

"ဦးဗလဇော်လည်း မရှိလို့ ခွင့်ယူလို့မဖြစ်တာ ကျွန်တော် ပြောပြီးပါပြီ၊ ချောင်းသာကိုတောင် ဟိုတယ်ကြီးပစ်ပြီး သွားခဲ့သေးတာ ဘာလို့ ခွင့်ယူမရရမှာလဲတဲ့၊ တကယ်လို့ ခွင့်ယူမရရင် အလုပ်ထွက်မယ် လို့ ပြောပါတယ်"

"တောက်"

ကြိတ်မနိုင်ခဲမရနှင့် သုခဘုံ မျက်စိမျက်နှာပျက်ကာ အသား တွေ တဆတ်ဆတ်တုန်နေသည်။ ရောင်စဥ်နှင့်မဟူရာဖြူကို တစ်သက် တာ ဝေးအောင် ဖန်တီးခဲ့သည့် ကိစ္စက ဘယ်လိုဖြစ်သွားရတာလဲ။

ပစည်းသူခိုး မဟူရာဖြူကို ရောင်စဥ်ခုထိ ချစ်နေတုန်းလား။ နာမည်ပျက် ကိုယ်ကျင့်သိက္ခာ ပျက်နေသည့် မိန်းမတစ်ယောက်ကို

www.burmeseclassic.com

www.burmeseclassic.com



ရောင်စဥ် အမြန်ဆုံးလက်ထပ်ဖို့ ဆုံးဖြတ်လိုက်တာ ဘယ်လိုအကြောင်းကြောင့်။

"ကဲ ကိုမျိုး၊ ကျွန်မ ရောင်စဥ်အိမ်လိုက်သွားမယ်၊ လေးလေးကို ဖုန်းဆက်ပြီးလည်း အမြန်ပြန်လာခိုင်းလိုက်မယ်၊ ဒီအတိုင်းနေလို့ မဖြစ်ဘူး၊ ရောင်စဥ် လက်မထပ်ရဘူး"

သူမ ပြောနေတာတွေ ကိုမျိုး နားမလည်နိုင်ဖြစ်နေပေလိမ့်မည်။ ကိုမျိုး ဘယ်လိုထင်ထင် သူမ ဂရုမစိုက်။

ကားကို အရှိန်မြှင့်မောင်း၍ ရောင်စဥ်အိမ်ကို ထွက်လာခဲ့သည်။ ကားမောင်းရင်းဖြင့် ဦးဗလဖော်ဆီ ဖုန်းခေါ်လိုက်ပြီး

"လေးလေး မြန်မာပြည်ကို အမြန်ဆုံးပြန်လာခဲ့ပါ၊ အစီအစဥ်တွေက အားလုံး ကမောက်ကမ ဖြစ်ကုန်ပြီ၊ မဟူရာဖြူ ထောင်မကျတဲ့အပြင် အခု ရောင်စဥ်နဲ့ လက်ထပ်တော့မယ်တဲ့၊ ဘုံ ဘာလုပ်ရမလဲ လေးလေး ပြန်လာမှဖြစ်မှာ"

"အေးအေး လေးလေးလည်း ဒီကကိစ္စတွေပြီးလို့ ပြန်လာဖို့ လုပ်နေတာပါ၊ ဘာမှလျှောက်မလုပ်နှင့်နဲ့နော်"

"အခု ရောင်စဥ်တို့အိမ်သွားမလို့ လမ်းရောက်နေပြီ လေးလေး"

"ဟင် ကားရပ်လိုက်၊ ကားရပ်လိုက် ဘုံ၊ လေးလေး ပြောတာ သေချာ နားထောင်ဦး"





လေးလေးရဲ့ စိုးရိမ်တကြီး အသံကြောင့် လမ်းဘေးကျကျမှာ ကျွံခနဲ ကားဘရိတ်ဆောင့်အုပ် ရပ်လိုက်ရသည်။

"ပြောလေ လေးလေး၊ ဘုံ ဘာလုပ်ရမှာလဲ၊ ဒီမှာ အသက်ရှူလို့တောင် မဝတော့ဘူး"

"စိတ်ကို ငြိမ်ငြိမ်ထားပါ ဘုံလေးရယ်၊ ဘုံ ဝုန်းဒိုင်းကျဲ ပေါက်ကွဲလို့ မဖြစ်ဘူးလေ၊ ရောင်စဥ်ကို အပြင်မှာခေါ်တွေ့လိုက်၊ လေးလေးလည်း လုပ်စရာရှိတာ ဒီကနေ ဖုန်းအဆက်အသွယ်နဲ့ လုပ်လိုက်ပါမယ်၊ ဘုံ ဘာမှစိတ်မပူနဲ့နော်"

"လေးလေး အဲလို သွေးအေးနေလို့ သူတို့ လက်ထပ်ဖြစ်သွားရင် ဘယ်လိုလုပ်မလဲ"

"အဲလို မဖြစ်အောင် လေးလေး ပြန်လာမယ်လို့ ပြောပြီးပြီ မဟုတ်လား၊ လေးလေး အခုလေယာဥ်စီး အခုပြန်ရောက်မှာပဲဥစ္စာ"

"အဲဒါဆိုလည်း ပြီးရော၊ ဒါပဲနော် လေးလေး"

လေးလေး စိတ်မပူအောင် ပြောလိုက်ရသော်လည်း သူမ စိတ်တွေကတော့ ဂနာမငြိမ်ပါ။ ဒီလို လိုက်လိုက်ဘူဝေ ပူလောင်မှုမျိုး တစ်ခါမှလည်း မခံစားဘူး။

ရောင်စဥ်အိမ် မသွားရလျှင် ရောင်စဥ်နှင့် စကားပြောရမှ ဖြစ်မည်။ စိတ်အလိုအတိုင်း ဖုန်းနံပါတ်တွေကို နှိပ်မိပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို"

တစ်ဖက်က ရောင်စဉ်အသံကို ကြားတော့ မျက်ရည်တွေက မျက်ဝန်းအိမ်မှာ အလိုလို ပြည့်လျှံလာ ဒီယောကျ်ားနှင့်မှ သူမ နှလုံးသား တွေ ဘာကြောင့်များ ခံနိုင်ရည်မရှိရတာလဲ။

"မန်နေဂျာ ကိုမျိုးဆီ ရှင် ခွင့်တင်ထားတယ်ဆို၊ ရှင့်ရာထူးက မန်နေဂျာဆီ ခွင့်ထင်ရမှာလား။ ဘုံနဲ့လေးလေးဆီက ခွင့်ပြုချက်ယူရမှာ လား၊ ဒါလေးတောင် ရှင်နားမလည်ဘူးလား ရောင်စဉ်"

"ဘာက အရေးတကြီး လိုအပ်သလဲဆိုတာ ငါ စဉ်းစားမနေ နိုင်ဘူး သုခဘုံ၊ မင်းနဲ့ဒီလိုစကားတွေ ပြောနေရမှာစိုးလို့ မန်နေဂျာကို အသိပေးလိုက်တာ"

"အဲလို လုပ်လို့ မရဘူး ရောင်စဉ်၊ ရှင်အခု ဘုံကို လာတွေ့ပါ စိမ်းလန်းစိုပြည်ထဲက ဆိုင်မှာ ဘုံစောင့်နေမယ်"

"ဘာ ငါက အဲဒီကို ဘာလို့လာရမှာလဲ၊ လိုအပ်ရင် ဟိုတယ်က ရုံးခန်းကို လာခဲ့မယ်"

"ကောင်းပြီ ရောင်စဉ်၊ အခု အမြန်ဆုံးလာခဲ့ပါ"

အရမ်းတိကျပြီး အရှောင်အတိမ်းကောင်းသော ယောကျ်ားမို့ သူမက အလျှော့ပေးလိုက်ရသည်။ အမြဲကန့်လန့်တိုက်ပြီး တိမ်းညွှတ်မှု မရှိဘတ်တာကိုက စွဲလမ်းမိနေတာ ကိုယ့်ကိုကိုယ် အပြစ်တင်ရတော့မည်





ထင်

ဟိုတယ် ပြန်ရောက်ပြီး နာရီဝက်လောက်နေမှ သူမ ရုံးခန်း တံခါးကိုခေါက်ကာ ရောင်စဉ် ဝင်လာသည်။ ရောင်စဉ်မျက်နှာမှာ ဖော်ရွေ လိုသော အပြုံးမျိုးကို မတွေ့ရ။

မဟူရာဖြူအပေါ် ချစ်တတ်သလောက် သူမ အပေါ်တော့ ရောင်စဉ် အရမ်းစိမ်းသက် မာကြောလွန်းသည်။

"ခွင့်ပေးမှာလား၊ မပေးဘူးလား သုခဘုံ၊ ခွင့်ယူဖို့ လက်မှတ်တွေ ဘာတွေထိုးပြီး တင်ရဦးမှာလား"

"အဲဒီမှာ ထိုင်စမ်းပါဦး၊ နင်က ဘာလို့ ခွင့်ယူချင်ရတာလဲ"

"ကိုမျိုးကို ငါ ပြောထားတယ်လေ၊ ငါ ချစ်သူနဲ့ လက်ထပ်ဖို့"

"မဟူရာဖြူနဲ့လား"

"နင် သိရဲ့သားနဲ့ ရစ်မနေနဲ့ သုခဘုံ"

"ဟွန်း သိတယ်ပဲ ထားပါ၊ ဘာလို့ အလောတကြီး လက်ထပ်ဖို့ စီစဉ်ရတာလဲ"

"ဒါ ငါတို့ ကိုယ်ရေးကိုယ်တာပါ၊ နင့်ကို အစီရင်ခံစရာ မလိုဘူးထင်တယ်"

"အကျင့်စာရိတ္တ မကောင်းတဲ့ မိန်းမတစ်ယောက်ကို နင် ဘာလို့ မိုက်မိုက်မဲမဲ လက်ထပ်ဖို့ ဆုံးဖြတ်ရတာလဲ ရောင်စဉ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"ဟုတ်တယ်လေ နှင် အမွှန်းတင် တန်ဖိုးထားနေတဲ့ မဟူရာဖြူ က သူများပစ္စည်းကို ခိုးတတ်တဲ့ သူခိုးမတစ်ယောက် မဟုတ်ဘူးလား"

"သုခဘုံ နှင် နှင် ဘယ်လိုလုပ်သိတာလဲ"

သူ့ရဲ့ အထိတ်တလန့် အမေးကို သုခဘုံက သရော်လှောင် ပြောင်ပြုံးများဖြင့် နှုတ်ခမ်းအစုံ မဲ့ကွေးကာ

"ပန်းသတင်း လေညင်းဆောင်၊ လူသတင်း လူချင်းဆောင်တဲ့ နှင် မကြားဖူးဘူးလား၊ နှင်သာ မွှန်ပြီး ဘာမှမမြင်နိုင် ဖြစ်နေပေမယ့် လူတွေ အမြင်မှာတော့ မဟူရာဖြူက မိဘမဲ့ဂေဟာက ဘယ်လိုအဆင့် အတန်းက လာမှန်းမသိတဲ့ သူခိုးမတစ်ယောက်ပါပဲ"

"မ မဟုတ်ဘူး မဟူရာဖြူက အဲလို အကျင့်စာရိတ္တ ပျက်နေတဲ့ မိန်းကလေး မဟုတ်ဘူး"

"နှင် မျက်လုံးစုံမှိတ် ဖွတ်ငြင်းမနေနဲ့ ရောင်စဉ်၊ မဟူရာဖြူ မျိုးရိုးမသန့်လို့ လိုချင်မက်မောစိတ်ရှိလို့ သူများပစ္စည်းခိုးတာက ခိုးတာပဲ"

"တော်တော့ သုခဘုံ၊ ငါနဲ့လက်ထပ်မယ့် မိန်းကလေးကို နှင် ဘာမှ ဝေဖန်စရာ ပုတ်ခတ်စရာ မလိုဘူး၊ သူ ဘယ်လိုမိန်းကလေးဖြစ်ဖြစ် ငါ အရမ်းချစ်တယ်၊ တန်ဖိုးထားတယ်၊ လက်ထပ်ဖို့လည်း ဆုံးဖြတ်ပြီးသား၊ ရှင်းပြီလား သုခဘုံ"





"ဟင့်အင်း နှင် မဟူရာဖြူကို လက်မထပ်ရဘူး"

မြွန်းခနဲ သူ့အနား ဝင်ထိုင်ကာ အော်လိုက်သည်မို့ ရောင်စဉ် တစ်ဖက်တိုးရွှေ့ထိုင်၍ လန့်ဖျပ်သွားရသည်။ မာနဖြင့် သုခဘုံ ဟန်ဆောင် သိုသိပ် ထားခြင်းတွေ ပေါက်ကွဲပစ်လိုက်တော့မည်လား။

"မဟူရာဖြူက ငါ့ထက်ဘာတွေ သာနေ ကောင်းနေလို့လဲ ရောင်စဉ်၊ ရုပ်ရည်အဆင့်အတန်း ဂုဏ်ဒြပ် ပိုင်ဆိုင်မှု"

"နှင် ဘာတွေလာပြောနေတာလဲ သုခဘုံ၊ ဒါတွေနဲ့ တိုင်းထွာနေရင် အချစ်ဖြစ်ပါတော့မလား၊ ရမ္မက် ဆန္ဒနဲ့ မက်မောမှုရှိ တဲ့ လောဘတွေပဲ ဖြစ်မှာပေါ့၊ အချစ်ဆိုတာ လိုချင်တိုင်း ဖန်တီးယူလို့ မရတဲ့ အရာပဲ"

"မသိဘူး ငါ နားမလည်ဘူး၊ သုခဘုံက လိုချင်တာကို ရအောင် ယူတတ်တဲ့ မိန်းမ"

"ငါ့ကို ချစ်တယ်လို့များ အရှက်မရှိ ပြောထွက်ချင်သေးတာလား သုခဘုံ၊ မင်း အဆင့်အတန်း၊ မင်း သိက္ခာနဲ့ တခြားတစ်ယောက်ကို ရွေးချယ်သင့်တယ်၊ ငါ့လို ချစ်သူရည်းစားလက်ထပ်မယ့်သူ ရှိနေတဲ့ကောင် ကို ဘာလို့ ပတ်သက်ချင်ရတာလဲ"

"အဲလို ပတ်သက်ချင်တာ အချစ်လို့ နှင် မြင်မပေးနိုင်ဘူးလား ရောင်စဉ်၊ နှင့်အသိထဲမှာ မဟူရာဖြူ တစ်ယောက်ပဲ ရှိတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

တုံးတိပြေလျှက် မျက်နှာကို ဆတ်ခနဲ လွှဲကာ ထရပ်လိုက်သည်၊ လိုချင်တာတွေ များနေသော သုခဘုံ လောဘတွေကို သူ မြေး ဆည်းနိုင်။

ရှိသမျှအချစ်တွေအားလုံး မဟူရာဖြူအတွက်ပဲ ပုံအောထား တာ သုခဘုံ သိသင့်နေပြီပဲ။

"နင်နဲ့ခွင့်ကိစ္စ မဆွေးနွေးရသေးဘူး။ နင်ပြန်လို့ မဖြစ်သေးဘူး ရောင်စဉ်"

သုခဘုံက သူ့လက်ကို ရဲတင်းစွာ ဆုပ်ကိုင်၍ ဟန့်တားသည်၊ လက်ကို ရုပ်ကာ ရုးခနဲ ကြည့်လိုက်ပြီးမှ ပြန်ထိုင်လိုက်၏။

"အလုပ်ကိစ္စကလွဲပြီး ကျန်တာတွေ မပြောဘဲ နေပေး သုခဘုံ၊ မင်းကိုငါ ဒီထက်ပိုပြီး အထင်မသေးချင်ဘူး"

သုခဘုံ မျက်နှာ မဲ့ခနဲ ဖြစ်သွားသော်လည်း အဆိပ်ပြင်းပြင်း ပြုံးလိုက်တာကို ရောင်စဉ် မမြင်လိုက်။

"အေးလေ နင် မကြားချင် မပြောရုံပဲပေါ့၊ ခွင့်ကိစ္စကတော့ လေးလေး ရောက်လာမှပဲ ဆက်ဆွေးနွေးကြည့်ပါ"

"ဘာ့ ငါက ဘယ်အချိန်ထိ စောင့်ရဦးမှာလဲ၊ ငါ့မှာစီစဉ်စရာ တွေ ရှိသေးတယ်"



"အရေးတကြီးလုပ်မနေပါနဲ့ လေးလေး ရောက်လာတော့မှာ ပါ"

"အေး ငါကတော့ ဒီရုံးခန်းထဲကနေ မင်း လေးလေး ပြန်လာ တာကို စောင့်မနေနိုင်ဘူး။ ဦးဗလဇော် ရောက်လာရင်သာ ငါ့အိမ်ကို ဖုန်းလှမ်းဆက်လိုက်"

စကားပြန် မစောင့်တော့ဘဲ ရုံးခန်းထဲက အမြန်ပင် ပြန်ထွက် လာခဲ့သည်။

သုခဘုံနှင့် ကြာရင်မလွယ်။ ထောက်ထားစရာတွေ အားနာရေး နှင့် သူ့ဘဝတစ်ခုလုံး သိမ်းပိုက်တာ ခံသွားရနိုင်၏။

နိုင်းယှဉ်စရာတွေ ရှိလာတိုင်း ဖြူကိုပိုပြီး တန်ဖိုးထားမိတာ သူ မှားသလား။

ဘယ်တော့မှ ငါ့နှလုံးသားကို မပိုင်ဆိုင်စေရဘူး သုခဘုံ။ ရင်ထဲက ကြုံးဝါးမှုများဖြင့် သူ့ရဲ့ခြေလှမ်းတွေက မြန်ဆန်စွာ. . .။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၆)

"ဟော သားလေး ပြန်လာပြီလား၊ အဆင်ပြေရဲ့လား၊ သား"

လေ့ကားအတက်မှာပင် မေမေက အလောတကြီး မေးသည်

ဆက်တီခုံရှိရာ မေမေ လက်ကိုဆွဲခေါ်လာပြီးမှ သက်ပြင်းငွေ့ငွေ့ချ

"ဦးဗလဇော် ပြန်မရောက်သေးလို့ နောက်တစ်ခေါက်ပြန်သွား ရဦးမယ် မေမေ၊ သူခဘုံ ရစ်နေတာကို တော်တော်သည်းခံလာခဲ့ရတယ် ခွင့်မပေးရင် မလုပ်တော့ဘူးလို့ ပြောထွက်လိုက်ချင်တာ၊ ဦးဗလဇော် ကူညီခဲ့တာတွေ ထောက်ထားနေရတာနဲ့ စိတ်ထဲရှိသလို လုပ်လို့မရ ခံရခက်တယ်"

"စိတ်ထဲ မထားပါနဲ့ သားရယ်၊ ကိုယ်က သူ့ဝန်ထမ်း သူတို့ ဩဇာအာဏာအောက်ကမှ မလွတ်မြောက်နိုင်သေးတာ"

"ခွင့်မပေးချင်တာ သူတို့လုပ်ပိုင်ခွင့်မှန်း သား သိပါတယ်





ပါပေမဲ့"

မေမေ စိတ်ပူအောင် ဆက်မပြောသင့်တာမို့ စကားကို တစ်ပိုင်းတစ်စ ရပ်တန့်ပစ်လိုက်ရသည်။ ဒါက ဖြူနှင့် လက်ထပ်လိုက်လျှင် ပြီးသွားမည့်ကိစ္စ။

"ဖြူရော မေမေ၊ ဖြူကို မမြင်ပါလား၊ ဘုန်းဘုန်းကြီးကျောင်းကို သွားနေတာလား"

"ဟုတ်တယ် သား၊ ဘုန်းဘုန်းကြီး နေမကောင်းဘူး ပြောလို့ ကြက်သားဆန်ပြုတ်လေး သွားပို့ခိုင်းလိုက်တာ၊ မြန်မြန်ပြန်လာခဲ့ဖို့တော့ မှာလိုက်ပါတယ်၊ နာမည်ပျက်နဲ့ အဝင်အထွက်လုပ်နေရင် တခြား အလှူရှင်တွေသိပြီး ငြိုငြင်မှာစိုးလို့လေ"

"ဖြူ့ စာရိတ္တကို ဘာကြောင့် အရောင်ဆိုး ခံလိုက်ရတယ်ဆိုတာ သားတော့ အခုချိန်ထိ နားမလည်နိုင်အောင်ဘဲ၊ မြေနိမ့်ရာလှံစိုက်ရုံမက တံဆိုးမသွားရာ မိုးလိုက်လို့ရွာဆိုတာ ဖြူ့ ဘဝဖြစ်မယ်"

"မရှိခိုးနိုး မလှစုန်းမျိုး ဆိုတဲ့ ဆိုရိုးစကားလည်း ရှိသေးတာ ပဲ သားရယ်၊ လူသားချင်း ကိုယ်ချင်းစာ နားလည်ပေးတတ်တဲ့ မေမေတို့ ရှိနေတော့ တော်သေးတယ် ပြောရမှာပဲ"

"သားလည်း အဲဒါကြောင့် ဖြူကို သနားမိတာပါ မေမေ၊ ဒါနဲ့ ဖြူ ဘယ်အချိန်က သွားတာလဲ မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"သား ထွက်သွားပြီး သိပ်မကြာဘူး သားရဲ့၊ မေမေက မြန်မြန် ပြန်လာခဲ့လို့ မှာလိုက်တာ၊ ပြန်ရောက်သင့်နေပြီ"

"သားလိုက်သွားမယ် မေမေ၊ ကျောင်းကို ဖြူသွားမှန်းသိရင် ခုနကတည်းက သား ဝင်ခဲ့ပါတယ်"

"အေး အေး ဖြူ အဖော်ရအောင် လိုက်သွားလိုက်ပါ သားရယ်"

အဝတ်အစားပင် မလဲတော့ဘဲ သူ ပြန်ထွက်လာခဲ့သည်။ မိဘမဲ့ဂေဟာလေးကို ရောက်တော့ ဒေါ်ကြီးခင်သက်က ရှေ့မှာ အမှိုက်လှဲနေ၏။

"ဒေါ်ကြီးခင်သက် ဖြူ ရှိတယ်မဟုတ်လား"

"ဩော် မောင်ရောင်စဥ် ဖြူ ပြန်သွားတာ ကြာပြီလေ သားရဲ့"

"ဗျာ ဖြူ ပြန်သွားပြီ၊ ဟုတ်လား ဒေါ်ကြီး"

"အေးလေ ဘုန်းဘုန်းကြီးကို ဆွမ်းကပ်ပြီး ချက်ချင်းပြန်သွားလေရဲ့၊ သူ့ကြောင့် ကျောင်းကြီးနာမည်ပျက် လှူမယ့်သူမရှိမှာစိုးလို့တဲ့၊ ဒေါ်ကြီးကတောင် အေးအေးဆေးဆေး နေပါဦးလားလို့ တားပါသေးတယ်"

"အိမ် အိမ်ကို ပြန်ရောက်မလာသေးဘူး ဒေါ်ကြီးရဲ့၊ ဖြူ ဘယ်တွေဝင်နေလဲ မသိဘူး"





"အိမ်ဝင်လည်လောက်အောင် ရင်းနှီးတဲ့အသိအကျွမ်းတော့ ရှိပါဘူး။ တခြား ဘာကိစ္စများ ခိုင်းလိုက်သေးလဲကွယ်"

"မခိုင်းပါဘူး ဒေါ်ကြီး၊ မေမေက ဒီအတိုင်းပဲ လာခိုင်းတာပါ"

"ဒါဆိုရင်တော့ ပြန်ရောက်လာမှာပါ သားရယ်၊ အိမ်ကပဲ ပြန်စောင့်နေလိုက်ပါ"

"ဟုတ်ကဲ့ ဒေါ်ကြီး၊ ကျွန်တော် ပြန်လိုက်ဦးမယ်နော်"

"အေးအေး သား"

ရောင်စဥ် ကသုတ်ကယက် အိမ်ပြန်လာခဲ့ရပြန်သည်။ အိမ်ရောက်တော့လည်း ဖြူ့ကို မတွေ့။

"ဘာတဲ့လဲ သား၊ ဖြူ ပြန်လိုက်မလာသေးဘူးလား၊ ဘုန်းဘုန်းကြီး တော်တော်နေမကောင်းလို့ ပြုစုနေရတယ် ထင်တယ်"

"မဟုတ်ဘူး မေမေ၊ ဖြူ ပြန်သွားတာ ကြာပြီတဲ့"

"ဟင် ဘယ့်နှယ် အိမ်လည်းပြန်မလာသေးပါလား"

"ဖြူ တစ်နေရာရာ ဝင်နေတာ ဖြစ်မှာပါ၊ သား ရေချိုးလိုက်ဦးမယ် မေမေ"

မေမေ စိတ်မပူအောင် ပေါ့ပေါ့ပါးပါး ပြောပြီး ရေချိုးသောနေရာ ထွက်လာခဲ့ရပေမယ့် ဖြူ ဘယ်သွားနေလဲ၊ ဘယ်ဝင်နေလဲဆိုတာ စိုးရိမ်နေမိသည်။ ရေချိုးပြီး နေဝင်ချိန်ထိ ဖြူ ပြန်ရောက်မလာတော့



www.burmeseclassic.com

www.burmeseclassic.com



သားအမိနှစ်ယောက်လုံး စိတ်ဂနာမငြိမ်စွာ ပျာယာခတ်လာသည်။ ဖြူ
ဘယ်တွေသွားနေတာလဲ၊ ဘာတွေလုပ်နေတာလဲ၊

သူတို့သားအမိကို ဖြူ ဘာလို့ စိတ်ပူအောင် လုပ်ရတာလဲ၊

"မေမေတော့ ဖြူကို စိတ်ပူလာပြီ သား၊ ဖြူက ဟိုဟိုဒီဒီ သွားတတ်လာတတ်တဲ့ မိန်းကလေး မဟုတ်ဘူး။ အခု ကျောင်းမှာလည်း မရှိ အိမ်ကိုလည်း ပြန်မလာနဲ့၊ လမ်းမှာ တစ်ခုခုများ ဖြစ်နေလား မသိဘူးကွယ်"

"အဲ အဲလိုတော့ မဖြစ်လောက်ပါဘူး မေမေရယ်၊ ဖြူ တခြား အကြောင်းကိစ္စရှိလို့ နေမှာပါ"

"မေမေ စိတ်မပူအောင်ဖြေသိမ့်ပြောမနေပါနဲ့ သားရယ်၊ သား က မေမေ့ထက် စိတ်ပင်ပန်းနေတယ်ဆိုတာ မေမေ သိပါတယ်၊ သား အရမ်းစိုးရိမ်နေပြီ မဟုတ်လား"

"ဟုတ် ဟုတ်တယ် မေမေ၊ တကယ်ဆို ဖြူ အိမ်ကို ရောက် သင့်တဲ့အချိန်ထက်တောင် ကျော်နေပြီ၊ သားတို့ကို ဖြူ စိတ်ပူအောင် မလုပ်ဘူးဆိုတာ သိနေလို့ ပိုပြီး စိုးရိမ်နေတာ၊ ဖြူ ဘာ ဘာမှမဖြစ် လောက်ပါဘူးနော် မေမေ"

"ခက်တာပဲ သားရယ်၊ သားကို မေမေ ဘယ်လိုနှစ်သိမ့်ရမလဲ မသိတော့ဘူး၊ ရဲစခန်းမှာ လူပျောက်သွားတိုင်မှ ဖြစ်တော့မယ် ထင်တယ်"





"အဲလိုလုပ်လို့ မဖြစ်ပါဘူး မေမေရယ်၊ ဖြူက စိတ်မနှံ့တဲ့သူ လည်းမဟုတ်၊ ကလေးလည်းမဟုတ်"

"ဒါဆိုလည်း စောင့်ကြည့်ရုံပဲ ရှိတော့တယ် သား"

"ဟား ဘယ်လိုလုပ်ရမှန်း မသိတော့ဘူး မေမေရယ်"

ညည်းညူမှုနှင့် တစ်ကိုယ်လုံး နုံးချိကာ အားအင်တွေ ကုန်ခမ်း သွားသည်။ ထိုအချိန်မှာ သုခဘုံ ဝယ်ပေးထားသော သူ့ဟန်းဖုန်းလေးက တတီတီအော်မြည်လာသည်။

အဝင်နံပါတ်ကို ကြည့်လိုက်တော့ သုခဘုံ။

"ဘာလဲ ပြော"

စိတ်ပင်ပန်းနေချိန်မို့ သူ့အသံတွေလည်း ညင်သာမှာမဟုတ်။ သုခဘုံ အသံကလည်း မနူးညံ့ပါ။

"လေးလေးပြန်ရောက်နေပြီ၊ နင် ခွင့်ကိစ္စပြောမယ်ဆို အခု လာခဲ့၊ လေးလေးက ပင်ပန်းလာလို့ အိမ်ပြန်အနားယူတော့မှာ"

"အနားယူချင်ယူ မယူချင်နေ ငါ့မှာ အရေးကြီးကိစ္စတွေ ရှိ နေတယ်၊ ခွင့်ကိစ္စ တကူးတက လာပြောဖို့ အချိန်မရဘူး။ ခွင့်မပေးနိုင် ရင် အလုပ်တစ်ခါတည်း ဖြုတ်လိုက်၊ ရှင်းတယ်နော်"

"ဘာ နင် အဲလို အလုပ်ထွက်လို့ ရမလား၊ နင့်ကို လေးလေး ထောက်ပံ့ထားတဲ့ငွေတွေက အလကား မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အလကားယူမယ်လို့လည်း ငါ မပြောပါဘူး၊ မင်းတို့ဆီက အလုပ်ထွက်လည်း တခြားနေရာမှာ အလုပ်လုပ်ပြီး ပြန်ဆပ်မယ်၊ ငါလို ကောင်က မင်းတို့အကြွေးကို သံသရာအထိ ယူမသွားဘူး၊ အေး မင်းတို့ ဘက်က ပေးခဲ့တဲ့ အကူအညီတွေက ငါ တောင်းဆိုခဲ့တာ မဟုတ်ဘူးနော်၊ အဲဒီတစ်ခု မင်းခေါင်းထဲမှာ ထည့်ထားဖို့ မမေ့နဲ့"

တစ်ဖက်က တုံ့ပြန်သံ မကြားရခင်မှာ ပြောချင်ရာတွေ ပြောပြီး ဖုန်းအရင်ပိတ်ပစ်လိုက်သည်။

ကိုယ်ပြောတာ လွန်သွားလား မှားသွားလား။ ကျေးဇူးကန်းရာ ရောက်သွားလား ဘာမှမတွေးချင်။

ခုအချိန်မှာ ဖြူစိတ်တစ်ခုတည်းနှင့်...။

■ ■ ■



## အခန်း (၂၇)

"တောက်"

"မောင်ရောင်စဥ် ဘာပြောလို့လဲ ဘုံ"

"မလာနိုင်ဘူးတဲ့၊ အလုပ်ဖြုတ်ချင် ဖြုတ်လို့ ပြောတယ်"

"လူပါးဝလှချည်လား၊ အဲဒါ ဘုံ အလျှော့ပေး လိုက်လျောနေ နဲ့ ဖြစ်မှာ၊ ဒီလိုကောင်မျိုးကို"

"ဟင့်အင်း အဲလို ဂရုမစိုက်တတ်တာက္ခ သူ့ရဲ့ဆွဲဆောင်မှုပဲ၊ သူ့ကိုပိုင်ဆိုင်ချင်တယ်၊ ရအောင် ဖန်တီးပေးပါ လေးလေး၊ တစ်ချိန် မှာ ဘုံကို သူ အရှုံးပေးလာမှာပါ၊ ဒါနဲ့ ရောင်စဥ် ဘယ်လိုအရေး ကြောင်းကိစ္စ ဖြစ်နေလို့လဲ မသိဘူး၊ အသံတွေလည်း တုန်နေတယ်၊ ရှုည်သလို ဒေါသတကြီးလည်း ဖြစ်နေတယ်"

"မဟူရာဖြူ ပျောက်သွားလို့ နေမှာပေါ့"



www.burmeseclassic.com

''ဟင် မဟူရာဖြူက''

ဦးဗလဖော် နှုတ်ခမ်းလေး လှုပ်ရုံပြုံးပြီး သုခဘုံလက်ကလေးကို ထွေးဆုပ်ကိုင်လိုက်ကာ

''ရောင်စဉ်ကို ပိုင်ဆိုင်ချင်တယ်ဆို၊ ဒါဆိုရင် ရောင်စဉ်ချစ်သူ မဟူရာဖြူက ရောင်စဉ်အနားမှာ မရှိမှ ဖြစ်မှာမဟုတ်လား''

''ဒါတော့ ဒါပေါ့၊ အခု မဟူရာဖြူက''

''လေးလေး တပည့်နှစ်ယောက်ကို သန်လျင်က ဂိုထောင်မှာ မဟူရာဖြူကို ထိန်းသိမ်းထားဖို့ ဟိုကနေ ထွက်မလာခင် ဖုန်းဆက် အမိန့်ပေးထားတယ်''

''ဒါဆို အဲဒီကိစ္စ အောင်မြင်သွားပြီပေါ့''

''လေယာဉ်ကွင်းက ဆင်းတဲ့အချိန်မှာပဲ အဆင်ပြေတဲ့အကြောင်း မက်ဆေ့ချ် လှမ်းပို့တယ်''

''အဲဒီတော့ လေးလေးက ဘာဆက်လုပ်မှာလဲ၊ ရောင်စဉ် သိရင် အကြီးအကျယ် ကျိုင်တက်မှာ''

''မသိအောင်လုပ်ဖို့ နည်းလမ်းကို ကြံတွေးပြီးသားပါ၊ ပထမ တစ်ခါ လွဲချော်ထားလို့ ဒီတစ်ခါတော့ အဆုံးထိ ပြင်ဆင်ထားတယ်၊ မဟူရာဖြူကို လေးလေး သွားတွေ့မယ်၊ အရင်ဆုံး အပေးအယူ ကမ်းလှမ်းကြည့်မယ်၊ အဆင်မပြေရင်တော့ သူ့ထိုက်နဲ့သူ့ကံပေါ့''





သုခဘုံမျက်နှာလေး အခုမှ လန်းဆန်းကြည်လင်လာသည်။ လေးလေး တစ်နည်းမဟုတ် နောက်တစ်နည်းနှင့် သူမ ဆန္ဒပြည့်ဝအောင် လုပ်ပေးတော့မည်ဆိုတာ သိလိုက်ပြီမို့ ရောင်စဉ် မျက်နှာလေးကို မြင်ယောင်ပြီး အတွေးနှင့်တောင် ကြည်နူးလိုက်ဗိုလာသည်။

ဒီကျေးဇူးရှင် လေးလေးကြောင့် သူမ တောင့်တသမျှ မပြည့်ဘူးဆိုတာ ဘယ်မှာရှိလို့လဲ။

''လေးလေး သွားရင် ဘုံလိုက်ခဲ့ရဦးမလား''

''ဘုံလိုက်လို့ ဘယ်ဖြစ်မလဲ၊ မဟူရာဖြူက ဘုံကို သိထားတဲ့ အတွက် ပြဿနာတွေက မီးနိုးကြွက်လျှောက် ပေါ်သွားနိုင်တယ်၊ လေးလေးကိုတော့ ဘုံဦးလေးဆိုတာ သိမထားဘူးလေ၊ ရောင်စဉ်နဲ့ လက်မထပ်ဖြစ်အောင် ငွေပေးပြီး အဝေးကို ရှောင်တိမ်းနိုင်းမယ်၊ ငြင်းဆန်နေရင် တစ်ယောက်ယောက်နဲ့ မှားယွင်းအောင်လုပ်ပြီး ချောင် ပိတ်ပေးစားလိုက်မယ်၊ ဒီလိုတွေမှ မဖြစ်သေးဘူးဆိုရင်တော့ အစဖျောက် ပစ်သင့်ရင် ဖျောက်ပစ်ရမှာပေါ့''

''ဂွတ် လေးလေး၊ လေးလေး အိုင်ဒီယာ ဂိုက်တယ်၊ ဒါကြောင့် ဘုံက လေးလေးကို အားကိုးတာ၊ အဲဒီထဲက တစ်ခုခုအကောင်အထည်ပေါ်ရင် ရောင်စဉ် လွမ်းချပြီပေါ့၊ အဲလိုဖြစ်မှယည်း ရောင်စဉ်က ဘုံကို မိန်းမတစ်ယောက်အဖြစ် မြင်လာမှာ''



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ဒါဆို လေးလေး သံလျင်ကို သွားလိုက်ဦးမယ်၊ နောက်နေ့ ကူးရင် ရောင်စဉ်တို့က လူပျောက်တိုင်မှာတွေ စုံစမ်းမှာတွေနဲ့ ရှုပ်သွားလိမ့်မယ်"

"ဟုတ်တယ် လေးလေး၊ သူတို့သားအမိက မဟူရာဖြူကို သည်းသည်းလှုပ် ချစ်ကြတာ၊ အခုချိန်ဆိုရင်တောင် စိတ်တွေပူပြီး ဆွေ့ဆွေ့ခုန်နေလောက်ပြီ"

သုခဘုံ သူမအတွေးနှင့်သူမ ပျော်နေချိန်မှာ ခေါင်းလေးကို ဖွဖွပုတ်ခဲ့ပြီး ဦးဗလဖော် ကားမောင်း၍ သန်လျင်က ဂိုထောင်ကို ထွက်လာခဲ့သည်။ ခြံဝင်းက ကျယ်သလို တစ်ဖက်မှာ စိုက်ပျိုးရေးခြံလည်း ရှိသည်မို့ ဝင်းတံခါးနှင့် ဂိုထောင်က အလှမ်းဝေးလှ၏။

ကွန်ကရစ်လမ်းအတိုင်း မောင်းဝင်လာခဲ့ပြီး ဂိုထောင်ရှေ့ကို ရောက်တော့ သံခဲနှင့် ထိန်လင်းက ဦးဗလဖော် ကားတံခါးကို ပျာပျာသလဲ လာဖွင့်ပေးသည်။

"ဘယ်လိုလဲ ကောင်မလေး ငြိမ်ရဲ့လား သံခဲ"

"မငြိမ်ချင်ဘူး ဆရာရဲ့၊ ဆတ်ဆတ်ကြဲလေး၊ လက်ရဲဇော်ရဲ လည်း နိုင်တယ်၊ အစကတော့ ရောင်စဉ်က ခေါ်ခိုင်းလိုက်တာဆိုတော့ ကြည်ကြည်သာသာ လိုက်လာသေးတယ်၊ အခု ဘာမှမဟုတ်တာ သိသွားပြီး ဝုန်းဒိုင်းကြဲပဲ"





"ကဲပါကွာ လျှာရှည်လိုက်တာ အခု ဘာလုပ်ထားလဲ ပြော"

"ရုန်းကန်နေလို့ နားရင်းတစ်ချက် အုပ်ပြီး ကုလားထိုင်မှာ ခြေရောလက်ရော ကြိုးချည်ထားလိုက်တယ် ဆရာ၊ အစာရေစာလည်း ဖြတ်ထားတော့ အသံတောင် သိပ်မထွက်တော့ပါဘူး၊ အေးဆေးပါ ဆရာ၊ ဆရာ ကောင်မလေးကို တွေ့မလို့လား"

"အေး ဆွေးနွေးစရာလေး ရှိလို့ မင်းတို့ အပြင်က စောင့်နေ"

"ဟုတ်ကဲ့ စိတ်ချပါ ဆရာ"

ငွေအပြည့် ထည့်ထားသော အတက်ချီကေ့(စ်)ဆွဲ၍ မဟူရာဖြူကို ချုပ်နှောင်ထားသော အခန်းထဲ ဝင်လာခဲ့သည်။

နုနယ်ပျိုမျစ်သော မိန်းကလေးတစ်ယောက်ကို ခြေရောလက်ရော ကြိုးတုပ်ထားတာ မြင်ရတော့ အကျည်းတန် မလိုက်ဖက်သလိုပင်။

ဒါပေမဲ့ မတတ်နိုင်။ သုခဘုံလေးအပေါ် ကိုယ့်အသက်ထက်တောင် တန်ဖိုးထား မြတ်နိုးတွယ်တာခဲ့ရတာမို့ ဘယ်လိုနည်းလမ်းနဲ့ ဖြည့်ဆည်းပေးဆပ်ဖို့ အဆင်သင့်ပင်။

"မဟူရာဖြူဆိုတာ မင်းကိုး"

ကိုယ့်တူမနှင့်ပြိုင်ဘက် မိန်းကလေးကို သေချာ မကြည့်ရသေးဘဲ ခုံတစ်လုံးဆွဲယူ ထိုင်ရင်းက တာဝန်ကျေ နှုတ်ဆက်လိုက်၏။ ကောင်မလေး မျက်ဝန်းအိမ်က ခံပြင်းမှုများဖြင့် စူးရှလက်တောက်နေကာ



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ကျွန်မကို ဖမ်းခိုင်းလိုက်တဲ့သူ ထင်တယ်၊ ဘာလုပ်ဖို့လဲ၊ ပြန်ပေးဆွဲတာဆိုလည်း ကျွန်မက ဘာပိုင်ဆိုင်မှုမှမရှိတဲ့ မိဘမဲ့တစ်ကောင်ကြွက်ပါ၊ ရှင်တို့ ကျွန်မဆီက ဘာမှရမှာမဟုတ်ဘူး၊ ကျွန်မကို အခုပြန် လွှတ်ပေးပါ"

"မင်းပြောချင်တာတွေချည်း စွတ်ပြောမနေနဲ့လေ၊ မင်းဆီက ငါတို့လိုချင်တာ ရှိလို့ အပေးအယူသဘောနဲ့ ဒီကို ခေါ်လာတာပေါ့"

"ဘာလဲ ရှင်တို့ ဘာလိုချင်တာလဲ"

"ရောင်စဉ်"

"ဘာ ရှင်တို့က ယောက်ျားချင်း ဘာလုပ်ဖို့"

"အဲဒါ မင်းပြန်ပေးရမယ့် မေးခွန်းမဟုတ်ဘူး မိန်းကလေး အကြောင်းကိစ္စရှိလို့ အပေးအယူလုပ်နေတာ၊ ရောင်စဉ်ကို လက်မထပ်ဘဲ ခြေရာဖျောက် ထွက်သွားပေးမယ်ဆိုရင် မင်းဘယ်တုန်းကမှ မမြင်ဘူးတဲ့ ငွေတွေကို တစ်သက်စာ ပူလုံအောင် ပေးလိုက်မယ် ဟောဒီမှာ"

အတက်ချိုကေ့(စ်)နှင့် အပြည့်ထည့်လာသော ငွေတွေကို မဟူရာဖြူရှေ့ လှစ်ပြလိုက်သည်။ မဟူရာဖြူက မျက်နှာလေးကို ဆတ်ခနဲ လွှဲ၍ နှုတ်ခမ်းအစုံ တွန့်ကွေးမဲ့ရွဲ့လိုက်ကာ

"မပြည့်စုံတဲ့သူမို့ ဒီငွေတွေကို ကျွန်မ မက်မောမယ်လို့ ထင်နေတယ်ပေါ့၊ ကျွန်မ တကယ်လိုအပ်တာက အဲဒါတွေ မဟုတ်ဘူး





အဖေ အမေဆီက မရခဲ့တဲ့ မေတ္တာတရားတွေ ရှင်သိရဲ့လား၊ အဲဒီမေတ္တာတွေကို ရောင်စဉ်နဲ့ ရောင်စဉ်အမေဆီက ကျွန်မ အပြည့်အဝ ရနေတယ်၊ ဒါကို ဒီမေတ္တာတွေနဲ့ ရှင်တို့ငွေတွေ အလဲအလှယ် လုပ်ရမှာလား"

"အပိုတွေ ပြောမနေနဲ့ မဟူရာဖြူ၊ ရောင်စဉ်တို့ သားအမိ ပေးတဲ့မေတ္တာက ဒီငွေတွေလောက် တန်ဖိုးရှိလို့လား၊ သူတို့ကရော အဲဒီမေတ္တာကလွဲပြီး မင်းကို ဘာတွေပေးနိုင်မှာမို့လို့လဲ၊ ဒီငွေတွေကသာ မင်းဘဝကို အပြောင်းအလဲ လုပ်ပေးနိုင်မှာ"

"ဒီလောက်ထိ ရောင်စဉ်ကို လိုအပ်နေတာ သူခဘုံအတွက်များလား"

"ဟင် ဘာ ဘာပြောတယ်"

ဦးဗလဇော် အံ့သြသွားရင်း မြူနီးခနဲပင် နေရာက ထရပ်လိုက်မိ၏။ ဒီကောင်မလေး သတိမထားမိလောက်ဘူး ထင်ပေမယ့် လူကဲခတ်တော်တာ ချီးကျူးလောက်ပေသည်။

"ဒီလောက်ထိတ်လန့်သွားပုံထောက်ရင် ကျွန်မ အတွေးမှန်သွားပြီ ထင်တယ်၊ ဒါဆို ရှင်က တူမလေးလိုအပ်သမျှ ဖြည့်ဆည်းပေးဆပ် ချစ်နိုင်လွန်းတဲ့ ဦးဗလဇော်ဆိုတာ ဖြစ်ရမယ် ဟုတ်တယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အေး ဟုတ်တယ်၊ မင်းထင်သလိုပဲ၊ ငါ့တူမက ရောင်စဉ်
ပိုင်ဆိုင်ချင်တယ်ဆိုလို့ ငါ ကြိုးစားပေးနေတာ၊ ငါ့တူမလေးဆန္ဒရှိတ
ဆိုရင် တရားတာရော မတရားတာရော ငါ အကုန်လုပ်မှာပဲ၊ ငါ့ရဲ့ပေး
နိုင်သမျှ မေတ္တာတွေ သူ့ကို အကုန်ပေးမှာ"

"ကျွန်မလည်း အဲလို မေတ္တာတွေ ရဖူးချင်လိုက်တာ"

"ဘာ"

ဦးဗလဇော် ဖြုန်းခနဲ ထိုင်ခုံမှာ ပြန်ထိုင်ကျသွား၏။ ကော
မလေးအသံက သိမ်ငယ်ဖျော့တော့ တိုးလျလွန်းလို့ ကိုယ့်ရင်ဘတ်ကြီး
ခံနိုင်ရည်မရှိ ဖြစ်သွားတာပါ။

ဘာကြောင့်များ ကတုန်ကယင် နာကျင်သွားရတာလဲ။

"အဲလို ပေးဆပ်နိုင်တဲ့ မေတ္တာမျိုးတွေ ကျွန်မ တစ်ခါမှ မခံ
ဖူးဘူး။ အဖေဆိုတာလည်း ဘယ်သူမှန်းမသိ၊ မြင်လည်းမမြင်ဘူး။ အမေ
ကရော ကျွန်မအတွက်ဆိုပြီး ရင်သန့်မပေးခဲ့ဘူးလေ၊ အဖေ့ကို လွမ်း
လား၊ နာကြည်းတာလား မသိတဲ့ လင်ကောင်မပေါ်တဲ့ ကလေးကိုမွေး
လောကကြီးကို အရှုံးပေးသွားတယ်၊ တကယ်ဆို အဖမရှိရှာ ရင်ကလွှ
မွေးခဲ့တဲ့ သမီးအတွက် အသက်ရှင်ပေးသင့်တာပေါ့၊ အခုတော့ လော
အလယ်မှာ မျက်နှာငယ် တစ်ကောင်ကြွက် မိဘမဲ့ဘဝနဲ့ သူများတွေ
သူနိုးစွပ်စွဲခံရတယ်၊ အနှိမ်ခံရတယ်၊ အနိုင်ကျင့်ခံနေရတယ်"





မဟူရာဖြူရဲ့ မျက်ရည်တွေကိုမြင်တော့ ချာခနဲ မျက်နှာကို
လွှဲလိုက်ရပြန်၏။ ကိုယ့်သွေးသားအတွက် ဘဝနဲ့ချာသော မိန်းကလေး
တစ်ယောက်ရဲ့ ဘဝကို နှင်းခြေအနိုင်ကျင့်မိသလို ဖြစ်နေပြီ မဟုတ်ပါ
လား။

"အကြင်နာ မေတ္တာတွေ ကင်းဝေးတဲ့ဘဝနဲ့ ကျွန်မ အနှစ်
နှစ်ဆယ်ကျော် ဒီအချိန်ထိ ချို့တဲ့ခေါင်းပါးစွာနဲ့ ကြီးပြင်းလာခဲ့ရတယ်၊
ရပ်ရွာက အမြင်မတော်လို့ မိဘမဲ့ကျောင်းပို့ပေးခဲ့လို့သာ ဘုန်းဘုန်းကြီး
မေတ္တာရိပ် ရောက်ခဲ့ရတာ၊ ဒါပေမဲ့ ကျွန်မ လိုချင်တာ မိဘမေတ္တာနဲ့
မိသားစုဘဝ"

သိမ့်ခနဲ ရှိုက်ကာ မျက်ရည်တွေ လိမ့်ဆင်းကျလာပြန်တာမို့
ကိုယ့်ရင်ဘတ်ကြီးက ကျည်ခနဲ မီးစနှင့် အတို့ခံလိုက်ရသလို နာကျင်သွား
ရပြန်၏။ တလှိုက်လှိုက် ဆူဝေနေသော သွေးခုန်နှုန်းတွေနှင့် မေးခွန်း
ပေါင်းများစွာ လည်ချောင်းဝမှာ တစ်ဆို့လျက်။

"မင်းမိဘတွေက ဘယ်ကလဲ"

"ထုံးဘိုရွာ"

"ဘာ မင်း မင်းအဖေ နာမည်က"

"မသိဘူး အမေက လင်ကောင်မပေါ်ဘဲ ကျွန်မကို အရပ်
ထက်သည်နဲ့ ခက်ခက်ခဲခဲ မွေးခဲ့တာ၊ ဘယ်လိုလုပ် အဖေ နာမည်သိမှာ



www.burmeseclassic.com

www.burmeseclassic.com



မလဲ''

''မင်း အ အမေကရော''

''ဒေါ်နှင်းမြ တဲ့၊ ဒီနာမည်ကိုတောင် ခက်ခက်ခဲခဲ မှတ်ထားခဲ့ရတာပါ၊ ကျွန်မ သုံးနှစ်သမီးအရွယ်မှာ မီးယပ်ရောဂါနဲ့ ရှူးသလိုလိုကြောင်သလိုလို ဖြစ်ပြီး ကျွန်မကိုတောင် နှုတ်ဆက်ရမှန်းမသိဘဲ ဆုံးသွားရှာတာ၊ တစ်ခါတလေ အသိစိတ်ဝင်တော့လည်း ဘယ်သူမှန်းမသိတဲ့ အဖေကိုပဲ တမ်းတလွမ်းဆွတ်နေခဲ့တယ်လေ''

မဟူရာဖြူ တရစပ် ပြောနေတာတွေ နားထောင်ပြီး ဦးဗလဖော်ရင်တွေ တဖျပ်ဖျပ် လှုပ်ရှားကာ ကတုန်ကယင် ဖြစ်နေသည်။ အမေနာမည် နှင်းမြ။ ထုံးဘိုရွာလေးကတဲ့။

ပြီး ပြီးတော့ မဟူရာဖြူရဲ့ မျက်လုံး။ မျက်ခုံးနှင့် ညိုစိမ့်စိမ့်အသားအရည်။

ဘုရား ဘုရား။ သူ့အတွေးတွေသာ မှန်နေလျှင်

''သံခဲ ထိန်လင်း''

ဦးဗလဖော် အသံတွေ အက်ကွဲတုန်ခါလျက် သံခဲနှင့်ထိန်လင်းကို သွေးရူးသွေးတန်း အော်ခေါ်လိုက်သည်။

သံခဲနှင့်ထိန်လင်း အပြေးအလွှား ကသုတ်ကယက် ပြေးဝင်လာပြီး ဦးဗလဖော် ရှေ့မှာ ရိုကျိုးစွာ ရပ်သည်။



''သူ့ကိုကြိုးတွေ ဖြေပေးလိုက်''

''ဟာ ဆရာ ဖြစ်ပါ့မလား၊ သူက လက်မြန်ခြေမြန်နဲ့''

''လျှာရှည်လိုက်တာကွာ မင်းတို့ ယောကျ်ားကြီးတွေဖြစ်ပြီး မိန်းကလေးတစ်ယောက်ကိုတောင် မထိန်းချုပ်နိုင်ဘူးလား၊ ဒီလောက် အိမ်အကျယ် ခြံဝင်းအကျယ်ကြီးထဲက ဘယ်လိုလုပ် ထွက်ပြေးနိုင်မှာလဲ''

''ဟုတ် ဟုတ်ကဲ့ ဆရာ''

''ငြိမ်ငြိမ်နေနော် မနေရင်တော့ တစ်ခါတည်း မူးမေ့သွားအောင် လုပ်ပစ်လိုက်မယ်''

''ပြန်မလှန်နိုင်အောင် ပညာပေးထားလိုက်ကွာ''

''ဟော့ကောင်တွေ''

ကြိုးတွေကို ကြမ်းကြမ်းတမ်းတမ်း ဆွဲဖြုတ်ရင်း သံခဲနှင့်ထိန်လင်း ပညာခန်းပြနေသည်မို့ မမြင်ရက်စွာ အသံကျယ်ကျယ် အော်ဟစ်ဟန့်တားမိ၏။

နာကျင်မှုကြောင့် ရှုံ့မဲ့ညည်းညူနေသော မဟူရာဖြူ မျက်နှာလေးက သနားစဖွယ်။ ပါးတစ်ဖက်က သွေးခြေဥကာ နီရဲနေပြီး နှုတ်ခမ်းထောင့်စွန်းမှာ သွေးစလေးကိုပါ တွေ့ရ၏။

ဘယ်လောက်တောင် ရုန်းကန်ထားလို့ သံခဲတို့ နာကျင်အောင် လုပ်ထားသည်မသိ။

www.burmeseclassic.com

www.burmeseclassic.com



"သူစားဖို့ အစားအသောက် ကောင်းကောင်း ဝယ်ပေးလိုက်ပါ၊ အိပ်ဖို့အတွက်လည်း ဟိုဘက်အခန်းက ခုတင်တစ်လုံးနဲ့ စောင် ခေါင်းအုံးတွေ ယူပေးလိုက်"

"ဟုတ် ဆရာ"

"ငါ့ကို လျှာမရှည်နဲ့၊ ငါ ခိုင်းတဲ့အတိုင်းလုပ်၊ ငါ ခရီးတို တစ်နေရာ သွားစရာရှိတယ်၊ အဲဒီက ပြန်လာမှ ဘာလုပ်သင့်တယ်ဆိုတာ ငါ့ဘာသာ ဆုံးဖြတ်မယ်၊ ဒီကောင်မလေးကို မွဲတစ်ပေါက် မစွန်းအောင် စောင့်ရှောက်ကြ"

ထိုသို့ မှာခဲ့ပြီး ဦးဗလဖော် အလျင်အမြန် အခန်းထဲက ပြန်ထွက်လာခဲ့ရသည်။ ခွေးစေးတွေပြန်ကာ တစ်ကိုယ်လုံး တုံ့ချိုပြီး မောပန်းနေသည်။

မေ့ထားခဲ့သော အတိတ်က သူ့အသိ အာရုံထဲမှာ တရစ်ဝဲဝဲ။ နှင်းမြဆိုတာ ဟိုတစ်ချိန်က. . .။

■ ■ ■

အခန်း (၂၈)

"နှင်းမြ တကယ် ပြန်တော့မှာလား"

"မမကြီးတို့ကမှ လက်မခံတော့တာ နှင်းမြ ပြန်ရတော့မှာ ...ဒီ အစ်ကိုရယ်၊ တခြားအိမ်တွေမှာ အလုပ်လုပ်ဖို့လည်း နှင်းမြ မစပ် ...တော့ပါဘူး၊ အဒေါ်ဝမ်းကွဲတွေရှိတဲ့ ထုံးဘိုရွာလေးကိုပဲ ပြန်တော့မယ်၊ ... အစ်ကို လိုက်လာမှာလားဟင်"

"အစ်ကို အခုလိုက်လို့ ဘယ်ဖြစ်ဦးမှာလဲ နှင်းမြရယ်၊ မမတို့ ...ာ အစ်ကို့ကို နိုင်ငံခြားသွားရင်သွား၊ မသွားရင် စုမြတ်နဲ့ လက်ထပ်ရ ...ယ်လို့ အမိန့်ပေးထားတာ နှင်းမြ သိသားနဲ့ကွာ၊ အစ်ကို ဘာလုပ်ရမှန်း ...သိ ဒုက္ခရောက်နေတာ"

"အစ်ကို ဆုံးဖြတ်ရခက်နေတာ နှင်းမြကြောင့်တော့ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး မဟုတ်လား၊ နှင်း နှင်းမြကြ အစ်ကို့အတွက်''

နှင်းမြ မျက်ရည်တွေကို မြင်တော့ မနေတတ်စွာ ပခုံးလေး ဖက်ပွေ့ပြီး သစ်ခွရုံတွေဘက်က ခုံတန်းလေးရှိရာ ခေါ်လာခဲ့သည်။

''နှင်းမြ မငိုနဲ့တော့ကွာ၊ အဆင့်အတန်းချင်း ဘဝချင်းမ မှန်းသိရဲ့နဲ့ နှင်းမြကို အစ်ကို ချစ်ခဲ့တာပါ၊ နောက်တော့ အစ်ကို လို လာခဲ့မယ်နော်၊ အခုတော့ မသိအောင် ခိုးတွေ့နေတာတောင် ပြဿနာ ရှာနေတာ၊ နှင်းမြအပေါ် သား ဂရုစိုက်နေတာကို မေမေ မကြိုက်ဘူးတဲ့''

''အခြေအနေချင်း မတူတော့လည်း စိုးရိမ်တာ အပြစ်မှမဟုတ် ဘဲ၊ နှင်းမြက မိုက်မဲမိတာပါ၊ အလွယ်တကူ လက်ခံခဲ့လို့ အစ်ကို အထင်သေးနေမှာပေါ့နော်''

''အဲဒါတွေ မပြောနဲ့ နှင်းမြရယ်၊ အခု နှင်းမြ ရွာပြန်တော့ မယ်ဆိုပြီး ပစ္စည်းဝယ်ဖို့ ထွက်လာခဲ့တာ မဟုတ်လား၊ နှင်းမြ လိုအပ်တာ တွေ သူငယ်ချင်းသွားဝယ်နေပြီပဲ၊ ကိုယ်တို့အေးဆေး လွတ်လွတ်လပ်လပ် စကားပြောရအောင်နော်၊ လာ နှင်းမြ အိမ်ထဲသွားရအောင်''

''ဟင့်အင်း အပြင်မှာပဲ စကားပြောရအောင်ပါ အစ်ကိုရယ် ဒီခုံတန်းလေးက လေကောင်း လေသန့်လည်း ရပါတယ်''

''အပြင်က တစ်ယောက်ယောက် တွေ့သွားရင် နှင်းမြ သိက္ခာ ကျတာပေါ့ နှင်းမြရယ်၊ လာပါနော် နှင်းမြက လိမ္မာပါတယ်''





သူဆွဲခေါ်ရာ နှင်းမြ တွန့်ဆုတ်တွန့်ဆုတ် ပါလာသည်။ အရိုး ခံ နှင်းမြ မျက်နှာလေးက ရှက်ရွံ့စိတ်များနှင့် နီမြန်းရဲတွတ်နေကာ သူ့ကို မဝံ့မရဲ မော့ကြည့်ပြီး

''နှင်းမြကို အစ်ကို ကျောရရုံကြံမှာတော့ မဟုတ်ပါဘူးနော်''

''အဲ အဲလိုတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့''

''ထုံးဘိုရွာလေးကို အစ်ကို ရောက်အောင် လာခဲ့မယ်လို့ ကတိပေးပါတယ်၊ မေမေ့ကို အတိုက်အခံလုပ်လို့မရရင် အစ်ကို ခိုးထွက်လာခဲ့မယ် နှင်းမြ''

''အစ်ကို တကယ်ပြောတာနော်၊ နှင်းမြ အစ်ကို့ကို စောင့်နေမှာ၊ နှင်းမြ စည်းစိမ်ဥစ္စာ ဂုဏ်ခနေတွေကို မမက်ပါဘူး၊ အစ်ကို့ မေတ္တာ အစ်ကို့အချစ်ကိုပဲ လိုချင်တာပါ၊ ဆင်းရဲတွင်းထဲကို ဆွဲခေါ်လို့ နှင်းမြ မတရားဘူးဆိုတာ သိပါတယ်၊ ဒါပေမဲ့''

''အဲဒီလို ဒါပေမဲ့တွေနဲ့ အားငယ်တဲ့စကားတွေ မပြောပါနဲ့တော့ နှင်းမြရယ်၊ အစ်ကို နှင်းမြကို တကယ်ချစ်တာပါ၊ ထုံးဘိုရွာလေးကို အစ်ကိုရောက်အောင် လာမှာနော် နှင်းမြ၊ ချစ်တယ် နှင်းမြရယ် အရမ်း ချစ်တယ်''

''အို အစ်ကို ဟင့်အင်း''

တိုးသဲ့သော ငြင်းဆန်မှုကို သူ ကြားသော်လည်း နှင်းမြ၏

www.burmeseclassic.com



လွတ်မြောက်ခွင့်ပေးဖို့ သတိမရ။ အနမ်းများနှင့် အတွေ့အထိမှာ နစ်မျောမိန့်မူးလျက် နှင်းမြ တစ်ကိုယ်လုံး ချွေးချွေးလေးကို မလွှတ်တမ်း ဖက်တွယ်ရင်း။

ထိုအချိန်မှာပဲ မိုးသံလေသံတွေ ဝုန်းဝုန်းဒိုင်းဒိုင်း မုန်တိုင်း မွှေသလို ပြင်းထန်လာခဲ့ပြီးနောက်. . ။

"နှင်းမြ နှင်းမြ နှင်းမြ"

ဝူးဝူးဝါးဝါး အော်ပြီး အိပ်ရာထဲက လူးလဲထတော့ တစ်ကိုယ်လုံး ဇောချွေးတွေ ရွှဲနစ်နေသည်။ ဖန်ချိုင့်ထဲက ရေတွေ ဖန်ခွက် အပြည့်ထည့် ပြီး မော့သောက်လိုက်သော်လည်း သူ့စိတ်တွေ ဂနာမငြိမ် ဖြစ်နေဆဲ။

"လေးလေး လေးလေး ဘာဖြစ်တာလဲ"

တံခါးခေါက်သံနှင့်အတူ သုခဘုံ အခန်းထဲဝင်လာပြီး ဦးဗလ ဖော်အနား ဝင်ထိုင်သည်။ ဦးဗလဖော် လက်ထဲက ဖန်ခွက်လေးကို ဆွဲယူပြီး ခုံရှည်လေးပေါ် တင်လိုက်ကာ

"လေးလေး ဘာတွေအော်နေတာလဲလို့ ဘုံမေးနေတယ်လေ"

"ဘာ ဘာမှမဟုတ်ပါဘူး"

"ဘာမဟုတ်ရမှာလဲ၊ ဘုံအောက်ထပ်ဆင်းမလို့ ဖြတ်သွားရင်းနဲ့ သေချာကိုကြားလိုက်တာ၊ တစ်ယောက်ယောက် နာမည်ကို ခေါ်နေတာ





မဟုတ်လား။ မဟူရာမြူကို သွားတွေ့ပြီး ပြန်လာကတည်းက ဘုံကိုလည်း ဘာမှပြောမပြဘူး၊ ထမင်းလည်း မစားဘူး။ အိပ်ရာလည်း အစောကြီး ဝင်သွားတာ နေမကောင်းလို့လား လေးလေး"

"ကောင်း ကောင်းပါတယ်၊ မနက်ခရီးထွက်စရာရှိလို့ စောစော အိပ်ရာဝင်လိုက်တာပါ"

"ဟင် လေးလေး ခရီးထွက်မယ်၊ ဘယ်ကိုသွားမှာလဲ"

"ညအိပ်ခရီးတော့ မဟုတ်ပါဘူး။ မနက်စောထသွားရင် ညမိုး ချုပ်အိမ်ပြန်ရောက်မှာပါ"

"ဘယ်ကိုသွားမှာလဲ လေးလေး၊ ဟိုတယ်ကိစ္စလည်း မဟုတ် ဘဲနဲ့"

"အဲဒါ လေးလေးကိစ္စပါကွာ၊ နေရာတကာ မစပ်စုစမ်းပါနဲ့"

စိတ်မရှည်စွာ ဘုတောပြီး ထရပ်တော့ သုခဘုံမျက်နှာငြိုကာ နှုတ်ခမ်းစူသွားသည်။

"လေးလေးက ဒီလိုကြီးလား။ ဘာကြောင့်ဆိုတာတောင် ဘုံကို မပြောနိုင်ဘူးပေါ့။ လေးလေးကိစ္စ ဘုံကို မသိစေချင်ဘူးဆိုလည်း ထားပါ၊ ဘုံနဲ့ပတ်သက်တာကိုပဲ မေးတော့မယ်၊ မဟူရာမြူ ဘာပြောလိုက်လဲ၊ ကြောက်လန့်ပြီး ရောင်စဉ်နဲ့ ဝေးရာကို ပြေးတော့မယ်တဲ့လား"

"လေးလေး နောက်နေ့မှ ပြောပြတော့မယ် ဘုံရာ၊ အခု



www.burmeseclassic.com

www.burmeseclassic.com



ညဉ့်နက်နေပြီ အိပ်လိုက်တော့နော်''

"ဟင့်အင်း ဘုံ တိတိကျကျ မသိရဘဲ ဘယ်လိုလုပ် အိပ်လို့ရမှာလဲ၊ ဘယ်လိုထူးခြားမှုရှိမှာလဲ ဘုံကိုပြောပါ''

ကျွတ်ခနဲ စုတ်သပ်ရင်း ဘုံရဲ့အလိုက်ကန်းဆိုး မသိတတ်မှုကို ပထမဆုံးအကြိမ် စိတ်ကုန်စိတ်ပျက်သွားမိသည်။

မျက်နှာရိပ် မျက်နှာကဲခတ်ပြီး နားလည်မှုပေးကာ ရှောင်ထွက်သွားပါတော့လား။

ဒီဦးလေးရဲ့ရင်ထဲမှာ သေချာတာ မသေချာတာ ဖြစ်နိုင်လား မဖြစ်နိုင်လား ဘာတွေမှန်းမသိ ပဋိပက္ခတိုက်ပွဲဆင်နေတာ။ ထုံးဘိုရွာလေးနှင့် နှင်းမြဲဆိုသည့် နာမည်လေးက သူနဲ့ရင်းနှီးနေပြီး မဟူရာဖြူက နှင်းမြဲ ဘယ်ယောက်ျားနှင့် ရပြီး မွေးခဲ့တာလဲ။

သူနဲ့ပတ်သက်မှုရှိပြီး တစ်ခုခုများ။

ထိုအတွေးခြောက်လှန့်ခံနေရတာမို့ စိတ်အာရုံတွေ ဘယ်လိုမှ စုစည်းလို့မရပါ။

ဒါကြောင့်လည်း သေချာအောင် ထုံးဘိုရွာလေးကိုသွားပြီး စုံစမ်း ကြည့်ဖို့ ဆုံးဖြတ်လိုက်တာ။

လူတူမရှား၊ နာမည်တူမရှား။

နှင်းမြဲဆိုတာ တခြားတစ်ယောက် ဖြစ်ပါစေလို့ ဆုတောင်းမိတာ





အမော။ သံယောဇဉ်ဆိုတာ မေ့ပျောက်လို့မရကောင်းပေမယ့် ဆယ့်ရှစ်နှစ် ဝန်းကျင်တောင် ရှိပြီမို့ အသစ်လိုတော့ ပြန်မခံစားချင်တော့။

မေ့ပျောက်အောင် ကြိုးစားခဲ့တာလည်း သူခဘုံဆိုသော ဒီတူမလေးကြောင့်။ ဒါကြောင့်လည်း ဒီတူမလေးကို ပိုပြီး တန်ဖိုးထားမိတာပါ။

"လေးလေး ခရီးက ပြန်လာရင် ဘုံ သိချင်တာကို ပြောပြမယ်နော်''

"ဘုံဆန္ဒကို ဖြစ်အောင်လုပ်ပေးမယ်လို့ ကတိပေး''

"အေး အေးပါကွာ၊ ဘုံအတွက်ပဲ လေးလေး ရှင်သန်ခဲ့တာ ဘုံသိသားနဲ့''

"ရောင်စဉ်တို့ဘက်က တစ်ခုခု ထမလုပ်ခင် အဆင်ပြေမှ ဖြစ်မှာ လေးလေး၊ လူပျောက်တိုင်ပြီဆိုတာနဲ့ ကျိုင်တက်မှာပဲ''

"လေးလေး နားလည်ပါတယ်၊ အဲဒီအတွက် ဘာမှစိတ်မပူနဲ့ ဟုတ်ပြီလား''

"လေးလေးက ဘာပဲလုပ်လုပ် သွေးအေးလွန်းတယ်၊ ဘုံက တော့ စိတ်မရှည်ရင် စိတ်မရှည်သလို လုပ်ပစ်မှာပဲ''

ဆောင့်အောင့်ပြောကာ ချာခနဲ လှည့်ထွက်သွားသော သူ့ခန်း ကျောပြင်လေးကိုကြည့်၍ ဦးဗလဖော် လေးဟင်္ခစွာ သက်ပြင်းရှိုက်မိသည်။

ငယ်ငယ်ကတည်းက မလေးမစား ပမာမခန့် လုပ်တတ်တာကို



www.burmeseclassic.com

www.burmeseclassic.com



အလိုလိုက် ခွင့်လွှတ်ထားခဲ့မိတာ ကိုယ့်အမှား။

အခုမှရော ပြောလို့ရပါတော့မလား။

အိပ်လို့ရမှာလည်း မဟုတ်တော့တာမို့ ခရီးထွက်ဖို့သာ ပြင်ဆင်လိုက်သည်။ မြန်မြန်သိရမှ မြန်မြန်စိတ်ရှင်းပြီး စိတ်သက်သာမှာ။

■ ■ ■

အိမ်က ထွက်လာခဲ့တော့ မနက်လေးနာရီတောင် မထိုးသေး။

ငါးနာရီကျော် ကားမောင်းရသည့်ခရီးကို မနားမနေ တောက်လျှောက် မောင်းလာခဲ့သည်။ စိမ်းစိုစို အုပ်အုပ်ဆိုင်းဆိုင်း ရွာအဝင်လမ်းမှပင် တွေ့သမျှလူကို နှင်းမြ နာမည်နှင့် စုံစမ်းလာခဲ့သည်။

အသက်ခပ်ကြီးကြီး အဒေါ်ကြီး တစ်ယောက်ကတော့ နှင်းမြနှင့် ဆွေမျိုးနီးစပ်တော်သည့်အိမ်ကို လမ်းညွှန်လိုက်၏။

ထိုအိမ်လေးက ခြံဝင်းကျယ်သော်လည်း တဲသာသာလောက်ပဲရှိသည်။ လှည်းလမ်းကြောင်းအတိုင်း ကားကို ဂရုစိုက် မောင်းလာခဲ့ပေမယ့် ဖုန်က တထောင်းထောင်း မွန်ထူနေသည်။

ထိုအိမ်လေးရှေ့ ကားရပ်တော့ တချို့လူတွေက အထူးအဆန်းသဖွယ် လှမ်းကြည့်နေကြ၏။

ထိုအိမ်လေးအတွင်းက အသက်လေးဆယ်ကျော် မိန်းမတစ်





ယောက်လည်း ထွက်လာပြီး သူ့ကို ခြေဆုံးခေါင်းဆုံး ကြည့်ကာ

"ဘာကိစ္စလဲ၊ ဘယ်သူနဲ့ တွေ့ချင်လို့လဲ"

ပဋိသန္ဓာရ စကားက ညင်ညင်သာသာ မရှိပါ။ ဒါဟာ တောခလေ့ပဲလို့ ကိုယ်က နားလည်ပေးရင်း ပြုံးပြရသည်။

"ဟို ကျွန်တော် ရန်ကုန်ကပါ ခင်ဗျာ၊ နှင်းမြ အကြောင်းလေး မေးချင်လို့ ဝင်လာတာပါ"

"နှင်းမြနဲ့ ဘယ်လိုပတ်သက်လို့လဲ"

"ဟို အဲ ပတ်သက်မှုရှိတာမျိုးတော့ မဟုတ်ပါဘူး၊ ဟိုမှာ အလုပ်လာလုပ်ရင်းနဲ့ သိကျွမ်းခင်မင်တာပါ၊ သူ့ရွာလေးကိုလည်း ခဏခဏ အလည်ခေါ်တယ်လေ၊ သူတို့ရွာလေးက အရမ်းသာယာပြီး အေးချမ်းတယ်လို့လည်း ပြောတယ်၊ ကျွန်တော်ကလည်း နိုင်ငံခြားကိုပဲ ခရီးထွက်နေတာများတော့ မရောက်ဖြစ်ဘူး၊ အခုက နှင်းမြ ဆုံးတယ်ကြားလို့ ကျွန်တော်နဲ့သိတဲ့ နှင်းမြများ ဖြစ်နေမလားတွေးပြီး စိတ်မကောင်းလို့ သတင်းလာမေးတာပါ"

"အမယ်လေး သေတာပဲ ဆယ့်ရှစ်နှစ်ကျော်နေပြီ၊ အခုမှ စိတ်မကောင်းလို့ သတင်းလာမေးရလား။ အံ့ပါရဲ့တော်၊ ကဲ လာ သတင်းမေးမယ်ဆိုလည်း ထိုင်ဦး"

အိမ်ရှေ့ကွပ်ပျစ်လေးမှာ နေရာပေးပြီး မြေရေနွေးအိုးနှင့် ကြွေ



www.burmeseclassic.com

www.burmeseclassic.com



မတ်ခွက်တစ်လုံးချပေးကာ ညွှဲဝတ်ပြုသည်။ အဆင်မပြေမှုများကို မြင်တွေ့နေရသည့်မို့ တစ်ထောင်တန် တစ်အုပ်ကို ဆွဲထုတ်ပြီး ထိုအဒေါ်ကြီးရှေ့မှာ ချလိုက်၏။

"ဘယ်လိုမှတော့ မအောက်မေ့ပါနဲ့။ နောက်မှ နှင်းမြအတွက် ကုသိုလ်လုပ်ချင်လည်း လုပ်လိုက်ပါ၊ ဒါနဲ့ နှင်းမြဆိုတာ"

"ဒီရွာမှာ ဒီနာမည်နဲ့ ဒီတစ်ယောက်ပဲ ရှိပါတယ်တော်၊ မြို့တက်အလုပ်သွားလုပ်တာ အလည်လွှန်လို့ ဗိုက်တစ်လုံး ပါလာတယ်လေ"

"ဗျာ မြို့ကနေ ဗိုက်ပါလာတယ် ဟုတ်လား။ ဒီမှာ အိမ်ထောင်ကျတာ ဘာညာမဟုတ်ဘူးပေါ့"

ဦးဗလဖော် အထိတ်တလန့် အသံတွေ တုန်ခါပြီး မေးတော့ အဒေါ်ကြီးက ရှုံ့ရှုံ့မဲ့မဲ့ဖြင့်

"သူ့ကိုယ်သူတောင် ဗိုက်ကြီးမှန်း မသိဘူး၊ ရန်ကုန်က ပြန်ရောက်ကတည်းက တရှောင်ရှောင် တမှိုင်မှိုင် အော့လိုက်အန်လိုက်နဲ့ အမေကတော့ သူ့တူမ ဝမ်းကွဲဆိုတော့ မနေနိုင်တာနဲ့ ဟိုဟာ ဒီဟာ မေးပြီး အရပ်လက်သည်နဲ့ပြတယ်၊ အဲဒီတော့မှ ဗိုက်ကြီးတာကို သိတာ၊ အဲဒီတုန်းက ဘယ်လိုမျှော်လင့်ချက်တွေရှိလို့လည်း မသိပါဘူး၊ ဗိုက်ကလေးကို ပွတ်ပြီး နှင်းမြ မျက်နှာပြုံးနေတာပဲ"

"အဲ အဲဒီ ဗိုက်က ဘယ်သူနဲ့ရခဲ့တာလို့ ပြောလဲဟင်"





"အဲဒါတော့ ဘယ်သူက ဘယ်လိုမေးမေး နာမည်ကို မပြောဘူး။ သူ့ချစ်သူက ရန်ကုန်သား၊ ဒီထုံးဘိုရွာလေးကို လိုက်လာမှာတဲ့၊ ဒါပေမဲ့ ဘယ်သူမှန်း မသိတဲ့ သူ့ချစ်သူက ကလေးမွေးဖွားတဲ့ အချိန်ထိတောင် လိုက်မလာတော့ စိတ်ဓာတ်တွေကျ အားတွေငယ်ပြီး မီးတွင်းထဲမှာပဲ စိတ်ကဆင့်ကလျား ကပေါက်တိကပေါက်ချာ ဖြစ်တော့တာပဲ"

"ရူး ရူးသွားတာလား"

"အဲလိုပဲ ပြောရမလား မသိဘူး။ ကလေးကိုလည်း သူ စိတ်ကောင်းဝင်တဲ့အချိန်လေးပဲ နို့တိုက်တာ၊ ကျန်တဲ့အချိန်ဆို ကလေးကိုလည်း လှည့်မကြည့်၊ အိမ်ဝင်းတံခါးပေါက်ကနေ အပြင်ကိုပဲ တတွတ်တွတ် ဗျွတ်ဗျွတ်တရေရွတ်ပြီး မျှော်ငေးကြည့်နေတာလေ၊ ကလေး ဖအေသူ့ယောကျ်ားကို မျှော်နေတာ နေမှာပေါ့"

"နှင်းမြရယ်"

ငွေထုပ်ကို မြင်ပြီး သေချာရှင်းပြနေသမျှ နားထောင်ရင်းဖြင့် ရင်ထဲ ဆို့နစ်ကြေကွဲကာ အသံတိတ်ညည်းတွားမိသည်။ မဟူရာဖြူ ပြောလိုက်တာတွေနှင့် ဆက်စပ်ကြည့်ပြီး မဟူရာဖြူက သူ့ရင်သွေး သူ့သမီးလေးဆိုတာ သေချာသလောက် ဖြစ်နေသည်။

"နှင်း နှင်းမြ ဘာလေး မွေးခဲ့တာလဲဟင်၊ ယောကျ်ားလေးလား၊ မိန်းကလေးလား အခု ဒီမှာရော ရှိသလား"



www.burmeseclassic.com

www.burmeseclassic.com



"မရှိဘူး နှင်းမြ ဆုံးပြီး အမေကလည်း ဆုံးသွားတယ်၊ ကျုပ်တို့ကလည်း တာဝန်မယူနိုင်ဘူး။ အဲဒါနဲ့ ရွာက ဘုန်းကြီးအဆက်အသွယ်နဲ့ပဲ ရန်ကုန်က ဘုန်းကြီးဆီပို့လိုက်တယ်၊ မိဘမဲ့ဂေဟာဆိုလား ဘာလား အဲဒါ ဖွင့်ထားတယ် ပြောတာပဲ၊ အခုဆို အပျိုကြီးဖားဖား ဖြစ်ရောပေါ့"

"နာ နာမည်က"

"ဘာဘုန်းကြီးက အတိတ်ကောက်ပေးတာပါ၊ ဘာတဲ့ ခြော်သူ့ဘဝလေးက အဖေမရှိ အမေကသေနဲ့ အမှောင်ကမ္ဘာကြီးလိုပဲဆိုပြီး မဟူရာတဲ့၊ နောက်တော့ ရိုးရိုးအေးအေး ဖြူဖြူစင်စင်လေးမို့ မဟူရာဖြူလို့ ခေါ်တယ်"

"ဗျာ မ မဟူရာဖြူ၊ သမီးလေး နာမည်က မဟူရာဖြူ"

ဦးဗလဖော် လုံးဝ ဟန်မဆောင်နိုင်တော့ပါ။ ရင်ထဲက ရှိုက်သံတွေတောင် နားထဲမှာ ပြန်ကြားနေရသည်။

အဒေါ်ကြီးကို နှုတ်ဆက်ဖို့တောင် သတိမရတော့ဘဲ ကားကို စက်ရှိန်တင်ကာ ပြန်ထွက်လာခဲ့သည်။

ကိုယ့်သမီးကိုယ် ဒုက္ခတွေအမျိုးမျိုးပေးမိနေတာပါလား။ နှင်းမြမှာ သူ့ကိုယ်ဝန် ပါသွားမှန်း လုံးဝမသိ။ အခြေအနေ အဆင့်အတန်းခြင်း မတူတာကို သိသိကြီးနှင့် နှင်းမြကို ဖွတ်တိုးချစ်ခဲ့မိတာ။ ထုံးဘိုရွာလေးကို လိုက်သွားပြီး လက်ထပ်ဖို့အထိလည်း ရည်ရွယ်ခဲ့တာပါ။





ဒါပေမဲ့ မေမေက နှလုံးရောဂါကို အကြောင်းပြကာ စုမြတ်နှင့် က်ထပ်လျှင် လက်ထပ်၊ လက်မထပ်ဖြစ်လျှင် နိုင်ငံခြားသွားဖို့ အကျပ် ိုင်သည်။

နောက်ဆုံး သူရွေးချယ်လိုက်တာက နိုင်ငံခြားသွားဖို့။

သူ့ပညာရေး ဆုံးခန်းမတိုင်ခင်မှာ ကိုကိုနှင့် မရီး ဆုံးလို့ ်မှာပြည်ကို ပြန်လာခဲ့ရပြီး သုခဘုံလေးနှင့် လုပ်ငန်းတွေအားလုံး ့အပေါ် တာဝန်တွေပိခဲ့သည်။

ဒီလိုနှင့် နှင်းမြကို တဖြည်းဖြည်း မေ့မေ့ပျောက်ပျောက် ဖြစ် ခဲ့တာ။ အခုတော့ ကိုယ့်သမီးကိုယ် ဒုက္ခပေး နှိပ်စက်အနိုင်ကျင့် ာ အဖေ အဖြစ် ကံကြမ္မာကြီးက ဒဏ်ခတ်ခံလိုက်ရသည်။ တန်ခိုး ်တွေသာရှိလျှင် အခုချက်ချင်း သားသမီးဆီကို အပြေးရောက်လိုက်

သမီးကို သံခဲနှင့်ထိန်လင်း ဘယ်လိုတွေများ ဒုက္ခပေးနေကြ ။ သုခဘုံကရော စိတ်မြန်လက်မြန်နှင့် သမီးကို ဆိုးဆိုးဝါးဝါး ုများ။

ဟား ကိုယ်ပြုသောကံက ကိုယ့်ကို ဒဏ်ပေးတာပါလား။

■ ■ ■

www.burmeseclassic.com

## အခန်း (၂၉)

"ဘယ်လိုလုပ်ကြမလဲ မေမေ၊ ဖြူ တစ်ညလုံး တစ်နေ့လုံး ပြန်မလာတာ ရဲစခန်းကို အကြောင်းကြားသင့်ပြီ ထင်တယ်၊ ဟိုဟိုဒီဒီ လိုက်ရှာတာလည်း ဘယ်မှာမှ မတွေ့ဘူး။ သား အရမ်းစိတ်ပူနေပြီ"

"မေမေလည်း စိတ်ပူတာပါပဲသားရယ်၊ မေမေရော သားရော တစ်ညလုံးအိပ်ပျော်ကြလို့လား၊ မေမေ တစ်ခုစဉ်းစားမိတာက သူ့အမေ ရွာကိုများ ခဏတဖြုတ်ပြန်နေသလားလို့"

"ဗျာ ဖြူက ဆွေမရှိ မျိုးမရှိ တစ်ကောင်ကြွက် မိဘမဲ့ဆို ရွာမှာ အမျိုးတွေရှိလို့လား"

ရောင်စဉ်ရဲ့ အထိတ်တလန့် အမေးမှာ လက်ဖဝါးလေးကို ဖွဖွဆုပ်ညှစ်၍ ဒေါ်နှင်းရည်မျိုး နှစ်သိမ့်ရသည်။



"ဖြူ ထွက်မသွားခင် အရင်နေ့က မေမေကို ဖြူပြောပြတယ်၊ ဘာဖြစ်ဖြစ် မင်္ဂလာဆောင်ခါနီးတော့ သူ့အမေမြေပုံကို ပြန်ကန်တော့ ချင်တယ်တဲ့လေ"

"အာ အဲဒါက သားနဲ့လက်ထပ်ပြီးရင် သွားလို့ရတာပဲ၊ အခု မပြောမဆို မတိုင်ပင်ဘဲ ထွက်သွားတော့ ဘယ်လောက် စိတ်ပူနေမယ် ဆိုတာ သူ မသိဘူးလား"

"မေမေက မေမေ့စိတ်ထင် တွေးကြည့်နေတာပါကွယ်၊ ဟုတ် ချင်မှလည်း ဟုတ်မှာပေါ့၊ တကယ်လို့ အဲဒီကိုသွားတာဆိုလည်း ဆွေမျိုး သားချင်းလက်ကျန်တွေက တားနေလို့ကြာတာ ဖြစ်မှာပါ၊ အဲဒါကြောင့် တစ်ရက် နှစ်ရက် ထပ်စောင့်ကြည့်ဦး သားရယ်၊ သားကိုလိုက်ပို့နိုင်း ရမှာလည်းအားနာ၊ မေမေကိုလည်း မတောင်းဆိုရဲနဲ့ ဖြူထွက်သွား လိုက်တာဖြစ်မှာပါ"

"မသိတော့ဘူး မေမေရာ ဖြူ အဲလိုလုပ်သွားတာ သားတော့ နားမလည်နိုင်အောင်ဘဲ၊ ရင်တွေပူပြီး ရူးမတတ်ဖြစ်နေပြီ"

ခေါင်းတွေ စုံကုတ်ကာ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း လမ်းမကိုသာမျှော်ကြည့်နေမိသည်။ ထိုအချိန်မှာ သူ့ဘောင်းဘီအိတ် ထဲက ဟန်းဖုန်းလေးရဲ့တတီတီ အော်မြည်သံကြောင့် အလျှင်အမြန်ပင် ဖွင့်နားထောင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်ရောင်စဉ်"

"ဟာ အန်ကယ် ကျွ ကျွန်တော် အန်ကယ်ကို လာတွေ့ပြီး ခွင့်တောင်းမလို့ပါ၊ ဒါပေမဲ့"

"အဲ အဲဒါတွေ ပြောမနေနဲ့ မောင်ရောင်စဉ်၊ မင်းကို အရေးကြီးတာပြောစရာရှိတယ်"

"ဟုတ် ဟုတ်ကဲ့ ပြောပါအန်ကယ်"

"အန်ကယ် အခုချက်ချင်း ရန်ကုန်ရောက်မလာနိုင်သေးဘူး လူပြတ် ကားပြတ်တဲ့နေရာမှာ အန်ကယ် ကားပျက်နေတယ်"

"ဟုတ်ကဲ့ ကျွန်တော် ဘာအကူအညီပေးရမလဲ အန်ကယ် ဟိုတယ်က ကားတစ်စီးယူပြီး အန်ကယ်ရှိတဲ့နေရာ လိုက်လာခဲ့ရမလား"

"မလိုဘူး မောင်ရောင်စဉ်၊ အဲဒီကိစ္စ အန်ကယ့်ဘာသာ စီစဉ်ပြီး ပြီ၊ အန်ကယ်နည်းနည်းနောက်ကျမှ ရောက်လာနိုင်မယ်၊ မင်းက သန်လျင် က အန်ကယ့်ဂိုဒေါင်မှာ သမီးလေးကို သွားခေါ်ထားပေးပါ"

"ဗျာ အန်ကယ့်သမီး ဘယ် ဘယ်သူလဲ"

"မဟူရာဖြူ"

"ဟင် မဟူရာဖြူ"

ရောင်စဉ် အံ့ဩနေဆဲမှာ ဦးဗလဖော်ဘက်က အက်ကွဲတုန်ယင်နေသောအသံဖြင့်





"အန်ကယ် နောက်မှ သေချာရှင်းပြပါမယ် မောင်ရောင်စဉ်၊ အခု သုခဘုံဆီလည်း ဖုန်းခေါ်မရဘူး၊ သံခဲတို့ကိုလည်း ဆက်သွယ်လို့မရဘူးဖြစ်နေတယ်၊ သူတို့သမီးလေးကို တစ်ခုခုလုပ်နေမလား မသိဘူးကွာ၊ အန်ကယ်ကို ကူညီပါမောင်ရောင်စဉ်"

"ဟို ရဲ ရဲတွေဘာတွေ တိုင်လိုက်ရမလား အန်ကယ်"

"အဲလိုလုပ်လို့တော့ မဖြစ်ဘူးကွာ၊ ဘုံက အန်ကယ့် တူမလေး အန်ကယ် စိုးရိမ်နေတာလည်း ဖြစ်မှာပါ၊ အန်ကယ် အမြန်ဆုံးတော့ ရောက်အောင်ပြန်လာခဲ့မယ် မောင်ရောင်စဉ်"

ဦးဗလဖော်က ပြောပြီး ဖုန်းချသွားသည်။ ရောင်စဉ်လည်း ကတုန်ကယင် ဘာလုပ်ရမှန်းမသိ ဖြစ်နေ၏။ မေမေက သူ့အနားလာရပ်ကာ

"ဘာတဲ့လဲ သား၊ သမီးဖြူ နာမည်ကြားလိုက်သလားလို့"

"ဟုတ်တယ် မေမေ၊ ဦးဗလဖော်ဆက်တာ၊ ဖြူက သူ့သမီးတဲ့"

"ဟင် ဘယ်လိုဖြစ်တာလဲ၊ သား နားကြားမှားနေတာများလား"

"မဟုတ်ဘူး မေမေ၊ အတိအကျပြောတာ၊ သူပြန်ရောက်ရင် ရှင်းပြပါမယ်တဲ့၊ အရမ်းကိုစိုးရိမ်နေတဲ့ပုံမျိုးပဲ၊ ကေနွှ ဖြူ့ကို သူတို့ ဖမ်းခေါ်ထားတာဖြစ်မယ်၊ အခုမှ"

"အမယ်လေး ဒါဆို သမီးဖြူဒုက္ခရောက်ပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဖိုးရိမ်စရာတော့ မရှိလောက်ပါဘူး မေမေ၊ မင်းမဲ့တိုင်းပြည်မှာ မဟုတ်တာ သားလည်း အခုလိုက်သွားမှာပါ"

"သားတစ်ယောက်တည်း ဖြစ်ပါ့မလား သားရယ်၊ မျိုးမင်းကို အဖော်ခေါ်သွားလိုက်ပါလား"

"ဟုတ်ကဲ့ သား အဲလိုလုပ်လိုက်ပါမယ်"

မေမေ စိတ်မပူအောင် ပြောခဲ့ရပေမယ့် တကယ်တမ်းက မျိုးမင်းကို ဖုန်းဆက်ခေါ်လောက်အောင်အထိ သူ့စိတ်တွေက မအားပါ။

ဖြူအတွက်သာ ဖိုးရိမ်နေလျက်၊ ဦးဗလဇော် သမီးဆိုတာကို လည်း မယုံကြည်နိုင်ဖြစ်နေကာ...။

■ ■ ■



## အခန်း (၃၀)

"အဲ့ဒီဩစရာပဲ၊ နင်တို့ သူ့ကို ဒီအတိုင်း လွှတ်ထားတာပေါ့၊ သူ ထွက်ပြေးသွားရင် နင်တို့ ထောင်ထဲ တန်းခနဲ ရောက်သွားနိုင်တာ မသိကြဘူးလား"

"ဟုတ်ကဲ့ ဆရာက ကြိုးတွေဖြေခိုင်းထားလို့ပါ၊ သူထွက်မပြေးအောင်၊ ကျွန်တော်တို့အခန်းတံခါးပိတ်ထားပါတယ်"

"အေး အဲလို ပိတ်ထားပေမယ့်၊ အပေါ့အပါး သွားချင်တယ်လို့ပြောပြီး၊ အပြင်ထွက်ခွင့်ရအောင်လုပ် ထွက်ပြေးလို့ရနေတာပဲ၊ ဒါနဲ့ လေးလေးက ဘာကိုသနားပြီး ကြိုးတွေဖြေခိုင်းရတာလဲ၊ သွားစမ်း အခုချက်ချင်း ခြေထောက်နဲ့ လက်တွေကိုကြိုးပြန်တုပ်ထားလိုက်"

"ဟုတ် ဟုတ်ကဲ့"

www.burmeseclassic.com



သုခဘုံကို ဦးပလဖော်ထက်တောင် ကြောက်ကြသည်။ အခန်းထဲအမြန်ဝင်ကာ၊ မဟူရာဖြူခြေထောက်နဲ့လက်တွေကို ကြိုးနှင့်ချည်ကြသည်။ ခုတင်ပေါ်မှာ ထိုင်လျက်က မဟူရာဖြူ ဘယ်လိုမှမရုန်းသာ။

ထိုသို့ ကြိုးနှင့်ချည်ပြီးမှ၊ သုခဘုံ အခန်းတွင်းဝင်လာပြီ။ မဟူရာဖြူနှင့် မျက်နှာချင်းဆိုင်ဖြစ်အောင် ခုံတစ်လုံးဆွဲယူထိုင်သည်။

မဟူရာဖြူက ခန်းခန်းနားနား သုခဘုံ မျက်နှာကို ရွံရှာသလို ရှုံ့မဲ့ကြည့်ပြီး ဆတ်ခနဲ မျက်နှာလွှဲ၏။

"ဘယ်သူ့အားကိုးနဲ့ ငါ့ကို အဲလိုပုံစံမျိုးကြည့်တာလဲ မဟူရာဖြူ။ မျက်နှာငယ်လေးနဲ့ အောက်ကျို့ခံ ဒူးထောက်ပြီး လွတ်မြောက်ခွင့်ပေးပါရှင်လို့ တောင်းပန်ရမှာမဟုတ်ဘူးလား"

"နင့်လို ရူးနေတဲ့သူကို ငါက ဘာလို့တောင်းပန်ရမှာလဲ"

"ဘာ"

"ငါ ပြောတာ မဟုတ်လို့လား၊ နင့်အတွက် ယောကျ်ား အဲလောက်တောင် ရှားသလား သုခဘုံ၊ ရောင်စဉ်ကိုရဖို့ ဦးလေးနဲ့တူမ ဒီလို အောက်တန်းကျတဲ့နည်းလမ်းနဲ့ပေါင်းကြံတာ အံ့သြစရာပဲ၊ အဲလိုလုပ်လို့ရော ရောင်စဉ် အချစ်ကိုရမယ် ထင်လား"

"နင် မရှိတော့ဘူးဆိုရင် သေချာပေါက်ပေါ့ မဟူရာဖြူ။ အဲဒီတော့ လေးလေး ကမ်းလှမ်းထားတာကို နင်ဘယ်လိုစဉ်းစားထား





လဲ၊ ငွေယူပြီး ရောင်စဉ်မသိအောင် ထွက်သွားမလား၊ ဒါမှမဟုတ် တို့ကပဲဘယ်သူမှမသိအောင် အစဖျောက်ပေးရမလား"

"နင်ဘာလို့ အဲလောက်တောင် ရောင်စဉ်ကို ပိုင်ဆိုင်ချင်ရတာလဲ"

"ချစ်လို့ပေါ့ ရှင်းနေတာပဲ"

"မဖြစ်နိုင်ဘူး"

"မဟူရာဖြူရဲ့ ဆန့်ကျင်ဘက် စကားကြောင့် သုခဘုံ မျက်ခုံးပင့်သွားကာ

"နင်က ဘာကိုမဖြစ်နိုင်ဘူးလို့ ပြောတာလဲ"

"နင် ချစ်တယ်ပြောတာ ဖြစ်မှမဖြစ်နိုင်တာ၊ လိုချင်တာကို ရအောင်ယူချင်တဲ့ နင့်ရဲ့အတ္တပါ၊ အဲဒါကို နင် ငြင်းမလား၊ မရမှန်းသိတော့၊ အဆိုးအကောင်း မခွဲခြားနိုင်တော့ဘဲ၊ နင် အရူးအမူးပိုပြီး ပိုင်ဆိုင်ချင်နေတာလေ မဟုတ်ဘူးလား"

သုခဘုံ တဟင့်ဟင့်နှင့် ပန်းလေးလှုပ် ရယ်နေပုံက အမြင်ကတ်စရာကောင်းလှသည်။ သူမပြောတာကို ထောက်ခံတာလား၊ လှောင်ပြောင်တာလား မသိနိုင်ဘဲ၊ မျက်လုံးတွေက စူးရှရှစိမ်းသက်သက်နှင့်

"နင် ငါ့ကိုစေ့နေတတ်နေပါလား မဟူရာဖြူ။ အေး ပြောတယ် လိုချင်စိတ် ပြင်းပြနေတာကြောင့်ပဲဖြစ်ဖြစ် အတ္တကြောင့်ပဲဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ရောင်စဉ်ကို ငါ ပိုင်ဆိုင်ချင်တယ် ရယူချင်တယ်၊ အဲဒါဘာဖြစ်လဲ၊ သုခဘုံဘဝမှာ လိုချင်တာကို မရဘူးဆိုတာ မရှိဘူး၊ ငါ့လေးလေးက အကုန်ဖြည့်ဆည်းပေးမယ်၊ စွမ်းဆောင်ပေးတယ်၊ ဒါပေမဲ့ အခုကိစ္စမှာ နင်နဲ့ပတ်သက်မှ ဘာလို့သွေးအေးနေတယ်ဆိုတာ မသိဘူး။ ငါကတော့ သိပ်စိတ်မရှည်တတ်ဘူး မဟူရာဖြူ၊ နင်ဘာကိုရွေးမလဲပြော''

''ငါကလည်း၊ ရောင်စဉ်ကလွဲရင် ဘာမှမက်မောတဲ့သူဆိုတော့ နင်လုပ်ချင်တာလုပ်လို့ရတယ် သုခဘုံ၊ ငါမခံစားဘူးတဲ့ မေတ္တာတွေကို ရနေတဲ့နေရာကနေ အဝေးကိုထွက်သွားရမှာတော့၊ စည်းစိမ်ဥစ္စာတွေ ပိုင်ဆိုင်ရလည်း ဘာထူးမှာလဲ''

''ဟာ စည်းစိမ်ဥစ္စာထက် အချစ်တွေ မေတ္တာတွေကိုပဲ ငတ်မွတ် တောင့်တနေတယ်ပေါ့၊ သံခဲ ထိန်လင်း လာစမ်းဒီကို၊ နင်တို့ နှစ်ယောက်ထဲက၊ သူလိုချင်တဲ့အချစ်တွေမေတ္တာတွေကို ဘယ်သူပေးနိုင်လဲ''

''ဗျာ''

''မဗျာနဲ့ အတည်ပြောနေတာ၊ သူ့ကိုပိုင်ဆိုင်အောင်လုပ်၊ ပြီးရင် တရားဝင်ဇနီးမယားအဖြစ် တစ်သက်လုံးကြင်ကြင်နာနာ ပေါင်းသင်းရမယ် ကြားလား၊ နင်တို့ မနစ်နာစေရပါဘူး၊ နိုင်ငံခြားမှာ မိသားစုဘဝလေးနဲ့ အေးအေးချမ်းချမ်းနေနိုင်ဖို့ ငါက အပြည့်အဝ ထောက်ပံ့ပေး

ဗျူး၁၁၆ပ



မှာပါ''

''ဖြစ် ဖြစ်ပါ့မလား မမလေးရယ်၊ ဆရာက သူ့ကိုမဲ့တစ်ပေါက် မစွန်းအောင် စောင့်ရှောက်ပါလို့ မှာသွားတာပါ''

''လျှာရှည်လိုက်တာ သံခဲရာ၊ အဲလိုမလုပ်ဘူးဆိုရင် သူ့ကို သတ်ပစ်လိုက်၊ နင်တို့နှစ်ယောက်လုံး ကြိုးစင်မတက်စေရဘူး။ သက်သေ မရှိဘူးလေ၊ အခုချက်ချင်း ငွေအပုံလိုက် ချပေးလိုက်မယ်''

သံခဲနှင့်ထိန်လင်း အကြည့်ချင်း ဆုံသွားကြ၏။ ကျောထောက် နောက်ခံငွေညာစရာမရှိသည့် လူမိုက်တွေမို့ ဒီလောက်ကိစ္စကတော့ မလုပ်ရဲ စရာမရှိ။

မဟူရာဖြူ ဆိုတာလည်း မပစ်ရက်စရာ အပျိုစင်၊ ညိုညက် ညက်လေး။

ဦးဗလဖော်ကို ကြောက်ရသည်ဆိုပေမယ့် သုခဘုံ ဆန္ဒဆိုလျှင် ခေါင်းခါမည့်သူမဟုတ်။

''မမလေး အပြင်ထွက် ခဏရှောင်ပေးပါလား၊ သူ့ကို ညှိနှိုင်း နေတဲ့အချိန်မမလေးရှိရင် ရှက်နေမလားလို့ပါ''

''အေးပါ နင်တို့လည်း သိပ်မကဲနဲ့နော်၊ လေးလေး မလာခင် ပြီးပြတ်အောင် ဆွေးနွေးကြ ငါ့ဆန္ဒအတိုင်း ဆိုပေမယ့်၊ လေးလေးက နင်တို့ကို အပြစ်မြင်မှာစိုးလို့ သိပြီလား''

ဗျူး၁၁၆ပ

www.burmeseclassic.com



ခပ်မော့မော့ ပြုံးကာပြောရင်း သုခဘုံ ထရပ်လိုက်သည်နှင့် သံခဲတို့နှစ်ယောက် မဟူရာဖြူအနား တိုးကပ်သွားကြသည်။

"နှင် နှင်တို့ မယုတ်မာနဲ့နော်၊ ငါအသက်ချင်း လဲပစ်မယ် သိလား၊ သုခဘုံ သုခဘုံနှင် မိန်းမချင်း ကိုယ်ချင်းမစာတတ်ဘူးလား။ နှင်လူမဟုတ်ဘူး၊ နှင် နှင်တို့ ငါ့ကိုမထိနဲ့နော်"

သွေးရူးသွေးတမ်း ကြောက်လန့်တကြား အော်နေသော မဟူရာ ဖြူကို တစ်ချက်လှည့်ကြည့်ခဲ့ပြီး သုခဘုံ အခန်းတံခါးဖွင့်ကာ အပြင်ထွက် ဖို့ ပြင်လိုက်၏။ ထိုအချိန်မှာ

"သုခဘုံ"

"ဟင် ရောင် ရောင်စဉ် နှင် နှင် ဘယ်လိုလုပ်ပြီး"

"တောက် လူစိတ်မရှိတဲ့ မိန်းမ"

သုခဘုံကို တွန်းထိုးလျက် ရောင်စဉ် အခန်းတွင်း ဝင်လာတော့ သံခဲတို့နှစ်ယောက် ကိုယ်ရှိန်သတ် လက်တွန့်သွားကြသည်။ ရောင်စဉ် စိုးရိမ်တကြီးနှင့် မဟူရာဖြူအနား ပြေးခနဲ တစ်ဟုန်ထိုး ရောက်သွား၏။

"ဖြူ ဖြူရယ်"

"မောင်"

ရောင်စဉ်ရင်ခွင်မှာ မျက်နှာအပ်ပြီး မဟူရာဖြူ ကျောပြင်လေး သိမ့်သိမ့်လှုပ်ခတ်အောင် ရှိုက်ငိုသည်။ မဟူရာဖြူ လက်တွေ ခြေတွေ





က ကြိုးတွေကို ရောင်စဉ်ခပ် မြန်မြန်ဖြေပေးပြီး ပန်းလေးကို ထွေးဖက် နှစ်သိမ့်ရ၏။

ရောင်စဉ် ရောက်လာတာကို အံ့သြတကြီး မျက်လုံး မျက်ဆံပြူး ကြောင်ငေးကြည့်နေရာက သုခဘုံအခုမှ အသိဝင်ကာ၊ ရောင်စဉ်တို့အနား ဖွေ့ခနဲလာရပ်သည်။

"ရောင် ရောင်စဉ် နှင်ဒါဘာလုပ်တာလဲ၊ ဘာလုပ်တာလဲ"

"သုခဘုံ နှင် ပြဿနာတက် သံတိုင်တွေနောက် မရောက်ချင် ရင် အေးအေးနေလိုက်နော်၊ ဦးဗလဇော် ခေါ်ခိုင်းလို့ ငါ ဖြူကိုလာခေါ် တာ"

"ဘာ လေးလေးက"

"ဟုတ်တယ် နင့်လေးလေးက လိပ်စာနေရာ ဖုန်းဆက်ပြောပြီး ခေါ်ခိုင်းတာ"

"မ မဖြစ်နိုင်ဘူး၊ မဟုတ်ဘူး၊ နှင်လိမ်နေတာ ညာနေတာ၊ ထိန်လင်း သံခဲ၊ နှင်တို့ဘာလို့ ဒီအတိုင်း ဘာလို့ရပ်ကြည့်နေတာလဲ၊ ဒါတို့ အစီစဉ်အပျက်ခံလို့ မဖြစ်ဘူး၊ အခုံးမသတ်နိုင်ရင် ဒုက္ခရောက်သွား လိမ့်မယ်"

"ဟုတ် ဟုတ်ကဲ့"

သံခဲတို့နှစ်ယောက် တစ်ရှူးထိုးပြေးဝင်လာတာကို ရောင်စဉ်

www.burmeseclassic.com



အလျှင်အမြန် ခုခံကာကွယ်လိုက်ရသည်။ သူတစ်ပြန် ကိုယ်တစ်ပြန် သတ်ပုတ်ရင်းနှင့် အခန်းထောင့်မှာ ထောင်ထားသော သံတူရွင်း တစ်ချောင်း ရောင်စဉ် ရရှိသွားတော့၊ သံခဲတို့ တွန့်ခနဲ ကိုယ်ရှိန်သတ် သွားကြ၏။

"သုခဘုံ ငါ ဒီထက်ပိုပြီး ပြဿနာ မတက်ချင်ဘူးနော်၊ ဦးဗလဖော် ခဏနေရောက်လာတော့မှာ၊ အဲဒီတော့မှ သူပြောတာ နား ထောင်ပြီး နင်တို့ဖြေရှင်းကြ၊ အဲလို မလုပ်နိုင်ဘူး ဆိုရင်တော့ ငါအခု ချက်ချင်း ရဲစခန်းကို ဖုန်းဆက်ရုံပဲ"

"တောက် လေးလေး ဘာလို့ စိတ်ပြောင်းသွားရတာလဲ"

"မဟူရာဖြူက သူ့သမီးမို့လို့တဲ့"

"ဘာ"

"ဟင် ရောင် ရောင်စဉ် ဘာပြောလိုက်တာလဲ"

သုခဘုံရော မဟူရာဖြူရော၊ ပြိုင်တူအာမေဋိတ်သံများဖြင့် မျက်လုံးလေးတွေ ပြူးလည်သွားကြ၏။ သံခဲတို့နှစ်ယောက် ငြိမ်သက် သွားပြီမို့လည်း ရောင်စဉ်က သံတူရွင်းကို အခန်းထောင့်ပစ်ချလိုက်ကာ

"ငါလည်း မယုံပါဘူး။ ဒါပေမဲ့ သူကိုယ်တိုင် ငါ့ဆီဖုန်းဆက်ပြီး ဖြူကို ကယ်နိုင်းတာက သမီးတစ်ယောက်ကို တကယ်စိုးရိမ်နေသလို ပုံစံမျိုးနဲ့ဆိုတော့ စဉ်းစားစရာ ဖြစ်နေတယ်၊ ဘာဖြစ်ဖြစ် ငါကတော့





ဖြူကို အခုလိုပြန်တွေ့ရတာ ဝမ်းသာတယ်"

"ငါကတော့ ဝမ်းမသာဘူး။ ဒါက ဖြစ်လည်း မဖြစ်နိုင်ဘူး၊ လေးလေးက လူပျိုကြီးဘဝနဲ့ ငါ့ကိုစောင့်ရှောက်လာခဲ့တာ၊ မဟူရာဖြူ လိုမိဘမဲ့တစ်ကောင်ကြွက် ခွေးမဲ့မျိုးမဲ့က ဘယ်လိုလုပ် လေးလေးရဲ့ သမီး ဖြစ်ရမှာလဲ"

"အဲဒါတော့ နင့်လေးလေးကို သာမေးကြည့်တော့သုခဘုံ၊ အခု ဖြူကို ငါ ခေါ်သွားမယ်၊ လာ ဖြူ မောင်တို့သွားရအောင်"

ဖြူ့ လက်ကိုဆွဲ၍ ရောင်စဉ် ဖွတ်ထွက်လာခဲ့သည်။ သုခဘုံ အသားဆတ်ဆတ်တုန်အောင် အံတကြိတ်ကြိတ် တက်ခေါက်နေလည်း ဂရုမစိုက်နိုင်။

ဖြူ တွန့်ဆုတ်ဆုတ် ဖြစ်နေပြီ။ သူ့ကို မေးချင်သည့်မေးခွန်း ပေါင်းများစွာဖြင့် အံ့ဩရိပ်စွန်းနေတာကိုလည်း မသိချင်ယောင်ဆောင် ကာ ဖြူ့ လက်ကလေးကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်ထားမိ၏။ ထင်မှတ် မထားသော ကံကြမ္မာရဲ့ပြောင်းလဲမှုကို မယုံရဲစွာဖြင့်. . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"ဘာ လေးလေး တကယ်ပြောနေတာလား။ မဟူရာဖြူက လေးလေး သမီးဆိုတာ တကယ်ပဲလား"

"အမှန်ပါပဲ ဘုံ။ လေးလေး သေချာစုံစမ်းပြီးမှ ပြန်လာတာပါ။ မဟူရာဖြူက ဘုံနဲ့ညီအစ်မတွေ တော်စပ်ပါတယ်၊ ခုနက လေးလေး ရှင်းပြသလိုပဲ၊ လေးလေးရဲ့ဟိုအရင်က"

"ဟင့်အင်း ဘုံ အသိအမှတ်အပြုဘူး လေးလေး။ လေးလေး ဘာပြောပြောဘုံ မယုံဘူး မဟူရာဖြူကို သွေးမျိုးသားချင်းညီအစ်မ လို့လည်း မသတ်မှတ်နိုင်ဘူး"

"ဘုံ"

သုခဘုံ ခေါင်းတခါခါ ခါးခါးသီးသီး ငြင်းဆန်နေတာမို့ ဦးဗလ



ဇော်စိတ်ရှုတ်ထွေး ပင်ပန်းသွားရသည်။ မျက်ဝန်းအိမ်မှာ မျက်ရည်တွေ စို့စွတ်နေတာ မြင်ရတော့လည်း စိတ်မကောင်းဖြစ်ရ၏။ ဒါပေမဲ့ ဒီတစ်ခါ အလျှော့ပေး လိုက်လျောလို့မဖြစ်ပါ။

ဘုံအပေါ်မှာ အချိန်ကာလပေါင်းများစွာ ဖြည့်ဆည်းပေးဆပ်ပြီး ပြီမို့ သမီးအပေါ်မှာ တာဝန်ကျေဖို့ အလှည့်ဆိုတာလည်းရှိဦးမှပေါ့။

"ဘုံ လက်မခံလည်း မဟူရာဖြူက လေးလေးသမီး အစစ် အမှန်ပဲ ဘုံ၊ ဘုံကို အသိအမှတ်ပြုပေးပါလို့ လေးလေး မတောင်းဆို ပါဘူး။ ဒါပေမဲ့ လေးလေးကတော့သမီးအတွက် အချိန်ပေးရမယ်၊ လိုအပ်ရင် ဘဝတစ်ခုလုံးပေးဆိုလည်း ပေးရတော့မှာပဲ"

"လေးလေးက ဘုံကို ဂရုမစိုက်တော့ဘူးဆိုတဲ့ သဘောလား"

"အဲလို မဟုတ်ပါဘူး ဘုံရယ်၊ သမီးအပေါ်မှာ သမီးမှန်းမသိဘဲ လေးလေး အပြစ်တွေ များလွန်းတယ်၊ အဲဒီအပြစ်တွေကို သမီးက ကျေအေးလက်ခံပေးပါ့မလား မသိဘူး။ ခုလည်း ညီအစ်မမှန်းမသိလို့ အပြစ်ကြီးကြီးတွေ ကျူးလွန်ခဲ့တာပဲ မဟုတ်လား။ တစ်ခုခုတော့ ပြန်ပေး ဆပ်လိုက်ပါ ဘုံရယ် ဖြူကအရမ်းကို အထီးကျန်နိုပ်ကျတဲ့ဘဝနဲ့ နေလာ ခဲ့ရရှာတာပါ"

"ဘာ ရောင်စဉ်ကို စွန့်လွှတ်လိုက်ပါလို့ပြောချင်တာလား ဘုံဆန္ဒတွေရေစုန်မျှောလိုက်ရတော့မှာလား"

www.burmeseclassic.com

"ဘုံဆီက လေးလေးဘာမှ မတောင်းဆိုဖူးပါဘူး။ ဒီ ဒီတစ်ခါ တော့ လေးလေးကို နားလည်ပေးပါ ဘုံရယ်၊ လေးလေး တောင်းပန်ပါ တယ်၊ သ သမီးလေးအပေါ် တာဝန်ကျေခွင့်ပေးပါ၊ အပြစ်တွေ ချေဖျက် ခွင့်ပေးပါ"

ဦးဗလဖော် စိတ်ထိလိုက်လွန်းစွာ ယောကျ်ားကြီးတန်မဲ့ မျက်ရည်တွေ စီးကျလာသည်။ အချိန်မီသာ မသိခဲ့လျှင် သူ့ကြောင့်သမီး လေးဘဝ အဆုံးအစမရှိ ပျက်စီးပေလိမ့်မည်။

ကိုယ် မိုက်မှားခဲ့မိတာတွေအတွက် သမီးလေး ခွင့်လွှတ်နိုင် ပါမလား နားလည်နိုင်ပါမလား။ ကျေနပ်တဲ့အထိ ဖြည့်ဆည်း ပေးဆပ် တောင်းပန်ဖို့ ကိုယ်တာဝန်။

"လေးလေး အဲလောက်ကြီး ထိခိုက်ခံစားမနေပါနဲ့၊ ရော် ရောင်စဉ်ကို ဘုံ စွန့်လွှတ်လိုက်ရင် ရပြီလား"

လေးလေး ဒီလောက်ထိ စိတ်ထိခိုက် ခံစားနေတာ မမြင်ဘူး ဘုံ နာနာကျင်ကျင်နှင့်ပင် မေးလိုက်ရသည်။

ထိုစကားတစ်ခွန်းကို ပြောဖို့ ရင်ထဲမှာ ဘယ်လောက်တော နူးရှထုံကျဉ်နေသလဲဆိုတာ ကိုယ့်ကိုယ်ကိုပဲသိ၏။ အရှုံးနှင့်စွန့်လွှတ်ခြ ဆိုတာ တစ်ခါမှ မကြုံဘူးပဲလေ။ သူမ လက်ကလေးကို ဆုပ်ကိုင်တာ လေးလေးမျက်နှာ ပြုံးယောင်သမ်းလာလျက်



"ကျေးဇူးတင်ပါတယ် ဘုံရယ်၊ သမီးဖြူ လိုအပ်နေတာ မောင်ရောင်စဉ်ပဲဖြစ်မှာပါ၊ လေးလေးကိုတော့ သူ ဘယ်လောက်တောင် နာကြည်းနေမလဲမသိဘူး၊ သမီးဖြူကို မျက်နှာချင်းမဆိုင်ရဲသေးလို့ မောင်ရောင်စဉ်တို့ သားအမိကိုတော့ ဖုန်းဆက်အသိပေး ရှင်းပြထားပါ တယ်"

"အချစ်စိတ်မွန်ပြီး တစ်ကြိမ်တစ်ခါ မှားယွင်းခဲ့ပေမယ့် ဒီလိုဖြစ် သွားနိုင်တာ တကယ်ကို မသိခဲ့တာပါ၊ တာဝန်မဲ့တဲ့စိတ်နဲ့ ဥပေက္ခာပြုခဲ့ တာလည်း မဟုတ်ပါဘူးကွယ်၊ ကိုယ့်အသွေးအသားက မဟုတ်တဲ့ ဘုံကိုတောင် လေးလေး ဘယ်လောက် ပေးဆပ်ဖြည့်ဆည်းနိုင်ခဲ့လည်း ဆိုတာ ဘုံသိပါတယ်"

ကိုယ့်သမီးအရင်းဆို ဒီထက်ပိုတာပေါ့ဆိုသည့် အဓိပ္ပါယ် သက် ရောက်သွား၍ ဘုံ ခံစားလိုက်ရမှာ သိသော်လည်း မတတ်နိုင်။

ရင်ထဲမှာ အဲဒီလောက်မက သိုသိပ်ထားရတာပါ၊ ဘုံအပေါ် အချစ်တွေမေတ္တာတွေ လျော့ပါးသွားလို့ မဟုတ်ပေမယ့် သမီးနဲ့ပတ်သက် ပြီး နောင်တရမိတာတော့အမှန်ပင်။

သမီးရယ် ဖေဖေကို ခွင့်လွှတ်ပါလို့ တောင်းပန်ရုံကလွဲလို့ . . ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

"ဖအေတစ်ယောက်က ဒီလောက် တောင်းပန်နေတာ ခွင့်လွှတ်လိုက်ပါ သမီးရယ်၊ ဒါမှမဟုတ် နားလည်ပေးလိုက်ပါ၊ လူငယ်သဘာဝ မှားယွင်းခဲ့တယ်ဆိုပေမယ့် သိသိကြီးနဲ့ တာဝန်မဲ့ခဲ့တာမှ မဟုတ်ဘဲ မသိလို့ ဥပေက္ခာပြုသလို ဖြစ်သွားခဲ့တာပါ"

ဒေါ်နှင်းရည်ချို အကြိမ်ကြိမ် ဖျောင်းဖျနေလည်း မဟူရာဖြူက ရှိုက်သံနှောလျက် ခေါင်းခါနေဆဲပင်။ ရောင်စဥ်က ပြန်ရှောက်ကတည်းက မဟူရာဖြူ လက်ကလေးကို ထွေးဆုပ်ထားရာမှ မလွှတ်။

ဦးဗလဖော်ဘက်က ဖြေရှင်းတောင်းပန်သမျှတွေကို ကိုယ်က နားလည်ပေးနိုင်ပေမယ့် ဖြူကတော့ ခံစားခဲ့ရသမျှတွေနှင့် ထိုက်တန်စွာ နာကြည်းနေခြင်းလား၊ မယုံမရဲ ဆို့နင့်နေဆဲလားမသိ။



"ဖြူ အခု ဖြူ လိုချင်တဲ့ တောင်းတနေတဲ့ မေတ္တာတွေ ဖြူ ဖေဖေဆီက ရတော့မယ်လေ၊ ဖြူ မပျော်ဘူးလားဟင်၊ ဖြူ့ရင်ထဲမှာ နာကြည်းမှုတွေ ရှိနေသေးတာတော့ မောင် နားလည်ပါတယ်၊ ဒါပေမဲ့ မသိလို့မှားခဲ့တဲ့ လူတစ်ယောက်ကို နားလည်ပေးသင့်တယ်လို့ မောင် ထင်တယ် တခြားလူလည်းမဟုတ်ဘူးလေ ဖြူရယ်၊ ဖြူ့ဖေဖေ အရင်းပဲဥစ္စာ"

"ဖြူ နာကြည်းနေတာ မဟုတ်ပါဘူး၊ ဝမ်းနည်းနေတာ မေမေ အတွက် စိတ်မကောင်းဖြစ်နေတာပါ၊ ဖေဖေ မသိခဲ့တဲ့ အမှား တစ်ခု ကြောင့် မေမေ အရှုံးဘဝနဲ့ တမလွန်ကို ရောက်ခဲ့ရတယ်၊ ဖြူလည်း မိဘမဲ့ တစ်ကောင်ကြွက်ဘဝနဲ့ ဘယ်လောက်တောင် နာကျင်ကြေကွဲခဲ့ရသလဲ"

"ဒါက အတိတ်ရဲ့တုံ့ပြန်မှုလို့ဖြေတွေးပါ သမီးရယ်၊ သိသိကြီးနဲ့မှားနေတဲ့လူတွေနဲ့စာရင် သမီးဖေဖေရဲ့ အမှားက ခွင့်လွှတ်လို့ရတဲ့ အမှားမျိုးပါ၊ အဲဆင့်အတန်းမတူတဲ့ မိန်းမတစ်ယောက်ကို အပေါ်ယံ ချစ်ဟန်ဆောင်ပြီး တခြားတစ်ယောက်ကိုလက်ထပ် မိသားစုတွေနဲ့ ပျော်နေ တာလည်း မဟုတ်ဘူးလေ၊ သူ့ဘဝသူ တစ်ယောက်တည်း ရပ် တည်ရင်း တူမလေးအပေါ်ပဲ မေတ္တာတွေ ပုံပေး၊ ဖြည့်ဆည်း ချစ်ခဲ့ရုံပဲ မဟုတ် လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဖြူ ၊ အခုဖြူ့ကို သူ့သမီးမှန်းသိတော့ ဘယ်လောက်တောင် ပျော်ပြီး တာဝန်ကျေအောင် ကြိုးစားနေရှာလဲ၊ မောင်နဲ့ဖြူ လက်ထပ်ပြီးရင် ဟိုတယ်ကြီးကို အမွေအနှစ်အဖြစ် လွှဲအပ်ပြောင်းပေးမယ်တဲ့"

"ဟင် ဒါဆို သု သုခဘုံအတွက်ရော"

"ဟုတ်ပါတယ် သမီး"

"ဟင် ဖေဖေ"

အိမ်ရှေ့မှာ ဦးဗလဖော် ကားရပ်သံကိုလည်း မကြားလိုက်။ လှူဝင်လာတာကိုလည်း သတိမထားမိကြဘဲ အခုမှ သုံးယောက်လုံး ပျာခနဲလှည့်ကြည့်မိကြသည်။ ဦးဗလဖော်က မဟူရာဖြူနှင့် အနီးဆုံး ဆက်တီခုံမှာ ဝင်ထိုင်တော့ ရောင်စဉ် ကိုယ်ကို မတ်မတ်ပြင် ထိုင်ရင်း ကျုံ့နေ့ရရ နေလိုက်ရ၏။

မဟူရာဖြူက မျက်နှာလေး ငုံ့လျှိုးထားကာ၊ ပန်းလေး လှည့်မိအောင် သိမ့်သိမ့်ရှိုက်သည်။

"မငိုပါနဲ့တော့ သမီးလေးရယ်၊ ကံအကြောင်း တိုက်ဆိုင်လို့ ဆုံနေရပြီပဲ၊ သမီးအပေါ်မှာ သမီးမှန်းမသိဘဲ ဖေဖေ့အပြစ်တွေ အရမ်းများခဲ့ပါတယ်၊ အမျိုးမျိုးဒုက္ခရောက်အောင် နာမည်ပျက် ဘဝပျက်အောင် အထိ ရည်ရွယ်ခဲ့မိတာတွေအတွက်လည်း အရမ်းကို နောင်တရနေမိ



ပါတယ်၊ ဒါတွေအားလုံးကျေအောင် သမီးအပေါ် ဖေဖေပေးဆပ်ချစ်သွားပါမယ်၊ ဖေဖေကိုခွင့်လွှတ်ပေးပါ သမီးရယ်၊ တောင်း တောင်းပန်ပါတယ် ဖေ ဖေဖေ"

"ဖေဖေ"

ဦးဗလဖော် စိတ်မထိန်းနိုင်စွာ ရှိုက်ငိုလိုက်သည်နှင့် မဟူရာဖြူ ထိတ်ပျာလန့်ဖျပ်သွားရသည်။ ဖေဖေမျက်ရည်တွေကို သူမ ခံနိုင်ရည် မရှိပါ။

မောင်တို့ သားအမိ ဖြေသိမ့်သည့် အတိတ်ဝဋ်ကြွေးတွေအတွက် သူမ အပြစ်ထပ်မယူချင်။ သူမကြောင့်မိဘကို မျက်ရည်မကျစေချင်ပါ၊ ဖေဖေရင်ခွင်မှာ မျက်နှာအပ်ပြီး

"ဖြူ ဖြူနားလည်ပါပြီ ဖေဖေ ဖြူအတွက် မျက်ရည်မကျပါနဲ့ နော် ဖြူ ရင်တွေ အရမ်းပူနေလို့ပါ တစ်သက်လုံး မခံစားခဲ့ဘူးတဲ့ ဖေဖေ့ဆီက မေတ္တာတွေရရင် ဖြူ ကျေနပ်ပါပြီ"

"သမီးရယ် ဖေဖေ့ဘဝက သမီးဖြစ်သွားပါပြီ၊ သမီးလိုချင်တောင့်တခဲ့တဲ့မေတ္တာတွေ ဖေဖေ အပြည့်အဝပေးမယ် သမီး၊ သမီးဘဝလေးကို စောင့်ရှောက်ပေးခဲ့တဲ့ မောင်ရောင်စဉ်တို့ သားအမိရဲ့ ကျေးဇူး တရားတွေကိုလည်း ဖေဖေ ဆပ်မယ်၊ သူတို့သားအမိသာ သမီးလေးကို ဂရုမစိုက်ခဲ့ရင် သမီးဘဝ မတွေးဝံ့စရာကွယ်၊ ဖေဖေက သုံ့အတွက်

www.burmeseclassic.com



လူစိတ်ပျောက်ခဲ့တာ၊ အတ္တကြီးခဲ့တာပါ၊ ဖေဖေမှားတယ်၊ အရမ်းမှားခဲ့တယ်"

"ကဲပါလေ အမှားဆိုတာ လူတိုင်းမကင်းကြပါဘူး အဲဒီအမှားကို တစ်ချိန်ချိန်မှာသိပြီး နောင်တတွေနဲ့ ဆင်ခြင်နိုင်တာ လူတစ်ယောက်ရဲ့ကျင့်ဝတ်၊ လူပီသတဲ့စိတ်ပေါ့ ဦးဗလဖော်ရယ်၊ သမီးဖြူမှာ အခုအုပ်ထိန်းသူရှိနေပြီဆိုတော့ ကျွန်မတို့ဘက်က မိသားဖသားပီပီ တောင်းဆိုစရာရှိပါတယ်၊ သမီးလေးဖြူနဲ့ သားကိုအမြန်ဆုံး လက်ထပ်ပေးပါရစေ"

ဒေါ်နှင်းရည်ချိုရဲ့ တလေးတစား တောင်းဆိုမှုကြောင့် ဦးဗလဖော်က သမီးမျက်နှာလေးကို ငုံ့ကြည့်ပြီး

"သမီးရဲ့မင်္ဂလာပွဲကို ကျွန်တော် ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား လုပ်ပေးမှာပါ၊ ကျွန်တော် ပိုင်တဲ့ ဟိုတယ်ကြီးကိုလည်း သမီးနဲ့ မောင်ရောင်စဉ်ကို လက်ဖွဲ့မယ်"

"သူ့ခဘုံက ကျေနပ်ပါ့မလား ဖေဖေ၊ ပြီးတော့ သူက ရောင်စဉ်ကို"

"အဲဒီအတွက် သူကတော့ စိတ်မကောင်းဖြစ်မှာပေါ့ သမီးရယ် အခုတောင် နိုင်ငံခြားလုပ်ငန်းတွေ အကြောင်းပြပြီး နိုင်ငံခြားထွက်ဖို့ ပြင်ဆင်နေတယ်၊ စိတ်ပြေပျောက်တဲ့အထိ ရှောင်တိမ်းချင်တဲ့ သဘောပေါ့



ဖေဖေလည်း အတိုက်အခံ လုပ်မထားတော့ဘူး သမီး၊ ဘုံလည်း အနာတရ ဖြစ်သွားတဲ့ သူ့စိတ်ဒဏ်ရာအတွက် ကုစားဖို့ အချိန်လိုအပ်သေးတယ်လေ"

"ဟုတ်ပါတယ် အန်ကယ်၊ ဘုံက အန်ကယ့်မေတ္တာ ရိပ်အောက်မှာ တောင်းတသမျှ လိုအပ်တာမရှိ ပြည့်ပြည့်စုံစုံ နေခဲ့ရတာ မဟုတ်လား၊ ပြီးတော့ ညီအစ်မတွေလို့ သိလိုက်တဲ့ ဖြူအပေါ် သူလည်း အပြစ်တွေ များခဲ့တယ်လေ၊ အခု လတ်တလောတော့ ဘယ်ရင်ဆိုင်ရဲပါမလဲ"

"ဟုတ်တယ် မောင်ရောင်စဉ်၊ မင်းပြောတာမှန်တယ်၊ ဖြူနဲ့မင်းကို ဘုံ ရင်ဆိုင်ဖို့ခက်နေတယ်၊ နောင်တတွေလည်း ရနေတယ် ထင်ပါတယ်"

"ဖြူတို့ နှစ်သိမ့်ပေးဖို့လိုသေးသလားဟင် ဖေဖေ"

ရိုးစင်းသော ဖြူ့ရဲ့မေးခွန်းလေးကြောင့်၊ ဦးဗလဖော် ကျေကျေနပ်နပ်ပြုံးပြီး ဖြူ့ လက်ကလေး ထွေးဆုပ်လိုက်သည်။

"ဖြူ့စင်လိုက်တာ သမီးလေးရယ်၊ မိဘအုပ်ထိန်းမှုအောက်မှာ မနေခဲ့ရပေမယ့်၊ ကိုယ့်အပေါ် အပြစ်ကျူးလွန်ခဲ့တဲ့လူတွေကို ခွင့်လွှတ်ပေးတယ်တဲ့ ပြည့်ဝမှုလေးတွေ ရှိနေတယ်နော်၊ ဒီလိုသမီးမျိုးလေး ရွေးပေးခဲ့တဲ့ သမီးမေမေကို ဖေဖေ နှုတ်မြှောလိုက်တာကွယ်"

www.burmeseclassic.com



"ဖေဖေရယ် မေမေ့အကြောင်း တွေးရင် ဖြူ့ရင်ထဲလည်း နာကျင်ရပါတယ်၊ မပြောပါနဲ့တော့နော်"

"အေးပါ သမီးရယ် အေးပါ၊ အခု ဖေဖေအိမ်ကို လိုက်ခဲ့နော်၊ နောက်မှ မောင်ရောင်စဉ်နဲ့ လက်ထပ်ပြီးရင် ဖေဖေတိုက်တစ်လုံး စီစဉ်ပေးမယ်"

"ဟင် ဖြူ ဖြူ မလိုက်သေးဘူး ဖေဖေ၊ ဘုံလည်း နိုင်ငံခြားမသွားခင် ဖြူ့ကို မြင်ပြီး အနေခက်မယ်၊ ဖြူလည်း ဒီအိမ်ကနေ ရုတ်တရက်ကြီး ထွက်မသွားနိုင်သေးဘူး ဖေဖေ"

"ကဲ သမီးကတော့ ဖအေထက်တောင် မောင်ရောင်စဉ်တို့ သားအမိကို သံယောဇဉ်ပိုနေပြီ၊ ပိုတာကိုလည်း အပြစ်မယူရက်ပါဘူး၊ ဒေါ်နှင်းရည်ချိုတို့ သားအမိက ကျွန်တော့်ထက်တောင် သမီးအပေါ် မေတ္တာအစစ်အမှန် ပေးနိုင်ကြတဲ့သူတွေပါ၊ အခုသမီးကို စိတ်ချ လက်ချ အပ်ခဲ့ပါရစေ၊ မောင်ရောင်စဉ် နောက်နေ့မှ မင်္ဂလာကိစ္စ စီစဉ်ကြတာပေါ့ကွာ၊ ဒီနေ့တော့ မင်းတို့လည်း စိတ်ရောလူရော ပင်ပန်းနေကြမှာ၊ နားလိုက်ပါ"

ဦးဗလဖော် ထရပ်တော့ ရောင်စဉ်နှင့်မဟူရာဖြူလည်း ထရပ်လိုက်ကြသည်။

"ဖေဖေ့ကို အိမ်ရှေ့ထိ လိုက်ပို့ပေးမယ်"





ဖြူ ပြောတော့ ဦးဗလဖော်က ဖြူ့ပခုံးလေးကို ထွေးဖက်၍ ခေါ်လာခဲ့သည်။ ရောင်စဉ်လည်း နောက်ကလိုက်သွားကာ၊ ဖြူ့ဘဝလေး အတွက် ကြည်နူးဝမ်းသာနေမိ၏။

"မောင်ရောင်စဉ်"

"ဟုတ်ကဲ့ ပြောပါအန်ကယ်"

ကားနားအရောက်မှာ ဦးဗလဖော်က ရောင်စဉ်ဘက် လှည့်ကာ ခေါ်လိုက်သည်မို့ ရောင်စဉ် ခြေလှမ်းတုံ့သွားရ၏။

"အန်ကယ်နဲ့ဘုံကို ခွင့်လွှတ် နားလည်ပေးတဲ့အတွက် ကျေးဇူး တင်ပါတယ် မောင်ရောင်စဉ်၊ သမီးလေးကို စောင့်ရှောက်ပေးတဲ့ အတွက်လည်း ပိုပြီးကျေးဇူးတင်မိပါတယ်၊ မောင်ရောင်စဉ်တို့ သားအမိကြောင့် သမီးလေးကို ဒီလိုဆုံတွေ့ခွင့်ရတာပါ၊ အဲဒီကျေးဇူးကို အန်ကယ် တစ်သက်လုံး မမေ့ပါဘူး"

"ကျွန်တော်က ဖြူအတွက် ပိုပြီး ဝမ်းသာမိပါတယ်၊ ဖြူ့ရဲ့ အထီးကျန်နေ့ရက်တွေ ကုန်ဆုံးသွားပြီ၊ အနာတရနေ့ရက်တွေလည်း အဆုံးသတ်သွားပြီ၊ အန်ကယ်နဲ့ ကျွန်တော်တို့ရဲ့ မေတ္တာတွေနဲ့ ဖြူ့ဘဝ လေး အရာရာပြည့်စုံ အေးချမ်းသွားပါပြီ"

"ဟုတ်ပါတယ်ကွာ လူ့ဘဝဆိုတာ၊ အနိမ့်အမြင့် အတက်အကျ တသတ်မတ်တည်း မဟုတ်ဘူးဆိုတာ လက်တွေ့ပဲပေါ့၊ ကဲဘုံကို နှင်းသိမ့်ရ



www.burmeseclassic.com

www.burmeseclassic.com



ဦးမှာမို့ အန်ကယ် သွားတော့မယ်၊ ဪ သမီးလေး ဘုံ နိုင်ငံခြား သွားပြီဆိုရင်တော့ ဖေဖေ့ဆီကို လာနေရမယ်နော်"

"ဟုတ်ကဲ့ပါ ဖေဖေ"

ဦးဗလဇော် ကားလေးအဝေးရောက်သွားသည်အထိ မဟူရာဖြူ မျှော်ငေးကြည့်ကာ မျက်ရည်တွေလည်နေသည်။ ပုလဲရောင်လက်နေသော ထိုမျက်ရည်တွေကို လရောင်အောက်မှာ မြင်တွေ့လိုက်ရသည်မို့ ရောင်စဉ် ဖွဖွလေးသုတ်ပေးလိုက်သည်။

"ဒီမျက်ရည်တွေက ခုအချိန်မှာမလိုအပ်တော့ဘူးလေ ဖြူရယ်၊ မောင့်ရင်ခွင်ထဲကနေ ဖြူ့ဖေဖေရဲ့မေတ္တာတွေကို ခံစားနေရုံပဲ ရှိတော့တာမဟုတ်လား"

"မျှော်လင့်မထားတာတွေ ဖြစ်လာလို့ ဖြူ ဝမ်းသာနေတာပါ၊ ဒီလို အခြေအနေမျိုး ဖြူ အိပ်မက်တောင် မမက်ဖူးဘူး၊ ဖြူ့ဘဝမှာ အဖေဆိုတာ မရှိဘူးလို့ဘဲ ထင်ခဲ့တာ"

"အဲဒါ ဖြူ စိတ်ထားကောင်းလို့ ရိုးသားဖြူစင်လို့ ကံကြမ္မာကြီးက အကောင်းဆုံး အလှည့်အပြောင်းတွေ လုပ်ပေးလိုက်တာပေါ့၊ ဖြူအတွက် မောင် အရမ်းပျော်တယ် သိလား။ ဒါနဲ့ ဖြူဖေဖေနဲ့လိုက်မသွားတာ၊ ဘုံကိစ္စ တစ်ခုတည်းကြောင့် ဟုတ်ရဲ့လား"

"ဟင် မောင်က ဘယ်လိုထင်လို့လဲ"





"ဪ မောင့်ကို မခွဲနိုင်လို့လားလို့ပါ"

"ဟင်း ဟင်း မောင့်ကကိုယ့်ကိုယ်ကို သိပ်အထင်ကြီးတာပဲ"

"မဟုတ်ဘူးလား"

"ဟုတ်တယ်"

"ဟာ ဖြူရယ် အခုနောက်တတ် ပြောင်တတ်နေပါလား"

"အဲဒါ မောင့်ကို ချစ်လို့ပေါ့"

"ဟား ဖြူစကားတွေလည်း တတ်လာတယ်"

"နှလုံးသားက သင်ပေးတာလေ၊ ချစ်သူစိတ်ချမ်းသာအောင် ဟာသတွေလည်း ပြောတတ်ရတယ်တဲ့၊ ကြည်နူးစရာကောင်းတဲ့ အိမ်ထောင်ရေးက ဘယ်တော့မှမပျက်စီးတော့ဘူး"

"ဘယ်သူ့ရဲ့ အဆိုအမိန့်လဲ"

"မောင့်ချစ်သူ ဖြူရဲ့ ရင်ဖွင့်စကား"

"ကဲ အဲလောက်ကြီး တတ်နေတာ မောင်အသည်းတွေ ယားလာပြီနော်"

"အိုး မောင်နော်၊ မေမေ အပြင်ထွက်ကြည့်ရင် မြင်သွားလိမ့်မယ်"

"မေမေက အလိုက်သိပါတယ်ကွာ၊ အန်ကယ်လည်း အလိုက်တသိနဲ့ ပြန်သွားပြီ လာစမ်းပါ၊ မောင့်ရင်ခွင့်ထဲမှာ ငြိမ်ငြိမ်လေးနေ၊



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်ခဲ့ရတာ ရင်တုန်မပျောက်သေးလို့ အကြာကြီးဖက်ထားမှ သက်သာမှာ''

''ကိုဝိ''

ရင်ခွင်ထဲ နွဲ့နွဲ့လေး ဝပ်ဆင်းလာသော ကောင်မလေးတို့ တစ်သက်စာ အမှတ်တရဖြစ်စေမယ့် အနမ်းနွေးနွေးများဖြင့် သိမ်းပိုက်ကာ...။

လုံမ

ဗျူး:၀၇၆ပ

www.burmeseclassic.com